မင်းကွန်းဆရာတော်
ရေးသားတော်မူသော

# မင်းကွန်းဝိပဿနာ

သူဒနီပေါင်းချုပ်

နှင့်

သတိုးမြို့ မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော

တောလေးဆယ်အဖွင့်

ရန်ကုန်မြို့ မင်းကွန်းဆရာတော်

ရေးသားတော်မူသော

# မင်းကွန်းဝိပဿနာ

## သုဒ္ဓနီပေါင်းချုပ်

နှင့်

သထုံမြို့ မူလမင်းကွန်းဇေတဝန်ဆရာတော်

ရေးသားတော်မူသော

## တောလေးဆယ်အဖွင့်

သင့်ဘဝစာပုံနှိပ်တိုက်
၁၇-မလွှကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်
ဖုန်း-၅၁၀၉၀

A

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၁၆၃၇)

အကြိမ် .... .... တတိယအကြိမ်


အုပ်ရေ .... .... ၁၀၀၀

အဘိုး .... .... ၁ဝိ

နေ့စွဲ .... .... ၁၀-၂-၆၇

ထုတ်ဝေသူ။ ။ဦးတင်မောင် (၀၀၇၂) သင့်ဘဝစာအုပ်တိုက်၊
၁၇-မလွှကုန်းလမ်း၊ ရန်ကုန်။

ပုံ နှိပ် သူ။ ။ဒေါ်ခင်မြင့် (၀၁၁၁) သင့်ဘဝပုံနှိပ်တိုက်၊
၁၇-မလွှကုန်းလမ်း၊ ရန်ကုန်။



ကျေးဇူးရှင်
သထုံမြို့၊ မူလမင်းကွန်း
ဇေတဝန်ဆရာတော်ဘုရားကြီး
ပေဋကောပဒေသ အဋ္ဌကထာ, မိလိန္ဒပဥှာ အဋ္ဌကထာ
စသော ကျမ်းပေါင်းများစွာ ပြုစုတော်မူခဲ့သည်။

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သမ္မသနဉာဏ်ကိုပြခြင်း | .... ၂၃၁ |
| ဥဒယဗ္ဗယဉာဏ်ကိုပြခြင်း | .... ၂၃၃ |
| ဘင်္ဂဉာဏ်ကိုပြခြင်း | .... ၂၃၅ |
| ဘယ,အာဒီနဝ, နိဗ္ဗိဒါဉာဏ်ကိုပြခြင်း | .... ၂၃၇ |
| မုဉ္စိတုကမျတာ,ပဋိသင်္ခါ,သင်္ခါရုပေက္ခာဉာဏ်ကိုပြခြင်း | .... ၂၃၈ |
| အနုလောမဉာဏ် စသည်ကိုပြခြင်း | .... ၂၄၀ |

## ဉာဏသူဒနီ

### နာမရူပပရိစ္ဆေဒဉာဏ်


| | |
|---|---|
| ကာလသုံးပါး သဘောသွားလက္ခဏာပြခြင်း | .... ၂၄၃ |
| ပစ္စုပ္ပန်နာမ်ရုပ်ကိုသာ အားထုတ်ရမည် | .... ၂၄၄ |
| ရုပ် ပိုင်းခြားပုံကို ပြခြင်း | .... ၂၄၆ |
| ဝိပဿနာ အားမထုတ်သူ ပုထုဇဉ်မည်ပုံ | .... ၂၅၀ |
| ဝိပဿနာ အားထုတ်သူ သေက္ခမည်ပုံ | .... ၂၅၄ |
| ကမ္မဒွါရ, ဝိထိဒွါရ ၂ ပါးကို ပြခြင်း | .... ၂၅၈ |
| မှတ်နေတာ ရုပ်ကိုသာ ပိုင်းခြားသေး၏ | .... ၂၆၃ |
| နာမ်ကို ပိုင်းခြားသောဉာဏ် အလိုလိုပေါ်ပုံ | .... ၂၆၅ |
| သိတိုင်း ဝိပဿနာမဟုတ်, သတိပဋ္ဌာန်အတိုင်းမှ ဟုတ်၏ | .... ၂၆၈ |
| ဣရိယာပုထ် ၃ မျိုးကွဲပုံကို ပြခြင်း | .... ၂၇၁ |
| သမ္ပဇဉ် ၄ ပါးကို ပြခြင်း | .... ၂၇၂ |
| ခွေး, မြေခွေး အသိမျိုးမဟုတ်ပုံကို ပြခြင်း | .... ၂၇၇ |
| အသမ္မောဟ သမ္ပဇဉ်ကို ပြခြင်း | .... ၂၈၀ |
| ဂေါစရသမ္ပဇဉ်ကို ပြခြင်း | .... ၂၈၂ |
| ဓာတ်ကြီး ၄ ပါးနှင့် ကိလေသာမစပ်ပုံ ပြခြင်း | .... ၂၈၄ |
| အာရုံ ၆ ပါးနှင့် ကိလေသာမစပ်ပုံ ပြခြင်း | .... ၂၈၆ |
| ဝိညာဏ်နှင့် ကိလေသာ မစပ်ပုံကို ပြခြင်း | .... ၂၈၈ |
| ဝိပဿနာမှန်လျှင် ဝိညာဏ်၏အာရုံသာထင်ပုံ ပြခြင်း | .... ၂၉၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **ပစ္စယပရိဂ္ဂဟဉာဏ်** | |
| ဝိပဿနာ သမ္မာဇဉ်ကို ပြခြင်း | .... ၂၉၃ |
| နာမ်၏အကြောင်း ရုပ်ထင်ပုံကို ပြခြင်း | .... ၂၉၄ |
| ဿနက်ခွဲပုံ, မက်ခွဲပုံကို ပြခြင်း | .... ၂၉၆ |
| ဝိပဿနာအားထုတ်သူ, အားမထုတ်သူ အထင်ကို ပြခြင်း | .... ၃၀၀ |
| ဝိပဿနာအားထုတ်သဖြင့် အဝိဇ္ဇာမရှိပုံ ပြခြင်း | .... ၃၀၃ |
| ကာလသုံးပါး၌ ယုံမှားကင်းသည်ကို ပြခြင်း | .... ၃၀၅ |
| ပဋိစ္စသမုပ္ပါဒ်၏ ၁၂ ရပ်သော အင်္ဂါကို ပြခြင်း | .... ၃၀၇ |
| နာမ်ရုပ်၏ အကျိုးအကြောင်း ပိုင်းခြားရာ၌ ဉာတပရိညာ၏ သဘောကို ပြခြင်း | .... ၃၁၁ |
| ယုံမှားကင်းပျောက်၍ ဉာဏ်အဆုံးရောက်ပုံ ပြခြင်း | .... ၃၁၄ |
| ဩလီယန္တစသော ပုဂ္ဂိုလ် ၃ မျိုးကို ပြခြင်း | .... ၃၁၆ |
| **တောလေးဆယ်အဖွင့်** | |
| ကျမ်း၏နိဒါန်းကို ပြခြင်း | .... ၃၂၁ |
| အနိစ္စလက္ခဏာ ၁၀ ပါးကို ပြခြင်း | .... ၃၂၃ |
| ဒုက္ခလက္ခဏာ ၂၅ ပါးကို ပြခြင်း | .... ၃၄၉ |
| အနတ္တလက္ခဏာ ၅ ပါးကို ပြခြင်း | .... ၄၀၄ |

မာတိကာ ပြီး၏။

# နိဒါန်း

အင်းစိန်မြို့ မင်းကွန်းဆရာတော်ဘုရားသည် ၁၃၁၀-ခုနှစ် တပို့တွဲလဆန်း ၁-ရက်နေ့က အင်းစိန်တွင် ကရင်သူပုန်များ သောင်းကျန်း ထကြွနေသဖြင့် ရန်ကုန်မြို့ ပဋ္ဌိပတ္တိသာသနာနုဂ္ဂဟအသင်းကြီးမှ ဦးစီးခေါင်းဆောင်ပြီးလျှင် ရွှေတိဂုံစေတီတော်ကြီး၏ခြေရင်းသို့ နောက်ပါသံဃာတော်များနှင့်တကွ ယောဂီများကိုပါပင့်ဆောင်ခဲ့ကြရာ အခိုက်အတန့် အားလျော်စွာ အငြိမ်းစားရာဇဝတ်ဝန်မင်း ဦးဘရီ၊ မင်းကတော် ဒေါ်လှဖူးတို့က သဒ္ဓါတက်ကြွပြီးလျှင် ၁၅၀၀ိ-မှ ၂၀၀၀ိနီးပါးမျှကုန်သော တည်းကျောင်းဓမ္မာရုံမဏ္ဍပ်ကြီးကိုဆောက်လုပ် လှူဒါန်းပြီးလျှင် ရာဇဝတ်ဝန်မင်းနှင့် မင်းကတော်တို့က သတ္တဝါ အပေါင်းတို့၏စိတ်သည် ဆုံးမရန် အလွန်ခဲယဉ်းပါသဖြင့် ထိုစိတ်တလုံးကို အလွယ်ဆုံးအားဖြင့် ဆုံးမရန်နည်းကိုပေးသနားတော်မူပါဘုရားဟု လျှောက်ထားချက်အရ အင်းစိန်မြို့ မင်းကွန်းဆရာတော်ဘုရားသည် စိတ်ကိုဆုံးမသဖြင့် ဝိပဿနာဉာဏ်အဆင့်ဆင့်တက်ပြီးလျှင် သောတာပန်ဖြစ်ပုံ၊ သကဒါဂါမ်ဖြစ်ပုံ၊ အနာဂါမ်ဖြစ်ပုံ၊ရဟန္တာဖြစ်ပုံအလုံးစုံကို ဝါတော် ၂၅-ဝါကျမှ ဟောပြောညွှန်ပြဆိုဆုံးမတော်မူသော **"ဩဝါဒသူဒနီ"** ၃-တွဲ။

၁၃၀၈-ခုနှစ်က ဆရာတော်ဘုရား တလခွဲတိုင်တိုင်၊ ရွှေတိဂုံ စေတီတော် ရေကြည်တော်ဝတ်အသင်း တန်ဆောင်းကြီး၌ ညဥ့်တရား ဟောတော်မူသောအခါ သူဌေးကြီး **ဆာဦးသွင်**သည် အလွန်သဒ္ဓါတက်ကြွ နှစ်သက်လှသည်ဖြစ်၍ ကျမ်းတစောင်တဖွဲ့ရေးသားပါရန် လျှောက်ထားသဖြင့် ဝါတော် ၂၀-အရတွင် ရေးသားတော်မူသော **"စတုသစ္စသူဒနီ"** ကျမ်း။

၁၃၀၀-ပြည့်နှစ်က အင်းစိန်မြို့ မင်းကွန်းတောရကျောင်းတိုက်၏ ဒါယကာဖြစ်သော ဟသ်ာတမြို့လဘက်ခြောက်ကုန်သည် **ဦးဇမောင်ကြီး** လျှောက်ထားသဖြင့် ဝါတော် ၁၂-ဝါအရတွင် ရေးသားတော်မူသော **"ပညာဘာဝနာသူဒနီ"**ကျမ်း။

၁၂၉၇-ခုနှစ်က အစိုးရပင်စင်အငြိမ်းစားအသင်းကြီးမှ ရွှေတိဂုံဘုရားခြေတော်ရင်း ရဲပိဋကတ်တိုက်ကြီးတွင် တရားနာပြီးသည်၏ အဆုံး၌ လျှောက်ထားသဖြင့် ဝါတော် ၁၀-ဝါ အရတွင် ဝိပဿနာရှုနည်းနိဿယည်း အမည်ဖြင့် ရေးသားတော်မူသော **"ဝိပဿနာသူဒနီ"**ကျမ်း။

## နိဒါန်း

၁၂၇၂-ခုနှစ်လောက်ကကျေးဇူးရှင် **မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး** ရေးသားတော်မူသော နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးဟု ဆိုအပ်သော "**ဉာဏသူဒနီ**" ကျမ်း၊၊

၁၂၉၆ - ခုနှစ်လောက်က ကျေးဇူးရှင် မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးပင် ရေးသားတော်မူသော "**တောလေးဆယ် အဖွင့်အကျယ်**" ကျမ်း၊၊

ထိုကျမ်းတို့ကိုစုပေါင်း၍"မင်းကွန်းဝိပဿနာသူဒနီပေါင်းချုပ်"ဟူသော အမည်ဖြင့် ကျွန်ုပ်တို့ (**မူလတရားဝင် မှတ်ပုံတင်အမှတ် ၁၄**)**ရန်ကုန်မြို့ မင်းကွန်းပဋိပတ္တိသာသနာနုဂ္ဂဟအသင်းကြီး** က တာဝန်ယူ၍ အများပြည်သူတို့ ကြည်ဖြူနှစ်သက်သဒ္ဓါတက်ပြီး လွယ်လင့်တကူ ကြည့်ရှုအားထုတ်နိုင်ကြစေရန် တတိယအကြိမ် ပုံနှိပ်ထုတ်ဝေလိုက်ရပါကြောင်း၊၊

(မူလတရားဝင် မှတ်ပုံတင်အမှတ်-၁၄)
ရန်ကုန်မြို့ မင်းကွန်းပဋိပတ္တိသာသနာနုဂ္ဂဟအသင်းကြီး

ယာယီတည်ရာဌာန။ ။
ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ၊ စနေဒေါင့်၊ မင်းကွန်းသိဂ်ဳတ္တရစမ္မာရုံ

# မင်းကွန်းဝိပဿနာ

# ဉာဏသုဒ္ဓိ

သထုံမြို့
ကျေးဇူးရှင် မူလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးသည်
၁၂၇၂ ခုနှစ်လောက်က ရေးသားတော်မူခဲ့သော
နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် ၂ ပါးတို့ကို
အကျယ်ပြုအပ်သော မင်းကွန်းဝိပဿနာ
ဉာဏသုဒ္ဓိ နံပါတ်-၇

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## နာမရူပ ပရိစ္ဆေဒဉာဏ်

### ကာလသုံးပါး သဘောသွား လက္ခဏာပြခြင်း

တတ္ထ ပဌမမဂ္ဂဉာဏံ တာဝ သမ္မာဒေတုကာမေန အညံ ကိဉ္စိ ကာတဗ္ဗံ နာမ နတ္ထိ။ ယဉ္ဟိ အနေန ကာတဗ္ဗံ သိယာ၊တံ အနုလောမာ ဝသာနံ ဝိပဿနံ ဥပ္ပါဒေန္တေန ကတမေဝ။

—ဝိသုဒ္ဓိမဂ်

တတ္ထ၊ ထိုငပါးသော မဂ်ဉာဏ်တို့တွင်၊ တာဝ၊ရှေးဦးစွာ၊ ပဌမမဂ္ဂဉာဏံ၊ ပဌမ မဂ်ဉာဏ်ကို၊ သမ္မာဒေတုကာမေန၊ ပြီးစေလိုသော ယောဂီပုဂ္ဂိုလ်သည်၊ အညံ၊တပါးကို၊ ကိဉ္စိ၊ တစုံတခု၊ ကာတဗ္ဗံနာမ၊ ပြုအပ်သောမည်သည်၊ နတ္ထိ၊ မရှိချေ။ ယံ၊အကြင် ပဌမ မဂ်ဉာဏ်ကို၊ အနေန၊ ဤယောဂီ ပုဂ္ဂိုလ်သည်၊ ကာ

တဗ္ဗံ၊ပြုအပ်သည်၊ သိယာ၊ ဖြစ်ရာ၏။ တံ၊ ထိုယောဂီပြုအပ်သော ပဌမမဂ်ဉာဏ်သည်၊ အနုလောမာဝသာနံ၊ အနုလုံအဆုံးရှိသော၊ ဝိပဿနံ၊ ဝိပဿနာကို၊ ဥပ္ပါဒေန္တေန၊ဖြစ်စေသဖြင့်၊ ကတမေဝ၊ ပြီးတော့သာလျှင်တည်း။

ဉာဏ်သည် နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်,သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်ဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်ဟူ၍ အလုံးစုံသိမ်းကြုံး၍ဆိုသော ဉာဏ်စဉ်အားဖြင့် ၁၆ပါးအပြားရှိ၏။

ဤဉာဏ်တို့တွင် နာမရူပပရိစ္ဆေဒဉာဏ်ကို ရှေးဦးစွာအားထုတ်အပ်၏။ နာမ်,ရုပ်ကို ဟုတ်တိုင်းမှန်စွာသိခြင်းသည် နာမရူပပရိစ္ဆေဒဉာဏ်မည်၏။ဤနာမရူပ ပရိစ္ဆေဒဉာဏ်ကို အားထုတ်လိုသော ယောဂီသည် ရုပ်ကိုရှေးဦးစွာပိုင်းခြားအပ်၏။ ရုပ်ကိုပိုင်းခြားပါများ၍ ရုပ်ကိုသိသောစိတ် အကြြင်အခါကာလထင်၏၊ ထိုအခါကာလ နာမ်,ရုပ် အစုံပိုင်းခြားအပ်၏။

(ဤကား အကျဉ်းလက္ခဏာ ဆောင်ပုဒ်တည်း။)

## ပစ္စုပ္ပန် နာမ်ရုပ်ကိုသာ အားထုတ်ရမည်

နာမ်ရုပ်သည် အတိတ်,အနာဂတ်, ပစ္စုပ္ပန်အားဖြင့် ၃ပါး အပြားရှိ၏။ ထို ၃ပါးတို့တွင် ဖြစ်ပြီးသော နာမ်ရုပ်သည် အတိတ်မည်၏။ ဖြစ်လတံ့ ပျက်လတံ့သော နာမ်ရုပ်သည် အနာဂတ်မည်၏။ ဖြစ်ဆဲ, ပျက်ဆဲသော နာမ်ရုပ်သည် ပစ္စုပ္ပန်မည်၏။ဤနေရာ၌ ဝိပဿနာကိုအစစွာအားထုတ်သောအာဒိကမ္မိကယောဂီပုဂ္ဂိုလ်သည် အတိတ်,အနာဂတ်,ပစ္စုပ္ပန်၃ပါးတို့တွင် အတိတ်,အနာဂတ်ကို နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် မပိုင်းခြားအပ်။

အတီတံ နာန္ဝာဂမေယျ၊
န ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနံ တံ၊
အပ္ပတ္တဉ္စ အနာဂတံ။

—နေတ္တိပါဠိတော်

ယံ အတီတံ၊ အကြင်အတိတ်သည်၊ ပဟီနံ၊ သဘောလက္ခဏာ မမြင်ရာသို့ ရောက် ပျောက်ကွယ်လေပြီ။ တံ အတီတံ၊ ထိုသဘောလက္ခဏာ မမြင်ရာသို့ ရောက် ပျောက်ကွယ်ပြီးသော အတိတ်ကို၊ နာန္ဝာဂမေယျ၊ လွန်ပြီ ဟော့ထ

နောက်မှတဖန် ပြန်မလိုက်ရာ။ ယဉ္စအနာဂတံ၊ အကြင် အနာဂတ်သည်လည်း၊ အပ္ပတ္တံ၊ လက္ခဏာသဘော ဖြစ်ခွင့်ပေါ်ပေါက်မရောက်သေး။ တံ အနာဂတံ၊ ထိုလက္ခဏာသဘော ဖြစ်ခွင့်ပေါ်ပေါက်မရောက်လာသေးသော အနာဂတ်ကို၊ န ပဋိကင်္ခေ၊ မဖြစ်မီဟော့ ကြိုဆို အလိုမရှိရာ။

ဝိပဿနာကို အစစ္စာအားထုတ်သော အာဒိကမ္မိက ယောဂီပုဂ္ဂိုလ်သည် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ၃ပါးတို့တွင် ပစ္စုပ္ပန်ကိုသာလျှင် နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ပိုင်းခြားအပ်၏။

ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ၊
တတ္ထ တတ္ထ ဝိပဿတိ။
အသံဟိရံ အသင်္ကုပ္ပံ၊
တံ ဝိဒ္ဓါ မနုဗြူဟယေ။

—နေတ္တိပါဠိတော်

တတ္ထတတ္ထ ခဏေခဏေ၊ ထိုထိုခဏခဏ၌၊ ပစ္စုပ္ပန္နံ၊ အသစ်အသစ် ခုတင် ခုဖြစ်သော၊ ယဉ္စ ဓမ္မံ၊ အကြင်ပစ္စုပ္ပန်အာရုံကို၊ ဝိပဿတိ၊ စေ့စေ့ငုငု နှေ့မှု ညဉ့်ထွေ ရှုအပ်လေ၏။ တံဓမ္မံ၊ ထိုအသစ်အသစ် ခုတင်ခုဖြစ်သော ပစ္စုပ္ပန် အာရုံကို၊အသံဟိရံ၊ စေ့စေ့ငုငု နှေ့မှုညဉ့်ထွေ ရှုလေကောင်းကောင်း မပြောင်း မရွေ့၊ အသင်္ကုပ္ပံ၊ စေ့စေ့ငုငု နှေ့မှု ညဉ့်ထွေ ရှုလေနောက်နောက်၊ ဝါ၊ တနည်း၊ အသံဟိရံ၊ ပစ္စုပ္ပန်လာ လက္ခဏာဟော့ မပြောင်းရွေ့မီ၊ အသင်္ကုပ္ပံ၊ ပစ္စုပ္ပန်လာ လက္ခဏာရောက် မပျောက်ပျက်မီ၊ ဝိဒ္ဓါ၊ ပညာရှိသည်၊ အနုဗြူ ဟယေ၊ တဆင့်ဆင့် မြင့်တမျှားမျှား ပွားများရာ၏။

**အသစ်ကို မကြုံလင့်၊ အဟောင်းကို မပြန်လင့်။**
**ဖြစ်အောင် မပြုလင့်၊ ပျက်အောင် မပြုလင့်။**
**ဖြစ်တိုင်း ပျက်တိုင်း ထင်အောင် ရှု။**
**ဖြစ်အောင်ပြု-လောဘ၊ ပျက်အောင်ပြု-ဒေါသ။**
**ဖြစ်တိုင်း ပျက်တိုင်းမသိ မောဟ။**

(ဤကား ဆောင်ပုဒ်တည်း။)

အဓိပ္ပာယ်ကား ဤဆောင်ပုဒ်၌ အနာဂတ်ကို ကြုံခြင်းသည် အသစ်ကို ကြုံသည် မည်၏။ အနာဂတ်ကို မကြုံခြင်းသည် အသစ်ကို မကြုံသည် မည်၏။ ထို့ကြောင့် အသစ်ကို မကြုံလင့်ဟုဆိုသည်။ အတိတ်ကို ကြုံခြင်းသည် အဟောင်း

အဟောင်းကို ပြန်သည်မည်၏။ အတိတ်ကို မကြံခြင်းသည် အဟောင်းကို မပြန်သည် မည်၏။ ထို့ကြောင့် အဟောင်းကို မပြန်လင့်ဟု ဆိုသည်။

လောကအလို မဖြစ်သေးသည်ကို ဖြစ်အောင် ပြုလိုသော သဘောသည် ဖြစ်အောင် ပြုသည် မည်၏။ လောကအလို မဖြစ်သေးသည်ကို ဖြစ်အောင် မပြုလိုသော သဘောသည် ဖြစ်အောင် မပြုသည် မည်၏။ ထို့ကြောင့် ဖြစ်အောင် မပြုလင့်ဟု ဆိုလိုသည်။ လောကအလို ဖြစ်ပြီးသည်ကို ပျက်အောင် ပြုလိုသော သဘောသည် ပျက်အောင် ပြုသည် မည်၏။ လောကအလို ဖြစ်ပြီးသည်ကို ပျက်အောင် မပြုလိုသော သဘောသည် ပျက်အောင် မပြုသည်မည်၏။ ထို့ကြောင့် ပျက်အောင် မပြုလင့်ဟု ဆိုသည်။

နာမ် ရုပ်တို့၏ ဖြစ်ခြင်းသည် 'ဖြစ်တိုင်း' မည်၏။ နာမ်ရုပ်တို့၏ ပျက်ခြင်းသည် 'ပျက်တိုင်း' မည်၏။ နာမ်ရုပ်တို့၏ ဖြစ်ခြင်းပျက်ခြင်းကို သိခြင်းသည် ထင်အောင် ရှုသည် မည်၏။ ထို့ကြောင့် ဖြစ်တိုင်း ပျက်တိုင်း ထင်အောင်ရှုဟု ဆိုသည်။

လောကအလို မဖြစ်သေးသည်ကို ဖြစ်အောင် ပြုလိုသော သဘောသည် လောဘမည်၏။ ထို့ကြောင့် ဖြစ်အောင်ပြု လောဘဟု ဆိုသည်။ လောကအလို ဖြစ်ပြီးသည်ကို ပျက်အောင်ပြုလိုသောသဘောသည် ဒေါသမည်၏။ ထို့ကြောင့် ပျက်အောင်ပြု ဒေါသဟု ဆိုသည်။

နာမ်ရုပ်တို့၏ ဖြစ်ခြင်းပျက်ခြင်းသည် ဖြစ်တိုင်း ပျက်တိုင်း မည်၏။ နာမ်ရုပ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မသိခြင်းသည် မောဟ မည်၏။ ထို့ကြောင့် ဖြစ်တိုင်း ပျက်တိုင်းမသိ-မောဟဟု ဆိုသည်။ ထို့ကြောင့်....

အသစ်ကို မကြံလင့်၊ အဟောင်းကို မပြန်လင့်။
ဖြစ်အောင်မပြုလင့်၊ ပျက်အောင် မပြုလင့်။
ဖြစ်တိုင်း ပျက်တိုင်း ထင်အောင်ရှု။
ဖြစ်အောင်ပြု-လောဘ၊ ပျက်အောင်ပြု-ဒေါသ။
ဖြစ်တိုင်း ပျက်တိုင်းမသိ-မောဟ

ဟု ဆိုခဲ့ပေသည်။

(ဤကား ဆောင်ပုဒ်၏ အဓိပ္ပာယ်တည်း။)

## ရုပ် ပိုင်းခြားပုံကို ပြခြင်း

နာမရူပ ပရိစ္ဆေဒဉာဏ်သည် နာမ်ကိုပိုင်းခြားသော နာမပရိစ္ဆေဒဉာဏ်၊ ရုပ်ကို ပိုင်းခြားသော ရူပ ပရိစ္ဆေဒဉာဏ်အားဖြင့် ၂ပါး အပြားရှိ၏။ ထို၂ပါး

တို့တွင် ရူပပရိစ္ဆေဒဉာဏ်သည် ရှေးဦးစွာ ဖြစ်၏။ ရူပပရိစ္ဆေဒဉာဏ် အားဖြင့် ရုပ်ကို ပိုင်းခြားလိုသော်—

မျက်စိဖြင့် အဆင်းကို မြင်သော ခဏ မြင် မြင်တယ် မှတ်။ နားဖြင့် အသံကို ကြားသောခဏ ကြား ကြားတယ်မှတ်။ နှာခေါင်းဖြင့် အနံ့ကိုနံသော ခဏ နံ နံတယ်မှတ်။ လျှာဖြင့် အရသာကို စားသောခဏ စား စားတယ်မှတ်။ ကိုယ်ဖြင့် အတွေ့ကို ထိသောခဏ ထိ ထိတယ်မှတ်။ စိတ်ဖြင့် သဘောကို သိသော ခဏ သိ သိတယ်မှတ်။

မျက်စိဖြင့် အဆင်းကို မြင်သောခဏ မြင် မြင်တယ်မှတ် ဆိုသော စကား ရပ်၌ အဆင်းထင်သောခဏ စက္ခုဒွါရ ကြည်ခြင်းသည် မျက်စိ ကြည်သောခဏ မည်၏။ မျက်စိ ကြည်သော ခဏ ရူပါရုံ ထင်ခြင်းသည် အဆင်းထင်သောခဏ မည်၏။ မျက်စိ ကြည်သော ခဏ, အဆင်းထင်သောခဏ အဆင်းကို မြင်သော စက္ခုဝိညာဏ်သည် မြင်သောခဏ မည်၏။ ထို့ကြောင့် မျက်စိဖြင့် အဆင်းကို မြင်သောခဏဟု ဆိုခဲ့ပေသည်။

ဇင်းဒွါရ, အာရုံ, ဝိညာဏ် ၃ ပါးဆုံသော ခဏ၌ ဒွါရ, အာရုံ, ဝိညာဏ် သုံးပါးအပေါင်းကို တပေါင်းတည်း တပ္ပိုင်နက် မြင် မြင်တယ်ဟု ဝိပဿနာဖြင့် သိမှတ် ပိုင်းခြားအပ်သောကြောင့် မျက်စိ, အဆင်း, မြင်ခြင်းသည် မြင်သည် မည်၏။ ထို့ကြောင့် 'မြင်' ဆိုသည်။

စက္ခုဒွါရ ဈောဝီထိဖြင့် မြင်သည်ကို နောက် ဝိပဿနာစိတ်ဖြင့် မြင်တယ်ဟု အမှတ်ပြုခြင်းသည် မြင်တယ်မှတ်သည် မည်၏။ ထို့ကြောင့် မြင်တယ်မှတ် ဆိုသည်။ ထို့ကြောင့် မျက်စိဖြင့် အဆင်းကို မြင်သောခဏ မြင်-မြင်တယ်မှတ်ဟု ဆိုခဲ့ပေသည်။

နားဖြင့် အသံကို ကြားသောခဏ ကြား ကြားတယ်မှတ်ဆိုသော စကား ရပ်၌ အသံထင်သော ခဏ သောတဒွါရ ကြည်ခြင်းသည် နားကြည်သော ခဏ မည်၏။ နားကြည်သောခဏ သဒ္ဒါရုံထင်ခြင်းသည် အသံထင်သောခဏမည်၏။ နားကြည်သောခဏ, အသံထင်သောခဏ အသံကို ကြားသော သောတဝိညာဏ် သည် ကြားသောခဏ မည်၏။ ထို့ကြောင့် နားဖြင့်အသံကို ကြားသောခဏဟု ဆိုခဲ့ပေသည်။

ဇင်းဒွါရ, အာရုံ, ဝိညာဏ် ၃ ပါး ဆုံသော ခဏ၌ ဇင်းဒွါရ, အာရုံ, ဝိညာဏ် သုံးပါးအပေါင်းကို တပေါင်းတည်း တပ္ပိုင်နက် ကြား ကြားတယ်ဟု ဝိပဿနာဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့် နား, အသံ, ကြားခြင်းသည် ကြားသည် မည်၏။ ထို့ကြောင့် 'ကြား' ဆိုသည်။

သောတဒွါရ ဇွောဝီထိဖြင့် ကြားသည်ကို နောက် ဝိပဿနာ စိတ်ဖြင့် ကြားတယ်ဟု အမှတ်ပြုခြင်းသည် ကြားတယ်မှတ်သည် မည်၏။ ထို့ကြောင့် ကြားတယ်မှတ် ဆိုသည်။ ထို့ကြောင့် နားဖြင့် အသံကို ကြားသော ခဏ ကြား-ကြားတယ်မှတ်ဟု ဆိုခဲ့ပေသည်။

နှာခေါင်းဖြင့် အနံ့ကို နံသောခဏ နံ နံတယ်မှတ်ဆိုသော စကားရပ်၌ အနံ့ထင်သောခဏ ဃာနဒွါရ ကြည်ခြင်းသည် နှာခေါင်း ကြည်သော ခဏ မည်၏။ နှာခေါင်းကြည်သောခဏ ဂန္ဓာရုံထင်ခြင်းသည် အနံ့ထင်သော ခဏ မည်၏။ နှာခေါင်းကြည်သော ခဏ, အနံ့ထင်သောခဏ အနံ့ကိုနံသော ဃာန ဝိညာဏ်သည် နံသောခဏမည်၏။ ထို့ကြောင့် နှာခေါင်းဖြင့် အနံ့ကို နံသော ခဏဟု ဆိုခဲ့ပေသည်။

ၰင်းဒွါရ, အာရုံ, ဝိညာဏ် ၃ ပါးဆိုသောခဏ၌ ဒွါရ, အာရုံ, ဝိညာဏ် သုံးပါး အပေါင်းကို တပေါင်းတည်း တပြိုင်နက် နံ နံတယ်ဟု ဝိပဿနာစိတ်ဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့် နှာခေါင်း, အနံ့,နံခြင်းသည် နံသည် မည်၏။ ထို့ကြောင့် 'နံ'ဆိုသည်။

ဃာနဒွါရ ဇွောဝီထိဖြင့် နံသည်ကို နောက် ဝိပဿနာစိတ်ဖြင့် နံတယ်ဟု အမှတ်ပြုခြင်းသည် နံတယ်မှတ်သည် မည်၏။ ထို့ကြောင့် နံတယ်မှတ် ဆိုသည်။ ထို့ ကြောင့် နှာ ခေါင်း ဖြင့် အနံ့ကို နံသော ခဏ နံ-နံတယ်မှတ် ဟု ဆိုခဲ့ပေသည်။

လျှာဖြင့် အရသာကို စားသောခဏ စား စားတယ်မှတ်ဆိုသော စကားရပ်၌ အရသာထင်သောခဏ ဇိဝှာဒွါရ ကြည်ခြင်းသည် လျှာကြည်သောခဏ မည်၏။ လျှာကြည်သောခဏ ရသာရုံထင်ခြင်းသည် အရသာ ထင်သော ခဏ မည်၏။ လျှာကြည်သောခဏ, အရသာထင်သောခဏ အရသာကိုစားသော ဇိဝှာဝိညာဏ်သည် စားသောခဏ မည်၏။ ထို့ကြောင့် လျှာဖြင့် အရသာကို စားသောခဏဟု ဆိုခဲ့ပေသည်။

ၰင်းဒွါရ, အာရုံ, ဝိညာဏ် ၃ ပါးဆိုသော ခဏ၌ ဒွါရ, အာရုံ, ဝိညာဏ် သုံးပါး အပေါင်းကို တပေါင်းတည်း တပြိုင်နက် စား စားတယ်ဟု ဝိပဿနာ စိတ်ဖြင့် သိမှတ် ပိုင်းခြားအပ်သောကြောင့် လျှာ, အရသာ, စားခြင်းသည် စားသည် မည်၏။ ထို့ကြောင့် 'စား'ဆိုသည်။

ဇိဝှာဒွါရ ဇွောဝီထိဖြင့် စားသည်ကို နောက်ဝိပဿနာစိတ်ဖြင့် စားတယ်ဟု အမှတ်ပြုခြင်းသည် စားတယ်မှတ်သည် မည်၏။ ထို့ကြောင့် စားတယ်မှတ်

ဆိုသည်။ ထို့ကြောင့် လျှာဖြင့် အရသာကို စားသောခဏ စား-စားတယ်မှတ် ဟု ဆိုခဲ့ပေသည်။

ကိုယ်ဖြင့် အတွေ့ကို ထိသောခဏ ထိ ထိတယ်မှတ်ဆိုသော စကားရပ်၌ အတွေ့ထင်သောခဏ ကာယဒွါရ ကြည်ခြင်းသည် ကိုယ်ကြည်သောခဏ မည်၏။ ကိုယ်ကြည်သောခဏ ဖေါဋ္ဌဗ္ဗာရုံထင်ခြင်းသည် အတွေ့ထင်သော ခဏ မည်၏။ ကိုယ်ကြည်သောခဏ, အတွေ့ထင်သောခဏ အတွေ့ကို ထိသော ကာယဝိညာဏ်သည် ထိသောခဏ မည်၏။ ထို့ကြောင့် ကိုယ်ဖြင့် အတွေ့ကို ထိသောခဏဟု ဆိုခဲ့ပေသည်။

၎င်းဒွါရ, အာရုံ, ဝိညာဏ် ၃ ပါးဆုံသော ခဏ၌ ဒွါရ,အာရုံ,ဝိညာဏ် သုံးပါးအပေါင်းကို တပေါင်းတည်း တပြိုင်နက် ထိ ထိတယ်ဟု ဝိပဿနာစိတ်ဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့် ကိုယ်,အတွေ့, ထိခြင်းသည် ထိသည်မည်၏။ ထို့ကြောင့် 'ထိ'ဆိုသည်။

ကာယဒွါရ ဇွောဝီထိဖြင့် ထိသည်ကို နောက်ဝိပဿနာစိတ်ဖြင့် ထိတယ်ဟု အမှတ်ပြုခြင်းသည် ထိတယ်မှတ်သည်မည်၏။ ထို့ကြောင့် ထိတယ်မှတ် ဆိုသည်။ ထို့ကြောင့် ကိုယ်ဖြင့် အတွေ့ကို ထိသော ခဏ ထိ ထိတယ်မှတ် ဟု ဆိုခဲ့ပေသည်။

စိတ်ဖြင့်သဘောကို သိသောခဏ သိ သိတယ်မှတ် ဆိုသော စကားရပ်၌ သဘောထင်သောခဏ မနောဒွါရကြည်ခြင်းသည် စိတ်ကြည်သောခဏ မည်၏။ စိတ်ကြည်သော ခဏ ဓမ္မာရုံထင်ခြင်းသည် သဘောထင်သောခဏ မည်၏။ စိတ်ကြည်သောခဏ, သဘောထင်သောခဏ သဘောကို သိသော မနောဝိညာဏ်သည် သိသောခဏ မည်၏။ ထို့ကြောင့် စိတ်ဖြင့်သဘောကို သိသောခဏဟု ဆိုခဲ့ပေသည်။

၎င်းဒွါရ, အာရုံ, ဝိညာဏ်သုံးပါးဆုံသော ခဏ၌ ဒွါရ, အာရုံ,ဝိညာဏ် သုံးပါး အပေါင်းကို တပေါင်းတည်း တပြိုင်နက် သိ သိတယ်ဟု ဝိပဿနာ စိတ်ဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့် စိတ်,သဘော, သိခြင်းသည် သိသည်မည်၏။ ထို့ကြောင့် 'သိ'ဆိုသည်။

မနောဒွါရ ဇွောဝီထိဖြင့် သိသည်ကို နောက်ဝိပဿနာစိတ်ဖြင့် သိတယ်ဟု အမှတ်ပြုခြင်းသည် သိတယ်မှတ်သည်မည်၏။ ထို့ကြောင့်'သိတယ်မှတ်'ဆိုသည်။ ထို့ကြောင့် စိတ်ဖြင့်သဘောကို သိသောခဏ သိ သိတယ်မှတ်ဟု ဆိုခဲ့ပေသည်။

မြင် မြင်တယ်မှတ် ဆိုသော စကားရပ်၌ မြင်ကား မှတ်စရာအာရုံ၊ မြင်တယ်ကား မှတ်တဲ့စိတ်၊ မှတ်ကား သတိ,ပညာ,ဝိပဿနာနှင့်တကွ မှတ်တဲ့စိတ်

ဟု အမှာတည်း။ ထို့အတူ ကြား, နံ, စား, ထိ, သိကား မှတ်စရာအာရုံ၊ ကြားတယ်, နံတယ်, စားတယ်, ထိတယ်, သိတယ်ကား မှတ်တဲ့စိတ်၊ မှတ်ကား သတိ, ပညာ, ဝိပဿနာနှင့်တကွ မှတ်တဲ့စိတ်ဟု အမှာတည်း။ ဤကားအဓိပ္ပါယ်တည်း။

သတိ ဟိ ခါရဏာတိ နိဒ္ဒိဋ္ဌာ ခါရဏဋ္ဌေတ္ထ သလ္လက္ခဏံ။ ပညာ ပဝိစယောတိ နိဒ္ဒိဋ္ဌော ပဝိစယော စေတ္ထ နိစ္ဆယော။

—မဟာဋီကာ

ဟိ၊ မထင်သည်ကို ထင်အောင်ပြအံ့။ သတိ၊ သတိကို၊ ဧတ္ထ၊ ဤဝိပဿနာ အရာ၌၊ ခါရဏာတိ၊ အမှတ်ဟူ၍၊ နိဒ္ဒိဋ္ဌာ၊ ညွှန်ကြားပြောဆိုအပ်၏။ သတိယာစ၊ သတိဖြင့်လည်း၊ ခါရဏံ၊ မှတ်ခြင်း၊ သလ္လက္ခဏံ၊ ကောင်းစွာမှတ်ခြင်း။ ပညာ၊ ပညာကို၊ ဧတ္ထ၊ ဤဝိပဿနာအရာ၌၊ ပဝိစယောတိ၊ အဆုံးအဖြတ်ဟူ၍၊ နိဒ္ဒိဋ္ဌော၊ ညွှန်ကြားပြောဆိုအပ်၏။ ပညာယစ၊ ပညာဖြင့်လည်း၊ ပဝိစယော၊ ဆုံးဖြတ်ခြင်း၊ နိစ္ဆယော၊ ဆုံးဖြတ်ခြင်း။

ယခုပြဆိုခဲ့သော အဓိပ္ပာယ်များနှင့် ဋီကာ၏စကားသွားကိုဆင်ခြင်စဉ်းစား၍ မှတ်သားသည်ဆိုသော ဝိပဿနာသည် သညာစေတသိက်မဟုတ်၊ လိုရင်းအချုပ်မှာ ပညိန္ဒြေစေတသိက်ကို ရသည်ဟု သဘာဝ ကျနအောင် ယထာဘူတကို ယူဆ၍ သတိပြုကြပါကုန်။

## ဝိပဿနာအားမထုတ်သူ ပုထုဇဉ်မည်ပုံ

ဝိပဿနာအလုပ်ကို အားမထုတ်သော သူသည် ပုထုဇဉ်မည်၏။ ပုထုဇဉ်သည် ပုထုဇဉ်တို့၏နည်း အထင်အမှတ်ဖြင့်သာ မှတ်၏။ အထင်အမှတ်ဖြင့်သာ မှတ်ခြင်းကြောင့် နန္ဒီမည်သော သံယောဇဉ်ကြိုး ဖွဲ့ချည်၏။ မပြေ။ မပြေခြင်းကြောင့် နာမ်နှင့်ရုပ် ကိလေသာ တကွဲတပြား အပိုင်းအခြားမဖြစ်။ ထို့ကြောင့် မြင် မြင်တယ်, ကြား ကြားတယ်, နံ နံတယ်, စား စားတယ်, ထိ ထိတယ်, သိ သိတယ်ဟု ပုထုဇဉ်တို့၏နည်း အထင်အမှတ်ကို အရင်းအမြစ် အစစ်မူလဖြစ်သော ပါဠိတော် သာဓကကို ပြသဖြင့် ယုံကြည်စွာ သိမှတ်ကြပါလေ။

ဣဓ ဘိက္ခဝေ အသုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ အရိယဓမ္မေ အဝိနီတော သပ္ပုရိသဓမ္မေ အဝိနီတော။ပ။ ဒိဋ္ဌံ ဒိဋ္ဌတော သဉ္ဇာနာတိ၊ ဒိဋ္ဌံ ဒိဋ္ဌတော သညတွာ ဒိဋ္ဌံ မညတိ၊ ဒိဋ္ဌသ္မိံ မညတိ၊ ဒိဋ္ဌတော မညတိ၊ ဒိဋ္ဌံ မေတိ မညတိ၊ ဒိဋ္ဌံ အဘိနန္ဒတိ။ တံကိဿဟေတု၊ အပရိညာတံ တဿာတိ ဝဒါမိ။

—မူလပဏ္ဏာသ-မူလပရိယာယသုတ်

ဘိက္ခဝေ၊ရဟန်းတို့၊ ဣဓ၊ ဤငါဘုရား သာသနာတော်မြတ်၌၊ အသုတဝါ၊ အကြားအမြင်မရှိသော၊ ပုထုဇ္ဇနော၊ ယောဂီ မတ္တင် ပုထုဇဉ်သည်၊ အရိယာနံ၊ အရိယာတို့၏၊အဒဿာဝီ၊ ဝိပဿနာမှု ရုပ်နာမ်ကို ရှုလေ့မရှိသည်ဖြစ်၍၊ အရိယဓမ္မဿ၊ အရိယာတို့၏ ဝိပဿနာအကျင့်တရား၌၊ အကောဝိဒေါ၊ လိမ္မာသောဉာဏ်မရှိသည်ဖြစ်၍၊ အရိယဓမ္မေ၊ အရိယာတို့၏ ဝိပဿနာအကျင့်တရားဖြင့်၊ အဝိနီတော၊ ကိလေသာကို ပယ်ဖျောက်သောဉာဏ် မရှိသည် ဖြစ်၍၊ သပ္ပုရိသာနံ၊ ကိလေသာငြိမ်းအေးသော သူတော်ကောင်းတို့၏၊ အဒဿာဝီ၊ ဝိပဿနာမှု ရုပ်နာမ်ကိုရှုလေ့မရှိသည်ဖြစ်၍၊ သပ္ပုရိသဓမ္မဿ၊ ကိလေသာ ငြိမ်းအေးသော သူတော်ကောင်းတို့၏ ဝိပဿနာ အကျင့်တရား၌၊ အကောဝိဒေါ၊ လိမ္မာသောဉာဏ်မရှိသည်ဖြစ်၍၊ သပ္ပုရိသဓမ္မေ၊ ကိလေသာ ငြိမ်းအေးသော သူတော်ကောင်းတို့၏ ဝိပဿနာအကျင့်တရားဖြင့်၊ အဝိနီတော၊ ကိလေသာကို ပယ်ဖျောက်သောဉာဏ်မရှိသည်ဖြစ်၍၊ ဒိဋ္ဌံ၊မြင်ခြင်းကို၊ ဒိဋ္ဌတော၊ မြင်ခြင်းဟု၊ သဉ္ဇာနာတိ၊အထင်ဖြင့်မှတ်၏။ ဒိဋ္ဌံ၊မြင်ခြင်းကို၊ဒိဋ္ဌတော၊မြင်ခြင်းဟု၊သညတွာ၊ အထင်ဖြင့်မှတ်၍၊ ဒိဋ္ဌံ၊မြင်ခြင်းကို၊ မညတိ၊ထင်မှတ်၏။ ကိံ မညတိ၊ အဘယ်သို့ ထင်မှတ်သနည်း။ ဒိဋ္ဌသ္မိံ၊မြင်ခြင်း၌၊ ဒိဋ္ဌံ၊ တစိတ်မြင်ခြင်းကို၊ မေတိ၊ တစိတ်မြင်ခြင်းက ငါ့,ငါ့ဉစ္စာဟု၊ မညတိ၊ ထင်မှတ်၏။ ဒိဋ္ဌတော၊ မြင်ခြင်းမှ၊ ဒိဋ္ဌံ၊ တစိတ်မြင်ခြင်းကို၊ မေတိ၊ တစိတ်မြင်ခြင်းက ငါ့,ငါ့ဉစ္စာဟု၊ မညတိ၊ ထင်မှတ်၏။ ဣတိ ဧဝံ၊ ဤသို့၊ ဒိဋ္ဌံ၊မြင်ခြင်းကို၊မညတိ၊ထင်မှတ်၏။ဒိဋ္ဌံ၊ မြင်ခြင်းကို၊ အဘိနန္ဒတိ၊ နှစ်သက်၏။ တံကိဿဟေတု၊အဘယ်အကြောင်းကြောင့်၊ အဘိနန္ဒတိ၊နှစ်သက်သနည်း။ တဿ၊ထိုယောဂီ မတ္တင် ပုထုဇဉ်အား၊ဒိဋ္ဌံ၊မြင်ခြင်းကို၊အပရိညာတံ၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်။ တေနဟေတု၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြား အပ် သော ထိုအကြောင်းကြောင့်၊ အဘိနန္ဒတိ၊ နှစ်သက်၏။ ဣတိ ဧဝံ၊ ဤသို့၊ ဝဒါမိ၊ ငါဘုရား ဟောတော်မူ၏။

ဤကား မျက်စိဖြင့် အဆင်းအမျိုးမျိုးကိုမြင်ရာ၌ ဝိပဿနာ အလုပ်ကို အားထုတ်ခြင်းမရှိသေးသော ပကတိပုထုဇဉ်တို့၏ အထင်အမှတ်ဖြစ်သော အလေ့သဘောကို ပြဆိုခြင်းပေတည်း။

ဣဓ ဘိက္ခဝေ အသုတဝါ ပုထုဇ္ဇနော။ ပ။ သုတံ သုတတော
သဉ္ဇာနာတိ၊ သုတံ သုတတော သညတွာ သုတံ မညတိ၊ သုတသ္မိံ

မညတိ၊ သုတတော မညတိ၊ သုတံ မေတိ မညတိ၊ သုတံ အဘိနန္ဒတိ။ တံ ကိဿ ဟေတု၊ အပရိညာတံ တဿာတိ ဝဒါမိ။

—မူလပရိယာယသုတ်

ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဓ၊ ဤငါဘုရားသာသနာတော်မြတ်၌၊ အသုတဝါ၊ အကြားအမြင်မရှိသော၊ ပုထုဇ္ဇနော၊ ယောဂီ မတွင် ပုထုဇဉ်သည်။ ပ။ သုတံ၊ ကြားခြင်းကို၊ သုတတော၊ ကြားခြင်းဟု၊ သဉ္ဇာနာတိ၊ အထင်ဖြင့် မှတ်၏။ သုတံ၊ ကြားခြင်းကို၊ သုတတော၊ ကြားခြင်းဟု၊ သညတွာ၊ အထင်ဖြင့် မှတ်၍၊ သုတံ၊ ကြားခြင်းကို၊ မညတိ၊ ထင်မှတ်၏။ ကိံ မညတိ၊ အဘယ်သို့ ထင်မှတ်သနည်း။ သုတသ္မိံ၊ ကြားခြင်း၌၊ သုတံ၊ တစိတ်ကြားခြင်းကို၊ မေတိ၊ တစိတ်ကြားခြင်းက ငါ့၊ ငါ့ဥစ္စာဟု၊ မညတိ၊ ထင်မှတ်၏။ သုတတော၊ ကြားခြင်းမှ၊ သုတံ၊ တစိတ်ကြားခြင်းကို၊ မေတိ၊ တစိတ်ကြားခြင်းက ငါ့၊ ငါ့ဥစ္စာဟု၊ မညတိ၊ ထင်မှတ်၏။ ဣတိ ဧဝံ၊ ဤသို့၊ သုတံ၊ ကြားခြင်းကို၊ မညတိ၊ ထင်မှတ်၏။ သုတံ၊ ကြားခြင်းကို၊ အဘိနန္ဒတိ၊ နှစ်သက်၏။ တံကိဿဟေတု၊ အဘယ် အကြောင်းကြောင့်၊ အဘိနန္ဒတိ၊ နှစ်သက်သနည်း။ တဿ၊ ထိုယောဂီ မတွင် ပုထုဇဉ်အား၊ သုတံ၊ ကြားခြင်းကို၊ အပရိညာတံ၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်။ တေနဟေတု၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြား အပ်သော ထိုအကြောင်းကြောင့်၊ အဘိနန္ဒတိ၊ နှစ်သက်၏။ ဣတိ ဧဝံ၊ ဤသို့၊ ဝဒါမိ၊ ငါဘုရားဟောကြားတော်မူ၏။

ဤကား နားဖြင့် အသံအမျိုးမျိုးကို ကြားရာ၌ ဝိပဿနာ အလုပ်ကို အားထုတ်ခြင်း မရှိသေးသော ပကတိ ပုထုဇဉ်တို့၏ အထင်အမှတ် ဖြစ်သော အလေ့သဘောကို ပြဆိုခြင်းပေတည်း။

ဣဓ ဘိက္ခဝေ အသုတဝါ ပုထုဇ္ဇနော။ ပ။ မုတံ မုတတော သဉ္ဇာနာတိ၊ မုတံ မုတတော သညတွာ မုတံ မညတိ၊ မုတသ္မိံ မညတိ၊ မုတတော မညတိ၊ မုတံ မေတိ မညတိ၊ မုတံ အဘိနန္ဒတိ။ တံ ကိဿဟေတု၊ အပရိညာတံ တဿာတိ ဝဒါမိ။

—မူလပရိယာယသုတ်

ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဓ၊ ဤငါဘုရား သာသနာတော်မြတ်၌၊ အသုတဝါ၊ အကြားအမြင်မရှိသော၊ ပုထုဇ္ဇနော၊ ယောဂီ မတွင် ပုထုဇဉ်သည်။ ပ။ မုတံ၊ နံသော, စားသော, ထိသော တွေ့ခြင်းကို၊ မုတတော၊ နံသော, စားသော, ထိသော တွေ့ခြင်းဟု၊ သဉ္ဇာနာတိ၊ အထင်ဖြင့်မှတ်၏။ မုတံ၊ နံသော, စားသော,

ထိသော တွေ့ခြင်းကို၊ မုတတော၊ နံသော,စားသော, ထိသော တွေ့ခြင်းဟု၊ သညတွာ၊ အထင်ဖြင့်မှတ်၍၊ မုတံ၊ နံသော, စားသော, ထိသော တွေ့ခြင်းကို၊ မညတိ၊ ထင်မှတ်၏။ ကိံ မညတိ၊အဘယ်သို့ထင်မှတ်သနည်း။ မုတသ္မိံ ၊နံသော, စားသော,ထိသော တွေ့ခြင်း၌၊ မုတံ၊နံသော,စားသော, ထိသော တစိတ် တွေ့ခြင်းကို၊ မေတိ၊ နံသော,စားသော, ထိသော တစိတ်တွေ့ခြင်းက ငါ့,ငါ့ဥစ္စာဟု၊ မညတိ၊ထင်မှတ်၏။ မုတတော၊ နံသော,စားသော, ထိသော တွေ့ခြင်းမှ၊ မုတံ၊ နံသော,စားသော,ထိသော တစိတ်တွေ့ခြင်းကို၊ မေတိ၊နံသော, စားသော, ထိသော တစိတ်တွေ့ခြင်းက ငါ့,ငါ့ဥစ္စာဟု၊ မညတိ၊ထင်မှတ်၏။ ဣတိ ဧဝံ၊ဤသို့၊ မုတံ၊ နံသော, စားသော, ထိသော တွေ့ခြင်းကို၊ မညတိ၊ ထင်မှတ်၏။ မုတံ၊ နံသော,စားသော,ထိသော တွေ့ခြင်းကို၊အဘိနန္ဒတိ၊ နှစ်သက်၏။ တံကိဿဟေတု၊ အဘယ်အကြောင်းကြောင့်၊ အဘိနန္ဒတိ၊ နှစ်သက်သနည်း။ တဿ၊ ထိုယောဂီ မတွင် ပုထုဇဉ်အား၊ မုတံ၊နံသော,စားသော,ထိသောတွေ့ခြင်းကို၊အပရိညာတံ၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်။ တေနဟေတု၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့်မပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်၊ အဘိနန္ဒတိ၊ နှစ်သက်၏။ ဣတိ ဧဝံ၊ ဤသို့၊ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

ဤကား နှာခေါင်း,လျှာ,ကိုယ်တို့ဖြင့် အနံ့,အရသာ,အတွေ့အမျိုးမျိုးကို တွေ့ရာ၌ ဝိပဿနာကို အားထုတ်ခြင်း မရှိသေးသော ပကတိ ပုထုဇဉ်တို့၏ အထင်အမှတ်ဖြစ်သော အလေ့သဘောကို ပြဆိုခြင်းပေတည်း။

> ဣဓ ဘိက္ခဝေ အသုတဝါ ပုထုဇ္ဇနော။ပ။ ဝိညာတံ ဝိညာတတော သဉ္ဇာနာတိ၊ ဝိညာတံ ဝိညာတတော သညတွာ ဝိညာတံ မညတိ၊ ဝိညာတသ္မိံ မညတိ၊ ဝိညာတတော မညတိ၊ ဝိညာတံ မေတိ မညတိ၊ ဝိညာတံ အဘိနန္ဒတိ။ တံ ကိဿ ဟေတု၊ အပရိညာတံ တဿာတိ ဝဒါမိ။
>
> —မူလပရိယာယသုတ်

ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဓ၊ ဤငါဘုရား သာသနာတော်မြတ်၌၊ အသုတဝါ၊ အကြားအမြင်မရှိသော၊ ပုထုဇ္ဇနော၊ ယောဂီ မတွင် ပုထုဇဉ်သည်။ ပ။ ဝိညာတံ၊ သိခြင်းကို၊ ဝိညာတတော၊ သိခြင်းဟု၊ သဉ္ဇာနာတိ၊အထင်ဖြင့်မှတ်၏။ ဝိညာတံ၊ သိခြင်းကို၊ ဝိညာတတော၊သိခြင်းဟု၊ သညာတွာ၊ အထင်ဖြင့်မှတ်၍၊ ဝိညာတံ၊သိခြင်းကို၊ မညတိ၊ ထင်မှတ်၏။ ကိံ မညတိ၊ အဘယ်သို့ ထင်မှတ်သနည်း။ ဝိညာတသ္မိံ ၊ သိခြင်း၌၊ ဝိညာတံ၊ တစိတ်သိခြင်းကို၊ မေတိ၊ တစိတ်

သိခြင်းက ငါ့,ငါ့ဥစ္စာဟု၊ မညတိ၊ထင်မှတ်၏။ဝိညာဏံတော၊သိခြင်းမှ၊ဝိညာဏံ၊ တစိတ်သိခြင်းကို၊မေတိ၊တစိတ်သိခြင်းက ငါ့,ငါ့ဥစ္စာဟု၊ မညတိ၊ ထင်မှတ်၏။ ဠတိ ဧဝံ၊ဤသို့၊ ဝိညာဏံ၊ သိခြင်းကို၊ မညတိ၊ ထင်မှတ်၏။ဝိညာဏံ၊သိခြင်းကို၊ အဘိနန္ဒတိ၊နှစ်သက်၏။ တံကိဿဟေတု၊ အဘယ်အကြောင်းကြောင့်၊ အဘိနန္ဒတိ၊နှစ်သက်သနည်း။ တဿ၊ထိုယောဂီ မတွင် ပုထုဇဉ်အား၊ ဝိညာဏံ၊သိခြင်းကို၊ အပရိညာတံ၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်။ တေန ဟေတု၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်၊အဘိနန္ဒတိ၊ နှစ်သက်၏။ ဠတိ ဧဝံ၊ ဤသို့၊ ဝဒါမိ၊ ငါဘုရား ဟော ကြားတော်မူ၏။

ဤကား စိတ်ဖြင့် သဘောအမျိုးမျိုးကိုသိရာ၌ ဝိပဿနာ အလုပ်ကို အားထုတ်ခြင်းမရှိသေးသော ပကတိ ပုထုဇဉ်တို့၏ အထင်အမှတ် ဖြစ်သော အလေ့သဘောကို ပြဆိုခြင်းပေတည်း။

ယခုပြဆိုခဲ့သော ဒေသနာအစဉ်များသည်ကား တရားကိုအားမထုတ်မိ ယောဂီမတွင်သေးသော ပုထုဇဉ်တို့၏ အစွမ်းအားဖြင့် ပဌမ နည်းဖြစ်ရာ အပိုင်း အခြားကို မှတ်သားရန်ပြဆိုလိုက်သော စကားများဖြစ်၏။ ဒေသနာတော်လာ အစဉ်မှီး၍ အဓိပ္ပါယ်ဉာဏ်ကြီးကြပါလေ။

## ဝိပဿနာကိုအားထုတ်သောသူ သေက္ခမည်ပုံ

ဝိပဿနာအလုပ်ကို အားထုတ်သောသူသည် သေက္ခမည်၏။သေက္ခပုဂ္ဂိုလ်သည် အရိယာတို့၏ နည်း အသိအမှတ်ဖြင့်သာ မှတ်၏။ အသိအမှတ် ဖြင့်သာ မှတ်ခြင်းကြောင့် နန္ဒီမည်သောသံယောဇဉ်နှောင်ကြိုးမဖွဲ့မချည်။ပြေ၏။ပြေခြင်း ကြောင့် နာမ်ရုပ်နှင့် ကိလေသာ တကွဲတပြားအပိုင်းအခြားဖြစ်၏။ထို့ကြောင့် မြင် မြင်တယ်, ကြား ကြားတယ်,နံ့နံ့တယ်, စားစားတယ်, ထိထိတယ်, သိသိတယ် ဟု အရိယာတို့၏နည်း အသိအမှတ်ကို အရင်းအမြစ် မူလဖြစ်သော ပါဠိတော် သာဓကကို ပြသဖြင့် ယုံကြည်စွာ သိမှတ်ကြပါလေ။

ယောပိ သော ဘိက္ခဝေ ဘိက္ခု သေခေါ အပတ္တမာနသော အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ၊ သောပိ။ပ။ ဒိဋ္ဌံ ဒိဋ္ဌတော အဘိဇာနာတိ၊ ဒိဋ္ဌံ ဒိဋ္ဌတော အဘိညာယ ဒိဋ္ဌံ မာမညိ၊ ဒိဋ္ဌသ္မိံ မာမညိ၊ ဒိဋ္ဌတော မာမညိ၊ ဒိဋ္ဌံ မေတိ မာမညိ၊ ဒိဋ္ဌံ မာဘိ နန္ဒိ။ တံ ကိဿ ဟေတု၊ ပရိညေယျံ တဿာတိ ဝဒါမိ။

—မူလပရိယာယသုတ်

ဘိက္ခဝေ၊ ရဟန်းတို့၊ ဘိက္ခု၊ ယောဂီအစစ် ရဟန်းဖြစ်သော၊ ယောပိ သော သေခေါ၊ ပုထုဇဉ်မည်ရ အကြင်သေက္ခသည်လည်း၊ အနုတ္တရံ၊ လောကုတ္တရာသို့၊ အ ပတ္တမာနသော၊ မရောက်ဘူးသော ပုထုဇဉ်စိတ်ရှိသည်ဖြစ်၍၊ ယောဂက္ခေမံ၊ နိဗ္ဗာန်ကို၊ ပတ္ထယမာနော၊ တောင့်တသည်ဖြစ်၍၊ ဝိဟရတိ၊ နေ၏။ သောပိ သေခေါ၊ ယောဂီအစစ် ရဟန်းအဖြစ်ထင် ပုထုဇဉ်မည်ရ ထိုသေက္ခသည်လည်း၊ ဒိဋ္ဌံ၊ မြင်ခြင်းကို၊ ဒိဋ္ဌတော၊ မြင်ခြင်းဟု၊ အဘိဇာနာတိ၊ အမှတ်ဖြင့်သိ၏။ ဒိဋ္ဌံ၊ မြင်ခြင်းကို၊ ဒိဋ္ဌံ၊မြင်ခြင်းဟု၊ အဘိညာယ၊ အမှတ်ဖြင့်သိ၍၊ ဒိဋ္ဌံ၊မြင်ခြင်းကို၊ မာမညိ၊မထင်မှတ်။ ကိံ မာမညိ၊ အဘယ်သို့မထင်မှတ်သနည်း။ ဒိဋ္ဌသ္မိံ၊ မြင်ခြင်း၌၊ ဒိဋ္ဌံ၊ တစိတ်မြင်ခြင်းကို၊ မေတိ၊ တစိတ်မြင်ခြင်းက ငါ့, ငါ့ဥစ္စာဟု၊ မာမညိ၊မထင်မှတ်။ ဒိဋ္ဌတော၊ မြင်ခြင်းမှ၊ ဒိဋ္ဌံ၊ တစိတ်မြင်ခြင်းကို၊ မေတိ၊တစိတ်မြင်ခြင်းက ငါ့, ငါ့ဥစ္စာဟု၊ မာမညိ၊ မထင်မှတ်။ ဣတိ ဧဝံ၊ ဤသို့၊ ဒိဋ္ဌံ၊မြင်ခြင်းကို၊ မာမညိ၊ မထင်မှတ်။ ဒိဋ္ဌံ၊ မြင်ခြင်းကို၊ မာဘိနန္ဒတိ၊ မနှစ်သက်။ တံ ကိဿ ဟေတု၊ အဘယ် အကြောင်းကြောင့်၊ မာဘိနန္ဒတိ၊ မနှစ်သက်သနည်း။ တဿ၊ ယောဂီအစစ် ရဟန်းအဖြစ်ထင် ပုထုဇဉ်မည်ရ ထိုသေက္ခအား၊ ဒိဋ္ဌံ၊ မြင်ခြင်းကို၊ ပရိညေယျံ၊ ကိလေသာနှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်၏။ တေနဟေတု၊ ကိလေသာနှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်၊ မာဘိနန္ဒတိ၊ မနှစ်သက်။ ဣတိ ဧဝံ၊ ဤသို့၊ ဝဒါမိ၊ ငါဘုရား ဟောကြားတော်မူ၏။

ဤကား မျက်စိဖြင့် အဆင်းအမျိုးမျိုးကိုမြင်ရာ၌ ဝိပဿနာ အလုပ်ကို အားထုတ်ဆဲဖြစ်ကြသော သေက္ခယောဂီတို့၏ အသိအမှတ် ဖြစ်သော အလေ့သဘောကို ပြဆိုခြင်းပေတည်း။

> ယောပိ သော ဘိက္ခဝေ ဘိက္ခု သေခေါ အပတ္တမာနသော အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ၊ သောပိ။ ပ။ သုတံ သုတတော အဘိဇာနာတိ၊ သုတံ သုတတော အဘိညာယ သုတံ မာမညိ၊ သုတသ္မိံ မာမညိ၊ သုတတော မာမညိ၊ သုတံ မေတိ မာမညိ၊ သုတံ မာဘိနန္ဒတိ။ တံ ကိဿ ဟေတု၊ ပရိညေယျံ တဿာတိ ဝဒါမိ။
>
> —မူလပရိယာယသုတ်

ဘိက္ခဝေ၊ ရဟန်းတို့၊ ဘိက္ခု၊ ယောဂီအစစ် ရဟန်းဖြစ်သော၊ ယောပိ သော သေခေါ၊ ပုထုဇဉ်မည်ရ အကြင်သေက္ခသည်လည်း၊ အနုတ္တရံ၊ လောကုတ္တ

ရာသို့၊ အ ပတ္တမာနသော၊ မရောက်ဘူးသော ပုထုဇဉ်စိတ် ရှိသည်ဖြစ်၍ ၊ ယော ဂက္ခေမံ၊ နိဗ္ဗာန်ကို၊ ပတ္ထယမာနော၊ တောင့်တသည်ဖြစ်၍၊ ဝိဟရတိ၊ နေ၏။ သောပိသေခေါ၊ ယောဂီအစစ် ရဟန်းအဖြစ်ထင် ပုထုဇဉ်မည်ရ ထိုသေက္ခသည် လည်း။ပ။ သုတံ၊ ကြားခြင်းကို၊ သုတတော၊ ကြားခြင်းဟု၊ အဘိဇာနာတိ၊ အ မှတ်ဖြင့်သိ၏။ သုတံ၊ ကြားခြင်းကို၊ သုတတော ၊ ကြားခြင်းဟု၊ အဘိညာယ၊ အမှတ်ဖြင့်သိ၍၊ သုတံ၊ ကြားခြင်းကို၊ မာမညိ၊ မထင်မှတ်။ ကိံ မာမညိ၊ အဘယ် ကဲ့သို့ မထင်မှတ်သနည်း။ သုတသ္မိံ ၊ ကြားခြင်း၌၊ သုတံ၊ တစိတ်ကြားခြင်းကို၊ မေတိ၊ တစိတ်ကြားခြင်းက ငါ၊ ငါ့ဥစ္စာဟု၊ မာမညိ၊ မထင်မှတ်။ သုတတော၊ ကြားခြင်းမှ၊ သုတံ၊ တစိတ်ကြားခြင်းကို၊ မေတိ၊ တစိတ်ကြားခြင်းက ငါ၊ ငါ့ ဥစ္စာဟု၊ မာမညိ၊ မထင်မှတ်။ ဣတိ ဧဝံ၊ ဤသို့၊ သုတံ၊ ကြားခြင်းကို၊ မာမညိ၊ မထင်မှတ်။ သုတံ၊ ကြားခြင်းကို၊ မာဘိနန္ဒတိ၊ မနှစ်သက်။ တံကိဿဟေတု၊ အ ဘယ်အကြောင်းကြောင့်၊ မာဘိနန္ဒတိ၊ မနှစ်သက်သနည်း။ တဿ၊ ယောဂီ အစစ် ရဟန်းအဖြစ်ထင် ပုထုဇဉ်မည်ရ ထိုသေက္ခအား၊ သုတံ၊ ကြားခြင်းကို၊ ပရိညေယျံ၊ ကိလေသာနှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်၏။ တေနဟေတု၊ ကိလေသာနှင့်မစပ် အသိအမှတ်ဖြင့်ပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်၊ မာဘိနန္ဒတိ၊ မနှစ်သက်၊ ဣတိ ဧဝံ၊ ဤသို့၊ ဝဒါမိ၊ ငါဘုရား ဟောကြားတော် မူ၏။

ဤကား နားဖြင့် အသံအမျိုးမျိုးကို ကြားရာ၌ ဝိပဿနာ အလုပ်ကို အားထုတ်ဆဲ ဖြစ်ကြသော သေက္ခပုဂ္ဂိုလ်တို့၏ အသိအမှတ်ဖြစ်သော အလေ့ သဘောကို ပြဆိုခြင်းပေတည်း။

> ယောပိ သော ဘိက္ခဝေ ဘိက္ခု သေခေါ အပတ္တမာနသော အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ၊သောပိ။ပ။ မုတံ မုတတော အဘိဇာနာတိ၊မုတံ မုတတော အဘိညာယ မုတံ မာမညိ၊ မုတသ္မိံ မာမညိ၊ မုတတော မာမညိ၊ မုတံ မေတိ မာမညိ၊ မုတံ မာဘိနန္ဒတိ။ တံ ကိဿ ဟေတု၊ ပရိညေယျံ တဿာတိ ဝဒါမိ။
>
> —မူလပရိယာယသုတ်

ဘိက္ခဝေ၊ တို့၊ ဘိက္ခု၊ သော၊ ယောပိ သော သေခေါ၊ သည်လည်း၊ အနုတ္တရံ၊ သို့၊ အပတ္တမာနသော၊ ၍၊ ယောဂက္ခေမံ၊ ကို၊ ပတ္ထယမာနော၊ ၍၊ ဝိဟရတိ၊ ၏။ သောပိ သေခေါ၊ သည်လည်း။ ပ။ မုတံ၊ နံသော, စားသော, ထိသော တွေ့ခြင်းကို၊ မုတတော၊ နံသော, စားသော, ထိသော တွေ့ခြင်းဟု၊

အဘိဇာနာတိ၊ အမှတ်ဖြင့်သိ၏။ မုတံ၊ နံသော,စားသော,ထိသော တွေ့ခြင်းကို၊ မုတတော၊ နံသော, စားသော, ထိသော တွေ့ခြင်းဟု၊ အဘိညာယ၊ အမှတ်ဖြင့် သိ၍၊ မုတံ၊ နံသော, စားသော, ထိသော တွေ့ခြင်းကို၊ မာမညိ၊ မထင်မှတ်။ ကိံ မာမညိ၊အဘယ်သို့မထင်မှတ်သနည်း။ မုတသ္မိံ၊နံသော,စားသော,ထိသော တွေ့ခြင်း၌၊ မုတံ၊ နံသော, စားသော, ထိသော တစိတ်တွေ့ခြင်းကို၊ မေတိ၊ နံသော,စားသော,ထိသော တစိတ်တွေ့ခြင်းက ငါ့,ငါ့ဥစ္စာဟု၊ မာမညိ၊ မထင် မှတ်။ မုတတော၊ နံသော, စားသော, ထိသော တွေ့ခြင်းမှ၊ မုတံ၊ နံသော, စား သော,ထိသော တစိတ်တွေ့ခြင်းကို၊ မေတိ၊ နံသော, စားသော, ထိသော တစိတ် တွေ့ခြင်းက ငါ့,ငါ့ဥစ္စာဟု၊ မာမညိ၊မထင်မှတ်။ ဣတိ ဧဝံ၊ဤသို့၊ မုတံ၊ နံသော, စားသော,ထိသော တွေ့ခြင်းကို၊ မာမညိ၊မထင်မှတ်။ မုတံ၊ နံသော,စားသော, ထိသော တွေ့ခြင်းကို၊ မာဘိနန္ဒတိ၊ မနှစ်သက်။ တံကိဿဟေတု၊ အဘယ် အ ကြောင်းကြောင့်၊ မာဘိနန္ဒတိ၊မနှစ်သက်သနည်း။ တဿ၊ယောဂီအစစ် ရဟန်း အဖြစ်ထင် ပုထုဇဉ်မည်ရ ထိုသေက္ခအား၊ မုတံ၊ နံသော, စားသော, ထိသော တွေ့ခြင်းကို၊ ပရိညေယျံ၊ ကိလေသာနှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်၏။ တေန ဟေတု၊ ကိလေသာနှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်သော ထိုအ ကြောင်းကြောင့်၊ မာဘိနန္ဒတိ၊မနှစ်သက်။ ဣတိ ဧဝံ၊ ဤသို့၊ ဝဒါမိ၊ ငါဘုရား ဟောကြားတော်မူ၏။

ဤကား နှာခေါင်း,လျှာ,ကိုယ်တို့ဖြင့် အနံ့,အရသာ,အတွေ့အမျိုးမျိုး တို့ကို တွေ့ရှိရာ၌ ဝိပဿနာအလုပ်ကို အားထုတ်ဆဲဖြစ်ကြသော သေက္ခပုဂ္ဂိုလ် တို့၏ အသိအမှတ်ဖြစ်သော အလေ့သဘောကို ပြဆိုခြင်းပေတည်း။

> ယောပိ သော ဘိက္ခဝေ ဘိက္ခု သေခေါ အပတ္တမာနသော အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ၊ သောပိ ။ပ။ ဝိညာတံ ဝိညာတတော အဘိဇာနာတိ၊ ဝိညာတံ ဝိညာတတော အဘိညာယ ဝိညာတံ မာမညိ၊ ဝိညာတသ္မိံ မာမညိ၊ ဝိညာတတော မာမညိ၊ ဝိညာတံ မေတိ မာမညိ၊ ဝိညာတံ မာဘိနန္ဒတိ။ တံ ကိဿ ဟေတု၊ ပရိညေယျံ တဿာတိ ဝဒါမိ။
>
> —မူလပရိယာယသုတ်

ဘိက္ခဝေ၊ ရဟန်းတို့၊ ဘိက္ခု၊ ယောဂီအစစ် ရဟန်းဖြစ်သော၊ ယောပိ သော သေခေါ၊ ပုထုဇဉ်မည်ရ အကြင် သေက္ခသည်လည်း၊ အနုတ္တရံ၊ လော ကုတ္တရာသို့၊ အပတ္တ မာနသော၊ မရောက်ဘူးသော ပုထုဇဉ်စိတ် ရှိသည် ဖြစ်၍၊ ယောဂက္ခေမံ၊နိဗ္ဗာန်ကို၊ ပတ္ထယမာနော၊တောင့်တသည်ဖြစ်၍၊ ဝိဟရတိ၊နေ၏။

သောပိ သေခေါ၊ ယောဂီအစစ် ရဟန်းအဖြစ်ထင် ပုထုဇဉ်မည်ရ ထိုသေက္ခသည်လည်း။ ပ။ ဝိညာဏံ၊ သိခြင်းကို၊ ဝိညာဏတော၊ သိခြင်းဟု၊ အဘိဇာနာတိ၊ အမှတ်ဖြင့်သိ၏။ ဝိညာဏံ၊သိခြင်းကို၊ ဝိညာဏတော၊သိခြင်းဟု၊ အဘိညာယ၊ အမှတ်ဖြင့်သိ၍၊ ဝိညာဏံ၊သိခြင်းကို၊ မာမညိ၊မထင်မှတ်။ ကိံ မာမညိ၊အဘယ်သို့ မထင်မှတ်သနည်း။ ဝိညာဏသ္မိံ၊ သိခြင်း၌၊ ဝိညာဏံ၊ တစိတ်သိခြင်းကို၊ မေတိ၊ တစိတ်သိခြင်းက ငါ၊ ငါ့ဥစ္စာဟု၊ မာမညိ၊ မထင်မှတ်။ ဝိညာဏတော၊ သိခြင်းမှ၊ ဝိညာဏံ၊တစိတ်သိခြင်းကို၊ မေတိ၊ တစိတ်သိခြင်းက ငါ၊ငါ့ဥစ္စာဟု၊ မာမညိ၊မထင်မှတ်။ ဣတိ ဧဝံ၊ ဤသို့၊ ဝိညာဏံ၊သိခြင်းကို၊ မာမညိ၊မထင်မှတ်။ ဝိညာဏံ၊ သိခြင်းကို၊ မာဘိနန္ဒတိ၊ မနှစ်သက်။ တံကိဿဟေတု၊ အဘယ်အကြောင်းကြောင့်၊ မာဘိနန္ဒတိ၊ မနှစ်သက်သနည်း။ တဿ၊ ယောဂီအစစ် ရဟန်းအဖြစ်ထင် ပုထုဇဉ်မည်ရ ထိုသေက္ခအား၊ ပရိညေယျံ၊ကိလေသာနှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်၏၊ တေနဟေတု၊ ကိလေသာနှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်၊ မာဘိနန္ဒတိ၊မနှစ်သက်။ ဣတိ ဧဝံ၊ ဤသို့၊ ဝဒါမိ၊ ငါဘုရား ဟောကြားတော်မူ၏။

ဤကား စိတ်ဖြင့် သဘောအမျိုးမျိုးကို သိရာ၌ ဝိပဿနာ အလုပ်ကို အားထုတ်ဆဲ ဖြစ်ကြသော သေက္ခယောဂီတို့၏ အသိအမှတ်ဖြစ်သော အလေ့သဘောကို ပြဆိုခြင်းပေတည်း။

ယခုပြဆိုခဲ့သော ဒေသနာအစဉ်များသည်ကား အားထုတ်ဆဲ တရား၌တည် ယောဂီအစစ် ရဟန်းအဖြစ်ထင် ပုထုဇဉ်အမည်ရသော သေက္ခ၏ အစွမ်းအားဖြင့် ဒုတိယနည်းဖြစ်ရာ အပိုင်းအခြားကို မှတ်သားရန် ပြဆိုလိုက်သော စကားများဖြစ်၏။ ဒေသနာတော်လာ အစဉ်မှီး၍ အဓိပ္ပါယ် ဉာဏ်ကြီးကြပါလေ။

## ကမ္မဒွါရ, ဝီထိဒွါရ ၂ ပါးကို ပြခြင်း

ဒွါရသည် ကမ္မဒွါရ,ဝီထိဒွါရအားဖြင့် ၂ပါးအပြားရှိ၏။ ထို ၂ပါး တို့တွင် ကမ္မဒွါရသည်လည်း ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ အားဖြင့် ၃ပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် ကာယကံကို ဖြစ်စေတတ်သော ကိုယ်အမူအရာသည် ကာယဒွါရမည်၏။ ဝစီကံကို ဖြစ်စေတတ်သော နှုတ်အမူအရာသည် ဝစီဒွါရမည်၏။ မနောကံကို ဖြစ်စေတတ်သော စိတ်အမူအရာသည် မနောဒွါရမည်၏။

ဝိညတ္တိဒွါရသည်လည်း စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ,မနောဒွါရအားဖြင့် ၆ပါးအပြားရှိ၏။ ထို ၆ပါးတို့တွင် စက္ခုဒွါရ, သောတဒွါရ,ဃာနဒွါရ,ဇိဝှါဒွါရ, ကာယဒွါရ ဤ၅ပါးသော ပဉ္စဒွါရသည် ကာယကံ,ဝစီကံ ၂ပါးကို မဖြစ်စေတတ်၊ မနောကံတပါးကိုသာ ဖြစ်စေတတ်သောကြောင့် မနောဒွါရမည်၏။ ကိုယ်ဖြင့် မကောင်းသောအကျင့် မကောင်းသောအလေ့အလာ ဒုဿီလ မိစ္ဆာဇီဝသည် ကာယဒွါရမှာ ဖြစ်၏။ နှုတ်ဖြင့် မကောင်းသော အကျင့် မကောင်းသောအလေ့အလာ ဒုဿီလ မိစ္ဆာဇီဝသည် ဝစီဒွါရမှာဖြစ်၏။ စိတ်ဖြင့်မကောင်းသော အကျင့် မကောင်းသော အလေ့အလာ ဒုဿီလ အဘိဇ္ဈာ,ဗျာပါဒ,မိစ္ဆာဒိဋ္ဌိသည် မနောဒွါရမှာဖြစ်၏။

ကိုယ်ဖြင့် ကောင်းသောအကျင့် ကောင်းသော အလေ့အလာ သီလ သမ္မာအာဇီဝသည်ကာယဒွါရမှာဖြစ်၏။နှုတ်ဖြင့်ကောင်းသောအကျင့် ကောင်းသော အလေ့အလာ သီလ သမ္မာအာဇီဝသည် ဝစီဒွါရမှာ ဖြစ်၏။ စိတ်ဖြင့် ကောင်းသောအကျင့် ကောင်းသော အလေ့အလာ သီလ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိသည် မနောဒွါရမှာ ဖြစ်၏။

မြင်သောခဏ စက္ခုန္ဒြေကို၊ ကြားသောခဏ သောတိန္ဒြေကို၊ နံသောခဏ ဃာနိန္ဒြေကို၊ စားသောခဏ ဇိဝှိန္ဒြေကို၊ ထိသောခဏ ကာယိန္ဒြေကို၊ သိသောခဏ မနိန္ဒြေကို မစောင့်ရှောက်သော ဒုဿီလ,မေ့လျော့သော မုဋ္ဌဿတိ, မသိသော အညာဏ,သည်းမခံသော အက္ခန္တိ,အားမထုတ်သော ကောသဇ္ဇ ဤ၅ပါးသည် မနောဒွါရမှာဖြစ်၏။

မြင်သောခဏ စက္ခုန္ဒြေကို၊ ကြားသောခဏ သောတိန္ဒြေကို၊နံသောခဏ ဃာနိန္ဒြေကို၊ စားသောခဏ ဇိဝှိန္ဒြေကို၊ ထိသောခဏ ကာယိန္ဒြေကို၊ သိသောခဏ မနိန္ဒြေကို စောင့်ရှောက်သော သီလ, မမေ့လျော့သော သတိ, သိသော ဉာဏ,သည်းခံသော ခန္တီ,အားထုတ်သော ဝီရိယ ဤ၅ပါးသည် မနောဒွါရမှာ ဖြစ်၏။

ပစ္စည်း ၄ပါးကို သုံးဆောင်တိုင်း သုံးဆောင်တိုင်း သတိသမ္ပဇဉ်ကင်း မဆင်ခြင်ခြင်း ဒုဿီလသည် မနောဒွါရမှာ ဖြစ်၏။ ပစ္စည်း၄ပါးကို သုံးဆောင်တိုင်း သုံးဆောင်တိုင်း သတိသမ္ပဇဉ် ဆင်ခြင်သော သီလသည် မနော ဒွါရမှာ ဖြစ်၏။

မျက်စိဖြင့် အဆင်းကို မြင်သောခဏ ဇောကာလမှာ ဝိပဿနာကို အားမထုတ်သောသူတို့၏ အထင်ဖြင့်သာ မှတ်၍ စက္ခုန္ဒြေကို မစောင့်ရှောက် သော ဒုဿီလ, မေ့လျော့သော မုဋ္ဌဿတိ, မသိသော အညာဏ, သည်းမခံသော

အကန္တိ၊ အားမထုတ်သော ကောသဇ္ဇ ဤ တရား ၅ပါး ဖြစ်သည် ရှိသော် စင်္ကြန်ကိုမစောင့်ရှောက်သည်မည်၏။ ဒွါရတံခါးမလုံခြုံ၊ဘဝင်စိတ် ဝီထိစိတ် မလုံခြုံ၊ လောဘ, ဒေါသ, မောဟ တည်းဟူသော ခိုးသူဝင်၍ ကုသိုလ်တည်း ဟူသော ဥစ္စာထုပ်ကို လုယူသည်မည်၏။ သဘောအားဖြင့် ဖြူစင် သန့်ရှင်းကြည် လင်သော အာဝါသိက ဖြစ်သော ဘဝင်စိတ် ဝီထိ စိတ်သည်လည်း ညှော်သည် အာဂန္တုကဖြစ်သော လောဘ,ဒေါသ,မောဟ ကိလေသာ အညစ်အကြေးဖြင့် ညစ်ညူးလူးလဲပေရေလိမ်းကျံနေသည်မည်၏။

ဇဝနက္ခဏေပန သစေ ဒုဿီလျံ ဝါ မုဋ္ဌဿစ္စံ ဝါ အညာဏံ ဝါ အက္ခန္တိ ဝါ ကောသဇ္ဇံ ဝါ ဥပ္ပဇ္ဇတိ၊ အသံဝရော ဟောတိ။ ဧဝံ ဟောန္တော ပန သော စက္ခုန္ဒြိယေ အသံဝရောတိ ဝုစ္စတိ။ ကသ္မာ။ ယသ္မာ တသ္မိံ သတိ ဒွါရံပိ အဂုတ္တံ ဟောတိ၊ ဘဝင်္ဂံပိ အာဝဇ္ဇနာဒီနိပိ ဝီထိစိတ္တာနိ။

—ဝိသုဒ္ဓိမဂ်အဋ္ဌကထာ

ဇဝနက္ခဏေ ပန၊ ဇောခဏ၌ကား၊ ဒုဿီလျံဝါ၊ သီလမရှိသည်၏ အဖြစ် သည်၎င်း၊ မုဋ္ဌဿစ္စံဝါ၊ မေ့လျော့သော သတိရှိသည်၏အဖြစ်သည်၎င်း၊ အညာ ဏံဝါ၊ မသိခြင်းသည်၎င်း၊ အက္ခန္တိဝါ၊ သည်းမခံခြင်းသည်၎င်း၊ ကောသဇ္ဇံဝါ၊ ပျင်းရိသောသူ၏ အဖြစ်သည်၎င်း၊ သစေ ဥပ္ပဇ္ဇတိ၊ အကယ်၍ဖြစ်အံ့၊ အ သံဝ ရော၊ မစောင့်ရှောက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏။ ဧဝံဟောန္တော၊ ဤသို့ဖြစ် သော၊ သော၊ ထိုသူ့ကို၊ စက္ခုန္ဒြိယေ အသံဝရောတိ၊ စက္ခုန္ဒြေကိုမစောင့်ရှောက် သောသူဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်၊ ဝုစ္စတိ၊ ဆိုအပ်သ နည်း။ ယသ္မာ၊ အကြင့်ကြောင့်၊ တသ္မိံ၊ ထိုမစောင့်ရှောက်ခြင်းသည်၊ သတိ၊ ရှိသော်၊ ဒွါရံပိ၊ ဒွါရ တံခါးသည်လည်း၊ အဂုတ္တံ၊ မလုံသည်၊ ဟောတိ၊ ဖြစ်၏။ ဘဝင်္ဂံပိ၊ ဘဝင်စိတ်သည်၎င်း၊ အာဝဇ္ဇနာဒီနိ၊ အာဝဇ္ဇန်း အစရှိကုန်သော၊ ဝီထိစိတ္တာနိပိ၊ ဝီထိစိတ်တို့သည်၎င်း၊ အဂုတ္တာနိ၊ မလုံကုန်သည်၊ ဟောန္တိ၊ ဖြစ် ကုန်၏။ တသ္မာ၊ ထို့ကြောင့်၊ ဝုစ္စတိ၊ဆိုအပ်၏။

ပဘဿရ မိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စခေါ အာဂန္တုကေဟိ ဥပက္ကိ လေသေဟိ ဥပက္ကိလိဋ္ဌံ။

— ဧကင်္ဂုတ္တရ ပါဠိတော်

ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဒံ စိတ္တံ၊ ဤစိတ်သည်၊ ပဘဿရံ၊ ကြည်လင် သန့်ရှင်းဖြူစင်ခြင်းဖြင့် လင်းတလက်လက် ထွက်သောအရောင် တပြောင်ပြောင်

တောက်ပ၏။ တဒ္ဓေါ စိတ္တံ၊ ထိုစိတ်သည်လည်း၊ အာဂန္တုကေဟိ၊ ဧည့်သည် အာဂန္တု ဖြစ်ကုန်သော၊ ဥပက္ကိလေသေဟိ၊ ကိလေသာ အညစ်အကြေးတို့ဖြင့်၊ ဥပက္ကိလိဋ္ဌံ၊ ရောင်ဆင်းမမြူး ညစ်ညူးလူးလဲ၏။

နားဖြင့် အသံကိုကြားသောခဏ၊ နှာခေါင်းဖြင့် အနံ့ကို နံသောခဏ၊ လျှာဖြင့်အရသာသို့စားသောခဏ၊ ကိုယ်ဖြင့်အတွေ့ကို ထိသောခဏ၊ စိတ်ဖြင့် သဘောကို သိသောခဏ ဇောကာလမှာ ဝိပဿနာကို အားထုတ်သောသူတို့၏ အထင်အမှတ်ဖြင့်သာ မှတ်၍ သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေကို မစောင့်ရှောက်သော ဒုသီလ, မေ့လျော့သော မုဋ္ဌဿတိ, မသိသော အညာဏ, သည်းမခံသော အက္ခန္တိ, အားမထုတ်သော ကောသဇ္ဇ ဤတရား ၅ ပါး ဖြစ်သည်ရှိသော် သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေကို မစောင့်ရှောက်သည်မည်၏။

ဒွါရ တံခါး မလုံခြုံ၊ ဘဝင်စိတ် ဝီထိစိတ် မလုံခြုံ၊ လောဘ, ဒေါသ, မောဟ တည်းဟူသော ခိုးသူသည်ဝင်၍ ကုသိုလ်တည်းဟူသော ဥစ္စာကို လုယူသည်မည်၏။ သဘောအားဖြင့် ဖြူစင်ကြည်လင် သန့်ရှင်းသော အာဝါသိက ဖြစ်သော ဘဝင်စိတ် ဝီထိစိတ်သည်လည်း ဧည့်သည် အာဂန္တုက ဖြစ်သော လောဘ, ဒေါသ, မောဟ ကိလေသာအညစ်အကြေးဖြင့် ညစ်ညူးလူးလဲ၏။

(သာမက ပါဠိ အဋ္ဌကထာနည်းတူ ။)

မျက်စိဖြင့်အဆင်းကို မြင်သောခဏ ဇောကာလမှာ ဝိပဿနာကို အားထုတ်သောသူတို့၏ အသိအမှတ်ဖြင့်သာ မှတ်၍ စက္ခုန္ဒြေကို စောင့်ရှောက်သော သီလ, မမေ့မလျော့သော သတိ, သိသော ဉာဏ, သည်းခံသောခန္တိ, အားထုတ်သော ဝီရိယ၊ ဤတရား ၅ ပါးဖြစ်သည်ရှိသော် စက္ခုန္ဒြေကို စောင့်ရှောက်သည်မည်၏။ ဒွါရတံခါးလုံခြုံသည် မည်၏။ ဘဝင်စိတ် ဝီထိစိတ် လုံခြုံသည် မည်၏။ လောဘ, ဒေါသ, မောဟ တည်းဟူသော သူခိုးမဝင်နိုင်၊ ကုသိုလ် တည်းဟူသော ဥစ္စာထုပ်ကို လုမယူသည် မည်၏။ သဘောအားဖြင့် ဖြူစင် ကြည်လင် သန့်ရှင်းသော အာဝါသိကဖြစ်သော ဘဝင်စိတ် ဝီထိစိတ်သည်လည်း ဧည့်သည် အာဂန္တုကဖြစ်သော လောဘ, ဒေါသ, မောဟ ကိလေသာ အညစ်အကြေးဖြင့် မညစ်ညူး မလူးလဲ မပေရေ မလိမ်းကျံသည် မည်၏။

ဇဝနေ သီလာဒီသု ဥပ္ပန္နေသု ဒွါရံပိ ဂုတ္တံ ဟောတိ၊ ဘဝင်္ဂံပိ
အာဝဇ္ဇနာဒီနိပိ ဝီထိစိတ္တာနိ။ တသ္မာ ဇဝနက္ခဏေ ဥပ္ပဇ္ဇမာနောပိ
စက္ခုန္ဒြိယေ သံဝရောတိ ဝုတ္တော။ သောတေန သဒ္ဒံ သုတွာတိ
အာဒီသုပိ ဧသေဝနယော။ ဧဝမိဒံ သင်္ခေပတော ရူပါဒီသု

ကိလေသာနုဗန္ဓနိမိတ္တာဒိဂ္ဂါဟပရိဝဇ္ဇနလက္ခဏံ ဣန္ဒြိယသံဝရသီလန္တိ ဝေဒိတဗ္ဗံ။

— ဝိသုဒ္ဓိမဂ်အဋ္ဌကထာ

ဇဝနေ၊ ဇောဌ်၊ သီလာဒီသု၊ သီလ,သတိ,ဉာဏ,ခန္တီ,ဝီရိယ ၅ ပါးတို့သည်၊ ဥပ္ပန္နေသု၊ ဖြစ်ကုန်သည်ရှိသော်၊ ဒွါရံပိ၊ ဒွါရသည်လည်း၊ ဂုတ္တံ၊ လုံခြုံသည်၊ ဟောတိ၊ ဖြစ်၏။ ဘဝင်္ဂံပိ၊ ဘဝင်သည်ငှင်း၊ အာဝဇ္ဇနာဒီနိ၊ အာဝဇ္ဇန်း အစ ရှိကုန်သော၊ ဝီထိစိတ္တာနိပိ၊ ဝီထိစိတ်တို့သည်ငှင်း၊ ဂုတ္တာနိ၊ လုံခြုံကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်၊ ဇဝနက္ခဏေ၊ ဇောခဏဌ်၊ ဥပ္ပဇ္ဇမာနော ပိ သံဝရော၊ဖြစ်သောစောင့်ရှောက်ခြင်းကိုလည်း၊ စက္ခုန္ဒြိယေ သံဝရော တိ၊ စက္ခုဒြေကို စောင့်ရှောက်၏ဟူ၍၊ ဝုတ္တော၊ဆိုအပ်၏။ သောတေန၊နားဖြင့်၊ သဒ္ဒံ၊အသံကို၊ သုတွာ၊ကြား၍၊ ဣတိ အာဒီသုပိ၊ ဤသို့အစရှိသည်တို့၌လည်း၊ ဧသေဝနယော၊ဤနည်းလျှင် နည်းရှိသလျှင်ကတည်း။ ဝေါ၊ဤသို့၊ သင်္ခေပတော၊ အကျဉ်းအားဖြင့်၊ ရူပါဒီသု၊ အဆင်း အစရှိသည်တို့၌၊ ကိလေသာနုဗန္ဓ နိမိတ္တာ ဒိဂ္ဂါဟ ပရိဝဇ္ဇနလက္ခဏံ၊ ကိလေသာ အစဉ်တစိုက် မပြတ်လိုက်သော မိန်းမ, ယောကျ်ား, ခြေလက်အင်္ဂါ, မျက်နှာရင်ဝမ်း, နှုတ်ခမ်းသွားမေး, ယဉ်ကျေးအစ လှပတင့်တယ်, ပြုံးရယ်ခြင်း, ပြောဆိုခြင်း, တူရူတစောင်းကြည့်ခြင်း စသော အထင်အမှတ်ဖြင့် ဖောက်ပြန်မှားယွင်းသောအယူမှ ရှောင်ကြဉ်သော လက္ခဏာ ရှိသော၊ ဣဒံသီလံ၊ မြင် မြင်တယ် အမှတ်ဖြင့် သိသော ဤအလေ့ကို၊ ဣန္ဒြိယ သံဝရသီလန္တိ၊ ဣန္ဒြေကို စောင့်ရှောက်သော အလေ့ ဟူ၍၊ ဝေဒိတဗ္ဗံ၊ သိအပ်၏။

နားဖြင့် အသံကိုကြားသောခဏ၊ နှာခေါင်းဖြင့် အနံ့ကို နံသောခဏ၊ လျှာဖြင့် အရသာကို စားသောခဏ၊ ကိုယ်ဖြင့် အတွေ့ကို ထိသောခဏ၊ စိတ်ဖြင့် သဘောကို သိသောခဏ ဇောကာလမှာ ဝိပဿနာကို အားထုတ်သော သူတို့၏ အသိအမှတ်ဖြင့်သာ မှတ်၍ သောတိန္ဒြေ,ဃာနိန္ဒြေ,ဇိဝှိန္ဒြေ,ကာယိန္ဒြေ,မနိန္ဒြေကို စောင့်ရှောက်သော သီလ, မမေ့မလျော့သော သတိ, သိသော ဉာဏ, သည်းခံသော ခန္တီ, အားထုတ်သောဝီရိယ၊ ဤတရား ၅ ပါးဖြစ်သည်ရှိသော် သောတိန္ဒြေ, ဃာနိန္ဒြေ,ဇိဝှိန္ဒြေ,ကာယိန္ဒြေ,မနိန္ဒြေကို စောင့်ရှောက်သည် မည်၏။ ဒွါရတံခါး လုံခြုံသည် မည်၏။ ဘဝင်စိတ် ဝီထိစိတ် လုံခြုံသည် မည်၏။ လောဘ, ဒေါသ, မောဟ တည်းဟူသော သူခိုး မဝင်နိုင်။ ကုသိုလ်တည်း ဟူသော ဥစ္စာထုပ်ကို လုမယူသည် မည်၏။ သဘောအားဖြင့် ဖြူစင် ကြည်လင် သန့်ရှင်းသော အာဝဇ္ဇ ါသိကဖြစ်သော ဘဝင်စိတ် ဝီထိစိတ်သည်လည်း ညွှဲ့သည် အာဂန္တုက

ဖြစ်သော လောဘ, ဒေါသ, မောဟ ကိလေသာ အညစ်အကြေးဖြင့် မညစ်ညူး မလူးလဲ။

(သာမကပဒါဠိ အဋ္ဌကထာ နည်းတူ။)

## မှတ်နေတာ ရုပ်ကိုသာ ပိုင်းခြားသေး၏

ကံသည် စေတနာကံ, စေတသိက်ကံ အားဖြင့် ၂ပါးအပြားရှိ၏။ ထို၂ပါး တို့တွင် စေတနာကံသည် ကာယကံ၃ပါး, ဝစီကံ၄ပါးအားဖြင့် ၇ပါး အပြား ရှိ၏။ စေတသိက်ကံသည် အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိအားဖြင့် ၃ ပါး အပြား ရှိ၏။

ဝိရတီသည် သမ္ပတ္တဝိရတီ, သမာဒါနဝိရတီ, သမုစ္ဆေဒဝိရတီ အားဖြင့် ၃ပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ကာယကံ ၃ပါး, ဝစီကံ ၄ ပါးအားဖြင့် ၇ပါးသော စေတနာကံ၊ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ အားဖြင့် ၃ပါးသော စေတသိက်ကံ၊ ၂ပါးစုံကို တပေါင်းတည်း မဂ်ဖြင့် ပယ်ဖြတ်ခြင်းသည် သမုစ္ဆေဒ ဝိရတီ မည်၏။

ကာယကံ ၃ ပါး, ဝစီကံ ၄ ပါးအားဖြင့် ၇ ပါးသော စေတနာကံကို ၅ပါးသီလ, ၈ပါးသီလ, ၁၀ပါးသီလ, ပါတိမောက္ခ သံဝရသီလအားဖြင့် ပယ်ခြင်းသည် သမာဒါနဝိရတီ မည်၏။ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ အားဖြင့် ၃ ပါး သော စေတသိက်ကံကို ဣန္ဒြိယသံဝရသီလ, ပဟာနသီလ, ဝိပဿနာသီလဖြင့် ပယ်ခြင်းသည် သမ္ပတ္တဝိရတီ မည်၏။

အဘိဇ္ဈာသည် နှစ်သက်သော ဣဋ္ဌလက္ခဏာအားဖြင့် လောဘမည်၏။ ဗျာပါဒသည် မနှစ်သက်သော လက္ခဏာအားဖြင့် ဒေါသမည်၏။ မိစ္ဆာဒိဋ္ဌိသည် မညီမညွတ်ရှုသော အသမပေက္ခဏ လက္ခဏာအားဖြင့် မောဟ မည်၏။

မကောင်းသော အကြံကို ကြံသော ဗာလ လက္ခဏာ, မကောင်းသော အပြောအဆိုကို ပြောဆိုသော ဗာလလက္ခဏာ, မကောင်းသော အပြုအကျင့်ကို ပြုကျင့်သော ဗာလ လက္ခဏာ ၃ပါးမှ ဝေးစွာ ရှောင်ကြဉ်၍ ကောင်းသော အကြံကို ကြံသော ပဏ္ဍိတ လက္ခဏာ, ကောင်းသော အပြောအဆိုကို ပြောဆို သော ပဏ္ဍိတ လက္ခဏာ, ကောင်းသော အပြုအကျင့်ကို ပြုကျင့်သော ပဏ္ဍိတ လက္ခဏာ ၃ပါးနှင့် ပြည့်စုံလိုသော ယောဂီသည် မကောင်းသော ကိုယ်အပြု အကျင့်, မကောင်းသော နှုတ်အပြောအဆို ဗာလလက္ခဏာ ၂ပါးကို ၅ပါးသီလ, ၈ ပါးသီလ, ၁၀ပါးသီလ, ပါတိမောက္ခသံဝရသီလဖြင့် ပယ်၏။

ဤသို့ပယ်၍ မကောင်းသောအကြံကို ကြံသော ဗာလလက္ခဏာ ရှိသော လောဘ, ဒေါသ, မောဟ အားဖြင့် ၃ ပါးသော မနောကံကို ပယ်ခြင်းငှာ မျက်စိဖြင့် အဆင်းကို မြင်သောခဏ ဇောကာလမှာ မြင်,မြင်တယ် မှတ်။

ဤသို့ မှတ်သဖြင့် ကိလေသာ အစဉ်တစိုက် မပြတ်လိုက်သော မိန်းမ, ယောကျ်ား, လက်ခြေ အင်္ဂါ, မျက်နှာရင်ဝမ်း, နှုတ်ခမ်းသွားမေး, ယဉ်ကျေး စစ လှပတင့်တယ်, ပြုံးရယ်ပြောဆိုခြင်း စသော အထင်အမှတ်ကိုမယူ၊ အမှတ်ဖြင့် သိ၍ မြင်,မြင်တယ် မှတ်ရုံမျှနှင့် ရပ်၏။ ကိလေသာနှင့်မစပ်၊ ဘဝင် ဒွါရ အာရုံ ဝိညာဏ် တပေါင်းတည်း ရုပ်နာမ်အပိုင်းအခြားဖြစ်၏။ ဆံပင်ကိုမြင်လျှင် ဆံပင်, မွေးညှင်းကို မြင်လျှင် မွေးညှင်း စသော အတိုင်းကိုသာ မမှားမယွင်း မဖောက်မပြန် ဟုတ်တိုင်းကိုသာ မမှားမယွင်း မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ သိမှတ် ပိုင်းခြားကာ ယူ၏။

မျက်စိဖြင့်မြင်သောခဏဇောကာလမှာ မြင် မြင်တယ်မှတ်ဆိုသောစကား ရပ်၌ မှတ်ခြင်းသည် ပဌမအကြိမ်, ဒုတိယအကြိမ်, တတိယအကြိမ် အားဖြင့် ၃ ပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် စက္ခုဒွါရ မြင်သောခဏ ဇောကာလမှာ ပဌမအကြိမ် မြင် မြင်တယ်မှတ်ခြင်းသည် ဘဝင် ဒွါရ အာရုံ ဝိညာဏ်နှင့် ကိလေသာမရောမစပ်အောင် ဥူန္တေကိုစောင့်ရှောက်သောအားဖြင့် ပိုင်းခြားအပ်သော ကြောင့် မျက်စိ,အဆင်း,မြင်ခြင်းကို တပေါင်းတည်း ပိုင်းခြားသည်မည်၏။

နာမ်အပိုင်းအခြား,ရုပ်အပိုင်းအခြား ၂ပါးတို့တွင် အဆင်းကို အာရုံပြု၍ မြင် မြင်တယ်မှတ်သောကြောင့် အဆင်းဟူသော ရုပ်အပိုင်းအခြားမျှသာ ဖြစ်၏။ ထို့ အတူ တဒနုဝတ္တက မနောဒွါရ ဇောကာလမှာ ဒုတိယ အကြိမ်၊ တဒနုဝတ္တက မနောဒွါရ ဇောကာလမှာ တတိယအကြိမ် မြင် မြင်တယ်မှတ်ခြင်းသည် စက္ခုဒွါရဖြင့် မြင်ပြီးသော အဆင်းကိုအာရုံပြု၍ မြင် မြင်တယ်မှတ်သော ကြောင့် အဆင်းဟူသော ရုပ်အပိုင်းအခြားမျှသာ ဖြစ်၏။

ထို့ အတူ ကြားသောခဏ, နံသောခဏ, စားသောခဏ, ထိသောခဏ, သိသောခဏ ကြားတယ်, နံတယ်,စားတယ်, ထိတယ်, သိတယ် မှတ်ခြင်းသည် အသီးသီးမိမိဥစ္စာဖြစ်သော အသံ,အနံ့,အရသာ,အတွေ့,သဘောကို အာရုံပြု၍ ကြားတယ်,နံတယ်,စားတယ်,ထိတယ်,သိတယ်မှတ်သောကြောင့် အသံ, အနံ့, အရသာ,အတွေ့,သဘော ဟူသော ရုပ်အပိုင်းအခြားမျှသာ ဖြစ်၏။

မြင်သောခဏ မြင် မြင်တယ်မှတ်ရာ၌ မြင် စက္ခုဝိညာဉ်ဆိုသည်ဖြစ်လျက် နာမ်အပိုင်းအခြား မဖြစ်၊ အဆင်းဟူသော ရုပ်အပိုင်းအခြားမျှသာ ဖြစ်၏

ဆိုသော စကားရပ်၌ မြင်သောခဏ မှတ်သော အသိဉာဏ်မှာ မျက်စိဖြင့်အဆင်းကိုမြင်တယ်၊ အစိပ္ပါယ်မှတ်မထင်၊ ရုပ်နှင့်နာမ် ၃ပါးလုံး ကွဲအောင် မမြင်ခင် မြင်၏လော၊ မြင်၏။ အဘယ်ကိုမြင်သနည်း။ အညို အရွှေ အနီ အဖြူ စသည် တခုခုကိုမြင်၏ဟု အဆင်းကိုသာမှတ်၍ပြောသကဲ့သို့ မြင်-စက္ခုဝိညာဉ် ဆိုသော်လည်း မြင်သောခဏ မြင် မြင်တယ်ဟု အညို အရွှေ အနီ အဖြူ စသည် တခုခု အဆင်းကိုသာ အာရုံပြု၍ အာဒိကမ္မိက အစစ္စာ ရုပ်ကိုပိုင်းခြားသော ယောဂီမှတ်၏ဆိုသည် အဆင်းဟူသော ရုပ်အပိုင်းအခြားမျှသာ ဖြစ်၏။ နာမ် အပိုင်းအခြား မဖြစ်။

(ဤနည်းကိုမှီ၊ နောက်ဆိုရန်မှာ သိသာလှပြီ။)

## နာမ်ကို ပိုင်းခြားသောဉာဏ် အလိုလိုပေါ်ပုံ

ဤနည်းဖြင့်ကြိမ်ဖန်များစွာ သိမှတ်ပိုင်းခြားပါများ၍ နာမ်ကိုပိုင်းခြားသော ဉာဏ်တဆင့် ဘာသာအလျောက် တက်သည်ရှိသော် မြင်သောခဏ မြင် မြင်တယ်ဟု အဆင်းကိုတကြိမ် ဝိပဿနာစိတ်ဖြင့် မှတ်၏။ မြင်တယ်မှတ်သော ရှေ့ဝိပဿနာစိတ်ကို မြင်တတ်မှတ် မှတ်တယ်ဟု စိတ်ကိုတကြိမ် နောက်ဝိပဿနာစိတ်ဖြင့်မှတ်၏။ ဤသို့မှတ်သည်ရှိသော် ရုပ်ကိုပိုင်းခြားသောဉာဏ်,နာမ်ကို ပိုင်းခြားသောဉာဏ်စုံ၍ နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်၏။ မြင်သောခဏ ယောဂီ၏ဉာဏ်မှာ မြင် မြင်တယ်၊ မြင်တယ်မှတ် မှတ်တယ်ထင်၏။

ထို့အတူ ကြားသောခဏ ကြား ကြားတယ်,ကြားတယ်မှတ် မှတ်တယ်၊ နံသောခဏ နံ နံတယ်,နံတယ်မှတ် မှတ်တယ်၊ စားသော ခဏ စား စားတယ်, စားတယ်မှတ် မှတ်တယ်၊ ထိသောခဏ ထိ ထိတယ်, ထိတယ်မှတ် မှတ်တယ်၊ သိသောခဏ သိ သိတယ်, သိတယ်မှတ် မှတ်တယ် ယောဂီ၏ အသိဉာဏ်မှာ ထင်၏။ ဤသို့ ထင်သည်ရှိသော် ရုပ်ကို ပိုင်းခြားသောဉာဏ်, နာမ်ကိုပိုင်းခြားသောဉာဏ်စုံ၍ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်၏။

အဆင်းထင်မှ မျက်စိကြည်၏။ မျက်စိကြည်မှ အဆင်းထင်၏။ မျက်စိကြည်မှ, အဆင်းထင်မှ မျက်စိဖြင့် အဆင်းကိုမြင်ရာ၌ အဆင်းထင်သောခဏ မြက်စိကြည်ခြင်းသည် မျက်စိ၏ ရူပ္ပနလက္ခဏာမည်။ အဆင်း၌ မြင်သောစိတ်ကို ဆွဲပို့ခြင်းသည် မျက်စိ၏ ကိစ္စမည်၏။ မြင် မြင်တယ်မှတ်သော ယောဂီ ဉာဏ်မှာ မျက်စိဖြင့် မြင်တယ်ထင်ခြင်းသည် မျက်စိ၏ ပစ္စုပဋ္ဌာန်မည်၏။ ကလာပ်ဘူ ကမ္မဇမဟာဘုတ်သည် မျက်စိ၏ ပဒဋ္ဌာန်မည်၏။

မျက်စိကြည်သောခဏ အဆင်းထင်ခြင်းသည် အဆင်း၏ရူပ္ပနလက္ခဏာမည်၏။ မြင်သောစိတ်၏ အာရုံဖြစ်ခြင်းသည် အဆင်း၏ ကိစ္စမည်၏။ မြင် မြင်တယ်မှတ်သော ယောဂီဉာဏ်မှာ အဆင်းဖြူလျှင် အဖြူထင်ခြင်းသည် အဆင်း၏ ပစ္စုပဋ္ဌာန်မည်၏။ ကလာပ်တူမဟာဘုတ်သည် အဆင်း၏ ပဒဋ္ဌာန်မည်၏။

မျက်စိကြည်သောခဏ, အဆင်းထင်သောခဏ အဆင်းကို အာရုံပြုခြင်းသည် မြင်သောစိတ်၏ နမနလက္ခဏာမည်၏။ အဆင်းကိုမြင်ခြင်းသည် မြင်သောစိတ်၏ ကိစ္စမည်၏။မြင် မြင်တယ်မှတ်သော ယောဂီဉာဏ်မှာ အဆင်းကိုမြင်တယ်ထင်ခြင်းသည် မြင်သောစိတ်၏ ပစ္စုပဋ္ဌာန်မည်၏။ အဆင်းကို ဆင်ခြင်သောအာဝဇ္ဇန်းသည် မြင်သောစိတ်၏ ပဒဋ္ဌာန်မည်၏။

မျက်စိဖြင့် အဆင်းကိုမြင်သောခဏ လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ပစ္စုပ္ပန်လက္ခဏာ အင်္ဂါ၄ပါးနှင့် ပြည့်စုံသောအဆင်းကို ဇောကာလမှာ မြင် မြင်တယ်မှတ်ခြင်းသည် အဆင်းကိုသာသိသည်မဟုတ်သေး၊ အဆင်း၏လက္ခဏာ, ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ကိုလည်းသိ၏။ ဆင်ပြောင်ကြီးတွေ့ကတည်းက ဆင်ခြေရာခံဘွယ်မရှိပြီ ဟူသကဲ့သို့ အဆင်းကို မြင် မြင်တယ် မှတ်ကတည်းက အဆင်း၏ လက္ခဏာ,ရသ,ပစ္စုဋ္ဌာန်,ပဒဋ္ဌာန်ကို မှတ်ဘွယ်မရှိပြီ။ ထို့ကြောင့် လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ကို ဤနေရာ၌ အထူးမဆိုလိုပြီ။

ဤနည်းဖြင့် အကြိမ်ကြိမ် အခါခါ သိမှတ်ပိုင်းခြားပါ များ၍ ဉာဏ်အဆင့်ဆင့် တက်သည်ရှိသော်—

မြင်သောခဏ မြင်တာက စိတ်ဘဲ၊ အဆင်းက အာရုံဘဲ၊အဆင်းထင် ကြည်လင်တာက မျက်စိဘဲ၊မျက်စိဖြင့် အဆင်းကိုမြင်တာဘဲ။

ကြားသောခဏ ကြားတာက စိတ်ဘဲ၊အသံက အာရုံဘဲ၊ အသံထင် ကြည်လင်တာက နားဘဲ၊ နားဖြင့် အသံကို ကြားတာဘဲ။

နံသောခဏ နံတာက စိတ်ဘဲ၊ အနံ့က အာရုံဘဲ၊ အနံ့ထင် ကြည်လင်တာက နှာခေါင်းဘဲ၊ နှာခေါင်းဖြင့် အနံ့ကိုနံတာဘဲ။

စားသောခဏ စားတာက စိတ်ဘဲ၊ အရသာက အာရုံဘဲ၊ အရသာထင် ကြည်လင်တာက လျှာဘဲ၊ လျှာဖြင့် အရသာကို စားတာဘဲ။

ထိသောခဏ ထိတာက စိတ်ဘဲ၊ တွေ့တာက အာရုံဘဲ၊ အတွေ့ထင် ကြည်လင်တာက ကိုယ်ဘဲ၊ ကိုယ်ဖြင့်အတွေ့ကို ထိတာဘဲ။

သိသောခဏ သိတာက စိတ်ဘဲ၊ သဘောက အာရုံဘဲ၊ သဘော ထင် ကြည်လင်တာက စိတ်ဘဲ၊ စိတ်ဖြင့်သဘောကို သိတာဘဲ။

အာရုံနှင့်တွေ့တာက ဖဿဘဲ၊အာရုံကိုနှစ်သက်တာက ချမ်းသာဘဲ၊မနှစ်သက်တာက ဆင်းရဲဘဲ၊ ချမ်းသာ,ဆင်းရဲ မထင်တာက ဥပေက္ခာဘဲ။ဒွါရ,အာရုံ, ဝိညာဏ်,ဖဿ,ဝေဒနာ ဝီထိစိတ်ပါရုပ်နာမ်ကွဲအောင် ယောဂီဉာဏ်မှာထင်၏။ ဝိညာဏ် ဖဿ ဝေဒနာထင်သဖြင့် စိတ်စေတသိက် ဝီထိစိတ္တုပ္ပါဒ် ထင်သည် မည်၏။ ဤသို့ထင်သောအခါ မြင်သောခဏ မြင် မြင်တယ်၊ မြင်တယ်မှတ် မှတ်တယ်၊ မျက်စိဖြင့်အဆင်းကို မြင်တယ်. ပ၊သိသောခဏ သိ သိတယ်၊ သိတယ်မှတ် မှတ်တယ်၊ စိတ်ဖြင့်သဘောကို သိတယ် ယောဂီဉာဏ်မှာ ထင်၏။ ဤသို့သော ယောဂီဉာဏ်မှာ ထင်သည်ကို ရည်တော်မူ၍—

> စက္ခုံ အဘိဉေယျံ၊ ရူပါ အဘိဉေယျာ၊ စက္ခုဝိညာဏံ အဘိဉေယျံ၊ စက္ခုသမ္ဖဿော အဘိဉေယျော၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ အဘိဉေယျံ။ သောတံ။ဃာနံ။ဇိဝှါ။ကာယော။ မနော အဘိဉေယျော၊ ဓမ္မာ အဘိဉေယျာ၊ မနောဝိညာဏံ အဘိဉေယျံ၊ မနောသမ္ဖဿော အဘိဉေယျော၊ ယမိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ အဘိဉေယျံ။

ဟု အဘိဉေယျ နိဒ္ဒေသကို ဟောတော်မူပြီ။

စက္ခုံ၊မျက်စိကို၊ အဘိဉေယျံ၊ အမှတ်ဖြင့် သိအပ်၏။ရူပါ၊ အဆင်းတို့ကို၊ အဘိဉေယျာ၊အမှတ်ဖြင့် သိအပ်ကုန်၏။ စက္ခုဝိညာဏံ၊ မြင်ခြင်းကို၊ အဘိဉေယျံ၊ အမှတ်ဖြင့်သိအပ်၏။ စက္ခုသမ္ဖဿော၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့်တွေ့ခြင်းကို၊ အဘိဉေယျော၊ အမှတ်ဖြင့် သိအပ်၏။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့်တွေ့ခြင်းကြောင့်၊ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော၊ ဒုက္ခံဝါ၊ဆင်းရဲသည်လည်းဖြစ်သော၊ အဒုက္ခ မသုခံဝါ၊ ချမ်းသာလည်းမဟုတ်,ဆင်းရဲလည်းမဟုတ်သော၊ယမိဒံ ဝေဒယိတံ၊အကြင်ခံစားခြင်းသည်၊ ဥပ္ပဇ္ဇတိ၊ဖြစ်၏။တမ္ပိ၊ထိုခံစားခြင်းကိုလည်း၊ အဘိဉေယျံ၊ အမှတ်ဖြင့် သိအပ်၏။ပ။သောတံ၊နားကို၊အဘိဉေယျံ၊အမှတ်ဖြင့်သိအပ်၏။ဃာနံ၊ နှာခေါင်းကို၊အဘိဉေယျံအမှတ်ဖြင့်သိအပ်၏။ဇိဝှါ၊လျှာကို၊အဘိဉေယျာ၊အမှတ်ဖြင့် သိအပ်၏။ကာယော၊ကိုယ်ကို၊အဘိဉေယျော၊အမှတ်ဖြင့်သိအပ်၏။မနော၊စိတ်ကို၊

အဘိညေယျ၊ အမှတ်ဖြင့်သိအပ်၏။ ဓမ္မာ၊ သဘောတို့ကို၊ အဘိညေယျ၊ အမှတ်ဖြင့်သိအပ်ကုန်၏။ မနောဝိညာဏံ၊ သိခြင်းကို၊ အဘိညေယျံ၊ အမှတ်ဖြင့် သိအပ်၏။ မနော သမ္ဖဿော၊ စိတ်ဖြင့်သိခြင်း၏သဘောနှင့်တွေ့ခြင်းကို၊ အဘိညေယျော၊ အမှတ်ဖြင့်သိအပ်၏။ မနောသမ္ဖဿပစ္စယာ၊ စိတ်ဖြင့် သိခြင်း၏သဘောနှင့် တွေ့ခြင်းကြောင့်၊ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော၊ ဒုက္ခံဝါ၊ ဆင်းရဲသည် လည်း ဖြစ် သော၊ အဒုက္ခမသုခံဝါ၊ ချမ်းသာလည်း မဟုတ်, ဆင်းရဲလည်း မဟုတ်သော၊ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားမှုသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းကိုလည်း၊ အဘိညေယျံ၊ အမှတ်ဖြင့်သိအပ်၏။

ဤအဘိညေယျနိဒ္ဒေသနည်းဖြင့် ဆိုခဲ့ပြီးသော အတိုင်း ဒွါရ, အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာ, သုခ, ဒုက္ခ, ဥပေက္ခာ သိမှတ်ပိုင်းခြားတိုင်း သိမှတ်ပိုင်းခြားတိုင်း ယောဂီဉာဏ်မှာ ထင်သည်ရှိသော် ရုပ်နာမ်ထင်ကာမျှမဟုတ်၊ ဒွါရ, အာရုံ, ဝိညာဏ်, ဖဿ, သုခ, ဒုက္ခ, ဥပေက္ခာ ဝေဒနာ တို့နှင့် ဆက်ဆံသော ကာမဘုံဖြင့် ရေတွက်အပ်သော ခန္ဓာ ၅ ပါး, ဒွါရ ၆ ပါး, အာရုံ ၆ ပါး, ဝိညာဏ် ၆ ပါး, ဖဿ ၆ ပါး, ဝေဒနာ ၆ ပါး, သညာ ၆ ပါး, စေတနာ ၆ပါး, တဏှာ ၆ ပါး, ဝိတက် ၆ ပါး, ဝိစာရ ၆ ပါး, ဓာတ် ၆ ပါး, ကောဋ္ဌာသ ၃၂ ပါး, အာယတန ၁၂ ပါး, ဓာတ် ၁၈ ပါး, လောကီဣန္ဒြေ ၁၉ ပါး, ကာမဓာတ်, ကာမဘဝ, ပဥ္စဝေါကာရဘဝ, သညီဘဝ, ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါး ထိုက်သည်အားလျော်စွာထင်၏၊ နှုတ်တက်အောင် သုတမယဉာဏ်ဖြင့် မဆောင်နိုင်ဘူးသူသည် အမည်နာမ သရုပ်သဏ္ဌာန်ကို ပညတ်တင်၍ မပြောဆိုနိုင်၊ ထင်သောအတိုင်း မှတ်သောအတိုင်းသာ ဝိပဿနာမှာ ပြောဆိုနိုင်၏။

## သိတိုင်း ဝိပဿနာမဟုတ်, သတိပဋ္ဌာန်အတိုင်းမှ ဟုတ်၏

စိတ်ဖြင့် သဘောကို သိသောခဏ သိ သိတယ်မှတ်ဆိုသော စကားရပ်၌ သိ သိတယ်မှတ်ခြင်းသည် သာမညသာဖြစ်၏။ ဝိသေသ အားဖြင့် သော်ကား များသောအပြားရှိ၏။ အကျယ် ဆိုသော်လည်း ဝိပဿနာမှာ အကျိုးမရှိပြီ၊ ဝိပဿနာမည်သည်ကား သတိပဋ္ဌာန်နှင့် တရံတခါမျှ မကင်းကောင်း၊ ဝိပဿနာဉာဏ် အခြေအမြစ်မှန်သော သတိပဋ္ဌာန်အရ သွားသောခဏ သွား သွားတယ်မှတ်၊ ရပ်သောခဏ ရပ် ရပ်တယ်မှတ်၊ ထိုင်သောခဏ ထိုင် ထိုင်တယ်မှတ်၊ အိပ်သောခဏ အိပ် အိပ်တယ်မှတ်။

သွားသောခဏ သွား သွားတယ်မှတ် ဆိုသော စကားရပ်၌ သွားချင်သောစိတ် ဖြစ်သောခဏ စိတ္တဇဝါယောဓာတ်လှုပ်ရှားခြင်းသည် ကိုယ်လှုပ်ရှားသောခဏမည်၏။ ကိုယ်လှုပ်ရှားသောခဏ ကိုယ်တရွေ့ ရွေ့ ရွေ့ခြင်းသည် သွားသောခဏမည်၏။ ထို့ကြောင့် သွားသောခဏ ဆိုသည်။

ကိုယ်တရွေ့ ရွေ့ ရွေ့ခြင်းသည် ရွေ့သည်ကို သွား, သွားသည်ဟု ဝိပဿနာ စိတ်ဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့် သွားသည်မည်၏၊ ထို့ကြောင့် 'သွား' ဆိုသည်၊ သွားသည်ကို သွား သွားတယ်ဟု ဝိပဿနာ စိတ်ဖြင့် အမှတ်ပြုခြင်းသည် သွားတယ် မှတ်သည်မည်၏။ ထို့ကြောင့် 'သွားတယ်မှတ်' ဆိုသည်။ ထို့ကြောင့် သွားသောခဏ သွား သွားတယ်မှတ် ဆိုသည်။

ရပ်သောခဏ ရပ် ရပ်တယ်မှတ်ဆိုသော စကားရပ်၌ ရပ်ချင်သောစိတ် ဖြစ်သောခဏ စိတ္တဇဝါယောဓာတ် ထောက်ခံတည်တံ့ခြင်းသည် ကိုယ်မတ်တန့်သောခဏမည်။ ကိုယ်မတ်တန့်သောခဏ ကိုယ်မရွေ့ခြင်းသည် ရပ်သောခဏ မည်၏။ ထို့ကြောင့် ရပ်သောခဏဆိုသည်။

ကိုယ်မရွေ့ခြင်းသည် မရွေ့သည်ကို ရပ်, ရပ်တယ်ဟု ဝိပဿနာစိတ်ဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့် ရပ်သည်မည်၏။ ထို့ကြောင့် 'ရပ်' ဆိုသည်။ ရပ်သည်ကို ရပ်, ရပ်တယ်ဟု ဝိပဿနာစိတ်ဖြင့် အမှတ်ပြုခြင်းသည် ရပ်တယ် မှတ်သည် မည်၏။ ထို့ကြောင့် 'ရပ်တယ်မှတ်' ဆိုသည်။ ထို့ကြောင့် ရပ်သောခဏ 'ရပ် ရပ်တယ်မှတ်' ဆိုသည်။

ထိုင်သော ခဏ ထိုင် ထိုင်တယ်မှတ်ဆိုသော စကားရပ်၌ ထိုင်ချင်သော စိတ် ဖြစ်သောခဏ စိတ္တဇဝါယောဓာတ် ကျခြင်းသည် အထက်ကိုယ်ကို ချသော ခဏမည်၏။ အထက်ကိုယ်ကို ချသောခဏ အောက်ကိုယ်ကို ခေါက်၍ အထက်ကိုယ်ကို တည်ထားခြင်းသည် ထိုင်သော ခဏ မည်၏။ ထို့ကြောင့် ထိုင်သော ခဏ ဆိုသည်။

အောက်ကိုယ်ကို ခေါက်၍ အထက်ကိုယ်ကို တည်ထားခြင်းသည် တည်ထားသည်ကို ထိုင်, ထိုင်တယ်ဟု ဝိပဿနာ စိတ်ဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့် ထိုင်သည်မည်၏။ ထို့ကြောင့် 'ထိုင်' ဆိုသည်၊ ထိုင်သည်ကို ထိုင်, ထိုင်တယ်ဟု ဝိပဿနာစိတ်ဖြင့် အမှတ်ပြုခြင်းသည် ထိုင်တယ်မှတ်သည်မည်၏။ ထို့ကြောင့် 'ထိုင်တယ်မှတ်' ဆိုသည်။ ထို့ကြောင့် ထိုင်သောခဏ 'ထိုင် ထိုင်တယ်မှတ်' ဆိုသည်။

အိပ်သော ခဏ အိပ် အိပ်တယ်မှတ်ဆိုသော စကားရပ်၌ အိပ်ချင်သော စိတ်ဖြစ်သောခဏ စိတ္တဇဝါယောဓာတ်ဖြန့်ခြင်းသည် ကိုယ်ဆန့်ခင်းသော ခဏ

မည်၏။ ကိုယ်ဆန့်ခင်းသော ခဏ ကိုယ်စန့်လျောင်းခြင်းသည် အိပ်သော ခဏ မည်၏။ ထို့ကြောင့် အိပ်သောခဏဆိုသည်။

ကိုယ်စန့်လျောင်းခြင်းသည် စန့်လျောင်းသည်ကို အိပ်, အိပ်တယ်ဟု ဝိပဿနာစိတ်ဖြင့် သိမှတ် ပိုင်းခြားအပ်သောကြောင့် အိပ်သည်မည်၏။ ထို့ကြောင့်'အိပ်'ဆိုသည်။ အိပ်သည်ကို အိပ် အိပ်တယ်ဟု ဝိပဿနာစိတ်ဖြင့် အမှတ်ပြုခြင်းသည် အိပ်တယ်မှတ်သည်မည်၏။ ထို့ကြောင့် 'အိပ်တယ်မှတ်' ဆိုသည်၊ ထို့ကြောင့် အိပ်သောခဏ 'အိပ် အိပ်တယ်မှတ်' ဆိုသည်။

သွားဆိုတာက မှတ်စရာအာရုံ၊ သွားတယ်ဆိုတာက မှတ်တဲ့စိတ်၊ မှတ်ဆိုတာက သတိ, ပညာ, ဝိပဿနာ။ ရပ်ဆိုတာက မှတ်စရာအာရုံ၊ ရပ်တယ်ဆိုတာက မှတ်တဲ့စိတ်၊ မှတ်ဆိုတာက သတိ,ပညာ, ဝိပဿနာ။ ထိုင်ဆိုတာက မှတ်စရာအာရုံ၊ ထိုင်တယ်ဆိုတာက မှတ်တဲ့စိတ်၊ မှတ်ဆိုတာက သတိ, ပညာ, ဝိပဿနာ။ အိပ်ဆိုတာက မှတ်စရာအာရုံ၊ အိပ်တယ်ဆိုတာက မှတ်တဲ့စိတ်၊ မှတ်ဆိုတာက သတိ, ပညာ, ဝိပဿနာ။

သွား သွားတယ်၊ ရပ် ရပ်တယ်၊ ထိုင် ထိုင်တယ်၊ အိပ် အိပ်တယ်ဆိုသော စကားရပ်၌ သွားသော ရုပ်ကို သွားတယ်မှတ်သော ဝိပဿနာစိတ်ဖြင့် ပိုင်းခြား၏။ ထိုင်သော ရုပ်ကို ထိုင်တယ်မှတ်သော ဝိပဿနာစိတ်ဖြင့်ပိုင်းခြား၏။ အိပ်သောရုပ်ကို အိပ်တယ်မှတ်သော ဝိပဿနာစိတ်ဖြင့် ပိုင်းခြား၏။ ရူပပရိစ္ဆေဒဉာဏ်ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ဉာဏ်တဆင့်တက်၍ သွားတယ် မှတ်သော ရှေ့စိတ်ကို နောက် ဝိပဿနာစိတ်ဖြင့် သွားတယ်မှတ် မှတ်တယ်။ ရပ်တယ်မှတ်သောရှေ့စိတ်ကို နောက်ဝိပဿနာစိတ်ဖြင့် ရပ်တယ်မှတ် မှတ်တယ်။ထိုင်တယ်မှတ်သော ရှေ့စိတ်ကို နောက်ဝိပဿနာစိတ်ဖြင့် ထိုင်တယ်မှတ် မှတ်တယ်။ အိပ်တယ် မှတ်သောရှေ့စိတ်ကို နောက်ဝိပဿနာစိတ်ဖြင့် အိပ်တယ်မှတ် မှတ်တယ်ဟု နာမ်ကို ပိုင်းခြား၏။ နာမ်ရုပ်စုံ၍ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်၏။

သွားသောခဏ, ရပ်သောခဏ, ထိုင်သောခဏ, အိပ်သောခဏ မှတ်တိုင်း မှတ်တိုင်း သွား သွားတယ်, သွားတယ်မှတ် မှတ်တယ်၊ ရပ် ရပ်တယ်, ရပ်တယ်မှတ် မှတ်တယ်၊ ထိုင် ထိုင်တယ်, ထိုင်တယ်မှတ် မှတ်တယ်၊ အိပ် အိပ်တယ်, အိပ်တယ်မှတ် မှတ်တယ် ဉာဏ်မှာထင်၏။

ဉာဏ်အဆင့်ဆင့်တက်၍ သွားချင်သောစိတ်, ရပ်ချင်သောစိတ်, ထိုင်ချင်သောစိတ်, အိပ်ချင်သောစိတ် ဖြစ်သော ခဏခဏ မသွားမီ သွားမည် အစီအရင် မရပ်မီ ရပ်မည့်အစီအရင် မထိုင်မီ ထိုင်မည့် အစီအရင် မအိပ်မီ အိပ်မည့်

အစီအရင် ကိုယ်အမူအရာ ဟူသမျှကိုလည်း မှတ်၏။ မှတ်သော ရှေ့စိတ်ကိုလည်း နောက်စိတ်ဖြင့် မှတ်၏။ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်၏။

## ဣရိယာပုထ် ၃ မျိုးကွဲပုံကို ပြခြင်း

ဣရိယာပုထ်သည် မဟာဣရိယာပုထ်, မဇ္ဈိမဣရိယာပုထ်, ခုဒ္ဒကဣရိယာပုထ်အားဖြင့် ၃ ပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဣရိယာပထပဗ္ဗ၌ လာသော သွားသော ဣရိယာပုထ်, ရပ်သော ဣရိယာပုထ်, ထိုင်သော ဣရိယာပုထ်, အိပ်သော ဣရိယာပုထ် ၄ ပါးသည် ကာလအားဖြင့် ရှည်ကြာ လွန်းသည် ဖြစ်၍ မဟာဣရိယာပုထ်မည်၏။ သမ္ပဇညပဗ္ဗ၌ အဘိက္ကန္တေ, ပဋိက္ကန္တေ အရ ဌာန၌ လာသော ၎င်းဣရိယာပုထ် ၄ ပါးသည် ကာလအားဖြင့် မရှည်လွန်း, မကြာလွန်းသည်ဖြစ်၍ မဇ္ဈိမဣရိယာပုထ် မည်၏။ ဂတေ, ဌိတေ, နိသိန္နေ, သုတ္တေအရ ဌာန၌လာသော ၎င်းဣရိယာပုထ် ၄ ပါးသည် ကာလအားဖြင့် တိုလွန်းသည်ဖြစ်၍ ခုဒ္ဒကဣရိယာပုထ်မည်၏။

မဟာဣရိယာပုထ် ၄ ပါး, မဇ္ဈိမဣရိယာပုထ် ၄ ပါး, ခုဒ္ဒက ဣရိယာပုထ် ၄ ပါးကို ပေါင်း၍ တပါးတပါးသော ဣရိယာပုထ်ဖြစ်သော် သွားသော အရိယာပုထ်၌ ရှေ့သို့တက်ခြင်းသည် အဘိက္ကန္တအရ သွားသည်မည်၏။နောက်သို့ ဆုတ်ခြင်းသည် ပဋိက္ကန္တအရ ပြန်သည်မည်၏။ ရပ်သော ဣရိယာပုထ်၌ ရှေ့ကုန်းခြင်းသည် ၎င်းအရသွားသည်မည်၏။ နောက်လှန်ခြင်းသည် ၎င်းအရ ပြန်သည်မည်၏။ ထိုင်သော ဣရိယာပုထ်၌ ရှေ့ကုန်းခြင်းသည် ၎င်းအရသွားသည်မည်၏။ နောက်လှန်ခြင်းသည် ၎င်းအရ ပြန်သည်မည်၏။ အိပ်သော ဣရိယာပုထ်၌ ရှေ့ဝမ်းလျားမှောက် အိပ်ခြင်းသည် ၎င်းအရ သွားသည်မည်၏။ နောက်ပက်လက်လှန်အိပ်ခြင်းသည် ၎င်းအရ ပြန်သည်မည်၏။ ဤသို့သွားသောခဏ သွား သွားတယ်, သွားတယ်မှတ် မှတ်တယ်၊ ပြန်သောခဏ ပြန် ပြန်တယ်,ပြန်တတ်မှတ် မှတ်တယ်ထင်၏။

သွားသောခဏ,ပြန်သောခဏ ဘယ်ခြေလှမ်း လှမ်းတယ်၊ လှမ်းတယ်မှတ် မှတ်တယ်။ ညာခြေလှမ်း လှမ်းတယ်၊ လှမ်းတယ်မှတ် မှတ်ဘယ်။ခြေတလှမ်းတလှမ်း၌ ခြေကြွသော ခဏ ကြွ ကြွတယ်, ကြွတယ်မှတ် မှတ်ဘယ်။ ခြေရှေ့ဆောင်သောခဏ ဆောင် ဆောင်တယ်, ဆောင်တယ်မှတ် မှတ်ဘယ်။ ခြေဖယ်ရှောင်ခဏ ရှောင် ရှောင်တယ်, ရှောင်တယ်မှတ် မှတ်တယ်။ ခြေအောက်လွှတ်သောခဏ လွှတ် လွှတ်တယ်, လွှတ်တယ်မှတ် မှတ်တယ်။ ခြေမြေကျသော ခဏ

ချ ချတယ်, ချတယ်မှတ် မှတ်တယ်။ ခြေနှိပ်နင်းသောခဏ နင်း နင်းတယ်, နင်းတယ်မှတ် မှတ်တယ်ထင်၏။

ကြည့်ခြင်းသည် သာမညအားဖြင့် ၂ ပါးပင် ဖြစ်သော်လည်း ဝိသေသအားဖြင့် ၆ ပါး အပြားရှိ၏။ ထို ၆ ပါးတို့တွင် ရှေ့တူရူကို ကြည့်ခြင်းသည် အာလောကိတ အရ ရှေ့ကြည့်သည်မည်၏။ နောက်ပြန် ကြည့်ခြင်းသည် ပရလောကိတ အရ နောက်ကြည့်သည်မည်၏။ လက်ျာတစောင်း ကြည့်ခြင်းသည် ဝိလောကိတ အရ လက်ျာဘေးကြည့်သည်မည်၏။ လက်ဝဲတစောင်း ကြည့်ခြင်းသည် ဝိလောကိတအရ လက်ဝဲဘေးကြည့်သည်မည်၏။ ငုံ့၍ကြည့်ခြင်းသည် အဝလောကိတအရ အောက်သို့ကြည့်သည်မည်၏။ မော်၍ ကြည့်ခြင်းသည် ဥလ္လောကိတ အရ အထက်သို့ကြည့်သည်မည်၏။ အထင် ၆ ပါးဖြစ်သင့်သည်အားလျော်စွာ သိသာပြီ။

ခြေလက်ကွေးသောခဏ, ခြေလက်ဆန့်သောခဏ, ထိုင်သောခဏ, ယူသောခဏ, စားသောခဏ, သောက်သောခဏ, ခဲသောခဏ, လျက်သောခဏ, ကျင်ကြီးကျင်ငယ် စွန့်သောခဏ, သွားသောခဏ, ရပ်သောခဏ, ထိုင်သောခဏ, အိပ်သောခဏ, နိုးသောခဏ, ပြောသောခဏ, ဆိတ်ဆိတ်နေသောခဏ ဆိတ်ဆိတ်နေ နေတယ်, နေတယ်မှတ် မှတ်တယ်။

## သမ္ပဇဉ် ၄ ပါးကို ပြခြင်း

သမ္ပဇာနကာရီ အရ သတိသမ္ပဇဉ် ပညာဖြင့် ဆင်ခြင်သော အလေ့အဘော ရှိသော ယောဂီသည် သမ္ပဇာနကာရီမည်၏။ သတိသမ္ပဇဉ်ပညာဖြင့် ဆင်ခြင်းသည် သမ္ပဇညမည်၏။ သမ္ပဇညသည် သာတ္ထကသမ္ပဇည, သပ္ပါယသမ္ပဇည, ဂေါစရသမ္ပဇည, အသမ္မောဟသမ္ပဇည အားဖြင့် ၄ ပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် သွားလိုသောစိတ်ဖြစ်သည်ရှိသော် သွားလိုသော စိတ်၏ အစွမ်းအားဖြင့် မသွားသေးဘဲ အဘယ်နည်း ဤအရပ်သို့သွားသဖြင့် ငါ့အားအကျိုးရှိမည်လော, မရှိမည်လောဟု ဆင်ခြင်ပြီး၍ အကျိုး မရှိသည်ကိုပယ်, အကျိုးရှိသည်ကို ဆင်ခြင်ခြင်းသည် သာတ္ထက သမ္ပဇညမည်၏။ ဝိပဿနာမဟုတ်။

အဘယ်ကြောင့်နည်း။ မသွားမီက သွားသော်ဟု မှတ်သော်လည်း သွားသော ဣရိယာပုထ် မဖြစ်သေးသောကြောင့် ဝိပဿနာ မဟုတ် ဟူပေသတည်း။ သွားလိုသောစိတ် ဖြစ်သည်ရှိသော် သွားလိုသောစိတ်၏ အစွမ်းအားဖြင့်မသွားသေးဘဲ အဘယ်နည်း ဤအရပ်သို့သွားသဖြင့် ငါ့အား လျောက်ပတ်မည်လော မလျောက်ပတ်မည်လောဟု ဆင်ခြင်ပြီး၍ မလျောက်ပတ်သည်ကိုပယ်၊ လျောက်ပတ်သည်ကို ဆင်ခြင်ခြင်းသည် သပ္ပါယသမ္ပဇည မည်၏။

သာတ္ထက, သပ္ပါယ ၂ ပါးတို့တွင် အသုဘရှုသွားလျှင် သာတ္ထကအကျိုးပင်ရှိသော်လည်း ယောကျ်ားမှာ ယောကျ်ား အသုဘသာ လျောက်ပတ်၏။ မိန်းမ အသုဘမလျောက်ပတ်။ မိန်းမမှာ မိန်းမအသုဘသာ လျောက်ပတ်၏။ ယောကျ်ားအသုဘ မလျောက်ပတ်။ ဆွေမတော် မျိုးမစပ် ယောကျ်ား, မိန်းမ ၂ ရပ်မှာ ဝိသဘာဂဖြစ်ခဲ့ပါလျှင် အဝိညာဏက အသုဘပင် ဖြစ်လင့်ကစား မှားယွင်းပျက်စီးခြင်းများဖြစ်တတ်၏။ သဝိညာဏက မိန်းမနှင့် ယောကျ်ားမှာ ကေန်သာ မှားယွင်းပျက်စီး၏။

မှားယွင်း ပျက်စီးခြင်း မသင့်ပါဘဲလျက် ထင်ချက်သက်သေ အင်္ဂုတ္တရ ပါဠိနေအတွေ့ ဘုရားဟောကို ရှေးပြု စေ့စေ့ကြီး ရှုမိသဖြင့် မိမိ၏သဘော သူရော ကိုယ်ပါ တယောက်ယောက်က ပုထုဇဉ်ဖြစ်ခဲ့ပါလျှင် အသွားအလာ အတူများ၊ အထွက်အဝင် အတူများ၊ အတွေ့အကြုံ အတူများ၊ အနေအထိုင် အတူများ၊ အတူအိပ် အတူသွား၊ အပြောအဆို အတူများ၊ ကြံရေဖန်ရေ အမူအရာတွေ အတူများခဲ့လျှင် အမိနှင့်သား မှားယွင်းပျက်စီး၏။ အဘနှင့်သမီး မှားယွင်းပျက်စီး၏။ မောင်နှင့်နှစ်မ မှားယွင်းပျက်စီး၏။

အတ္တာနမေဝ ပဌမံ၊
ပတိရူပေ နိဝေသယေ။
အထည္ မနုသာသေယျ၊
န ကိလိသေယျ ပဏ္ဍိတော။

—ဓမ္မပဒပါဠိတော်

အတ္တာနမေဝ၊ ကိုယ့်ကိုယ်ကိုသာလျှင်၊ ပဌမံ၊ ရှေးဦးစွာ၊ ပတိရူပေ၊ သင့်တင့်လျောက်ပတ်ရာ၌၊ ပဏ္ဍိတော၊ ပညာရှိသည်၊ နိဝေသယေ၊ တည်စေရာ၏။ အထပစ္ဆာ၊ နောက်မှ၊ အညံ၊ သူတပါးကို၊ အနုသာသေယျ၊ ဆုံးမရာ၏။ န ကိလိသေယျ၊ မြူကိလေခြမ်း မညစ်နွမ်းစေရာ။

ဤသပ္ပါယ သမ္ပဇညသည်လည်း ဝိပဿနာမဟုတ်၊ မသွားမီက အကျိုးရှိသည့်, လျောက်ပတ်သည့်ကို ဆင်ခြင်ပြီး၍ သွားသောခဏ သွား သွားတယ် အမှတ်ပြုရခြင်းသည် ဂေါစရ သမ္ပဇညမည်၏။ ဝိပဿနာ အမှန် ကေန်ဟုတ်၏။ အဘယ့်ကြောင့်နည်း။ မသွားမီကလည်း မဟုတ်၊ သွားပြီးမှလည်း မဟုတ်၊ သွားသောခဏ သွားသော ဣရိယာပုထ် ရုပ်ကမ္မဋ္ဌာန်းအာရုံကို သွား သွားတယ် ဟု ယထာဘူတ ဟုတ်သောအတိုင်း အမှတ်ပြုသောကြောင့် ဝိပဿနာအမှန် ကေန်ဟုတ်၏ ဟူပေသတည်း။

ဤနည်းဖြင့် ရုပ်ကို သိမှတ် ပိုင်းခြားပါများ၍ နာမ်ကို ပိုင်းခြားသော ဉာဏ်တဆင့်တက်သည်ရှိသော် သွားသော ခဏ သွားသော ကြိယာပုထ်ရုပ်ကို သွား သွားတယ်မှတ်၏။ တဆင့်သွားတယ် မှတ်သော ရှေ့စိတ်ကို သွားတယ်မှတ် မှတ်တယ်ဟု နောက် ဝိပဿနာစိတ်ဖြင့် မှတ်၏။ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်၏။

သွားသောခဏ သွားသော ကြိယာပုထ်သည် သွား သွားတယ်ဟု မှတ်သော ပဌမရုပ်ကို ပိုင်းခြားသောဉာဏ်၏ အာရုံဖြစ်၏။ မှတ်ပြီးသောခဏ သွား သွားတယ်မှတ်သော စိတ်သည် သွားတယ်မှတ် မှတ်တယ်ဟု မှတ်သော ဒုတိယ နာမ်ကို ပိုင်းခြားသောဉာဏ်၏အာရုံဖြစ်၏။ ပဌမ ရုပ်ကိုပိုင်းခြားသော ဉာဏ်၏ အာရုံ ရုပ်ပင်ဖြစ်စေ, ဒုတိယ နာမ်ကိုပိုင်းခြားသော ဉာဏ်၏အာရုံ နာမ်ပင်ဖြစ်စေ ဖြစ်သောခဏ ဤနည်းနှင်နှင် ရုပ် နာမ် ၂ပြင်သည် သိမှတ်ပိုင်းခြား အားထုတ်သော ဝိပဿနာမှု၏ ဘည်ကြည်ရာဖြစ်သောကြောင့် ကမ္မဋ္ဌာန်းမည်၏။

ဖြစ်သော ခဏ ခဏ ဤနည်းနှင်နှင် ရုပ် နာမ် ၂ ပြင်သည် ဝိပဿနာ ဘာဝနာ၏အာရုံဖြစ်သောကြောင့် ဂေါစရမည်၏။ ဖြစ်သော ခဏခဏ ဤနည်း နှင်နှင် ရုပ် နာမ် ၂ပြင်ကို အသိအမှတ်ပြုခြင်းသည် ဂေါစရသမ္ပဇည မည်၏။ ကြိယာပုထ် ၄ ပါး တပါးတပါး၌ ဖြစ်သော ခဏခဏ ဤနည်းနှင်နှင် အသွား အပြန် ရုပ်နာမ် ၂ပြင်ကို မလစ် မလပ် ဉာဏ်အစဉ်မပြတ်အောင် သတိ အမှတ် ပြုသော ဂေါစရ သမ္ပဇည သည်သာလျှင် ဝိပဿနာအထွဋ်အထိပ်သို့ ရောက်၏။ ဤနည်းနှင်နှင် ရုပ် နာမ် ၂ပြင်ဆိုသော စကားရပ်၌ ဖြစ်သောခဏခဏ သိမှတ် ပိုင်းခြားအပ်သော ဖြစ် ဖြစ်သမျှသော ရုပ်, ဖြစ်ဖြစ်သမျှသော နာမ်ကို ဤနည်း နှင်နှင် ရုပ် နာမ် ၂ ပြင် ဆိုသည်။ ဆိုရန် ကြွင်းသမျှကို အ ကုန် သိမ်း သည် မှတ်ရမည်။

ယောဂကမ္မဿ ပဝတ္တိဋ္ဌာနတာယ ဘာဝနာယ အာရမ္မဏံ
ဂေါစရန္တိ ဝုစ္စတီတိ အာဟ ကမ္မဋ္ဌာနသင်္ခါတံ ဂေါစရန္တိ။

—ဋီကာ

ဣတိ ဣမသ္မိံ စတုက္ကေ ယွာယံ ဟရတိ စ ပစ္စာဟရတိ စ၊
တဿ ဂေါစရသမ္ပဇညမ္ပိ သိခါပတ္တံ ဟောတိ။

—အဋ္ဌကထာ

ဘာဝနာယ၊ ဝိပဿနာ ဘာဝနာ၏၊ အာရမ္မဏံ၊ ရုပ် နာမ် အာရုံကို၊ ယောဂကမ္မဿ၊ သိမှတ် ပိုင်းခြား အားထုတ်သော ဝိပဿနာမှု၏၊ ပဝတ္တိ ဋ္ဌာနတာယ၊ ဖြစ်ရာဌာန၏ အဖြစ်ကြောင့်၊ ဂေါစရန္တိ၊ ဂေါစရ ဟူ၍၊ ဝုစ္စတိ၊

ဆိုအပ်၏။ ဣတိ၊ ထို့ကြောင့်၊ ကမ္မဋ္ဌာနသဒ်ါတံ ဂေါစရန္တိ၊ ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်းဟု ဆိုအပ်သော အာရုံဟူ၍၊ အာဟ၊ အဋ္ဌကထာဆရာ မိန့်ပြီ။

—ဋီကာအနက်

ကေစ္စော၊ အချို့သောယောဂီသည်၊ ဟရတိ၊ အသွားသာ ကမ္မဋ္ဌာန်းကို ဆောင်၏။ န ပစ္စာဟရတိ၊ အပြန်မဆောင်။ ကေစ္စော၊ သည်၊ ပစ္စာဟရတိ၊ အပြန်သာ ဆောင်၏။ န ဟရတိ၊ အသွားမဆောင်။ ကေစ္စော၊ သည်၊ နေဝ ဟရတိ၊ အသွားလည်း မဆောင်။ န ပစ္စာဟရတိ၊ အပြန်လည်း မဆောင်။ ကေစ္စော၊သည်၊ ဟရတိစ၊အသွားလည်း ကမ္မဋ္ဌာန်းကိုဆောင်၏။ ပစ္စာဟရတိစ၊ အပြန်လည်း ကမ္မဋ္ဌာန်းကို ဆောင်၏။ ဣတိဣမေသုံ စတုက္ကေ၊ ဤစတုက္က၌၊ ယွာယံ-ယော အယံ၊ အကြင် ယောဂီသည်၊ ဟရတိစ၊ အသွားကမ္မဋ္ဌာန်းကိုလည်း ဆောင်၏။ ပစ္စာဟရတိစ၊အပြန်ကမ္မဋ္ဌာန်းကိုလည်း ဆောင်၏။ တဿ၊ထိုအသွား ကမ္မဋ္ဌာန်း, အပြန် ကမ္မဋ္ဌာန်းကို ဆောင်သော ယောဂီ၏၊ ဂေါစရသမ္ပဇညမ္ပိ ဂေါစရသမ္ပဇညံဝေ၊ ဂေါစရသမ္ပဇညသည်သာလျှင်၊ သိခါပတ္တံ၊ ဝိပဿနာ အထွဋ်အထိပ်သို့ ရောက်သည်၊ ဟောတိ၊ဖြစ်၏။

—အဋ္ဌကထာအနက်

ဈာန်မဂ်ဖိုလ်နောင်မှသာ ပစ္စဝေက္ခဏာဉာဏ် ကျသည်မဟုတ်သေး၊ နာမရူပပရိစ္ဆေဒဉာဏ်အစ သဒ်ါရုပေက္ခာ ဉာဏ် အဆုံးရှိသော ဂေါစရ သမ္ပဇည ဝိပဿနာဉာဏ် ၁၂ ပါး တပါးတပါးသော ဝိပဿနာဉာဏ် တဘက်ကမ်းရောက် သည်ရှိသော် အဘက်ကမ်းရောက်သော ဝိပဿနာဉာဏ်၏ အဆုံးအဆုံး ဝိပဿနာ၏အာရုံ ခန္ဓာ,အာယတန, ဓာတ်, ပစ္စည်းကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် ကျ၏။ ဤပစ္စဝေက္ခဏာဉာဏ်သည် ဝိပဿနာ နောင် မတွေ့မဝေ ဆင်ခြင် သည်၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကြောင့် အသမ္မောဟသမ္ပဇညမည်၏။

ဝေမေတ္တ ခန္ဓာ ယ တ န ဓာ တု ပစ္စ ယ ပစ္စ ဝေ က္ခဏ ဝ သေ နပိ အသမ္မောဟသမ္ပဇညံ ဝေဒိတဗ္ဗံ။

—သုတ်မဟာဝါအဋ္ဌကထာ

ဝံ၊ ဤသို့၊ ထွေ၊ ဤအသမ္မောဟ သမ္ပဇည အရာ၌၊ ခန္ဓာယတန ဓာတု ပစ္စယ ပစ္စဝေက္ခဏဝသေနပိ၊ ခန္ဓာ, အာယတန, ဓာတ်, ပစ္စည်းကို ဆင်ခြင် သည်၏ အစွမ်းအားဖြင့်လည်း၊ အသမ္မောဟ သမ္ပဇညံ၊ အသမ္မောဟ သမ္ပဇညကို၊ ဝေဒိတဗ္ဗံ၊သိအပ်၏။

**အမှာ။** ။'ဝိ' သဒ္ဒါဖြင့် ခန္ဓာ, အာယတန, ဓာတ်, ပစ္စည်းမှ တပါး အမျိုးမျိုးအဖုံဖုံ ဆင်ခြင်ပုံကိုယူ။

မသွားမီကလည်း မဟုတ်၊ သွားပြီးမှလည်း မဟုတ်၊ သွားသောခဏ ခဏ သွား သွားတယ်, သွားတယ်မှတ် မှတ်တယ်၊ ဤနည်းဖြင့် အကြိမ်ကြိမ် အခါခါ သိမှတ်ပိုင်းခြားပါများ၍ ဉာဏ်အဆင့်ဆင့်တက်သည်ရှိသော် သွား သွားတယ်, သွားတယ်မှတ် မှတ်တယ်၊ရုပ်နာမ်အစုံကိုသိမှတ် ပိုင်းခြားသော ဂေါစရသမ္ပဇည ဝိပဿနာ၏အဆုံးအဆုံး သွားက ကိုယ်တရွေ့ရွေ့ ရွေ့တာဘဲ၊ ကိုယ်တရွေ့ရွေ့ ရွေ့တာက ကိုယ်လှုပ်ရှားလို့ဘဲ၊ ကိုယ်လှုပ်ရှားတာက သွားချင်လို့ဘဲ၊သွားချင်တာက စိတ်ဘဲ၊ သွားချင်လို့ ကိုယ်လှုပ်ရှားတော့ ကိုယ်တရွေ့ရွေ့ ရွေ့တာကို သွားတယ်ဆိုရတာဘဲဟုဆင်ခြင်ခြင်းသည်အသမ္မောဟသမ္ပဇညမည်၏။ဝိပဿနာကားမဟုတ်ပေ။

အဘယ့်ကြောင့်နည်း။ သွားပြီးမှ သွားသော သဘောဆတ်ဆတ်ပရမတ်ကိုလွှတ် ပညတ်သို့တင် သွားချင်လို့ ကိုယ်လှုပ်ရှားတော့ ကိုယ်တရွေ့ရွေ့ ရွေ့တာကို သွားတယ်ဆိုရတာဘဲဟု လောကဝေါဟာရ အမည်နာမထင်အောင် ဆင်ခြင်ခြင်းကြောင့် ဝိပဿနာမဟုတ် ဟူပေသတည်း။

အာလောကိတာဒိသမညာပိ ယသ္မာ ဓမ္မာမတ္တသော ပဝတ္တိ ဝိသေသော၊တသ္မာ ယာထာဝတော ပဇာနနံ အသမ္မောဟသမ္ပဇညံ။

—သုတ်မဟာဝါအဋ္ဌကထာ

အလောကိတာဒိ သမညာပိ၊ ရှေ့ကြည့်ခြင်း အစရှိသော၊ ဝါ၊သွားခြင်း, ပြန်ခြင်း,ရှေ့ကြည့်ခြင်း အစရှိသောအမည်သည်လည်း၊ယသ္မာ၊အကြင်ကြောင့်၊ ဓမ္မာမတ္တသော၊ ဟုတ်သောအတိုင်း တရားသဘော၏ သာလျှင်၊ ပဝတ္တိဝိသေသော၊ဖြစ်သောအမည်ထူးပင်တည်း။တသ္မာ၊ထို့ကြောင့်၊တသ၊ထိုအမည်ထူးကို၊ ယာထာဝတော၊ ဟုတ်သောအတိုင်း၊ ပဇာနနံ၊ သိခြင်းသည်၊ အသမ္မောဟ သမ္ပဇညံ၊အသမ္မောဟသမ္ပဇညမည်၏။

(အဓိပ္ပါယ်အမှန်၊ မြန်မာပြန်၊ သမ္ဗန်နက်သိ၊ အလွန်ခဲသတည်း။
ဓမ္မ+အာမ+အတ္တသော။)

ဤနည်းဖြင့် ဉာဏ်အဆင့်ဆင့်တက်၍ ဝိပဿနာဉာဏ်၏ တဘက်ကမ်းသို့ ရောက်အောင် ဆင်ခြင်နိုင်သည်ရှိသော် သွား သွားတယ်, သွားတယ်မှတ် မှတ်တယ်, သွားချင် ကိုယ်လှုပ်ရှား ကိုယ်တရွေ့ရွေ့ ရွေ့သွားတယ် ယောဂီ၏ဉာဏ်တွင် အမှန်ထင်၏။

## ခွေး, မြေခွေး အသိမျိုး မဟုတ်ပုံကို ပြခြင်း

တတ္ထ ကာမံ သောဏသိင်္ဂါလာဒယောပိ ဂစ္ဆန္တာ ဂစ္ဆာမာတိ ဇာနန္တိ၊ န ပနေတံ ဧဝရူပံ ဇာနနံ သန္ဓာယ ဝုတ္တံ။ ဧဝရူပဉှိ ဇာနနံ သတ္တူပလဒ္ဓိံ န ပဇဟတိ၊ အတ္တသညံ န ဥဂ္ဃာဋေတိ၊ ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာနဘာဝနာ ဝါ န ဟောတိ။ ဣမဿ ပန ဘိက္ခုနော ဇာနနံ သတ္တူပလဒ္ဓိံ ပဇဟတိ၊ အတ္တသညံ ဥဂ္ဃာဋေတိ၊ ကမ္မဋ္ဌာနဉ္စေဝ သတိပဋ္ဌာနဘာဝနာ စ ဟောတိ။

—သုတ်မဟာဝါအဋ္ဌကထာ

တတ္ထ၊ ထိုဣရိယာပထ ပဗ္ဗ၌၊ သောဏသိင်္ဂါလာဒယောပိ၊ ခွေး, မြေခွေး အစရှိကုန်သော တိရစ္ဆာန်တို့ သည် လည်း၊ ဂစ္ဆန္တာ၊ သွားကုန်သည်ရှိသော်၊ ဂစ္ဆာမာတိ၊ သွားကုန်၏ဟူ၍၊ ကာမံ ဇာနန္တိ၊ အကယ်၍ သိကြကုန်၏၊ ပန တထာပိ၊ ထိုသို့ပင် သိကြကုန်သော်လည်း၊ ဧဝရူပံ၊ ဤသို့တိရစ္ဆာန်သိသော သဘောရှိသော၊ ဇာနနံ၊ သိခြင်းကို၊ သန္ဓာယ၊ ရည်၍၊ ဧတံ ဇာနနံ၊ ထိုသိခြင်းကို၊ န ဝုတ္တံ၊ မဟောအပ်။ ဟိသစ္စံ၊ မှန်၏။ ဧဝရူပံ၊ ဤသို့တိရိစ္ဆာန်သိသော သဘောရှိသော၊ ဇာနနံ၊ သိခြင်းသည်၊ သတ္တူပလဒ္ဓိံ၊ သတ္တဝါအယူကို၊ န ပဇဟတိ၊ မစွန့်။ အတ္တသညံ၊ သတ္တဝါအမှတ်ကို၊ န ဥဂ္ဃာဋေတိ၊ မခွာ။ ကမ္မဋ္ဌာနံ ဝါ၊ ဂေါစရသမ္ပဇည ဝိပဿနာကမ္မဋ္ဌာန်းသည်လည်း၊ န ဟောတိ၊ မဖြစ်။ သတိပဋ္ဌာန ဘာဝနာ ဝါ၊ အသမ္မောဟ သမ္ပဇည သတိပဋ္ဌာန် ဘာဝနာ သည်လည်း၊ န ဟောတိ၊ မဖြစ်။ ဣမဿပန ဘိက္ခုနော၊ ဤယောဂီရဟန်း၏ကား၊ ဇာနနံ၊ သိခြင်းသည်၊ သတ္တူပလဒ္ဓိံ၊ သတ္တဝါအယူကို၊ ပဇဟတိ၊ စွန့်၏။ အတ္တသညံ၊ သတ္တဝါအမှတ်ကို၊ ဥဂ္ဃာဋေတိ၊ ခွာ၏။ ကမ္မဋ္ဌာနဉ္စေဝ၊ ဂေါစရ သမ္ပဇည ဝိပဿနာကမ္မဋ္ဌာန်းသည်လည်း၊ ဟောတိ၊ ဖြစ်၏။ သတိပဋ္ဌာန ဘာဝနာစ၊ အသမ္မောဟ သမ္ပဇည သတိပဋ္ဌာန် ဘာဝနာသည်လည်း၊ ဟောတိ၊ ဖြစ်၏။

'ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ' စသည်ဖြင့် ပါဠိ၌ပင် ဂေါစရ သမ္ပဇည ထင်ရှား၏။ အသမ္မောဟ သမ္ပဇည မထင်ရှား၍ ထင်ရှားအောင် ဣဒဉှိ ကော ဂစ္ဆတိ စသော စကားရပ်ကို အဋ္ဌကထာဆရာမိန့်သော်—

ဣဒဉှိ ကော ဂစ္ဆတိ၊ တဿ ဂမနံ၊ ကိံ ကာရဏာ ဂစ္ဆတီတိ။ ဧဝံ သမ္ပဇာနနံ သန္ဓာယ ဝုတ္တံ။ ဌာနာဒီသုပိ ဧသေဝနယော။ တတ္ထ ကော ဂစ္ဆတီတိ န ကောစိ သတ္တော ဝါ ပုဂ္ဂလော ဝါ ဂစ္ဆတိ။ ကဿ ဂမနန္တိ န ကဿစိ သတ္တဿ ဝါ ပုဂ္ဂလဿ ဝါ

ဂမနံ။ ကိံ ကာရဏာ ဂစ္ဆတီတိ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရေန ဂစ္ဆတိ။ တသ္မာ သေ ဧဝံ ပဇာနာတိ၊ ဂစ္ဆာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊ ဝါယော ဝိညတ္တိံ ဇနေတိ။ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရေန သကလကာယဿ ပုရတော အဘိနီဟာရော ဂမနန္တိ ဝုစ္စတိ။ ဌာနာဒီသုပိ ဧသေဝ နယော။

—သုတ်မဟာဝါ အဋ္ဌကထာ

ဟိ ယသ္မာ၊ အကြင့်ကြောင့်၊ ကော၊ အဘယ်သူသည်၊ ဂစ္ဆတိ၊ သွားပါအံ့နည်း။ ကဿ၊ အဘယ်သူ၏၊ ဂမနံ၊ သွားခြင်းဟုတ်ပါအံ့နည်း။ ကာရဏာ၊ အကြောင်းကြောင့်၊ ဂစ္ဆတိကိံ၊ သွားသည်မဟုတ်ပါလော။ ဣတိဧဝံ၊ ဤသို့၊ ပဇာနနံ၊ သိခြင်းကို၊ သန္ဓာယ၊ ရည်၍၊ ဣဒံ ဇာနနံ၊ ဤယောဂီ၏ သိခြင်းကို၊ ဝုတ္တံ၊ ဟောအပ်၏။ ဌာနာဒီသုပိ၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းတို့၌လည်း၊ ဧသေဝ နယော၊ ဤနည်းကဲ့သို့သောနည်းပင်တည်း။ တတ္ထဝစနေ၊ ထိုစကား၌၊ ကော ဂစ္ဆတီတိ၊ ကော ဂစ္ဆတိ ဟူသည်ကား၊ ကောစိ၊ တစုံတယောက်သော၊ သတ္တော ဝါ၊ သတ္တဝါသည်လည်း၊ န ဂစ္ဆတိ၊ မသွား၊ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်သည်လည်း၊ န ဂစ္ဆတိ၊ မသွား။ ကဿဂမနန္တိ၊ ကဿဂမနံ ဟူသည်ကား၊ ကဿစိ၊ တစုံတယောက်သော၊ သတ္တဿဝါ၊ သတ္တဝါ၏လည်း၊ န ဂမနံ၊ သွားခြင်းမဟုတ်။ ပုဂ္ဂလဿဝါ၊ ပုဂ္ဂိုလ်၏လည်း၊ န ဂမနံ၊ သွားခြင်းမဟုတ်။ ကိံ ကာရဏာ ဂစ္ဆတီတိ၊ ကိံ ကာရဏာ ဂစ္ဆတိ ဟူသည်ကား၊ စိတ္တကြိယ ဝါယောဓာတုဝိပ္ဖါရေန၊ စိတ္တဇဝါယောဓာတ် လှုပ်ရှားခြင်းကြောင့်၊ ဂစ္ဆတိ၊ သွား၏။ တသ္မာ၊ ထို့ကြောင့်၊ သေ-သော၊ ဤယောဂီသည်၊ ဧဝံ၊ ဤသို့၊ ပဇာနာတိ၊ သိ၏။ ကထံ ပဇာနာတိ၊ အဘယ်သို့သိသနည်း။ ဂစ္ဆာမီတိ စိတ္တံ၊ သွားအံ့ဟူသော စိတ်အကြံသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ ထိုစိတ်သည်၊ ဝါယံ၊ လေကို၊ ဇနေတိ၊ ဖြစ်စေ၏။ ဝါယော၊ လေသည်၊ ဝိညတ္တိံ၊ မိမိ, သူတပါး ၂ပါးစုံကို သွားတယ်ဟု သိစေတတ်သော ဝိညတ်ကို၊ ဇနေတိ၊ ဖြစ်စေ၏။ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရေန၊ စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ် လှုပ်ရှားခြင်းကြောင့်၊ သကလကာယဿ၊ တကိုယ်လုံး၏၊ ပုရတော အဘိနီဟာရော၊ ရှေ့သို့ ဆောင်သည်ကို၊ ဂမနန္တိ၊ သွား၏ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ဌာနာဒီသုပိ၊ ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းတို့၌လည်း၊ ဧသေဝ နယော၊ ဤနည်းကဲ့သို့သော နည်းပင်တည်း။

ထိုမှတပါး ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း တို့၏ သဘောလက္ခဏာနှင့် ဖြစ်ပုံအခြင်းအရာများကို ထင်ရှားစွာပြပြန်လိုသောကြောင့် တတြာပိဟိ စသော စကားကို အဋ္ဌကထာဆရာ မိန့်ကြားတော်မူသတည်း။

> တတြာပိ ဟိ တိဋ္ဌာမိတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေဘိ၊ ဝါယော ဝိညတ္တိံ ဇနေတိ၊ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရေန သကလကာယဿ ကောဋိတော ပဋ္ဌာယ ဥဿိတဘာဝေါ ဌာနန္တိ ဝုစ္စတိ၊ နိသီဒါမီတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊ ဝါယော ဝိညတ္တိံ ဇနေတိ၊ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရေန ဟေဋ္ဌိမကာယဿ သမဥ္ဇနံ ဥပရိမကာယဿ ဥဿိတဘာဝေါ နိသဇ္ဇာတိ ဝုစ္စတိ။ သယာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေ တိ၊ ဝါယော ဝိညတ္တိံ ဇနေတိ၊ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရေန သကလသရီရဿ တိရိယတော ပသာရဏံ သယနန္တိ ဝုစ္စတီတိ။
>
> —သုတ်မဟာဝါ အဋ္ဌကထာ

တတြာပိဟိ၊ထိုရပ်ခြင်း,ထိုင်ခြင်း,အိပ်ခြင်းတို့တွင်လည်း၊ တိဋ္ဌာမိတိစိတ္တံ၊ ရပ်အံ့ဟူသော စိတ်အကြံသည်၊ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ တံ၊ထိုစိတ်သည်၊ ဝါယံ၊လေကို၊ ဇနေတိ၊ဖြစ်စေ၏။ ဝါယော၊ လေသည်၊ ဝိညတ္တိံ၊ မိမိ, သူတပါး ၂ပါးစုံကို ရပ်တယ်ဟု သိစေတတ်သော ဝိညတ်ကို၊ ဇနေတိ၊ ဖြစ်စေတတ်၏။ စိတ္တကြိယ ဝါယောဓာတု ဝိပ္ဖါရေန၊ စိတ္တဇဝါယောဓာတ် ပြန့်နှံ့ခြင်းကြောင့်၊ သကလ ကာယဿ၊ တကိုယ်လုံး၏၊ ကောဋိတော၊ အောက်အစွန်းမှ၊ ပဋ္ဌာယ၊ စ၍၊ ဥဿိတဘာဝေါ၊ ရပ်စောက် မတ်တန့်သည်၏ အဖြစ်ကို၊ ဌာနန္တိ၊ ရပ်၏ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ နိသီဒါမီတိစိတ္တံ၊ ထိုင်အံ့ဟူသော စိတ်အကြံသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ ထိုစိတ်သည်၊ ဝါယံ၊လေကို၊ ဇနေတိ၊ဖြစ်စေ၏။ ဝါယော၊ လေ သည်၊ ဝိညတ္တိံ၊မိမိ,သူတပါး ၂ပါးစုံကို ထိုင်တယ်ဟု သိစေတတ်သော ဝိညတ်ကို၊ ဇနေတိ၊ဖြစ်စေတတ်၏။ စိတ္တကြိယ ဝါယောဓာတု ဝိပ္ဖါရေန၊ စိတ္တဇ ဝါယော ဓာတ် ကျခြင်းကြောင့်၊ ဟေဋ္ဌိမကာယဿ၊ အောက်ကိုယ်၏၊ သမဥ္ဇနံ၊ ကွေး သည်ကို၊ ဥပရိမကာယဿ၊အထက်ကိုယ်၏၊ ဥဿိတဘာဝေါ၊တည်ထားသည်၏ အဖြစ်ကို၊ နိသဇ္ဇာတိ၊ ထိုင်၏ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ သယာမီတိစိတ္တံ၊ အိပ်အံ့ ဟူသော စိတ်အကြံသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ ထိုစိတ်သည်၊ ဝါယံ၊ လေကို၊ ဇနေတိ၊ ဖြစ်စေ၏။ ဝါယော၊ လေသည်၊ ဝိညတ္တိံ၊ မိမိ, သူတပါး ၂ပါးစုံကို အိပ်တယ်ဟု သိစေတတ်သော ဝိညတ်ကို၊ ဇနေတိ၊ဖြစ်စေ၏။ စိတ္တကြိယဝါယော ဓာတုဝိပ္ဖါရေန၊စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်ဖြန့်ခြင်းကြောင့်၊ သကလ

သရီရဿ၊တကိုယ်လုံး၏၊ တိရိယတော ပသာရဏံ၊ဖီလာဆန့်ခြင်းကို၊ သယနန္တိ၊ အိပ်၏ဟူ၍၊ ဝုစ္စတိ၊ဆိုအပ်၏။ ဣတိ၊ဤသို့၊ ပဇာနာတိ၊သိ၏။

တဘန် သွားခြင်း,ရပ်ခြင်းစသော သဘောသည် ပုဂ္ဂိုလ်, သတ္တဝါ,ငါ, သူတပါးမဟုတ်၊ ခေါ်ဝေါ်ပြောဆိုခါမျှသာတည်းဟု ဆင်ခြင်စဉ်းစားသည်ကို ပြခြင်းငှာ တဿ ဧဝံ စသော စကားကို အဋ္ဌကထာဆရာ မိန့်ကြားတော်မူသတည်း။

> တဿ ဧဝံ ပဇာနတော ဧဝံ ဟောတိ သတ္တော ဂစ္ဆတိ၊ သတ္တော တိဋ္ဌတီတိ ဝုစ္စတိ။ အတ္ထိ ပန ကောစိ သတ္တော ဂစ္ဆန္တော ဝါ ဌိတော ဝါ။ နတ္ထိ။ ပ။ တတော သတ္တော ဂစ္ဆတိ၊ သတ္တော တိဋ္ဌတိ၊ အဟံ ဂစ္ဆာမိ၊ အဟံ တိဋ္ဌာမီတိ ဝေါဟာရမတ္တံ ဟောတိ။
>
> —သုတ်မဟာဝါ အဋ္ဌကထာ

ဧဝံ၊ဤသို့၊ ပဇာနတော၊သိသော၊ တဿ၊ထိုယောဂီအား၊ ဧဝံ-သော ဝိစာရဏာ၊ဤသို့သောစီစစ်ခြင်းသည်၊ ဟောတိ၊ဖြစ်၏။ ကထံဟောတိ၊အဘယ်သို့ဖြစ်သနည်း။ သတ္တော၊သတ္တဝါသည်၊ ဂစ္ဆတိ၊သွား၏။ သတ္တော၊သတ္တဝါသည်၊ တိဋ္ဌတိ၊ရပ်၏။ သတ္တော၊သတ္တဝါသည်၊ နိသီဒတိ၊ထိုင်၏။ သတ္တော၊သတ္တဝါသည်၊ သယတိ၊အိပ်၏။ ဣတိ၊ဤသို့၊ အဇာနန္တေဟိ၊မသိကုန်သော သူတို့သည်၊ ဝုစ္စတိ၊ဆိုအပ်၏။ ဂစ္ဆန္တောဝါ၊သွားသည်လည်းဖြစ်သော၊ ဌိတော ဝါ၊ ရပ်သည်လည်းဖြစ်သော၊ နိသိန္နောဝါ၊ ထိုင်သည်လည်းဖြစ်သော၊ သယာနောဝါ၊ အိပ်သည်လည်း ဖြစ်သော၊ ကောစိ သတ္တော၊ တစုံတယောက်သော သတ္တဝါသည်၊ အတ္ထိပန၊ရှိသလော။ နတ္ထိ၊မရှိချေ။ ပ။ တတော၊ ထိုသို့မရှိခြင်း ကြောင့်၊ သတ္တောဂစ္ဆတိ၊ သတ္တဝါသွား၏။ သတ္တော တိဋ္ဌတိ၊ သတ္တဝါရပ်၏။ သတ္တောနိသီဒတိ၊ သတ္တဝါထိုင်၏။ သတ္တော သယတိ၊ သတ္တဝါအိပ်၏။ အဟံ ဂစ္ဆာမိ၊ ငါသွား၏။ အဟံ တိဋ္ဌာမိ၊ ငါရပ်၏။ အဟံနိသီဒါမိ၊ ငါထိုင်၏။ အဟံ သယာမိ၊ ငါအိပ်၏။ ဣတိ၊ဤသို့၊ ဝေါဟာရမတ္တံ၊ ပြောဟောခေါ်ဆိုရုံ မျှသည်၊ ဟောတိ၊ ဖြစ်၏။ ဧဝံ သော ဝိစာရဏာ၊ ဤသို့သော စိစစ်ခြင်းသည်၊ ဟောတိ၊ဖြစ်၏။

## အသမ္မောဟ သမ္ပဇဉ်ကို ပြခြင်း

> အတိက္ကမာဒီနိ ပန အသမ္မုယှန့် အသမ္မောဟသမ္ပဇညံ။ တံ ဧဝံ ဝေဒိတဗ္ဗံ၊ ဣဓ ဘိက္ခု အတိက္ကမန္တော ဝါ ပဋိက္ကမန္တော ဝါ ယထာ အန္ဓဗာလပုထုဇနာ အတိက္ကမာဒီသု အတ္တာ အတိက္ကမတိ

အတ္တနာ အဘိက္ကမော နိဗ္ဗတ္တိတောတိ ဝါ အဟံ အဘိက္ကမာမိ, မယာ အဘိက္ကမော နိဗ္ဗတ္တိတောတိ ဝါ သမ္မုယှန္တိ။ တထာ အသမ္မုယှန္တော အဘိက္ကမာမီတိ စိတ္တေ ဥပ္ပဇ္ဇမာနေ တေနေဝ စိတ္တေန သဒ္ဓိံ စိတ္တသမုဋ္ဌာနဝါယောဓာတု ဝိညတ္တိံ ဇနယမာနာ ဥပ္ပဇ္ဇတိ။ ဣတိ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရဝသေန အယံ ကာယသမ္မတော အဋ္ဌိသိင်္ဃာတော အဘိက္ကမတိ။

—သာမညဖလသုတ်အဖွင့်

အဘိက္ကမာဒီနိ ပန၊ အသွားအစ ဆိတ်ဆိတ်နေ အဆုံးရှိသော ဣရိယာပုထ် တို့ကို၊ အသမ္မုယှနံ၊ မတွေဝေ မယုံမှားခြင်းသည်၊ အသမ္မောဟသမ္ပဇညံ၊ အသမ္မောဟသမ္ပဇညမည်၏။ တံ၊ ထိုအသမ္မောဟသမ္ပဇညကို၊ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ကထံ ဝေဒိတဗ္ဗံ၊ အဘယ်သို့ သိအပ်သနည်း။ အန္ဓဗာလပုထုဇ္ဇနာ၊ မိုက်ကန်းသော ပုထုဇဉ်တို့သည်၊ အဘိက္ကမာဒီသု၊ အသွားအစ ဆိတ်ဆိတ်နေ အဆုံးရှိသော ဣရိယာပုထ်တို့၌၊ အတ္တာ၊ မိမိသည်၊ အဘိက္ကမတိ၊ သွား၏။ အတ္တနာ၊ မိမိသည်၊ အဘိက္ကမော၊ သွားခြင်းကို၊ နိဗ္ဗတ္တိတော၊ ဖြစ်စေအပ်၏။ ဣတိဝါ၊ ဤသို့လည်း၊ သမ္မုယှန္တိယထာ၊ တွေဝေယုံမှားကုန်သကဲ့သို့၊ အဟံ၊ ငါသည်၊ အဘိက္ကမာမိ၊ သွား၏။ မယာ၊ ငါသည်၊ အဘိက္ကမော၊ သွားခြင်းကို၊ နိဗ္ဗတ္တိတော၊ ဖြစ်စေအပ်၏။ ဣတိဝါ၊ ဤသို့လည်း၊ သမ္မုယှန္တိယထာ၊ တွေဝေ ယုံမှားကုန်သကဲ့သို့၊ တထာ၊ ထို့အတူ၊ ဣဓ၊ ဤငါဘုရား သာသနာတော်မြတ်၌၊ ဘိက္ခု၊ ယောဂီရဟန်းသည်၊ အဘိက္ကမန္တောဝါ၊ သွားသော်၎င်း၊ ပဋိက္ကမန္တောဝါ၊ ပြန်သော်၎င်း၊ အသမ္မုယှန္တော၊ မတွေဝေ မယုံမှားဘဲ၊ အဘိက္ကမာမီတိ စိတ္တေ၊ သွားအံ့ဟူသော စိတ်အကြံသည်၊ ဥပ္ပဇ္ဇမာနေ၊ ဖြစ်သည်ရှိသော်၊ တေနေဝ စိတ္တေန၊ ထိုစိတ်နှင့်သာလျှင်၊ သဒ္ဓိံ၊ တကွ၊ စိတ္တသမုဋ္ဌာန ဝါယောဓာတု၊ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည်၊ ဝိညတ္တိံ၊ မိမိ့သူတပါး ၂ ပါးစုံကို သွားတယ်ဟု သိစေဘတ်သော ဝိညတ်ကို၊ ဇနယမာနာ၊ ဖြစ်စေလျက်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စိတ္တကြိယ ဝါယောဓာတု ဝိပ္ဖါရဝသေန၊ စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ် လှုပ်ရှားသည်၏ အစွမ်းအားဖြင့်၊ ကာယသမ္မတော၊ ကိုယ်ဟု သမုတ်အပ်သော၊ အယံ အဋ္ဌိသိင်္ဃာတော၊ ဤအရိုးစုသည်၊ အဘိက္ကမတိ၊ သွား၏။ ဣတိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်၊ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ရုပ်နာမ်အစုံကို ပိုင်းခြားသော ဂေါစရသမ္ပဇညဝိပဿနာ၏ အဆုံး အဆုံး ဂေါစရသမ္ပဇည ဝိပဿနာ၏အာရုံ ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်းကို ဉာဏ်အဆင့်ဆင့်တက်၍ ဝိပဿနာ၏ တဘက်ကမ်းသို့ရောက်အောင်ဆင်ခြင်နိုင်မှ

အသမ္မောဟသမ္ပဇည ဖြစ်၏။ ဂေါစရသမ္ပဇည ဝိပဿနာမပါ။ သာမညရုပ်နာမ်ကို အမြင်သန့်အောင် ဆင်ခြင်လျှင်လည်း အသမ္မောဟသမ္ပဇည ဝိပဿနာပင် တည်းဟု မကြံဆသာပြီ။

ဝိသုဒ္ဓိမဂ် ခန္ဓနိဒ္ဒေသ, အာယတန, ဓာတု, ဣန္ဒြိယ, သစ္စ, ပဋိစ္စသမုပ္ပါဒနိဒ္ဒေသလာတိုင်း ဂေါစရသမ္ပဇည ဝိပဿနာမပါ၊ဘာသာအလျောက် ရုပ်နာမ်ကောက်၍ ဆင်ခြင်လျှင် အသမ္မောဟသမ္ပဇဉ် ဝိပဿနာပင်တည်းဟု ယုံကြည်ခါမျှကို အညတြေဝ သဒ္ဓါယ ပုဒ်ဖြင့်ပယ်အပ်ပြီ။ နှစ်သက်သဘောကျ အာသာဆန္ဒ အလိုရှိခါမျှကို အညတြ အရုစိယာ ပုဒ်ဖြင့် ပယ်အပ်ပြီ။ သင်အံလေ့ကျက်နှုတ်တက်ရွရွ ကြားရနာရ သုတမယ ဉာဏ်ဖြင့် ဆင်ခြင်လျှင် အသမ္မောဟသမ္ပဇဉ် အထင်အမြင်ကို အညတြအနုဿဝါ ပုဒ်ဖြင့် ဆင်ခြင်လျှင် အသမ္မောဟသမ္ပဇဉ် အထင်အမြင်ကို အညတြ အာကာရ ပရိဝိတက္ကာ ပုဒ်ဖြင့် ပယ်အပ်ပြီ။ အဟုတ်အမှန် ရဟန္တာ အရှင်အမြတ်တို့၏ဉာဏ်လို ယထာဘူတ စိန္တာမယ ဉာဏ်ဖြင့် ဆင်ခြင်လျှင် အသမ္မောဟသမ္ပဇဉ် အထင်အမြင်ကို အညတြဒိဋ္ဌိနိဇ္ဈာန ခန္တိယာ ပုဒ်ဖြင့် ပယ်အပ်ပြီ။

သဒ္ဓါ, ရုစိ, အနုဿဝ, အာကာရပရိတက္က, ဒိဋ္ဌိနိဇ္ဈာန ခန္တိ ၅ လီဌာန ဆင်ခြင်သော ဉာဏ်မျှသည် ဂေါစရသမ္ပဇဉ် ဝိပဿနာ အမည်လည်း မတွင်၊ အသမ္မောဟသမ္ပဇဉ်လည်း မဟုတ်၊ ဝိပဿနာ ဝိမုတ်ဟု ယုံကြည်စွာ မှတ်ယူအပ်ပေသတည်း။

## ဂေါစရသမ္ပဇဉ်ကို ပြခြင်း

ဂေါစရသမ္ပဇည, အသမ္မောဟသမ္ပဇည ၂ ပါးတို့တွင် အသမ္မောဟသမ္ပဇညသည် ဂေါစရသမ္ပဇည၏ တဘက်ကမ်းသို့ရောက် နောက်မှ ဖြစ်၏။ ဂေါစရသမ္ပဇညသည် ရှေးဦးစွာဖြစ်၏။ ဂေါစရသမ္ပဇညသည်လည်း ရုပ်ကိုပိုင်းခြားသောဉာဏ်, နာမ်ကိုပိုင်းခြားသော ဉာဏ်အားဖြင့် ၂ ပါးအပြားရှိ၏။ ထို ၂ ပါးတို့တွင် ရုပ်ကိုပိုင်းခြားသောဉာဏ်သည် ရှေးဦးစွာဖြစ်၏။ နာမ်ကို ပိုင်းခြားသောဉာဏ်သည် နောက်မှဖြစ်၏။

ရုပ်ကိုပိုင်းခြားသောဉာဏ်သည်လည်း ခဏကာလအားဖြင့် ရုပ်ကိုပိုင်းခြားသောဉာဏ်, သန္တတိ ကာလအားဖြင့် နာမ်ကိုပိုင်းခြားသော ဉာဏ်အားဖြင့် ၂ ပါးအပြားရှိ၏။ နာမ်ကိုပိုင်းခြားသောဉာဏ်သည် သန္တတိ ကာလအားဖြင့် ပိုင်းခြားသောဉာဏ် ၁ ပါးသာရှိ၏။ ဖြစ်ဆဲဖြစ်သော နာမ်ရုပ်သည် ခဏကာလမည်၏။ ဖြစ်ပြီး၍ တစီထိ, ၂စီထိ, ၃စီထိ လွန်သောနာမ်ရုပ်သည် သန္တတိ

ကာလမည်၏။ ထိုခဏ ကာလ, သန္တတိ ကာလ ၂ ပါးတို့တွင် တဝီထိ၏ အတွင်း၌ ဖြစ်သောရုပ်ကို တဝီထိ၏အတွင်းဖြစ်သော ပဋ္ဌမဝီထိ ဇောကာလဖြင့် ပိုင်းခြားခြင်းသည် ခဏကာလအားဖြင့် ရုပ်ကို ပိုင်းခြားသည်မည်၏။

ဣန္ဒြိယသံဝရနှင့် အာရမ္မဏပုရေဇာတ, ဝတ္ထာရမ္မဏပုရေဇာတကို၍။

ဖြစ်ပြီး၍ တဝီထိလွန် ၂ ဝီထိလွန်သောရုပ်ကို ဒုတိယဝီထိ ဇောကာလ, တတိယဝီထိ ဇောကာလဖြင့် ပိုင်းခြားခြင်းသည် သန္တတိကာလဖြင့် ရုပ်ကို ပိုင်းခြားသည်မည်၏။ ပဋ္ဌမဝီထိ ဇောကာလဖြင့် ရုပ်ကိုပိုင်းခြား, ဒုတိယဝီထိ ဇောကာလဖြင့် ရုပ်ကိုပိုင်းခြား, တတိယဝီထိ ဇောကာလဖြင့် ရုပ်ကိုပိုင်းခြားသောစိတ်ကို စတုတ္ထ ဇောကာလဖြင့် ပိုင်းခြားခြင်းသည် သန္တတိကာလဖြင့်နာမ်ကို ပိုင်းခြားသည်မည်၏။ အရမ်းမဲ့ ကောင်းကင်လက်ဝှေ့သတ်သင်သလို မှတ်ချင်တိုင်း မှတ်ရသည် မဟုတ်ချေ။

မှတ်ချင်တိုင်း မှတ်ခဲ့ချေသော် ပထဝီစ ဒူရေ၊ နဘံစ ဒူရေ၊ ကောင်းကင်နှင့်မြေကြီး ဝေးကြီးဝေးသလို ဝေးမည်။ ထို့ကြောင့် ဖြစ်ဆဲ ဖြစ်ဆဲသော ပစ္စုပ္ပန် နာမ်ရုပ်ကို သိမှတ်ပိုင်းခြား အားမထုတ်ဘဲ နာမ်ရုပ်တို့၏လက္ခဏ,ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ကို သင်အံလေ့ကျက် တွေးတောကြံဆ အမည်နာမ သရုပ်သင်္ချာ ဝိပဿနာဉာဏ်မှာ ထင်လာအောင် မှတ်ချင်တိုင်း သိမှတ်ပိုင်းခြား အားထုတ်ရမည်ဟု ပါဠိ အဋ္ဌကထာ ဋီကာတို့၌ တစိုးတစိမျှ မဆိုချေ။ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်,ပစ္စုပ္ပန်လက္ခဏာ အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ဖြစ်ဆဲပစ္စုပ္ပန်နာမ်ရုပ်ကိုသာ ရည်တော်မူ၍ ဖြစ်ဆဲ ဖြစ်ဆဲသော ရုပ်ခဏ, နာမ်ခဏကာလကို သိမှတ်ပိုင်းခြား အားထုတ်ရမည် ဆိုချေသည်။

ဖြစ်ဆဲ ရုပ်ခဏသည် ဆတ်ဆတ်မုချ ပရမတ္ထအားဖြင့် ရုပ္ပနလက္ခဏာ မည်၏။ ပစ္စုပ္ပန်လက္ခဏာ အင်္ဂါ ၄ ပါးနှင့်လည်း ပြည့်စုံ၏။ ဖြစ်ဆဲ နာမ်ခဏသည် ဆတ်ဆတ်မုချ ပရမတ္ထအားဖြင့် နမနလက္ခဏာမည်၏။ ပစ္စုပ္ပန်လက္ခဏာ အင်္ဂါ ၄ပါးနှင့်လည်း ပြည့်စုံ၏။ ဖြစ်ဆဲ ရုပ်ခဏ, နာမ်ခဏကို မိဿကအားဖြင့် ထိုက်သည်အားလျော်စွာ သိမှတ်ပိုင်းခြားရာဌာန ကာလဖြင့် သိမှတ်ပိုင်းခြားမှုသာလျှင် ရှေ့ကပျက်သော ရုပ်နာမ်အစဉ်, နောက်ကဖြစ်သော ရုပ်နာမ်အစဉ် မရောယှက်သည်ဖြစ်၍ ရှေ့ကပျက်သောရုပ်နာမ် အစဉ်လည်း တခြားပင် ထင်သည်။ နောက်ကဖြစ်သော ရုပ်နာမ် အစဉ်လည်း တခြားပင်ထင်သည်။ ထင်အောင် ရှေ့ကပျက်သော ရုပ်နာမ်အစဉ်နှင့် နောက်ကဖြစ်သော ရုပ်နာမ်အစဉ် မရောယှက်သော ခဏကာလခြားပုံမှာ—

သွားသောခဏ သွား သွားတယ်, သွားတယ်မှတ် မှတ်တယ်ဟု သိမှတ်ပိုင်းခြားသောဉာဏ်ဖြင့် မသွားမီက ရုပ်အစဉ်, သွားသောရုပ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ သွားသောရုပ်အစဉ်, သွားတယ်မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ သွား သွားတယ် မှတ်သော စိတ်အစဉ် သွားတယ်မှတ် မှတ်တယ် မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။

သိမှတ်ပိုင်းခြားသောဉာဏ်မှာ ဝိညာဏ်၏ အာရုံထင်သောအတိုင်း ရုပ်သက်သက်, နာမ်သက်သက်မျှသာထင်၏။ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ မထင်။

ရုပ်သောခဏ, ထိုင်သောခဏ, အိပ်သောခဏ, ဘယ်လှမ်းသော ခဏ, ညာလှမ်းသောခဏ တလှမ်း တလှမ်း၌ကြွသောခဏ, ဆောင်သောခဏ, ရှောင်သောခဏ, လှုတ်သောခဏ, ချသောခဏ, နင်းသောခဏ, ရှေ့ကြည့်သောခဏ, နောက်ကြည့်သောခဏ, လကျ်ာဘေးကြည့်သောခဏ, လက်ဝဲဘေး ကြည့်သောခဏ, အောက်ကြည့်သောခဏ, အထက်ကြည့်သောခဏ, ကွေးသောခဏ, ဆန့်သောခဏ ကိုင်သောခဏ, ယူသောခဏ, စားသောခဏ, သောက်သောခဏ ခဲသောခဏ, လျက်သောခဏ, ကျင်ကြီးစွန့်သောခဏ, ကျင်ငယ်စွန့်သောခဏ, အိပ်သောခဏ, နိုးသောခဏ, ပြောသောခဏ, ဆိတ်ဆိတ်နေသောခဏ ဆိတ်ဆိတ်နေ နေတယ် နေတယ်မှတ် မှတ်တယ်ဟု သိမှတ်ပိုင်းခြားသော ဉာဏ်ဖြင့် ဆိတ်ဆိတ်မနေမီက ရုပ်အစဉ်, ဆိတ်ဆိတ်နေသော ရုပ်အစဉ် ကိုလေသာနှင့် မစပ် ပြတ်သောအပိုင်းအခြားထင်၏။

ဆိတ်ဆိတ် နေသော ရုပ်အစဉ် နေတယ်မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ ဆိတ်ဆိတ်နေ နေတယ် မှတ်သော စိတ်အစဉ် နေတယ်မှတ် မှတ်တယ် မှတ်သောစိတ်အစဉ် ကိလေသာနှင့် မစပ် ပြတ်သောအပိုင်းအခြားထင်၏။ သိမှတ်ပိုင်းခြားသောဉာဏ်မှာ ဝိညာဉ်၏အာရုံထင်သောအတိုင်း ရုပ်သက်သက် နာမ်သက်သက်မျှသာ ထင်၏။ ကိလေသာ၏ အာရုံ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား မိန်းမ မထင်။

## ခေတ်ကြီး ၄ပါးနှင့် ကိလေသာမစပ်ပုံ ပြခြင်း

ပထဝီ ကက္ခဋလက္ခဏာ ထင်ပုံမှာ ချသောခဏ, နင်းသောခဏ, နှိပ်သောခဏ,ဖိသောခဏ, စူးသောခဏ,ရှသောခဏ,တိုက်သောခဏ, ထိသောခဏ ထိ ထိ

တယ်, ထိတယ်မှတ် မှတ်တယ်ဟု သိမှတ်ပိုင်းခြားသော ဉာဏ်ဖြင့် မထိမီက ရုပ်အစဉ်, ထိသောရုပ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ ထိသော ရုပ်အစဉ်, ထိတယ်မှတ်သောစိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ ထိ ထိတယ်မှတ်သော စိတ်အစဉ်, ထိတယ်မှတ် မှတ်တယ်မှတ်သောစိတ်အစဉ်ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။သိမှတ်ပိုင်းခြားသောဉာဏ်မှာ ဉာဏ်၏ အာရုံ ထင်သောအတိုင်း ရုပ်သက်သက် နာမ်သက်သက်မျှသာထင်၏။ ကိလေသာ၏ အာရုံပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမ မထင်။

အာပေါပဂ္ဂရဏလက္ခဏာထင်ပုံမှာ ခွဲဟတ်သောခဏ, ပြည်ထွက်သောခဏ,သွေးထွက်သောခဏ,ချွေးထွက်သောခဏ, မျက်ရေထွက်သောခဏ,ဆီကြည်ထွက်သောခဏ, တံတွေးထွေးသောခဏ, နှပ်ညှစ်သောခဏ။

တေဇောဥဏှတ္တလက္ခဏာထင်ပုံမှာ ပူသောခဏ, အိုက်သောခဏ, လောင်သောခဏ,ကျက်သောခဏ၊ သီလလက္ခဏာထင်ပုံမှာ အေးသောခဏ, ချမ်းသောခဏ။

ဝါယော စလနလက္ခဏာထင်ပုံမှာ လှုပ်ရှားသော ခဏ, ရွေ့သောခဏ, ချီသောခဏ,ဆောင်သောခဏ,ရှောင်သောခဏ, သွားလာသောခဏ,ကွေးသောခဏ, ဆန့်သောခဏ,တိုးဝှေ့သောခဏ တိုးဝှေ့ တိုးဝှေ့တယ်, ဝှေ့တယ်မှတ် မှတ်တယ်ဟု သိမှတ်ပိုင်းခြားသောဉာဏ်ဖြင့် မတိုးဝှေ့မီက ရုပ်အစဉ် တိုးဝှေ့သော ရုပ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။

တိုးဝှေ့သောရုပ်အစဉ်, တိုးဝှေ့တယ်မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။ တိုးဝှေ့ ဝှေ့တယ် မှတ်သော စိတ်အစဉ်, ဝှေ့တယ်မှတ် မှတ်တယ်မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။သိမှတ်ပိုင်းခြားသောဉာဏ်မှာ ဝိညာဉ်၏အာရုံ ထင်သောအတိုင်း ရုပ်သက်သက်,နာမ်သက်သက်မျှသာထင်၏။ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမ မထင်။

ဝေဒနာ ဝေဒယိတလက္ခဏာ ထင်ပုံမှာ နာသောခဏ, ကျင်သောခဏ, ကိုက်သောခဏ, ခဲသောခဏ,အောင့်သောခဏ, အင့်သောခဏ, နင့်သောခဏ, သက်သာသောခဏ,မသက်သာသောခဏ, နှစ်သက်သောခဏ, မနှစ် သက်သောခဏ နှစ်သက် နှစ်သက်တယ်, နှစ်သက်တယ်မှတ် မှတ်တယ်ဟု သိမှတ်ပိုင်းခြားသောဉာဏ်ဖြင့် မနှစ်သက်မီက ဝေဒနာအစဉ်, နှစ်သက်သော ဝေဒနာအစဉ်

ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ နှစ်သက်သော ဝေဒနာအစဉ်,နှစ်သက်ဘယ်မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ နှစ်သက် နှစ်သက်တယ် မှတ်သောစိတ်အစဉ်, နှစ်သက်တယ်မှတ်မှတ်တယ် မှတ်သောစိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ သိမှတ်ပိုင်းခြားသောဉာဏ်မှာ ဝိညာဉ်၏အာရုံ နာမ်ရုပ် သက်သက်သာထင်၏။ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး, ယောကျ်ား, မိန်းမမထင်။

ကိလေသာနှင့် တကွ စိတ်, ကိလေသာ ကင်းသောစိတ်၊ ဝိဇာနနလက္ခဏာထင်ပုံမှာ သရာဂစိတ် တပ်မက်သောခဏ,ဝီတရာဂစိတ် မတပ်မက်သောခဏ, သဒေါသစိတ် စိတ်ဆိုးသောခဏ, ဝီတဒေါသစိတ် စိတ်မဆိုးသောခဏ, သမောဟစိတ် မသိသောခဏ, ဝီတမောဟစိတ် သိသောခဏ, သံခိတ္တစိတ် အားမထုတ်ဝံ့ တွန့်သောခဏ, ဝိက္ခိတ္တစိတ် ပျံ့လွင့်သောခဏ, သမာဟိတစိတ် တည်ကြည်သောခဏ, အသမာဟိတစိတ် မတည်ကြည်သောခဏ, ဝိမုတ္တစိတ် ကိလေသာမှလွတ်သောခဏ, အဝိမုတ္တစိတ် ကိလေသာမှ မလွတ်သောခဏ, ကိလေသာမှလွတ်သောခဏ လွတ် လွတ်တယ်, လွတ်တယ်မှတ် မှတ်တယ်ဟု သိမှတ် ပိုင်းခြားသော ဉာဏ်ဖြင့် မလွတ်မီက စိတ်အစဉ်, လွတ်သောစိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။

လွတ်သော စိတ်အစဉ်, လွတ်တယ်မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။ လွတ် လွတ်တယ်မှတ်သော စိတ်အစဉ်, လွတ်တယ်မှတ် မှတ်တယ် မှတ်သောစိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ သိမှတ် ပိုင်းခြားသော ဉာဏ်မှာ ဝိညာဉ်၏ အာရုံ နာမ် သက်သက်မျှသာ ထင်၏။ ကိလေသာ၏ အာရုံ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ မထင်။

## အာရုံ ၆ ပါးနှင့် ကိလေသာမစပ်ပုံ ပြခြင်း

ဝိညာဉ် ၆ပါး၏ အာရုံထင်ပုံ ခဏကာလမှာ မြင်သောခဏ မြင်မြင်တယ်, မြင်တယ်မှတ် မှတ်တယ်ဟု သိမှတ် ပိုင်းခြားသော ဉာဏ်ဖြင့် မမြင်မီက ရုပ်အစဉ်, မြင်သောရုပ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ မြင်သော ရုပ်အစဉ်,မြင်တယ်မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ မြင် မြင်တယ်မှတ်သော စိတ်အစဉ်, မြင်တယ်မှတ် မှတ်တယ် မှတ်သောစိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။

ကြားသောခဏ ကြား ကြားတယ်,ကြားတယ်မှတ် မှတ်တယ်ဟု သိမှတ် ပိုင်းခြားသောဉာဏ်ဖြင့် မကြားမီက ရုပ်အစဉ်, ကြားသော ရုပ်အစဉ် ကိလေသာနှင့် မစပ် ပြတ်သော အပိုင်းအခြားထင်၏။ ကြားသော ရုပ်အစဉ်, ကြားတယ်မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။ကြား ကြားတယ်မှတ်သော စိတ်အစဉ်, ကြားတယ်မှတ် မှတ်တယ် မှတ်သော စိတ်အစဉ် ကိလေသာနှင့် မစပ် ပြတ်သောအပိုင်းအခြားထင်၏။

နံသောခဏ နံ နံတယ်, နံတယ်မှတ် မှတ်တယ်ဟု သိမှတ် ပိုင်းခြားသော ဉာဏ်ဖြင့် မနံမီက ရုပ်အစဉ်, နံသောရုပ်အစဉ် ကိလေသာနှင့် မစပ် ပြတ်သော အပိုင်းအခြားထင်၏။ နံသောရုပ်အစဉ်,နံတယ်မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏၊ နံ နံတယ်မှတ်သောစိတ်အစဉ်,နံတယ်မှတ် မှတ်တယ် မှတ်သောစိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။

စားသောခဏ စား စားတယ်, စားတယ်မှတ် မှတ်တယ်ဟု သိမှတ် ပိုင်းခြားသောဉာဏ်ဖြင့် မစားမီက ရုပ်အစဉ်,စားသောရုပ်အစဉ်ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ စားသောရုပ်အစဉ်, စားတယ်မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ စား စားတယ် မှတ်သောစိတ်အစဉ်, စားတယ်မှတ် မှတ်တယ် မှတ်သောစိတ်အစဉ် ကိလေသာနှင့် မစပ်ပြတ် သောအပိုင်းအခြား ထင်၏။

ထိသောခဏ ထိ ထိတယ်,ထိတယ်မှတ် မှတ်တယ်ဟုသိမှတ်ပိုင်းခြားသော ဉာဏ်ဖြင့် မထိမီက ရုပ်အစဉ်, ထိသောရုပ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ ထိသော ရုပ်အစဉ်, ထိတယ်မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။ ထိ ထိတယ်မှတ်သော စိတ်အစဉ်, ထိတယ်မှတ် မှတ်တယ် မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။

သိသောခဏ သိ သိတယ်, သိတယ်မှတ် မှတ်တယ်ဟု သိမှတ် ပိုင်းခြားသောဉာဏ်ဖြင့် မသိမီက ရုပ်အစဉ်, သိသောရုပ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ သိသောရုပ်အစဉ် သိတယ်မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ သိ သိတယ် မှတ်သော စိတ်အစဉ်,သိတယ်မှတ် မှတ်တယ် မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။ သိမှတ် ပိုင်းခြားသောဉာဏ်မှာ ဝိညာဉ်၏ အာရုံ

ရုပ်သက်သက်, နာမ်သက်သက်မျှသာ ထင်၏။ ကိလေသာ၏ အာရုံ ပုဂ္ဂိုလ်, သတ္တဝါ,ငါ,သူတပါး,ယောကျ်ား, မိန်းမ မထင်။

မြင်သော ရုပ်, ကြားသောရုပ်, နံသောရုပ်, စားသောရုပ်,ထိသောရုပ်, သိသောရုပ်ကို ဖြေဆိုခဲ့ပြီးသောအတိုင်း သတ္တဝါတို့၏ အမှတ်မူလသို့ လိုက်၍ မှချ,ဥပစာသင့်အောင် ယူကြပါကုန်၊အဖြစ်ကို အလွန်မရှုကြပါကုန်လင့်။

## ဝိညာဏ်နှင့်ကိလေသာ မစပ်ပုံကို ပြခြင်း

ဝိညာဏ်၏အာရုံ ရုပ်သက်သက် နာမ်သက်သက်မျှသာ ထင်၏။ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်,သတ္တဝါ,ငါ, သူတပါး,ယောကျ်ား,မိန်းမ မထင်ဆိုသော စကားရပ်၌ မြင်သောခဏ စက္ခုဝိညာဏ်မြင်၏။ ကြားသောခဏ သောတဝိညာဏ် ကြား၏။ နံသောခဏ ဃာနဝိညာဏ်နံ၏။ စားသောခဏ ဇိဝှါဝိညာဏ် စား၏။ ထိသောခဏ ကာယဝိညာဏ် ထိ၏။သိသောခဏ မနောဒွါရ ဝဇ္ဇန်းဟူသော မနောဝိညာဏ်သိ၏။ မြင်ခြင်း,ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း,သိခြင်းသည် ဝိပါက်ကြိယာစိတ်မျှသာ ဖြစ်သောကြောင့် ပုဗ္ဗင်္ဂမပဓာနအားဖြင့် ကိလေသာနှင့်မယှဉ် ဝိညာဏ်မည်၏။

မြင်သောစက္ခုဝိညာဏ်၏အာရုံ အဆင်း၊ကြားသော သောတဝိညာဏ်၏ အာရုံ အသံ၊ နံသော ဃာနဝိညာဏ်၏အာရုံ အနံ့၊ စားသော ဇိဝှါဝိညာဏ်၏ အာရုံ အရသာ၊ ထိသော ကာယဝိညာဏ်၏ အာရုံ အတွေ့၊ သိသော မနောဝိညာဏ်၏အာရုံ သဘော၊ အဆင်း,အသံ,အနံ့,အရသာ,အတွေ့,သဘောသည် ပညတ်နှင့် မရောမစပ် ပရမတ်ဆတ်ဆတ် ဖြစ်သောကြောင့် ကိလေသာနှင့် မယှဉ်၊ ဝိညာဏ်၏အာရုံ ရုပ်သက်သက် နာမ်သက်သက်မည်၏။

ဇောကာလ မှတ်သောခဏ မြင် မြင်တယ်၊ကြား ကြားတယ်၊နံ နံတယ်၊ စား စားတယ်၊ ထိ ထိတယ်၊ သိ သိတယ် မှတ်ခြင်းသည် ပညတ်နှင့် မရောမစပ် ပရမတ်ဆတ်ဆတ် ကိလေသာနှင့် မယှဉ် ဝိညာဏ်၏ အာရုံ ရုပ်သက်သက် နာမ်သက်သက်မျှသာ ထင်သောကြောင့် ကိလေသာ၏အာရုံ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး,ယောကျ်ားမိန်းမ မထင်သည် မည်၏။

ကိလေသာ အကုသိုလ် ဟူသမျှ မှချဆတ်ဆတ် ပရမတ်ပင်ဖြစ်သော်လည်း မိန်းမ,ယောကျ်ား စသည်အမှတ် ပညတ်မထင်ဘဲ မဖြစ်နိုင်ဟူ၍ မှတ်ယူသိရှိကြပါလော။

တသ္မာ တိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။ သုတေ မုတေ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။

ယတော ခေါ တေ ဗာဟိယ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။ သုတေ မုတေ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။ တတော တွံဗာဟိယ န တေန၊ ယတော တွံဗာဟိယ န တေန၊ တတော တွံဗာဟိယ န တတ္ထ၊ ယတော တွံဗာဟိယ န တတ္ထ၊ တတော တွံ ဗာဟိယ နေဝိဓ န ဟုရံ, န ဥဘယ မန္တရေန ဧသေဝန္တော ဒုက္ခဿ။

ဗာဟိယ၊ ချစ်သား ဗာဟိယ၊ ဣဟ၊ ဤငါဘုရား သာသနာတော်မြတ်၌၊ တေ တယာ၊ သင်သည်၊ ဇေ၀ံ၊ ဤသို့၊ ယသ္မာ၊ အကြင့်ကြောင့်၊ သိက္ခိတဗ္ဗံ၊ကျင့်အပ်၏။ တသ္မာ၊ ထို့ကြောင့်၊ တေ၊ သင်အား၊ ဒိဋ္ဌေ၊ မြင်ရာ၌၊ ဒိဋ္ဌမတ္တံ၊ မြင်ရုံမျှသည်၊ ဘဝိဿတိ၊ဖြစ်လတံ့။ သုတေကြားရာ၌၊သုတမတ္တံ၊ကြားရုံမျှသည်၊ မုတေ၊ နံသော,စားသော,ထိသော တွေ့ရာ၌၊ မုဘမတ္တံ၊ တွေ့ရုံမျှသည်၊ ဝိညာတေ၊သိရာ၌၊ ဝိညာတမတ္တံ၊ သိရုံမျှသည်၊ ဘဝိဿတိ၊ ဖြစ်လတံ့။ဗာဟိယ၊ ချစ်သား ဗာဟိယ၊ ယတောခေါ၊အကြင့်ကြောင့်လျှင်၊ တေ၊သင့်အား၊ဒိဋ္ဌေ၊မြင်ရာ၌၊ ဒိဋ္ဌမတ္တံ၊မြင်ရုံမျှသည်၊ ဘဝိဿတိ၊ ဖြစ်လတံ့။သုတေ၊ကြားရာ၌၊သုတမတ္တံ၊ ကြားရုံမျှသည်၊ မုတေ၊နံသော,စားသော,ထိသော တွေ့ရာ၌၊မုတမတ္တံ၊ တွေ့ရုံမျှသည်၊ဝိညာတေ၊ သိရာ၌၊ ဝိညာတမတ္တံ၊ သိရုံမျှသည်၊ ဘဝိဿတိ၊ ဖြစ်လတံ့။

ဗာဟိယ၊ ချစ်သား ဗာဟိယ၊ တတော၊ ထို့ကြောင့်၊ တွံ၊ သင်သည်၊ တေန၊ ထိုသို့ မြင်ရုံမျှ, ကြားရုံမျှ, နံသော, စားသော, ထိသော တွေ့ရုံမျှ သိရုံမျှဖြင့်၊ အတ္တာနံ၊ ကိုယ်ကို၊ န ပဿိဿသိ၊ မမြင်လတံ့။ ဗာဟိယ၊ ချစ်သား ဗာဟိယ၊ ယတော၊ အကြင့်ကြောင့်၊ တွံ၊ သင်သည်၊ တေန၊ ထိုသို့မြင်ရုံမျှ,ကြားရုံမျှ,နံသော,စားသော,ထိသောတွေ့ရုံမျှ သိရုံမျှဖြင့်၊အတ္တာနံ၊ကိုယ်ကို၊န ပဿိဿသိ၊ မမြင်လတံ့။ ဗာဟိယ၊ ချစ်သား ဗာဟိယ၊ တတော၊ ထို့ကြောင့်၊ တွံ၊ သင်သည်၊ တတ္ထ၊ ထိုမြင်ရာ, ကြားရာ, နံသော, စားသော, ထိသော တွေ့ရာ သိရာ၌၊ အတ္တာနံ၊ ကိုယ်ကို၊ န ပဿိဿသိ၊ မမြင်လတံ့။ ဗာဟိယ၊ ချစ်သား ဗာဟိယ၊ ယတော၊ အကြင့်ကြောင့်၊ တွံ၊ သင်သည်၊ တတ္ထ၊ ထိုမြင်ရာ, ကြားရာ, နံသော, စားသော, ထိသော တွေ့ရာ သိရာ၌၊ အတ္တာနံ၊ ကိုယ်ကို၊ န ပဿိဿသိ၊ မမြင်လတံ့။ ဗာဟိယ၊ ချစ်သား ဗာဟိယ၊ တတော၊ ထို့ကြောင့်၊ တွံ၊ သင်သည်၊ ဣဓ၊ ဤမျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်, ၆ ဒွါရ၌၊ အတ္တာနံ၊ကိုယ်ကို, န ပဿိဿသိ၊ မမြင်လတံ့။ ဟုရံ၊ အဆင်း အသံ, အနံ့, အရသာ, အတွေ့, သဘော အာရုံ ၆ ပါး၌၊ အတ္တာနံ၊ ကိုယ်ကို၊ န ပဿိဿသိ၊ မမြင်လတံ။ ဥဘယ မန္တရေန၊ ဒွါရ,အာရုံ ၂ ပါးစုံတို့၏ အကြား စိတ် စေတသိက် နာမ်တရား၌၊ အတ္တာနံ၊ ကိုယ်ကို၊ န ပဿိဿသိ၊ မမြင်လတံ့။ ဧသေဝ ဧသော ဧဝ အနတ္တာ၊

ဤသို့သော ပညတ်သဘော သင်မမြင်သော ကိုယ်သည်ပင်လျှင်၊ဒုက္ခသာ၊ သင်ဟု သမုတ် ဝဋ္ဋဒုက္ခ၏၊ အန္တော၊ အဆုံးအပြီး နိဗ္ဗာန်ကြီးပင်တည်း။

"အတ္တာနံ န ပဿတီတိ အနတ္တာ" ပြု၊ ယော သော-ကား နိဗ္ဗာန်စွဲ။ ယော အန္တော အကြင် အဆုံးအပြီး နိဗ္ဗာန် ကြီးသည်၊ အတ္တာနံ၊ ကိုယ်ကို၊ န ပဿတိ၊ မိမိလည်းမမြင်တတ်, သူ့ကိုလည်းမမြင်စေတတ်။ ဣတိ၊ ထို့ကြောင့် သော အန္တော၊ ထိုအဆုံးအပြီး နိဗ္ဗာန်ကြီးသည်၊ အနတ္တာ၊ အနတ္တ မည်၏။

အတ္တ၏ အရကား ရှိသဖြင့် မချုပ်,ဖြစ်သဖြင့် မချုပ်သော ကိလေသာ အနုသယ, ပရိယုဋ္ဌာန် ဘဝတဖန် ခန္ဓာနာမ်ရုပ် တရားကိုယ်တည်း။ အနတ္တ၏ အရကား မရှိသဖြင့် ချုပ်, မဖြစ်သဖြင့် ချုပ်သော ကိလေသာ အနုသယ ပရိယုဋ္ဌာန် ဘဝတဖန် ခန္ဓာနာမ်ရုပ် တရားကိုယ်တည်း။ ထို့ကြောင့် အတ္တ၏ အနက်မြန်မာ ကိုယ် ဟု ယသတ်ပြန်ဆိုမှ သင့်မည်။ အဘယ့်ကြောင့်နည်း။ ဤဗာဟိယသုတ်ကို ကြားနာရသောကာလ ဝိပဿနာနှင့်တကွ အစဉ်အတိုင်း ၄ပါးသောမဂ်ဖြင့် ကိုယ်ကိုမမြင် အနတ္တထင်သဖြင့် ဗာဟိယ ဒါရုစီရိယ မထေရ် နိဗ္ဗာန်ကို မြင်သောကြောင့် ဟူပေသတည်း။

ဤဗာဟိယသုတ်ဖြင့် အစပင် ဖြစ် သော်လည်း ဝိပဿနာ မှန် လျှင် ဝိညာဏ်၏အာရုံမျှသာ ထင်ပုံ ကိလေသာ၏အာရုံမထင်ပုံ၊ ကိလေသာ၏အာရုံ မထင်လျှင်လည်း တဒင် တဒင် ကိလေသာ ချုပ်ပုံ၊ ကိလေသာချုပ်လျှင်လည်း တဒင် တဒင် ဘဝတဖန် ခန္ဓာနာမ်ရုပ် ချုပ်ပုံ၊ နောက် ဉာဏ် အ ဆင့် ဆင့် မြင်သဖြင့် ကိလေသာ ဘဝတဖန် ခန္ဓာနာမ်ရုပ် ချုပ်လျှင်လည်း တဒင် တဒင် ဉာဏ်ဖြင့် ထင်ထင် ကိုယ်ကို မမြင်ပုံ၊ ကိုယ်ကို မမြင်လျှင်လည်း တဒင် တဒင် အနတ္တထင်ပုံ၊ အနတ္တထင်လျှင်လည်း တဒင် တဒင် နိဗ္ဗာန်ကိုမြင်ပုံ အလုံးစုံကို အကုန်မကြွင်း အကျဉ်းအားဖြင့် သိမှတ်၍ မြဲမြံစွာ မှတ်ယူအပ်လှပေသတည်း။

## ဝိပဿနာမှန်လျှင် ဝိညာဏ်၏အာရုံသာ ထင်ပုံကို ပြခြင်း

မဂ်ဖြင့် အနုသယ,ပရိယုဋ္ဌာန် ဘဝတဖန် ခန္ဓာနာမ်ရုပ် အကြွင်းမဲ့ ချုပ်သော နိဗ္ဗာန်ကို နောက်မှ အကျယ်ဆိုလတံ့။

အစပင်ဖြစ်သော်လည်း ဝိပဿနာမှန်လျှင် ဝိညာဏ်၏အာရုံမျှသာထင်ပုံ ကိလေသာ၏အာရုံ မထင်ပုံဆိုသော စကားရပ်၌ ဝိပဿနာမှန်လျှင် ဝိညာဏ်၏ အာရုံသာထင်၏၊ ကိလေသာ၏အာရုံ မထင်။ ဝိပဿနာမမှန်လျှင် ကိလေသာ၏ အာရုံသာ ထင်၏၊ ဝိညာဏ်၏ အာရုံ မထင်။ ဝိညာဏ်ဖြင့် သိသော ခဏ ဘယ် ပုဂ္ဂိုလ်မျိုးမဆို ဝိညာဏ်၏ အာရုံတူ မျှကြ၏။ ဇောကာလ မှတ်သော ခဏ

မတူမျှကြ။ သွားသောခဏ ခွေး မြေခွေး အစရှိသော အန္ဓဗာလ ပုထုဇဉ်တို့သည်လည်း သွားသောရုပ်သက်သက်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းဟူသော မနောဝိညာဏ်ဖြင့် သွား သွားတယ်ဟု သိကြကုန်၏။ ဇောကာလ မှတ်သောခဏ ကိလေသာ၏အာရုံဖြစ်သော သွားသောသတ္တဝါကို အာရုံပြု၍ ငါသွား, ငါသွားတယ်ဟု မှတ်ကြကုန်၏။ မှတ်သောအတိုင်းလည်း ပြောဆိုကြကုန်၏။ ဝိညာဏ်၏အာရုံ မထင်ကြကုန်။

သွားသောခဏ ယောဂီပုဂ္ဂိုလ်တို့သည်လည်း သွားသောရုပ်သက်သက်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းဟူသော မနောဝိညာဏ်ဖြင့် သွား သွားတယ်ဟု သိကြကုန်၏။ ဇောကာလ မှတ်သောခဏလည်း ဝိညာဏ်၏ အာရုံ ဖြစ်သော သွားသော ရုပ်သက်သက်ကိုပင် အာရုံပြု၍ သွား သွားတယ် ဟူ၍ပင် မှတ်ကြကုန်၏။ မှတ်သောအတိုင်းသာ ပြောဆိုကြကုန်၏။ ကိလေသာ၏အာရုံ မထင်ကုန်။ ထို့ကြောင့် အစပင် ဖြစ်သော်လည်း ဝိပဿနာ မှန်လျှင် ဝိညာဏ်၏ အာရုံမျှသာ ထင်ပုံ၊ ကိလေသာ၏အာရုံမထင်ပုံဟုဆိုသည်။ ဤနိဒဿန နည်းဖြင့် ဖြေဆိုပုံကိုမှတ်၍ ဖြေဆိုရန် အလုံးစုံကို အကုန်သိမ်းကြုံး၍ ပြီးဆုံးအောင် သိသင့်လှပေပြီ။

လက္ခဏာသည် သဘာဝလက္ခဏာ, သင်္ခတ လက္ခဏာ, သာမည လက္ခဏာ အားဖြင့် ၃ ပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် ဖြစ်ဆဲသော နာမ်ရုပ်သည် သဘာဝလက္ခဏာမည်၏။ ဖြစ်ဆဲသော နာမ်ရုပ်၏ဥပါဒ်, ဌီ, ဘင်သည် သင်္ခတ လက္ခဏာ မည်၏။ ဥပါဒ် ဌီ ဘင် သင်္ခတ လက္ခဏာ၏ မမြဲဟု မှတ်အပ်သော ဖောက်ပြန် ပျက်စီးသော အခြင်းအရာ, ဆင်းရဲဟု မှတ်အပ်သော နှိပ်စက်သော အခြင်းအရာ, အစိုးမရဟု မှတ်အပ်သော အလိုသို့မလိုက်သောအခြင်းအရာသည် သာမညလက္ခဏာ မည်၏။

သာမညလက္ခဏာ ထင်အောင် သင်္ခတလက္ခဏာကို သိမှတ် ပိုင်းခြားအပ်၏။ သင်္ခတလက္ခဏာထင်အောင် သဘာဝလက္ခဏာကို သိမှတ် ပိုင်းခြားအပ်၏။ သဘာဝလက္ခဏာထင်အောင် ဖြစ်ဆဲရုပ်နာမ်ကို သိမှတ်ပိုင်းခြားအပ်၏။ ဝိပါက်ဝိညာဏ် ကြိယာဝိညာဏ်ဖြင့် သိသောခဏ ဘယ်ပုဂ္ဂိုလ်မျိုးမဆို ဖြစ်ဆဲသော နာမ်ရုပ်ကို အာရုံပြု၍ နာမ်ကို နာမ်ဟူ၍သာ, ရုပ်ကို ရုပ်ဟူ၍သာ ဝိညာဏ်ဖြင့် သိ၏။ သိသော်လည်း ဝိပါက်ဝိညာဏ် ကြိယာဝိညာဏ် သိရုံမျှသာဖြစ်၍ နာမ်ရုပ် အပိုင်းအခြားလည်း မဖြစ်၊ ဝိပဿနာလည်း မဟုတ်။ ဝိပါက်ဝိညာဏ် ကြိယာဝိညာဏ်သည် ကိလေသာနှင့် မယှဉ်သည်ဖြစ်၍ ဝိညာဏ်မည်၏။ ဖြစ်ဆဲ

သော နာမ်ရုပ်သည် ကိလေသာ၏ အာရုံ မဟုတ်သည်ဖြစ်၍ ဝိညာဏ်၏အာရုံ မည်၏။

ဇောကာလ မှတ်သောခဏ ဝိပဿနာကို အားမထုတ်နိုင်သော ခွေး မြေခွေး အစရှိသော အန္ဓဗာလပုထုဇဉ်သည် ကိလေသာ၏ အာရုံ ဖြစ်သော သတ္တဝါကိုသာ အာရုံပြု၍ ဖြစ်ဆဲသောနာမ်ရုပ်ကိုပင် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမဟု ထင်မှတ်၏။ ဝိညာဏ်၏ အာရုံလည်း မထင်၊ နာမ်ရုပ် အပိုင်းအခြားလည်း မဖြစ်၊ ဝိပဿနာလည်း မဟုတ်။

ဇောကာလ မှတ်သောခဏ ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ဝိညာဏ်၏အာရုံဖြစ်သော ဖြစ်ဆဲသော နာမ်ရုပ်ကိုသာ အာရုံပြု၍ နာမ်ကို နာမ်ဟူ၍သာ, ရုပ်ကို ရုပ်ဟူ၍သာ သိမှတ်ပိုင်းခြား၏။ ကိလေသာ၏ အာရုံလည်း မထင်၊ နာမ် ရုပ် အပိုင်းအခြားလည်း ဖြစ်၏။ ဝိပဿနာလည်း ဟုတ်၏။

ဤသို့ ဇောကာလ မှတ်သောခဏ ဝိပဿနာလည်း မဟုတ်၊ နာမ် ရုပ် အပိုင်းအခြားလည်း မဖြစ်၊ ဝိညာဏ်၏အာရုံလည်း မထင်၊ ကိလေသာ၏အာရုံ ဖြစ်သော သတ္တဝါကိုသာ အာရုံပြု၍ ဖြစ်ဆဲသော နာမ်ရုပ်ကိုပင် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမဟု ထင်မှတ်သော ဝိပဿနာကို အားမထုတ်နိုင်သော ခွေး မြေခွေး အစရှိသော အန္ဓဗာလ ပုထုဇဉ်တို့၏ အထင် အမှတ်ကို ပယ်ရှား၍ ဇောကာလ မှတ်သောခဏ ဝိပဿနာလည်း ဟုတ်၊ နာမ်ရုပ် အပိုင်းအခြားလည်း ဖြစ်၊ ကိလေသာ၏အာရုံလည်း မထင်၊ ဝိညာဏ်၏ အာရုံ ဖြစ်သော ဖြစ်ဆဲသောနာမ်ရုပ်ကိုသာ အာရုံပြု၍ နာမ်ကို နာမ်ဟူ၍သာ, ရုပ်ကို ရုပ်ဟူ၍သာ သိမှတ်ပိုင်းခြားသော ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့၏ သိမှတ်ပိုင်းခြားသော နည်းဖြင့် သိမှတ် ပိုင်းခြားပါများသော် နာမရူပ ပရိစ္ဆေဒဉာဏ် တဘက်ကမ်းသို့ရောက်၏။

ဤသို့ နာမရူပ ပရိစ္ဆေဒဉာဏ် တဘက်ကမ်းသို့ ရောက်သည် ရှိသော် မုချဆတ်ဆတ် ပရမတ်အားဖြင့် နာမ်ရုပ်မျှသာ ရှိ၏။ နာမ်ရုပ်မှတပါး ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ မရှိဟု အကြင် အခါကာလ ဆုံးဖြတ်သောဉာဏ်ဖြစ်၏။ ထိုအခါကာလ နာမရူပ ပရိစ္ဆေဒဉာဏ် တဘက်ကမ်း ရောက်၏။ နာမ်ရုပ်မျှသာ ထင်၏။ သတ္တသညာဒိဋ္ဌိကွာ၏။ နာမ် ရုပ်ကို ပိုင်းခြားသောဉာဏ် အစဉ်မပြတ် စပ်၏။ နေ့ရောညဉ့်ပါ အခါမစဲ၊ အမြဲ မပြတ်မလပ်အောင် နာမ်ရုပ်ထင်၏။ သတ္တသညာပျောက်၏။ နာမရူပပရိစ္ဆေဒ

ဉာဏ်သည် ဂေါစရသမ္မာဒိဋ္ဌိ မည်၏။ ဆုံးဖြတ်သော ဉာဏ်သည် အသမ္မောဟ သမ္မာဒိဋ္ဌိ မည်၏။

**နာမရူပ ပရိစ္ဆေဒဉာဏ် ပြီး၏။**

✳

# ပစ္စယပရိဂ္ဂဟဉာဏ်

## ဝိပဿနာ သမ္မာဒိဋ္ဌိကို ပြခြင်း

ယသ္မာ မဟာသိဝတ္ထေရဝါဒေ အနန္တရေ အနန္တရေ ဣရိယာပထေ ပဝတ္တရူပါရူပဓမ္မာနံ တတ္ထ တတ္ထေဝ နိရောဓဒဿနဝသေန သမ္မာနကာရိတာ ဂဟိတာတိ တံ သမ္မာဒိဋ္ဌိဝိပဿနာစာရဝသေန ဝေဒိတဗ္ဗံ။ တေန ဝုတ္တံ တယိဒံ မဟာသိဝတ္ထေရေန ဝုတ္တံ အသမ္မောဟဓုရံ မဟာသတိပဋ္ဌာနသုတ္တေ အဓိပ္ပေတန္တိ။

ယသ္မာ၊ အကြင့်ကြောင့်၊ မဟာသိဝတ္ထေရဝါဒေ၊ မဟာသိဝထေရ်၏ ဝါဒ၌၊ အနန္တရေ အနန္တရေ၊ အခြားမဲ့တိုင်း အခြားမဲ့တိုင်း၊ ဣရိယာပထေ၊ ဣရိယာပုထ်၌၊ ပဝတ္တရူပရူပါဓမ္မာနံ၊ ဖြစ်သော ရုပ်နာမ် တရားတို့၏၊ တတ္ထ တတ္ထေဝ၊ ထိုထို ဣရိယာပုထ်၌သာလျှင် နိရောဓဒဿနဝသေန၊ ချုပ်ပျက်သည်ကို ရှုမြင်သည်၏ အစွမ်းအားဖြင့်၊ သမ္မာနကာရိတာ၊ သမ္မာဒိဋ္ဌိကို ပြုလေ့ရှိသော ယောဂီ၏အဖြစ်ကို၊ ဂဟိတာ၊ ယူအပ်၏။ ဣတိ၊ ထို့ကြောင့်၊ တံ သမ္မာဒိဋ္ဌိံ၊ ထိုယောဂီ၏သမ္မာဒိဋ္ဌိကို၊ သမ္မာဒိဋ္ဌိဝိပဿနာစာရဝသေန၊ သမ္မာဒိဋ္ဌိဝိပဿနာ ဖြစ်သည်၏အစွမ်းအားဖြင့်၊ ဝေဒိတဗ္ဗံ၊သိအပ်၏။ တေန၊ထို့ကြောင့်၊ တယိဒံ။ပ။ အဓိပ္ပေတန္တိ၊ တယိဒံ။ပ။ အဓိပ္ပေတံ ဟူ၍၊ ဝုတ္တံ၊မိန့်ဆိုအပ်ပြီ။ မဟာသိဝတ္ထေရေန၊ မဟာသိဝထေရ်သည်၊ ဝုတ္တံ၊ မိန့်ဆိုအပ်သော၊ တယိဒံ-တံ ဣဒံသမ္မာဒိဋ္ဌိံ၊ ထိုသမ္မာဒိဋ္ဌိကို၊ မဟာသတိပဋ္ဌာနသုတ္တေ၊မဟာသတိပဋ္ဌာနသုတ်၌၊ အသမ္မောဟဓုရံ၊ အသမ္မောဟသမ္မာဒိဋ္ဌိ၏ ရှေ့ဦးဖြစ်သော ဂေါစရသမ္မာဟူ၍၊ အဓိပ္ပေတံ၊ လိုအပ်၏။

ဤသာမညဖလသုတ်၏အဖွင့် ဗုဒ္ဓမတည အဋ္ဌကထာ ဋီကာတို့၏ အလို အားဖြင့် မဟာသတိပဋ္ဌာန သုတ်၌ ဟောတော်မူအပ်သော သမ္မာဒိဋ္ဌိသည် ဝိပဿနာ သက်သက်ဖြစ်၍ သာတ္ထကသမ္မာဒိဋ္ဌိလည်း မမည်ခဲ့ချေ။ သပ္ပါယသမ္မ

ဇ္ဈလည်း မမည်ခဲ့ချေ။ အသမ္မောဟသမ္ပဇဉ်လည်း မမည်ခဲ့ချေ။ သမ္ပဇည ဝိပဿနာသက်သက်ဖြစ်၍ ဂေါစရသမ္ပဇညသာမည်ခဲ့ချေ၏။ သမ္ပဇည ဝိသေသ ဝိပဿနာ ဝိသေသကို ဆိုသဖြင့် ဝိပဿနာသည် ဂေါစရသမ္ပဇည ဝိပဿနာ သမ္ပဇညအားဖြင့် ၂ ပါးအပြားရှိ၏။ ထို ၂ ပါးတို့တွင် ဂေါစရသမ္ပဇညသည် နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ဖြစ်၏။ ဝိပဿနာ သမ္ပဇညသည် ပစ္စယပရိဂ္ဂဟဉာဏ်မှ စ၍ ဖြစ်၏။ ထိုဉာဏ် ၂ပါးတို့တွင် နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းဆင်ခြင်သော ဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်မည်၏။

## နာမ်၏အကြောင်း ရုပ်ထင်ပုံကို ပြခြင်း

ဤပစ္စယ ပရိဂ္ဂဟဉာဏ်ကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် တဘက်ကမ်းရောက်သော နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် သိမှတ်ပိုင်းခြားအပ်သော ဖြစ်ဆဲသော ပစ္စုပ္ပန် နာမ်ရုပ်ကို လွှတ်၍ သက်သက်နာမ်ရုပ်၏ အကြောင်းမျှကိုသာ သိမ်းဆည်းဆင်ခြင်သော ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်ရမည် မဟုတ်ချေ။ တဘက်ကမ်း ရောက်သော နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ဖြစ်ဆဲသောပစ္စုပ္ပန် နာမ်ရုပ်ကို သိမှတ်ပိုင်းခြားပါများ၍ သိမှတ်ပိုင်းခြားအပ်သော ဖြစ်ဆဲသောပစ္စုပ္ပန် နာမ်ရုပ်၏အကြောင်းကို အကြင်အခါကာလ ဉာဏ်တဆင့်တက်၍ သိမှတ်ပိုင်းခြားနိုင်၏။ ထိုအခါ ကာလ ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည် မည်၏။

ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်ပုံမှာ သွားသောခဏ သွား သွားတယ်၊ သွားတယ်မှတ် မှတ်တယ်ဟု သွားသောခဏ သွားသောရုပ်ကို သွား သွားတယ် မှတ်သောစိတ်ဖြင့် မှတ်သောခဏ သွားတယ်မှတ်သော စိတ်ကို သွားတယ်မှတ် မှတ်သောစိတ်ဖြင့် နာမ်ရုပ်အစုံကို တဘက်ကမ်းရောက် သိမှတ်ပိုင်းခြားနိုင်သော နာမရူပပရိစ္ဆေဒ ဉာဏ်သည် ဖြစ်ဖြစ်သမျှသော နာမ်ရုပ်ကို မလစ်မလပ် ဉာဏ်အစဉ် စပ်အောင် သိမှတ်ပိုင်းခြားခြင်းငှာ စွမ်းနိုင်သည်ဖြစ်၍ မသွားမီက သွားချင်သောစိတ်ကို သိမှတ်ပိုင်းခြားနိုင်၏။ သိမှတ်ပိုင်းခြားနိုင်သော ကာလမှစ၍ သွားချင်သောခဏ, သွားသောခဏ, မှတ်သောခဏ ၃ ဌာနလုံး စုံအောင် သွားချင် သွားချင်တယ်၊ သွား သွားတယ်၊ သွားတယ်မှတ် မှတ်တယ်ဟု ယောဂီ၏ဉာဏ်တွင် အမှတ်ထင်၍ သိမြင်လာလေတော့၏။

ဤနည်းဖြင့် အမှတ်ထင်ပါများ၍ နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်း ဆင်ခြင်နိုင်သည်ရှိသော် အမှတ်၏ အဆုံးအဆုံး သွားချင်သောကြောင့် သွား၏။ သွားသောကြောင့် သွား သွားတယ်မှတ်၏။ သွားတယ်မှတ်သောကြောင့် သွား

တယ်မှတ် မှတ်၏ဟု ပကတိ မိမိသဘောအထင် ကျမ်းရိုးစကားပြင် ပီပြင်အောင် နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းဆင်ခြင်သည်ဖြစ်၍ ကျမ်းဂန် သင်ဘူးသူ ယောဂီလူတို့၏ဉာဏ်တွင် နာမ်ရုပ်၏အကြောင်းထင်၏။ နာမ်ရုပ်၏ အကြောင်း ထင်သော ဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သည်မည်၏။

သွားချင်လို့ သွား၏။ သွားလို့ သွား သွားတယ် မှတ်၏။ သွားတယ်မှတ်လို့ သွားတယ်မှတ် မှတ်၏ဟု ပကတိ မိမိသဘော အထင် ကျမ်းရိုးစကားပြင် မပီမပြင် နာမ်ရုပ်၏ အကြောင်းမျှကိုသာ သိမ်းဆည်းဆင်ခြင်သည်ဖြစ်၍ ကျမ်းဂန် မသင်ဘူးသူ ယောဂီလူတို့၏ ဉာဏ်တွင် လောကီလူတို့ စကားပြင်လို နာမ်ရုပ်၏ အကြောင်းထင်၏။ နာမ်ရုပ်၏အကြောင်းထင်သော ဉာဏ်သည် ပစ္စယပရိဂ္ဂဟ ဉာဏ်သို့ ရောက်သည်ဟု မည်လေတော့၏။

ဘာပြုလို့ သွားသနည်း။ သွားချင်လို့ သွား၏။ ဘာပြုလို့ သွား သွားတယ် မှတ်သနည်း။ သွားလို့ သွား သွားတယ်မှတ်၏။ ဘာပြုလို့ သွားတယ်မှတ် မှတ်သနည်း။ သွားတယ်မှတ်လို့ သွားတယ်မှတ် မှတ်၏ဟုအမေးနှင့်အဖြေလောကီ လူတို့ စကားပြောလို နာမ်ရုပ်၏အကြောင်းကို ဆင်ခြင်၏ဆိုသည်။ ကျမ်းဂန်မသင်ဘူးသူ လူထူ လူပြိန်းပင်ဖြစ်သော်လည်း ယောဂီမှန်လျှင် ဤနည်းဖြင့်နာမ်ရုပ်၏ အကြောင်းကို ပကတိ မိမိသဘောအထင် လောကီလူတို့ စကားပြင်လို ဆင်ခြင်နိုင်၏။ ဆင်ခြင်နိုင်သောကြောင့်ပင်လျှင် ကျမ်းဂန်မသင်ဘူးသူ လူထူလူပြိန်းပင် ဖြစ်သော်လည်း မဂ်ဖိုလ်ကိုရ၏။ မဂ်ဖိုလ်ကို ရသောကြောင့်ပင်လျှင် သဘောဟုတ် လောကုတ္တရာ ဆိုသောစကား အမှန်သာဖြစ်၏။

ပြန်ချင်သောခဏ, ပြန်သောခဏ, မှတ်သောခဏ ပြန်ချင် ပြန်ချင်တယ်၊ ပြန် ပြန်တယ်၊ ပြန်တယ်မှတ် မှတ်တယ်။ ပြန်ချင်သောကြောင့် ပြန်၏။ ပြန်သောကြောင့် ပြန် ပြန်တယ်မှတ်၏။ ပြန်တယ်မှတ်သောကြောင့် ပြန်တယ်မှတ် မှတ်၏။

လှမ်းချင်သောခဏ, လှမ်းသောခဏ, မှတ်သောခဏ လှမ်းချင် လှမ်းချင်တယ်၊ လှမ်း လှမ်းတယ်၊ လှမ်းတယ်မှတ် မှတ်တယ်။ လှမ်းချင်သောကြောင့်လှမ်း၏။ လှမ်းသောကြောင့် လှမ်း လှမ်းတယ်မှတ်၏။ လှမ်းတယ် မှတ်သောကြောင့် လှမ်း လှမ်းတယ်မှတ်၏။ လှမ်းချင်လို့ လှမ်း၏။ လှမ်းလို့ လှမ်း လှမ်းတယ်မှတ်၏။ လှမ်းတယ်မှတ်လို့ လှမ်းတယ်မှတ် မှတ်၏။

ကြည့်ချင်သောခဏ, ကြည့်သောခဏ, မှတ်သောခဏ ကြည့်ချင် ကြည့်ချင်တယ်၊ ကြည့် ကြည့်ဘယ်၊ ကြည့်တယ်မှတ် မှတ်တယ်။ ကြည့်ချင်သောကြောင့် ကြည့်၏။ ကြည့်သောကြောင့် ကြည့် ကြည့်တယ်မှတ်၏။ ကြည့်တယ်

မှတ်သောကြောင့် ကြည့်တယ်မှတ် မှတ်၏။ ကြည့်ချင်လို့ကြည့်၏။ ကြည့်လို့ကြည့် ကြည့်တယ်မှတ်၏၊ ကြည့်တယ်မှတ်လို့ ကြည့်တယ်မှတ် မှတ်၏။

ကွေးချင်သောခဏ, ကွေးသောခဏ, မှတ်သောခဏ ကွေးချင် ကွေးချင်တယ်၊ ကွေး ကွေးတယ်၊ ကွေးတယ်မှတ် မှတ်တယ်။ ကွေးချင်သောကြောင့် ကွေး၏။ ကွေးသောကြောင့် ကွေး ကွေးတယ်မှတ်၏။ ကွေးတယ်မှတ်သောကြောင့် ကွေးတယ်မှတ် မှတ်၏။ ကွေးချင်လို့ကွေး၏။ ကွေးလို့ ကွေး ကွေးတယ် မှတ်၏။ ကွေးတယ်မှတ်လို့ ကွေးတယ် မှတ် မှတ်၏။

(ဆိတ်ဆိတ်နေသည့်တိုင်အောင် သွားလေ။)

မြင်သောခဏ, မှတ်သောခဏ မြင် မြင်တယ်၊ မြင်တယ်မှတ် မှတ်တယ်၊ မျက်စိကြည်လင် အဆင်းထင်လို့ မြင်တယ်။ ကြားသောခဏ, မှတ်သောခဏ ကြား ကြားတယ်၊ ကြားတယ်မှတ် မှတ်တယ်၊ နားကြည်လင် အသံထင်လို့ ကြားတယ်။ နံသောခဏ, မှတ်သောခဏ နံ နံတယ်၊ နံတယ်မှတ် မှတ်တယ်၊ နှာခေါင်း ကြည်လင် အနံ့ထင်လို့ နံတယ်။ စားသောခဏ, မှတ်သောခဏ စား စားတယ်၊ စားတယ်မှတ် မှတ်တယ်၊ လျှာကြည်လင် အရသာထင်လို့ စားတယ်။ ထိသောခဏ, မှတ်သောခဏ ထိ ထိတယ်၊ ထိတယ်မှတ် မှတ်တယ်၊ ကိုယ်ကြည်လင် အတွေ့ထင်လို့ ထိတယ်။ သိသောခဏ, မှတ်သောခဏ သိ သိတယ်၊ သိတယ်မှတ် မှတ်တယ်၊ စိတ်ကြည်လင် သဘောထင်လို့ သိတယ်။

## ဃနကွဲပုံ မကွဲပုံကို ပြခြင်း

ဘဝခန္ဓာ နာမ်ရုပ်ကို မသိခြင်းသည် အဝိဇ္ဇာ မည်၏။ အားထုတ်ခြင်းသည် သင်္ခါရမည်၏။ တပ်မက် တောင့်တခြင်းသည် တဏှာမည်၏။ စွဲလမ်းခြင်းသည် ဥပါဒါန်မည်၏။ ပြုခြင်းသည် ကံမည်၏။ ဣဋ္ဌ အနိဋ္ဌ ဖြစ်သော အဆင်း, အသံ, အနံ့, အရသာ, အတွေ့, သဘော အဇ္ဈတ္တ ဗဟိဒ္ဓ ဖြစ်သော ရုပ်အာရုံ ၆ ပါးသည် ဇနက,ဥပထမ္ဘကဖြစ်သော ကံ,စိတ်,ဥတု,အာဟာရကြောင့်ဖြစ်၏။ ကမ္မဇရုပ်သည် ကံကြောင့်ဖြစ်၏၊ စိတ္တဇရုပ်သည် စိတ်ကြောင့်ဖြစ်၏၊ ဥတုဇရုပ်သည် ဥတုကြောင့်ဖြစ်၏။ အာဟာရဇရုပ်သည် အာဟာရကြောင့်ဖြစ်၏။

စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဝတ္ထု, ဘာဝ, ဇီဝိတ, မျက်စိ, နား, နှာ, လျှာ, ကိုယ်,နှလုံး, မိန်းမ, ယောကျ်ားတို့၏ အသွင်အပြင် အမူအရာ၊ အသက် အဆက်ဆက် ပွားတိုးစေခြင်းအကျိုးငှာ ဆံပင်အစ ကျင်ငယ်အဆုံးရှိသော ကောဋ္ဌာသမျိုး ပွားတိုးစေခြင်းအကျိုးငှာ ဘောဇဉ်အစာ အာဟာရကို

စားသောက်ကြ၏ဟု ပကတိ မိမိသဘောအားဖြင့် ကြီးငယ် မဟူ ရဟန်း ရှင်လူ ခပ်သိမ်းသောသူတို့သည် သိလည်းသိကြ၏။ ဟုတ်မှန်စွာ သိသဖြင့် ဖြောင့်မတ်သောအယူကိုလည်း ယူကြ၏။

ယခုအခါ သာသနာတော်တွင်း၌ ဖြစ်ကြကုန်သော ကြီးငယ်မဟူ ရဟန်း ရှင်လူ ခပ်သိမ်းသော သူတို့သည် ဒိဋ္ဌမျက်မှောက် ဝိပဿနာဉာဏ်ဖြင့် အထင် အမြင် မရောက်သေးသော်လည်း ကြားနာဘူးသော ဗဟုသုတ သုတမယဉာဏ်, သဘောသကန် အဟုတ်အမှန်ကြားဘူးသော စိန္တာမယဉာဏ် အရင်းခံသဖြင့် အယူကို ဖြောင့်မတ်စွာပြုတတ်သော ဒိဋ္ဌိဇုကမ္မ ပုညကြိယာဝတ္ထုနှင့် ပြည့်စုံကြကုန်သည်ဖြစ်၍ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဝတ္ထု, ဘာဝဒသက ကလာပ်အားဖြင့် ၇ ပါး၊ သချပ်အားဖြင့် ၇၀ ကမ္မဇရုပ် စေတသိက် ယှဉ်နှင့်တကွ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်, ဝိညာဏ် ၆ ပါး၊ ဝိပါက် ကမ္မဇနာမ် ဤရုပ်နာမ် ၂ ပါးသည် ယခုဘဝ ခဏခဏဖြစ်သည်ရှိသော် ရှေးရှေးသော ကာလ ဘဝက အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံကြောင့် ဖြစ်၏ဟု သိလည်း သိကြကုန်၏။ ဟုတ်မှန်စွာ သိသဖြင့် ဖြောင့်မတ်သောအယူကို ယူကြကုန်၏။ စေတသိက် ယှဉ်နှင့်တကွ ဝီထိစိတ် ဝိညာဏ်နာမ်သည် ဒွါရ, အာရုံကြောင့် ဖြစ်၏ဟု သိလည်း သိကြကုန်၏။ ဟုတ်မှန်စွာသိသဖြင့် ဖြောင့်မတ်သော အယူကိုလည်း ယူကြကုန်၏။

ဖြောင့်မတ်သောအယူကို ယူမိကြသည်ဖြစ်၍ သုတမယဉာဏ်, စိန္တာမယဉာဏ်ဖြင့် ယခုဘဝ ခဏခဏဖြစ်သော ခန္ဓာနာမ်ရုပ်ကို အကြောင်းနှင့်တကွ သိကြပါ၏ဆိုသော်လည်း စိန္တာမယဉာဏ်, သုတမယဉာဏ်ဖြင့် သိခြင်းသည် ဝိနိဗ္ဗောဂမဖြစ်၊ အဝိနိဗ္ဗောဂသာဖြစ်၍ နာမ်ရုပ်အပိုင်းအခြားမျှမဖြစ်ချေ။ နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းဆင်ခြင်နိုင်ရန်မှာ ဆိုရာမရှိ၊ အလွန်ပင် ဝေးကွာဘိ၏။

ဝိနိဗ္ဗောဂ, အဝိနိဗ္ဗောဂ ၂ ပါးတို့တွင် အဝိနိဗ္ဗောဂသည် သန္တတိဃန အဝိနိဗ္ဗောဂ, သမူဟဃန အဝိနိဗ္ဗောဂ, ကိစ္စဃန အဝိနိဗ္ဗောဂ, အာရမ္မဏဃန အဝိနိဗ္ဗောဂအားဖြင့် ၄ ပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် တဝီထိစီ ရှေးကဖြစ်သော ဒွါရအာရုံ ဝီထိစိတ်ဝိညာဏ် နာမ်ရုပ်တရားတို့နှင့် မကွဲမပြား မခြားမပြတ် အသိဖြင့် မမှတ်ဘဲ တပေါင်းတည်း ရှေ့နောက် နာမ်ရုပ်အစဉ် ရောစပ်ခြင်းသည် သန္တတိဃန အဝိနိဗ္ဗောဂမည်၏။

တပေါင်းတည်း ရှေ့နောက် နာမ်ရုပ်အစဉ် ရောစပ်သောကြောင့်ပင်လျှင် မျက်စိတဆုံး အကုန်သိမ်းကျုံး၍ ကြည့်သော်လည်း တပြိုင်နက် တပေါင်းတည်း

တကြိမ်တခါတည်း မြင်သည်ထင်၏၊ တဝီထိတည်း ဖြစ်သော ဒွါရ, အာရုံ ရုပ်တရားတို့၏ ဝီထိစိတ်ဝိညာဏ် နာမ်တရားတို့နှင့် မကွဲမပြား မခြားမပြတ် အသိဖြင့် မမှတ်ဘဲ တပေါင်းတည်း နာမ်ရုပ်အပေါင်းရောစပ်ခြင်းသည် သမူဟဃန အဝိနိဗ္ဘောဂမည်၏။

တပေါင်းတည်းနာမ်ရုပ်အပေါင်းရောစပ်သောကြောင့်ပင်လျှင်မြင်သော ခဏ မြင် မြင်တယ်၊ မြင်တယ်မှတ် မှတ်တယ်၊ မျက်စိဖြင့် အဆင်းကို မြင်တယ် စသည်ဖြင့် မြင်တာတခြား, မှတ်တာတခြား, မျက်စိတခြား, အဆင်းတခြား, မြင်တဲ့ဝီထိစိတ် ဝိညာဏ်နာမ်တခြား၊ ဤသို့သော နာမ်အပိုင်းအခြား ရုပ်အပိုင်း အခြားမထင်ချေ။ ရုပ်ကလာပ်ပေါင်း, နာမ်ကလပ်ပေါင်း တပေါင်းတည်း ရောစပ်လေ၏။ ယခုဖြစ်သော ဝီထိစိတ်နှင့်တူသော ရှေ့ကဖြစ်သောဝီထိစိတ်တို့၏ ယခု နောက်ကဖြစ်သော ဝီထိစိတ် ကိစ္စအထူးတို့နှင့် မကွဲမပြား မခြားမပြတ် အသိဖြင့်မမှတ်ဘဲ တပေါင်းတည်း ကိစ္စရှေ့နောက် ရောစပ်ခြင်းသည် ကိစ္စဃန အဝိနိဗ္ဘောဂမည်၏။

တပေါင်းတည်း ကိစ္စရှေ့နောက် ရောစပ်သောကြောင့်ပင်လျှင် ရှေ့က ကြားဘူးတာနှင့် ယခုကြားဘူးတာ မထူး အတူတူဘဲ၊ ခုတင် ခုပြော ခုဘင်ခု ကြား မထူး အတူတူဘဲဟု ကိုယ်ပါသူရော ပြောမိကြ၏။ ရှေ့က ကြားသော ကိစ္စခဏကာလနှင့် ယခုနောက်မှကြားသော ကိစ္စခဏကာလ၏ ရှိမရှိ အထူးသတိဖြင့် အမှတ်မပြု။ ကြားတိုင်းကြားတိုင်း ကြားကြားတယ်, ကြားကြားတယ်ဟု ဝိပဿနာပညာဖြင့် ပိုင်းခြားမှု မထင်ချေ။ ကြားသောကိစ္စ ရှေ့နောက် ရောစပ် ကြလေ၏။ ယခုပြုသော အာရုံနှင့် တူသော ရှေ့ကပြုသော အာရုံတို့၏ ယခု နောက်ကပြုသော အာရုံအထူးတို့နှင့် မကွဲမပြား မခြားမပြတ် အသိဖြင့် မမှတ် ဘဲ တပေါင်းတည်း ရှေ့နောက်အာရုံ ရောစပ်ခြင်းသည် အာရမ္မဏဃန အဝိ နိဗ္ဘောဂ မည်၏။

တပေါင်းတည်း ရှေ့နောက် ရောစပ်သောကြောင့် ပင်လျှင် ရှည်ကြာ အောင်မြည်သော အသံကို ကြားသော်လည်း တကြိမ် တခါတည်း ကြားသည် ထင်၏။ ကွေး ကွေးတယ်, ဆန့် ဆန့်တယ်ဆိုတဲ့အသိမျိုး ယခုမှသိရမည်မဟုတ်၊ မွေးစပေါက်က သိ၏ဟုဆိုကြ၏။ ရှေ့နောက်အာရုံမထူး အတူတူရောစပ်မိလေ၏။ ဤသို့သုတမယဉာဏ်, စိန္တာမယဉာဏ်ဖြင့် ယခုဘဝ ခဏခဏ ဖြစ်သော ဒွါရ, အာရုံ, ဝိညာဏ် နာမ်ရုပ်တို့ကို ရှေ့နောက် အစဉ်, အပေါင်း, ကိစ္စ အာရုံ ကွဲပြား ခြားပြတ် တပေါင်းတည်းမရောစပ်အောင် သိမှတ်ပိုင်းခြားနိုင်သည်မဟုတ်သော ကြောင့် ဝိနိဗ္ဘော ဂ မဖြစ်။

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလအားဖြင့် ဖြစ်ပြီး၊ ဖြစ်လတံ့၊ ဖြစ်ဆဲ မဟုတ်၊ ဖြစ်သင့်သော ဒွါရ၊ အာရုံ၊ ဝိညာဏ် နာမ်ရုပ်တို့၏ အမည် နာမ သရုပ် သင်္ချာ သဘောလက္ခဏာကိုသာ တွေးတော ကြံဆ ဆင်ခြင်မိကာမျှ ဖြစ်၍ ဖြစ်တိုင်း ဖြစ်တိုင်း သိမှတ်ပိုင်းခြားသင့်လျက် မသိမမှတ်မပိုင်းမခြားသော ဒွါရ၊ အာရုံ၊ ဝိညာဏ် နာမ်ရုပ်တို့၏ ရှေ့နောက်အစဉ်၊ အပေါင်းကိစ္စ၊ အာရုံ၊ မကွဲမပြား မခြားမပြတ် တပေါင်းတည်းရောစပ်သောကြောင့် အဝိနိဗ္ဘောဂသာဖြစ်၏။

ထို့ကြောင့် စိန္တာမယဉာဏ်၊ သုတမယဉာဏ်ဖြင့် သိခြင်းသည် ဝိနိဗ္ဘောဂ မဖြစ်၊ အဝိနိဗ္ဘောဂသာ ဖြစ်၍ နာမ်ရုပ် အပိုင်းအခြား မဖြစ်ချေ။ နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်း ဆင်ခြင်နိုင်ရန်မှာ ဆိုဘွယ်ရာမရှိ အလွန်ဝေးကွာဘိ၏ဟု ဆိုသည်။

ဖြစ်တိုင်း ဖြစ်တိုင်း မသိမမှတ်မပိုင်းမခြားခြင်းကြောင့် အစဉ်၊ အပေါင်း၊ ကိစ္စ၊ အာရုံ မကွဲမပြား မခြားမပြတ် တပေါင်းတည်း ရောစပ်သော အဝိနိဗ္ဘောဂ ၄ ပါးကို ဆိုသဖြင့် ဖြစ်တိုင်း ဖြစ်တိုင်း သိမှတ် ပိုင်းခြား ခြင်းကြောင့် အစဉ်၊ အပေါင်း၊ ကိစ္စ၊ အာရုံ ကွဲပြား ခြားပြတ် တပေါင်းတည်း မရောစပ်သော အဝိနိဗ္ဘောဂ ၄ ပါးကို သိအပ်၏။ ဝိပဿနာ ဘာဝနာမယ ဉာဏ်ဖြင့် သိခြင်းသည် အဝိနိဗ္ဘောဂ မဖြစ်၊ ဝိနိဗ္ဘောဂသာ ဖြစ်၍ နာမ်ရုပ်အပိုင်းအခြားလည်း ဖြစ်၏။ နာမ်ရုပ်၏အကြောင်းကိုလည်း သိမ်းဆည်း ဆင်ခြင်နိုင်၏။ သဘာဝ လက္ခဏာ၊ သင်္ခတလက္ခဏာ၊ သာမညလက္ခဏာလည်း ထင်သင့်သည် အားလျော်စွာ ထင်၏။

ယခုနာမရူပ ပရိစ္ဆေဒဉာဏ်က တဘက်ကမ်းရောက် ပစ္စယပရိဂ္ဂဟဉာဏ်က အစ ဝိပဿနာဘာဝနာမယဉာဏ်ဖြင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အားဖြင့် ၃ ပါးတို့တွင် ခဏပစ္စုပ္ပန်၊ သန္တတိ ပစ္စုပ္ပန်ဖြစ်သော ခဏခဏ ဖြစ်သော ဒွါရ၊ အာရုံ၊ ဝိညာဏ် နာမ်ရုပ်တို့ကို အကြောင်းနှင့်တကွ သိမှတ် ပိုင်းခြားသိမ်းဆည်း ဆင်ခြင်ခြင်းသည် နာမ်ရုပ်တို့၏ ရှေ့နောက် အစဉ်၊ အပေါင်း၊ ကိစ္စ၊ အာရုံ ကွဲပြား ခြားပြတ် တပေါင်းတည်း မရောစပ်သောကြောင့် အဝိနိဗ္ဘောဂမဖြစ်၊ ဝိနိဗ္ဘောဂသာဖြစ်၍ နာမ်ရုပ်အပိုင်းအခြားလည်းဖြစ်၏။ နာမ်ရုပ် တို့၏ ခဏ ပစ္စုပ္ပန်၊ သန္တတိပစ္စုပ္ပန်ဖြစ်သောအကြောင်းတစိတ်လည်း သိမ်းဆည်း ဆင်ခြင်နိုင်၏။ အတိတ်အကြောင်းကို မဆင်ခြင်နိုင်သေး၊ အတိတ်၊ အနာဂတ် နာမ်ရုပ်တို့၏ အကြောင်းကိုလည်း မဆင်ခြင်နိုင်သေးပေ။

ထို့ကြောင့် ပစ္စယပရိဂ္ဂဟဉာဏ်အစ၌ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလ ၃ ပါး၌ဖြစ်သော ဒွါရ၊ အာရုံ၊ ဝိညာဏ် နာမ်ရုပ်တို့၏ အကြောင်းကို သိမှတ်ပိုင်း

ခြား သိမ်းဆည်းဆင်ခြင်နိုင်ခြင်းအကျိုးငှာ ဝိပဿနာကို အားမထုတ်မီက မသိ မထင်ပုံ၊ ယခုဝိပဿနာကို အားထုတ်သောကာလ သိထင်ပုံ အလုံးစုံကို ဤပစ္စယ ပရိဂ္ဂဟဉာဏ် အစသို့ရောက်သော ယောဂီမှန်ပါလျှင် ဆင်ခြင်နိုင်မြဲပင် ဖြစ်၏။ ဝိပဿနာမဟုတ်ပေ။

## ဝိပဿနာအားထုတ်သူ, အားမထုတ်သူအထင်ကို ပြခြင်း

ဆင်ခြင်ပုံမှာ-ယခုဝိပဿနာကို အားထုတ်သောကာလ မြင်သောခဏ မြင် မြင်တယ်၊ မြင်တယ်မှတ် မှတ်တယ်ဟု မှတ်သဖြင့် သိ၏။ ယောကျ်ား, မိန်းမ ဟု မထင်မှတ်။ မထင်မှတ်၍ ယောကျ်ား, မိန်းမကို မမြင်ရ၊ မြင်ရအောင် အားမထုတ်။ အားမထုတ်၍ ယောကျ်ား, မိန်းမကို မမြင်ရ မြင်ရအောင် မတောင့်တ။ မတောင့်တ၍ ယောကျ်ား, မိန်းမကို မမြင်ရ မြင်ရအောင် မစွဲလမ်း။ မစွဲလမ်း၍ ယောကျ်ား,မိန်းမကို မမြင်ရ မြင်ရအောင်မပြု။

ယခုဝိပဿနာကို အားထုတ်သောကာလ မြင်သောခဏ မြင် မြင်တယ်၊ မြင်တတ်မှတ် မှတ်တယ်ဟု မှတ်သဖြင့် သိ၏။ ယောကျ်ား,မိန်းမဟု မထင်မှတ်။ မထင်မှတ်၍ ယောကျ်ားဘဝ,မိန်းမဘဝကို မရ ရအောင် အားမထုတ်။ အား မထုတ်၍ ယောကျ်ားဘဝ,မိန်းမဘဝကို မရ ရအောင် မတောင့်တ။ မတောင့် တ၍ ယောကျ်ား ဘဝ, မိန်းမ ဘဝကို မရ ရအောင် မစွဲလမ်း။ မစွဲလမ်း၍ ယောကျ်ားဘဝ,မိန်းမဘဝကို မရ ရအောင် မပြု။

ရှေ့ဝိပဿနာကို အားမထုတ်မီက မြင်သော ခဏ မြင် မြင်တယ်၊ မြင် တယ်မှတ် မှတ်တယ်ဟု မှတ်သဖြင့် မသိ။ ယောကျ်ား,မိန်းမဟု ထင်မှတ်၏။ ထင် မှတ်၍ ယောကျ်ား,မိန်းမကို မမြင်ရ မြင်ရအောင် အားထုတ်၏။ အားထုတ်၍ ယောကျ်ား, မိန်းမကို မမြင်ရ မြင်ရအောင် တောင့်တ၏။ တောင့်တ၍ ယောကျ်ား,မိန်းမကို မမြင်ရ မြင်ရအောင် စွဲလမ်း၏။ စွဲလမ်း၍ ယောကျ်ား, မိန်းမကို မမြင်ရ မြင်ရအောင် ပြု၏။ ယောကျ်ား ဘဝ, မိန်းမ ဘဝကို မရ ရအောင်အားထုတ်၏။တောင့်တ၏။ စွဲလမ်း၏။ ပြု၏။

ယခု ဝိပဿနာကို အားထုတ်သောကာလ ကြားသောခဏ ကြား ကြား တယ်၊ ကြားတယ်မှတ် မှတ်တယ်ဟု မှတ်သဖြင့် သိ၏။ ယောကျ်ား, မိန်းမဟု မထင်မှတ်။ မထင်မှတ်၍ ယောကျ်ားသံ, မိန်းမသံကို မကြားရ။ ကြားရအောင် အားမထုတ်။ အားမထုတ်၍ ယောကျ်ားသံ, မိန်းမသံကို မကြားရ ကြားရ

အောင် မတောင့်တ။ မတောင့်တ၍ ယောကျ်ားသံ, မိန်းမသံကို မကြားရ။ ကြားရအောင် မစွဲလမ်း။ မစွဲလမ်း၍ ယောကျ်ားသံ, မိန်းမသံကို မကြားရ။ ကြားရအောင် မပြု။ ယောကျ်ားဘာ, မိန်းမဘာဝကို မရ ရအောင် အားမထုတ်။ မတောင့်တ။ မစွဲလမ်း။ မပြု။

ရှေးဝိပဿနာကို အားမထုတ်မီကာလ ကြားသောခဏ ကြား ကြားတယ်၊ ကြားတယ်မှတ် မှတ်တယ်ဟု မှတ်သဖြင့် မသိ။ ယောကျ်ား, မိန်းမဟု ထင်မှတ်၏။ ထင်မှတ်၍ ယောကျ်ားသံ, မိန်းမသံကို မကြားရ ကြားရအောင် အားထုတ်၏။ အားထုတ်၍ ယောကျ်ားသံ, မိန်းမသံကို မကြားရ ကြားရအောင် တောင့်တ၏။ တောင့်တ၍ ယောကျ်ားသံ, မိန်းမသံကို မကြားရ ကြားရအောင် စွဲလမ်း၏။ စွဲလမ်း၍ ယောကျ်ားသံ, မိန်းမသံကို မကြားရ ကြားရအောင်ပြု၏။ ယောကျ်ားဘဝ, မိန်းမဘာဝကို မရ ရအောင် အားထုတ်၏။ တောင့်တ၏။ စွဲလမ်း၏။ ပြု၏။

ယခု ဝိပဿနာကို အား ထုတ် သော ကာလ နံသောခဏ နံ နံတယ်၊ နံတယ်မှတ် မှတ်တယ်ဟု မှတ်သဖြင့် သိ၏။ ယောကျ်ား, မိန်းမဟု မထင်မှတ်။ မထင်မှတ်၍ ယောကျ်ား, မိန်းမကို မနမ်းရ နမ်းရအောင် အားမထုတ်။ အားမထုတ်၍ ယောကျ်ား, မိန်းမကို မနမ်းရ နမ်းရအောင် မတောင့်တ။ မတောင့်တ၍ ယောကျ်ား, မိန်းမကို မနမ်းရ နမ်းရအောင် မစွဲလမ်း။ မစွဲလမ်း၍ ယောကျ်ား, မိန်းမကို မနမ်းရ နမ်းရအောင် မပြု။ ယောကျ်ားဘဝ, မိန်းမဘာဝကို မရ ရအောင် အားမထုတ်။ မတောင့်တ။ မစွဲလမ်း။ မပြု။

ရှေးဝိပဿနာကို အားမထုတ်မီကာလ နံသောခဏ နံ နံတယ်၊ နံတယ်မှတ် မှတ်တယ်ဟု မှတ်သဖြင့် မသိ၊ ယောကျ်ား, မိန်းမဟု ထင်မှတ်၏။ ထင်မှတ်၍ ယောကျ်ား, မိန်းမကို မနမ်းရ နမ်းရအောင် အားထုတ်၏။ အား ထုတ်၍ ယောကျ်ား, မိန်းမကို မနမ်းရ နမ်းရအောင် တောင့်တ၏။ တောင့်တ၍ ယောကျ်ား, မိန်းမကို မနမ်းရ နမ်းရအောင် စွဲလမ်း၏။ စွဲလမ်း၍ ယောကျ်ား, မိန်းမကို မနမ်းရ နမ်းရအောင် ပြု၏။ ယောကျ်ားဘဝ, မိန်းမဘာဝကို မရ ရအောင် အားထုတ်၏။ တောင့်တ၏။ စွဲလမ်း၏။ ပြု၏။

ယခု ဝိပဿနာကို အားထုတ်သောကာလ စားသောခဏ စား စားတယ်၊ စားတယ်မှတ် မှတ်တယ်ဟု မှတ်သဖြင့် သိ၏။ ယောကျ်ား, မိန်းမဟု မထင်မှတ်။ မထင်မှတ်၍ မစားရ စားရအောင် အားမထုတ်။ အားမထုတ်၍ မစားရ စားရအောင်မတောင့်တ။ မတောင့်တ၍ မစားရ စားရအောင် မစွဲလမ်း။ မစွဲလမ်း

၍ မစားရ စားရအောင် မပြု။ ယောကျ်ားဘဝ, မိန်းမဘဝကို မရ ရအောင် အားမထုတ်။ မဘောင့်တ။ မစွဲလမ်း။ မပြု။

ခွေ့ဝိပဿနာကို အားမထုတ်မီကာလ စားသော ခဏ စား စားတယ်၊ စားတယ်မှတ် မှတ်တယ်ဟု မမှတ်သဖြင့် မသိ။ ယောကျ်ား, မိန်းမဟု ထင်မှတ်၏။ ထင်မှတ်၍ မစားရ စားရအောင် အားထုတ်၏။ အားထုတ်၍ မစားရ စားရ အောင် တောင့်တ၏။ တောင့်တ၍ မစားရ စားရအောင် စွဲလမ်း၏။ စွဲလမ်း၍ မစားရ စားရအောင် ပြု၏။ ယောကျ်ား ဘဝ, မိန်းမဘဝကို မရ ရအောင် အားထုတ်၏။ တောင့်တ၏။ စွဲလမ်း၏။ မပြု။

ယခု ဝိပဿနာကို အားထုတ်သော ကာလ ထိသောခဏ ထိ ထိတယ်၊ ထိတယ်မှတ် မှတ်တယ်ဟု မှတ်သဖြင့် သိ၏။ ယောကျ်ား, မိန်းမဟု မထင်မှတ်။ မထင်မှတ်၍ ယောကျ်ား, မိန်းမကို မထိရ ထိရအောင် အားမထုတ်။ အား မထုတ်၍ ယောကျ်ား, မိန်းမကို မထိရ ထိရအောင် မတောင့်တ။ မတောင့်တ၍ ယောကျ်ား, မိန်းမကို မထိရ ထိရအောင် မစွဲလမ်း။ မစွဲလမ်း၍ ယောကျ်ား, မိန်းမကို မထိရ ထိရအောင် မပြု။ ယောကျ်ားဘဝ,မိန်းမဘဝကို မရ ရအောင် အားမထုတ်။ မတောင့်တ။ မစွဲလမ်း။ မပြု။

ရှေ့ဝိပဿနာကို အားမထုတ်မီကာလ ထိသောခဏ ထိ ထိတယ်၊ ထိတယ် မှတ် မှတ်တယ်ဟု မှတ်သဖြင့် မသိ။ ယောကျ်ား,မိန်းမဟုထင်မှတ်၏။ ထင်မှတ်၍ ယောကျ်ား, မိန်းမကို မထိရ ထိ ရ အောင် အား ထုတ် ၏။ အား ထုတ် ၍ ယောကျ်ား,မိန်းမကို မသိရ ထိရအောင် တောင့်တ၏။ တောင့်တ၍ ယောကျ်ား, မိန်းမကို မသိရ ထိရအောင် စွဲလမ်း၏။ စွဲလမ်း၍ ယောကျ်ား, မိန်းမကို မထိရ ထိရအောင် ပြု၏။ ယောကျ်ားဘဝ, မိန်းမဘဝကို မရ ရအောင် အားထုတ်၏။ တောင့်တ၏။ စွဲလမ်း၏။ ပြု၏။

ယခု ဝိပဿနာကို အားထုတ်သောကာလ သိသောခဏ သိ သိတယ်၊ သိတယ်မှတ် မှတ်တယ်ဟု မှတ်သဖြင့်သိ၏။ယောကျ်ား,မိန်းမဟုမထင်မှတ်။မထင် မှတ်၍ ယောကျ်ား, မိန်းမကို မသိရ သိရအောင် အားမထုတ်။ အားမထုတ်၍ ယောကျ်ား, မိန်းမကို မသိရ သိရအောင် မတောင့်တ။ မတောင့်တ၍ ယောကျ်ား, မိန်းမကိုမသိရ သိရအောင် မစွဲလမ်း။ မစွဲလမ်း၍ ယောကျ်ား, မိန်းမကို မသိရ သိရအောင် မပြု။ ယောကျ်ားဘဝ, မိန်းမဘဝကို မရရအောင် အားမထုတ်။ မတောင့်တ။ မစွဲလမ်း။ မပြု။

ရှေ့ဝိပဿနာကို အားမထုတ်မီကာလ သိသောခဏ သိ သိတယ်၊သိတယ် မှတ် မှတ်တယ်ဟု မှတ်သဖြင့်မသိ။ ယောကျ်ား, မိန်းမဟုထင်မှတ်၏။ ထင်မှတ်၍ ယောကျ်ား, မိန်းမကိုမသိရ၊ သိရအောင် အားထုတ်၏၊အားထုတ်၍ယောကျ်ား, မိန်းမကို မသိရ သိရအောင် တောင့်တ၏။ တောင့်တ၍ ယောကျ်ား, မိန်းမကို မသိရ သိရအောင် စွဲလမ်း၏။ စွဲလမ်း၍ ယောကျ်ား, မိန်းမကို မသိရ သိအောင် ပြု၏။ယောကျ်ားဘဝ, မိန်းမဘဝကိုမရ ရအောင် အားထုတ်၏။တောင့်တ၏။ စွဲလမ်း၏။ ပြု၏။

ဤသို့သော နည်းဖြင့် မိမိကိုယ်၌ ကိုယ်တိုင် သိ မသိ, ထင် မထင် အမှုကို မဆင်ခြင်သောသူသာလျှင် မထင်၊ ဆင်ခြင်လျှင် ထင်သော သူချည်းပင်တည်း။

## ဝိပဿနာကို အားထုတ်သဖြင့် အဝိဇ္ဇာမရှိပုံ ပြခြင်း

ယခု ဝိပဿနာကို အားထုတ်သောကာလ ဖြစ်တိုင်း ဖြစ်တိုင်း သိသဖြင့် မှတ်အပ်သော နာမ်ရုပ်၌သိသဖြင့် အဝိဇ္ဇာမရှိ၊ အားမထုတ်သဖြင့် သင်္ခါရမရှိ။ မတောင့်တသဖြင့် တဏှာမရှိ။ မစွဲလမ်းသဖြင့် ဥပါဒါန်မရှိ။ မပြုသဖြင့် ကံမရှိ။ ယခု အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံ အကြောင်း မရှိခြင်းကြောင့် နောင် အကျိုးနာမ်ရုပ် မဖြစ်ဟု ဆင်ခြင်သဖြင့် ထင်၏။ အကြောင်းမရှိ အကျိုး ပဖြစ်။ ယခု နာမ်ရုပ်၌ အကြောင်းအကျိုးချုပ်ပုံ နောင် မဂ်၏အာရုံ နိဗ္ဗာန် နှင့်ဆရ၍ သိရအောင် ယုံကြည်ဘို့ သတိပြုလေ။

ဝိပဿနာကို အားမထုတ်မီကာလ ဖြစ်တိုင်း ဖြစ်တိုင်း မမှတ်သဖြင့်၊ သိ အပ်သောနာမ်ရုပ်၌ မသိသဖြင့် အဝိဇ္ဇာရှိ၏။ အားထုတ်သဖြင့် သင်္ခါရရှိ၏။ တောင့်တသဖြင့် တဏှာရှိ၏။ စွဲလမ်းသဖြင့် ဥပါဒါန်ရှိ၏။ ပြုသဖြင့်ကံရှိ၏။ယခု အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံ အကြောင်းရှိခြင်းကြောင့် နောင် အ ကျိုးနာမ်ရုပ်ဖြစ်၏ဟု ဆင်ခြင်သဖြင့် ထင်၏။ အကြောင်းရှိ အကျိုးဖြစ်။ ယခု နာမ်ရုပ်၌ အကြောင်း,အကျိုးမချုပ်ပုံ၊ နောင် ရဟန္တာတို့၏ သဉပါဒိသေသ, အနုပါဒိသေသ နိဗ္ဗာန်နှင့်ဆရ၍ သိရအောင် ယုံကြည်ဘို့ သတိပြုလေ။

ရှေးဘဝကာလ ဖြစ်တိုင်းဖြစ်တိုင်း မမှတ်သဖြင့်၊ သိအပ်သော နာမ်ရုပ် ၌ မသိသဖြင့် အဝိဇ္ဇာရှိ၏။ အားထုတ်သဖြင့် သင်္ခါရ ရှိ၏။ တောင့်တသဖြင့် တဏှာရှိ၏။ စွဲလမ်းသဖြင့် ဥပါဒါန်ရှိ၏။ ပြုသဖြင့်ကံရှိ၏။ ရှေးအဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံအကြောင်းရှိခြင်းကြောင့် ယခု အကျိုး နာမ်ရုပ် ဖြစ်၏ဟု ဆင်ခြင်သဖြင့် ထင်၏။ ယခုအကြောင်းကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့ ထို့အတူ

ရှေးကလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပြီ။ နောင်ခါလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်လတံ့ဟု ဆင်ခြင်သဖြင့်ထင်၏။

ယခု ဝိပဿနာကို အားထုတ်သောကာလ ဖြစ်တိုင်း ဖြစ်တိုင်း မှတ်သဖြင့် သိအပ်သော နာမ်ရုပ်၏အစ ဖြစ်သော သဘောကို ဆင်ခြင်သဖြင့် ဇာတိလည်း ထင်၏။ အလယ် အိုသောသဘောကို ဆင်ခြင်သဖြင့် ဇရာလည်း ထင်၏။ အဆုံး ပျက်သောသဘောကို ဆင်ခြင်သဖြင့် မရဏလည်း ထင်၏။ သုတမယဉာဏ်ဖြင့် ကြားဘူးသောအတိုင်း စိန္တာမယဉာဏ်ဖြင့် ကြံဘူးသော အတိုင်း အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရကြောင့် ရုပ်ဖြစ်၏။ ဒွါရအာရုံကြောင့် နာမ်ဖြစ်၏။ ကံ, စိတ်, ဥတု, အာဟာရကြောင့် ရုပ်ဖြစ်၏။ ဆက်ဆံသောအကြောင်း မဆက်ဆံသောအကြောင်းကြောင့် နာမ်ဖြစ်၏ဟု ဆင်ခြင်သဖြင့် ထင်၏။

ဤသို့ ယခု ဝိပဿနာကို အားထုတ်သောကာလ သိထင်ပုံ၊ ဝိပဿနာကို အားမထုတ်မီက မသိမထင်ပုံ၊ သုတမယဉာဏ်, စိန္တာမယဉာဏ်ကာလ သိထင်ပုံ အလုံးစုံကို အကုန်ဆင်ခြင်၏။ ဝိပဿနာမဟုတ်ပေ။

စိတ်သည် သုတစိတ်, စိန္တာစိတ်, ဘာဝနာစိတ်အားဖြင့် ၃ ပါး အပြား ရှိ၏။ ထိုသုံးပါးတို့တွင် သုတစိတ်သည် ကြားနာသောကာလ သုတမယဉာဏ်ဖြင့် ဒေသနာသံ နာမ်ရုပ်တို့၏ အမည်နာမပညတ်ထင်၏။ ကြားနာပြီး၍ ဆင်ခြင်သောကာလ သုတမယဉာဏ်ဖြင့် ဒေသနာသံ၏အနက် နာမ်ရုပ်တို့၏ သဘော တဇ္ဇာပညတ်ထင်၏။ စိန္တာစိတ်သည် တွေးတောကြံဆသောကာလ စိန္တာမယ ဉာဏ်ဖြင့် နာမ်ရုပ်တို့၏သဘော တဇ္ဇာပညတ်ထင်၏။ ဘာဝနာစိတ်သည် ပွားများ အားထုတ်သောကာလ ဘာဝနာမယဉာဏ်ဖြင့် နာမ်ရုပ်ဆတ်ဆတ် ပရမတ် သဘော ထင်၏။

> နနု စ တဇ္ဇာပညတ္တိဝသေန သဘာဝဓမ္မော ဂယှတီတိ။ သစ္စံ ဂယှတိ ပုဗ္ဗဘာဂေ၊ ဘာဝနာယ ပန ဝဍ္ဎမာနာယ ပညတ္တိံ သမတိက္ကမိတွာ သဘာဝေယေဝ စိတ္တံ တိဋ္ဌတိ။

တဇ္ဇာပညတ္တိဝသေန၊ တဇ္ဇာပညတ်၏အစွမ်းအားဖြင့်၊ သဘာဝဓမ္မော၊ သဘောတရားကို၊ ဂယှတိ နနု၊ ယူအပ်သည်မဟုတ်လော။ ဣတိစ၊ ဤသို့လည်း၊ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်၊ ပုဗ္ဗဘာဂေ၊ ဘာဝနာမှရှေ့ သုတမယ, စိန္တာမယ ကာလအဘို့၌၊ ဂယှတိ၊ယူအပ်သည်၊ သစ္စံ၊ မှန်ပေ၏။ ပန တထာပိ၊ ထိုသို့ပင် မှန်သော်လည်း၊ ဘာဝနာယ၊ဘာဝနာကို၊ ဝဍ္ဎမာနာယ၊ပွားအပ်သည်ရှိသော်၊

ပညတ္တိံ၊ပညတ်ကို၊ သမတိက္ကမိတွာ၊လွန်၍၊ သဘာဝေယေဝ၊သဘောပရမတ်၌ သာလျှင်၊ စိတ္တံ၊စိတ်သည်၊ တိဋ္ဌတိ၊တည်၏။

ဝိပဿနာကို အားထုတ်သောသူသည် သုတမယဉာဏ်ဖြင့် ကြားနာဘူးသောအတိုင်း နာမ်ရုပ်ထင်အောင် အားထုတ်သော သူတယောက်, စိန္တာမယဉာဏ်ဖြင့် ကြံဘူးသောအတိုင်း နာမ် ရုပ် ထင်အောင် အား ထုတ် သော သူတယောက်၊ ထို ၂ ယောက်တို့တွင် ဤပစ္စယပရိဂ္ဂဟဉာဏ် အစီအရင်၌ ပဌမနည်း, ဒုတိယနည်းဖြင့် ဝိပဿနာကို အား ထုတ် သော သူသည် သုတမယဉာဏ်ဖြင့် ကြားနာဘူးသောအတိုင်း နာမ် ရုပ် ထင်အောင် အား ထုတ် သော သူ မည်၏။ တတိယနည်း, စတုတ္ထနည်း, ပဉ္စမနည်းဖြင့် ဝိပဿနာကို အားထုတ်သော သူသည် စိန္တာမယဉာဏ်ဖြင့် ကြံဘူးသောအတိုင်း နာမ်ရုပ်ထင်အောင် အားထုတ်သောသူ မည်၏။

## ကာလသုံးပါး၌ ယုံမှားကင်းသည်ကို ပြခြင်း

ပဌမနည်းဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည်ရှိသော် သုတမယဉာဏ်ဖြင့် ကြား နာ ဘူး သော အ တိုင်း ယခု တဘဝပတ်သုံး ဖြစ် သော ရုပ် အပေါင်း၏ အကြောင်း၅ပါးကို တပေါင်းတည်း မြင်၏။ တဝီထိလုံး, တဝီသိလုံး ဖြစ်သော နာမ်အပေါင်း၏ ဒွါရ, အာရုံ အကြောင်းကို တပေါင်းတည်း မြင်၏။ မြင်ခြင်းငှာ အားထုတ်သော ကာလ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ ကြောင့် ရုပ်ဖြစ်၏ဟု အမြဲအခါခပ်သိမ်း ရုပ်၏အကြောင်းကိုသာ သိမ်းဆည်း ဆင်ခြင်၏။

အကြား အကြား မြင်သောခဏ မျက်စိကြည်လင် အဆင်းထင်သော ကြောင့် မြင်၏။ အကြား အကြား ကြားသောခဏ နားကြည်လင် အသံထင် သောကြောင့် ကြား၏။ အကြား အကြား နံသောခဏ နှာခေါင်းကြည်လင် အနံ့ထင်သောကြောင့် နံ၏။ အကြား အကြား စားသောခဏ လျှာကြည်လင် အရသာထင်သောကြောင့် စား၏။ အကြား အကြား ထိသောခဏ ကိုယ်ကြည် လင် အတွေ့ထင်သောကြောင့် ထိ၏။ အကြား အကြား သိသောခဏ စိတ် ကြည်လင် သဘောထင်သောကြောင့် သိ၏ဟု နာမ်၏အကြောင်းကို သိမ်းဆည်း ဆင်ခြင်၏။

ဤသို့သောနည်းဖြင့် သိမ်းဆည်း ဆင်ခြင်ပါများ၍ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်သဖြင့် အကြင်အခါကာလ ယခု

အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့ ထို့အတူ ရှေးကလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပြီ၊ နောင်ခါလည်း အကြောင်းကြောင့်နာမ်ရုပ်ဖြစ်လတံ့ဟု ပစ္စုပ္ပန်ကို သက်သေပြု၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃ပါးတို့၌ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် ရုပ်နာမ်ဖြစ်သည်ကို မြင်၏။ ထိုထိုအခါကာလ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ ၃ ပါးတို့၌ ၁၆ ပါးသော ယုံမှားခြင်း ကင်း၏။

ရှေးက ငါဖြစ်ဘူးလေသလော။ ရှေးက ငါမဖြစ်ဘူးလေသလော။ ရှေးက ဘယ်အမျိုး ငါဖြစ်ဘူးလေသနည်း။ ရှေးက အဘယ်သဏ္ဍာန် ငါဖြစ်ဘူးလေသနည်း။ ရှေးက ဘယ်အမျိုး ငါဖြစ်ပြီး၍ ဘယ်အမျိုးငါဖြစ်ဘူးလေသနည်း။ (အတိတ်ယုံမှားခြင်း ၅ပါး။)

နောင်ခါ ငါဖြစ်ရလတံ့လော။ နောင်ခါ ငါ မ ဖြစ် ရ လတံ့လော။ နောင်ခါ ဘယ်အမျိုး ငါဖြစ်ရလတံ့နည်း။ နောင်ခါအဘယ်သဏ္ဍာန် ငါဖြစ်ရလတံ့နည်း။ နောင်ခါဘယ်အမျိုး ငါဖြစ်ရလတံ့သည်ဖြစ်၍ ဘယ်အမျိုး ငါဖြစ်ရလတံ့နည်း။ (အနာဂတ်ယုံမှားခြင်း ၅ပါး။)

ယခု ငါဖြစ်သလော။ ယခုငါမဖြစ်သလော။ ယခု ဘယ်အမျိုးငါဖြစ်သနည်း။ ယခု ဘယ်သဏ္ဍာန် ငါဖြစ်သနည်း။ ယခု ဘယ်က ငါလာရလေသနည်း။ ယခု ဘယ်ကို ငါသွားရမည်ဖြစ်လေသနည်း။ (ပစ္စုပ္ပန်ယုံမှားခြင်း ၆ ပါး။)

(ပဌမနည်းဖြင့် အားထုတ်၍ ဉာတပရိညာသို့ ရောက်သူတယောက်။)

ဒုတိယနည်းဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည်ရှိသော် သုတမယဉာဏ်ဖြင့် ကြားနာဘူးသောအတိုင်း ယခု တဘဝပတ်လုံးဖြစ်သော ရုပ်အပေါင်းတို့၏ အကြောင်း ၄ ပါးကို တပေါင်းတည်း မြင်၏။ တဝီထိလုံး တဝီထိလုံး ဖြစ်သော နာမ်အပေါင်း၏ ဆက်ဆံသောအကြောင်း,မဆက်ဆံသောအကြောင်းကို တခြားစီ မြင်၏။ မြင်ခြင်းငှာ အားထုတ်သောကာလ ကံ, စိတ်, ဥတု, အာဟာရကြောင့် ရုပ်ဖြစ်၏ဟု အမြဲအခါခပ်သိမ်း ရုပ်၏အကြောင်းကို သိမ်းဆည်းဆင်ခြင်၏။

အကြား အကြား မြင်သောခဏ မျက်စိကြည်လင် အဆင်းထင်သောကြောင့်မြင်၏။ အကြား အကြား ကြားသောခဏ နားကြည်လင် အသံထင်သောကြောင့် ကြား၏။ အကြား အကြား နံသောခဏ နှာခေါင်းကြည်လင် အနံ့ထင်သောကြောင့် နံ၏။ အကြား အကြား စားသောခဏ လျှာကြည်လင် အရသာထင်သောကြောင့် စား၏။ အကြား အကြား ထိသောခဏ ကိုယ်ကြည်

လင် အတွေ့ထင်သောကြောင့် ထိ၏။ အကြား အကြား သိသောခဏ စိတ်ကြည် လင် သဘောထင်သောကြောင့် သိ၏ဟု နာမ်၏ဆက်ဆံသော အကြောင်းကို တခြား သိမ်းဆည်း ဆင်ခြင်၏။

အသင့်အတင့်နှလုံးသွင်းသောကြောင့် ကုသိုလ်ဖြစ်၏။ မသင့်မတင့်နှလုံး သွင်းသောကြောင့် အကုသိုလ်ဖြစ်၏။ တရားနာသောကြောင့် ကုသိုလ်ဖြစ်၏။ တရားမနာသောကြောင့် အကုသိုလ် ဖြစ်၏။ ရှေး ကံ, ကိလေသာ အကြောင်း ကြောင့် ယခု အကျိုး ဝိပါက် ဖြစ်၏။ ဘဝင်ကြောင့် အာဝဇ္ဇန်းကြိယာဖြစ်၏။ သန္တီရဏကြောင့် ဝုဋ္ဌောကြိယာဖြစ်၏ဟု နာမ်၏မဆက်ဆံသော အကြောင်းကို တခြား သိမ်းဆည်း ဆင်ခြင်၏။ ဆင်ခြင်သော်လည်း တိက္ခ, မန္ဒ ယောဂီ အား လျော်စွာ အကျဉ်းအကျယ် ဆင်ခြင်၏။

ဤသို့သောနည်းဖြင့် သိမ်းဆည်း ဆင်ခြင်ပါ များ၍ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်သဖြင့် အကြင်အခါကာလ ယခု အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့ ထို့အတူ ရှေးကလည်း အကြောင်း ကြောင့်နာမ်ရုပ်ဖြစ်ပြီ၊ နောင်ခါလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်လတံ့ဟု ယခု အကြောင်းကြောင့်ဖြစ်သော ပစ္စုပ္ပန်နာမ်ရုပ်ကို သက်သေပြု၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃ ပါးတို့၌ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်၏။ ထိုအခါကာလ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃ ပါးတို့၌ ၁၆ပါးသော ယုံမှားခြင်း ကင်း၏။

(ဒုတိယနည်းဖြင့် အားထုတ်၍ ဥာတပရိညာသို့ ရောက်သူတယောက်။)

## ပဋိစ္စသမုပ္ပါဒ်၏ ၁၂ ရပ်သော အင်္ဂါကို သိသာရန် ပြခြင်း

ခဏခဏ ဖြစ်တိုင်း ဖြစ်တိုင်း နာမ်ရုပ်တို့ကို မသိခြင်းသည် အဝိဇ္ဇာမည်၏။ နာမ်ရုပ်တို့ကို မဖြစ် ဖြစ်အောင် အားထုတ်ခြင်းသည် သင်္ခါရမည်၏။ ဘဝ၏အစ ပဋိသန္ဓေစိတ်သည် ဝိညာဏ် မည်၏။ ဝိညာဏ်နှင့်တကွ ဖြစ်သော စေတသိက် ကမ္မဇနာမ်, ကမ္မဇရုပ်သည် နာမ်ရုပ် မည်၏။ မျက်စိအကြည်သည် စက္ခာယတန မည်၏။ နား အကြည်သည် သောတာယတန မည်၏။ နှာခေါင်းအကြည်သည် ဃာနာယတန မည်၏။ လျှာ အကြည်သည် ဇိဝှာယတန မည်၏။ ကိုယ်အကြည် သည် ကာယာယတန မည်၏။ စိတ် အ ကြည် သည် မနာယတန မည် ၏။ ဤအာယတန ၆ပါးသည် သဠာယတန မည်၏။

မျက်စိဖြင့် အဆင်းနှင့်တွေ့၊ နားဖြင့် အသံနှင့်တွေ့၊ နှာခေါင်းဖြင့် အနံ့နှင့်တွေ့၊ လျှာဖြင့် အရသာနှင့်တွေ့၊ ကိုယ်ဖြင့် အတွေ့နှင့်တွေ့၊ စိတ်ဖြင့်သဘောနှင့်တွေ့။ ဤအတွေ့ ၆ ပါးသည် ဖဿမည်၏။

မျက်စိဖြင့် တွေ့သော အဆင်းကို ခံစား၊ နားဖြင့် တွေ့သော အသံကို ခံစား၊ နှာခေါင်းဖြင့်တွေ့သော အနံ့ကို ခံစား၊ လျှာဖြင့် တွေ့သော အရသာကို ခံစား၊ ကိုယ်ဖြင့် တွေ့သော အတွေ့ကို ခံစား၊ စိတ်ဖြင့် တွေ့သော သဘောကို ခံစား။ ဤခံစားခြင်း ၆ ပါးသည် ဝေဒနာ မည်၏။

အဆင်းကို တပ်မက်တောင့်တ၊ အသံကို တပ်မက်တောင့်တ၊ အနံ့ကို တပ်မက်တောင့်တ၊ အရသာကို တပ်မက်တောင့်တ၊ အတွေ့ကို တပ်မက်တောင့်တ၊ သဘောကိုတပ်မက်တောင့်တ။ ဤတပ်မက် တောင့်တခြင်း ၆ ပါးသည် တဏှာ မည်၏။

အဆင်း,အသံ,အနံ့,အရသာ, အတွေ့ ၅ပါးသော ဝတ္ထုအာရုံ ကာမဂုဏ်ကို မရ ရအောင် စွဲလမ်းခြင်းသည် ကာမုပါဒါန်မည်၏။ မိစ္ဆာအယူ စွဲလမ်းခြင်းသည် ဒိဋ္ဌုပါဒါန်မည်၏။ မှားယွင်းသော အကျင့်သီလဖြင့် စင်ကြယ်ခြင်းကို စွဲလမ်းခြင်းသည် သီလဗ္ဗတုပါဒါန်မည်၏။ ငါ, သူတပါးဟု ကိုယ်ဟူသော အယူကို စွဲလမ်းခြင်းသည် အတ္တဝါဒုပါဒါန်မည်၏။ ဤဥပါဒါန် ၄ ပါးသည် ဥပါဒါန်မည်၏။

တစုံတခု အမှုကို ပုထုဇဉ်တို့၏ ပြုခြင်းသည် ဘဝတဖန် နာမ်ရုပ်ကို ဖြစ်စေတတ်သောကြောင့် ကံမည်၏။ နာမ်ရုပ်တို့၏အစဖြစ်ခြင်းသည် ဇာတိမည်၏။ အလယ် အိုခြင်းသည် ဇရာမည်၏။ အဆုံး ပျက်ခြင်းသည် မရဏမည်၏။

တတိယနည်းဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည်ရှိသော် စိန္တာမယဉာဏ်ဖြင့် ကြံဘူးသောအတိုင်း ယခုဝိပဿနာကို အားထုတ်သောကာလ ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း မှတ်သဖြင့် သိအပ်သော နာမ်ရုပ်တို့၏အစဖြစ်သော သဘောကို မြင်သဖြင့် ဇာတိလည်းထင်၏။ အလယ် အိုသော သဘောကို မြင်သဖြင့် ဇရာလည်း ထင်၏။ အဆုံး ပျက်သောသဘောကို မြင်သဖြင့် မရဏလည်း ထင်၏။

ဇာတိ,ဇရာ,မရဏ ၃ ပါးတို့တွင် အကျိုးဖြစ်သော ဇရာ မရဏ၏ အကြောင်းဖြစ်သော ဇာတိကို မြင်သဖြင့် အဆုံးက စ၍ အစတိုင်အောင် အစဉ်အတိုင်းဖြစ်သော အကျိုးအဆက်ဆက်တို့၏ အစဉ်အတိုင်းဖြစ်သောအကြောင်း အဆက်ဆက်ကို မြင်၏။

မြင်ခြင်းငှာ အားထုတ်သောကာလ နာမ်ရုပ်တို့၏ဇာတိဖြစ်သည်ရှိသော် ဇရာ,မရဏဖြစ်၏။ ကံရှိသော် နာမ်ရုပ်တို့၏ ဇာတိဖြစ်၏။ ဥပါဒါန်ရှိသော် ကံဖြစ်၏။ တဏှာရှိသော် ဥပါဒါန်ဖြစ်၏။ ဝေဒနာရှိသော် တဏှာဖြစ်၏။ ဖဿရှိသော် ဝေဒနာဖြစ်၏။ သဠာယတနရှိသော် ဖဿဖြစ်၏။ နာမ်ရုပ်ရှိသော် သဠာယတနဖြစ်၏။ ဝိညာဏ်ရှိသော် နာမ်ရုပ်ဖြစ်၏။ သင်္ခါရရှိသော် ဝိညာဏ်ဖြစ်၏။ အဝိဇ္ဇာရှိသော် သင်္ခါရဖြစ်၏ဟု တကြိမ် တကြိမ် ဖြစ်သော နာမ်ရုပ်တို့၏ အကြောင်းကို ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ထင်သည်၏အစွမ်းအားဖြင့် ဆင်ခြင်၏။

ဤသို့သောနည်းဖြင့် ဆင်ခြင်ပါများ၍ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်သဖြင့် အကြင် အခါကာလ ယခုအကြောင်းကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့ ထို့အတူ ရှေးကလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပြီ။နောင်ခါလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်လတံ့ဟု ယခုပစ္စုပ္ပန်ကို သက်သေပြု၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ ၃ပါးတို့၌ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကိုမြင်၏။ ထိုအခါကာလအတိတ်, အနာဂတ်,ပစ္စုပ္ပန် ကာလ ၃ပါးတို့၌ ၁၆ပါးသော ယုံမှားခြင်း ကင်း၏။

(တတိယနည်းဖြင့် အားထုတ်၍ ဥာတပရိညာသို့ ရောက်သုတယောက်။)

စတုတ္ထနည်းဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည်ရှိသော် ဝိပဿနာကို အားမထုတ်မီက ခဏခဏဖြစ်သော နာမ်ရုပ်၌ မသိသောအဝိဇ္ဇာကို မြင်၍ ရှေးရှေးကာလ ဘဝဘဝက ခဏခဏဖြစ်သောနာမ်ရုပ်၌ မသိသော အဝိဇ္ဇာကို မြင်သဖြင့် မြင်သော အဝိဇ္ဇာမှစ၍ အဆုံး ဇရာမရဏတိုင်အောင် ယခုဝိပဿနာကို အားထုတ်သောကာလ ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း မှတ်သဖြင့် သိအပ်သော နာမ်ရုပ်၏ အကြောင်း အစဉ်အဆက်, အကျိုးအစဉ်အဆက်ကို မြင်၏။

မြင်ခြင်းငှာ အားထုတ်သောကာလ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်၏။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၏။ သဠာယတနကြောင့် ဖဿဖြစ်၏။ ဖဿကြောင့် ဝေဒနာဖြစ်၏။ ဝေဒနာကြောင့် တဏှာဖြစ်၏။ တဏှာကြောင့် ဥပါဒါန်ဖြစ်၏။ ဥပါဒါန်ကြောင့် ကံဖြစ်၏။ကံကြောင့် ဇာတိဖြစ်၏။ ဇာတိကြောင့် ဇရာ,မရဏဖြစ်၏ဟု တကြိမ်တကြိမ်ဖြစ်သော နာမ်ရုပ်တို့၏အကြောင်းကို အနုလောမ ပဋိစ္စသမုပ္ပါဒ် ထင်သည်၏ အစွမ်းအားဖြင့် ဆင်ခြင်၏။

ဤသို့သောနည်းဖြင့် ဆင်ခြင်ပါများ၍ ငါဖြစ်သည်မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကိုမြင်သဖြင့် အကြင်အခါကာလ ယခုအကြောင်း

ကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့ ထို့အတူ ရှေးကလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပြီ၊ နောင်ခါလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်လတံ့ဟု ယခုပစ္စုပ္ပန်ကို သက်သေပြု၍ အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလ ၃ပါးတို့၌ ၄ ဖြစ်သည်မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်၏။ ထိုအခါ ကာလ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ကာလ ၃ပါးတို့၌ ၁၆ ပါးသော ယုံမှားကင်း၏။

(စတုတ္ထနည်းဖြင့် အားထုတ်၍ ဥဒယဗ္ဗယဉာဏ်သို့ ရောက်သူထယောက်။)

အရိယာတို့၏သန္တာန်၌ ပစ္စုပ္ပန် ယခု အသစ် အသစ်ဖြစ်သော တခုတခုသော စိတ်အကြိမ်,တခုတခုသော ရုပ်အကြိမ်သည်အတိတ်,အနာဂတ်ရှေ့နောက် အကြောင်းအကျိုးနှင့် မစပ်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်သောအားဖြင့် မဖြစ်။

(ပယ်ပြီးသော အကြောင်းအကျိုးကိုယူ။)

ပုထုဇဉ်တို့၏သန္တာန်၌ ပစ္စုပ္ပန် ယခု အသစ်အသစ်ဖြစ်သော တခု တခုသော စိတ်အကြိမ်, တခုတခုသော ရုပ်အကြိမ်သည် အတိတ်,အနာဂတ် ရှေ့နောက် အကြောင်းအကျိုးနှင့်စပ်၍ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်သောအားဖြင့် ဖြစ်၏။

(တစုံတခုသော အကြောင်းအကျိုးကို မပယ်ဟု ယူ။)

ဘဝသည် ကမ္မဘဝ, ဥပပတ္တိဘဝအားဖြင့် ၂ ပါး အပြားရှိ၏။ ထို ၂ ပါးတို့တွင် အကြောင်းသည် ကမ္မဘဝမည်၏။ အကျိုးသည် ဥပပတ္တိဘဝ မည်၏။ အကြောင်းအကျိုး ၂ ပါးတို့တွင် အကြောင်းသည် အဝိဇ္ဇာ,သင်္ခါရ,တဏှာ, ဥပါဒါန်, ကံအားဖြင့် ၅ ပါး အပြားရှိ၏။ ထို ၅ပါးတို့တွင် အဝိဇ္ဇာ,တဏှာ, ဥပါဒါန်သည် ကိလေသဝဋ်မည်၏။ ကံ, သင်္ခါရသည် ကမ္မဝဋ်မည်၏။ အကြောင်း၏ အဖြစ် တူသောအားဖြင့် ကိလေသဝဋ်ကို ကမ္မဝဋ်၌ ထည့်၍ အကြောင်းတရား ၅ပါးသည် တပေါင်းတည်း ကမ္မဝဋ်ပင် မည်၏။ အကျိုးသည် ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာအားဖြင့် ၅ ပါး အပြားရှိ၏။ အကျိုးတရား ၅ ပါးသည် ဝိပါကဝဋ် မည်၏။ ဝိပါကဝဋ်သည် နာမ်ရုပ်မည်၏။ ကမ္မဝဋ်သည် နာမ်ရုပ်၏ အကြောင်းဖြစ်၏။

ယခု ဝိပဿနာကို အားထုတ်သောကာလ ဖြစ်တိုင်း ဖြစ်တိုင်း မှတ်သဖြင့် သိအပ်သော နာမ်ရုပ်တို့၌ သိသဖြင့် အဝိဇ္ဇာမရှိ၊ အားမထုတ်သဖြင့် သင်္ခါရမရှိ၊ မတောင့်တသဖြင့် တဏှာမရှိ၊ မစွဲလမ်းသဖြင့် ဥပါဒါန် မရှိ၊ မပြုသဖြင့် ကံမရှိ။ အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်, ကံ ယခု အကြောင်းမရှိခြင်းကြောင့် နောင်

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ အကျိုးမရှိ။ ယခု အကြောင်း မရှိ၊ နောင် အကျိုးမရှိသည်ကို မှတ်၍ ကာလအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် နာမ်ရုပ်တို့၌ ယခု တဒင်္ဂ အကြောင်းချုပ်ပုံ အကျိုးချုပ်ပုံကို ထင်မြင်အောင် ဆင်ခြင်လျှင် လိုရင်းပင် ဖြစ်လင့်၏။ ပစ္စယပရိဂ္ဂဟဉာဏ်၏ အရာဌာန မဟုတ်၍သာ အကျယ်မှာ မဆိုသာချေ။

ဝိပဿနာကို အားမထုတ်မီက အားထုတ်သောခဏခဏ အားထုတ်သော ဝိပဿနာစိတ်နှင့်တကွ ဖြစ်တိုင်း ဖြစ်တိုင်း မှတ်သဖြင့် မသိအပ်သော နာမ်ရုပ်တို့၌ မသိသဖြင့် အဝိဇ္ဇာရှိ၏။ အားထုတ်သဖြင့် သင်္ခါရရှိ၏။ တောင့်တသဖြင့် တဏှာရှိ၏။ စွဲလမ်းသဖြင့် ဥပါဒါန်ရှိ၏။ ပြုသဖြင့် ကံရှိ၏။ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံ ယခု အကြောင်းရှိခြင်းကြောင့် နောင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ အကျိုးရှိ၏။ ယခု အကြောင်းရှိ နောင်အကျိုးရှိသည် မှတ်၍ ကာလအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် နာမ်ရုပ်တို့၌ ယခုက အကြောင်းမချုပ်ပုံ အကျိုးမချုပ်ပုံကို ထင်အောင် ဆင်ခြင်ခြင်းသာလျှင် လိုရင်းသာ၍ပင် ဖြစ်၏။ ပစ္စယပရိဂ္ဂဟဉာဏ်၏ အရာဌာန လိုရင်းကျ၍ အကျယ်မှာလည်း ဆိုသာချေသည်။

ဝိပဿနာစိတ်၏အာရုံဖြစ်သော နာမ်ရုပ်တို့၌ အကြောင်းအကျိုး တဒင်္ဂ ချုပ်၏။ ဝိပဿနာစိတ်၌ အကြောင်းအကျိုးတဒင်္ဂမျှ မချုပ်။ ဝိပဿနာစိတ်သည် ကံ ကိလေသာ ဟူသော အဇ္ဈတ္တမှုလည်း မထ၊ ဘဝတဘန် နာမ်ရုပ်ဟူသော ပဝတ္တမှုလည်း မထ။ ဤအရာဌာနကြောင့် ဆိုအပ်ပြီး ဆိုအပ်လတံ့သော အစီအရင်ကို စေ့စေ့ငုငု သတိပြု၍ ကြည့်ရှုကြသဖြင့် အပြစ်မယူသင့်ပြီ။

ပဋိစ္စသမုပ္ပါဒ်၏ ၁၂ ရပ်သော အင်္ဂါကို ပြဆိုခြင်းပြီး၏။

※

## နာမ်ရုပ်၏ အကျိုးအကြောင်း ပိုင်းခြားရာ၌ ဉာတပရိညာ၏သဘောကို ပြဆိုခြင်း

ပဥ္စမနည်းဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည်ရှိသော် စိန္တာမယဉာဏ်ဖြင့် ကြံဘူးသောအတိုင်း ဝိပဿနာကို အားမထုတ်မီက အားမထုတ်သော ခဏခဏ အားထုတ်သော ဝိပဿနာစိတ်နှင့်တကွ ဖြစ်တိုင်းဖြစ်တိုင်း မှတ်သဖြင့် မသိအပ်သော ရုပ်နာမ်တို့၌ရှိသော ယခုအကြောင်း, နောင်အကျိုးကို မြင်သဖြင့်

ရှေးရှေးကာလ ဘဝက ဖြစ်တိုင်းဖြစ်တိုင်း မှတ်သဖြင့် မသိအပ်သော နာမ်ရုပ်တို့ ၌ရှိသော ရှေးအကြောင်း, ယခု အကျိုးကို မြင်၏။

မြင်ခြင်းငှာ အားထုတ်သောကာလ ရှေးကမ္မဘဝ၌ ခဏခဏ ဖြစ်သဖြင့် ရင့်သော အာယတနတို့ကို မသိတာက အဝိဇ္ဇာ၊ အားထုတ်တာက သင်္ခါရ၊ တောင့်တတာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်၊ ပြုတာကကံ။ ရှေးကမ္မဘဝ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံ ဤအကြောင်းတရား ၅ ပါးသည် ယခု ဘဝ ပဋိသန္ဓေ၏ အကြောင်းပင်တည်း။

ယခုဘဝ ပဋိသန္ဓေက ဝိညာဏ်၊ သက်ဝင်တာက နာမ်ရုပ်၊ ကြည်တာက အာယတန၊ တွေ့တာက ဖဿ၊ ခံစားတာကဝေဒနာ၊ ဤအကျိုးတရား ၅ ပါး သည် ရှေးကပြုဘူးသောကံကြောင့်ဖြစ်သော အကျိုးပင်တည်း။ ယခုကမ္မဘဝ၌ ခဏခဏဖြစ်သဖြင့် ရင့်သော အာယတနတို့ကို မသိတာက အဝိဇ္ဇာ၊ အားထုတ် တာက သင်္ခါရ၊ တောင့်တတာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်၊ ပြုတာကကံ၊ ယခုကမ္မဘဝ အဝိဇ္ဇာ,သင်္ခါရ, တဏှာ, ဥပါဒါန်, ကံ ဤအကြောင်းတရား ၅ ပါးသည် နောင်ဘဝ ပဋိသန္ဓေ၏အကြောင်းပင်တည်း။

နောင်ဘဝ ပဋိသန္ဓေက ဝိညာဏ်၊ သက်ဝင်တာကနာမ်ရုပ်၊ ကြည်တာ က အာယတန၊ တွေ့တာက ဖဿ၊ ခံစားတာက ဝေဒနာ၊ ဤအကျိုးတရား ၅ ပါးသည် ယခုဘဝပြုသော ကံကြောင့် ဖြစ်သော အကျိုးပင်တည်းဟု တကြိမ် တကြိမ် ဖြစ်သော နာမ်ရုပ်တို့၏ အကြောင်းကို ကမ္မဝဋ်၊ ဝိပါကဝဋ် ထင်သည် ၏ အစွမ်းအားဖြင့် ဆင်ခြင်၏။

ဤသို့သောနည်းဖြင့် ဆင်ခြင်ပါများ၍ ငါဖြင်သည်မထင်၊ အကြောင်း ကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်သဖြင့် အကြင်အခါကာလ ယခု အကြောင်း ကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့ ထို့အတူ ရှေးကလည်း အကြောင်းကြောင့် နာမ် ရုပ် ဖြစ်ပြီ၊ နောင်ခါလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်လတ္တံ့ဟု ပစ္စုပ္ပန်ကို သက်သေပြု၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ ၃ ပါးတို့၌ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကိုမြင်၏။ ထိုအခါကာလ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃ ပါးတို့၌ ၁၆ ပါးသော ယုံမှားခြင်းကင်း၏။

ဤသို့လျှင် ပဌမနည်းဖြင့် အားထုတ်၍ ဉာတပရိညာသို့ ရောက်သူ သ ယောက်ဖြစ်၏။

အဿ ဟောတိ ဉာတပရိညာတိ ယာယ နာမရူပပရိဂ္ဂဟံ၊ တဿ စ
ပစ္စယပရိဂ္ဂဟံ ကရောတိ၊ သာ အဿ ယောဂိနော ဉာဏံ နာမံ ဧတ္တကံ

နာမန္တိ အာဒိနာ တဿ အယံ ပစ္စယောတိ အာဒိနာ စ ပရိစ္ဆေဒ ဝသေန ဉာတဝတီကတ္ဗာ ဉာတပရိညာ။

—မဟာဋီကာ

အဿ ဟောတိ ဉာတ ပရိညာတိ၊ အဿဟောတိ ဉာတပရိညာ ဟူသည်ကား၊ ယာယ ပညာယ၊ အကြင်ပညာဖြင့်၊ နာမရူပပရိဂ္ဂဟံ၊ နာမ်ရုပ်ကို ပိုင်းခြားခြင်းကို၊ ကရောတိ၊ ပြု၏။ တဿစ၊ ထိုပိုင်းခြားသော နာမ်ရုပ်၏လည်း၊ ပစ္စယပရိဂ္ဂဟံ၊ အကြောင်းကို သိမ်းဆည်းခြင်းကို၊ ကရောတိ၊ ပြု၏။ သာ ပညာ၊ ထိုပညာသည်၊ အဿ ယောဂိနော၊ ထိုပိုင်းခြားသော ယောဂီအား၊ ဉာတ ပရိညာ၊ ဉာတပရိညာသည်၊ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤအာရုံပြုခြင်းသည်ကား၊ နာမံ၊ အာရုံသို့ ညွတ်သဖြင့် အာရုံပြု နမနလက္ခဏာ ထင်သော နာမ်တည်း။ တွေ့ကာံ၊ဤအာရုံပြုသော ကာလမျှသည်ကား၊နာမံ၊အာရုံသို့ညွတ်သဖြင့်အာရုံပြု ကာလ နမနလက္ခဏာထင်သော နာမ်တည်း။ ဣတိအာဒိနာစ ပရိစ္ဆေဒဝသေန၊ ဤသို့ အစရှိသော နာမ်ရုပ်ကို ပိုင်းခြားသည်၏အစွမ်းအားဖြင့်၎င်း၊ အယံ၊ ဤ ဒွါရ, ဤအာရုံသည်ကား၊ တဿ၊ ထိုပိုင်းခြားသော နာမ်၏၊ ပစ္စယော၊ အကြောင်းတည်း။ တွေ့ကော၊ ဤမျှသော ဒွါရကာလ, ဤမျှသော အာရုံကာလသည်ကား၊ တဿ၊ ထိုပိုင်းခြားသော နာမ်၏၊ ပစ္စယော၊ အကြောင်းတည်း။ ဣတိအာဒိနာစ ပရိစ္ဆေဒဝသေန၊ ဤသို့ အစရှိသော နာမ်ရုပ်၏ အကြောင်းကို ပိုင်းခြားသည်၏ အစွမ်းအားဖြင့်၎င်း၊ ယာ ပညာ၊ အကြင် ပညာသည်၊ ဉာတဝတီ၊ ဉာတ ဟူသော နာမ်ရုပ်ကို ပိုင်းခြား, ဉာတ ဟူသော နာမ်ရုပ်၏ အကြောင်းကို ပိုင်းခြားသော၊ ပညာ၊ ပညာတည်း။ ဣတိ ကတွာ၊ ထို့ကြောင့်၊ သာ ပညာ၊ ထိုပညာသည်၊ ဉာတပရိညာ၊ ဉာတပရိညာ မည်၏။

တွေ့ကာံ တွေ့ကော ဟူသော ပုဒ်၏မြန်မာပြန် အနက်သံမှာ ဤရွေ့ ဤမျှအောက်၊ ဤရွေ့ဤမျှထက် မယုတ်မသာ၊ အဇ္ဈတ္တ, ဗဟိဒ္ဓဖြစ်ဖြစ် သမျှ အမည်နာမ သရုပ်သဘောအကုန်ပါသော နာမ်ရုပ်ကို နာမ်ရုပ်၏အကြောင်းကို ပိဋကတ် ဉာဏ်က လိုပုံရ၏။ ဝိပဿနာဉာဏ်က မလို တိုက်ရိုက်ဆိုမူ အာရုံ အာရမ္မဏိက ဖြစ်သောခဏ ဖြစ်တိုင်းဖြစ်တိုင်း အာရုံသို့ညွတ်သဖြင့် အာရုံပြုထင်သော နမနလက္ခဏာ၊ ဖြစ်တိုင်းဖြစ်တိုင်း ရှေ့ရုပ်အစဉ်နှင့်မတူ နောက်ရုပ်အစဉ် ဖောက်ပြန်သဖြင့်အာရုံထင်သော ရုပ္ပနလက္ခဏာ နာမ်ရုပ်ကိုသာ ဝိပဿနာဉာဏ်က လို၏။ အာရုံ အာရမ္မဏိက ဖြစ်သော ခဏ နမနလက္ခဏာ, ရုပ္ပနလက္ခဏာ ထင်သည်ကို သိမှ နာမ်ရုပ် အပိုင်းအခြားဖြစ်၏။ အပိုင်းအခြား ဖြစ်သော နာမ်ရုပ်၏ အကြောင်းကို ပိုင်းခြားမှ ဉာတပရိညာဖြစ်၏။ တွေ့းတော ကြံဆ စိတ်ကထင်ရာ

ဖြစ်သင့်သော သဘောအနေနှင့် နာမ်ရုပ်၏အကြောင်းကိုရှာဖွေ၍ပိုင်းခြားကာမျှနှင့် ဉာတပရိညာ မဖြစ်၊ စိန္တာမယဉာဏ်မျှ ဖြစ်၏။

သုတမယဉာဏ်, စိန္တာမယဉာဏ်နှင့် ဝိပဿနာ ဘာဝနာမယဉာဏ် ၃ ပါးခွဲပုံကို သိသာရုံ ပြဆိုခြင်း စကားစုတို့ပေတည်း။

## ယုံမှားခြင်းကင်းပျောက်၍ ဉာဏ်အဆုံးရောက်ပုံကို ပြခြင်း

ဤသို့ ကိုယ်စီ ကိုယ်ငှ ပစ္စယပရိဂ္ဂဟဉာဏ်ကို အသီးသီး အားထုတ်ကြသောနည်းဖြင့် ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း တကြိမ်တကြိမ် ပိုင်းခြား အပ်သောနာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းဆင်ခြင်၍ ကာလ ၃ ပါးတို့၌ ၁၆ ပါးသော ယုံမှားခြင်းကင်းသောသူအား ဖြစ်ဖြစ်သမျှ အကုန် အလုံးစုံ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ခန္ဓာနာမ်ရုပ်တို့သည် စုတိ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် အကြင် အခါကာလ ထင်ရှားကုန်၏၊ ထိုအခါကာလ ဉာတပရိညာဖြစ်၏။ ဖြစ်သော ဉာတပရိညာဖြင့် စုတိပဋိသန္ဓေကို မြင်၍ အကြင်အခါကာလ အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့်ထင်ရှားကုန်၏၊ ထိုအခါကာလ ပစ္စယပရိဂ္ဂဟဉာဏ်မြင်က အဆုံးကျ၍ သမ္မသနဉာဏ်က အစ ပစ္စယပရိဂ္ဂဟ ဉာဏ်၏ တဘက်ကမ်းသို့ ရောက်၏။

ရောက်ခြင်းငှာ အားထုတ်သောကာလ ဉာတပရိညာဖြင့် ယောဂီပုဂ္ဂိုလ်ဤသို့ စုတိပဋိသန္ဓေကို သိမြင်၏။ အဘယ်သို့ သိမြင်သနည်း။ ရှေးဘဝက ကံကြောင့်ဖြစ်ကုန်သော ခန္ဓာတို့သည် ရှေးဘဝအဆုံး ချုပ်ပျက်ကုန်ကြပြီ။ ယခုဘဝအစ ရှေးကံကြောင့် တပါးအသစ် ခန္ဓာဖြစ်ကြကုန်၏။ ရှေးဘဝက တစုံတခုသော တရားမျှ ယခုဘဝသို့ မလာမရောက်။

ယခုဘဝ ရှေးကံကြောင့် ဖြစ်ကုန်သော ခန္ဓာတို့သည် ယခုဘဝ အဆုံး ချုပ်ပျက်ကြကုန်လတံ့။ နောင်တဖန်ဘဝအစ ယခုဘဝက ကံကြောင့် တပါးအသစ် ခန္ဓာဖြစ်ကြကုန်လတံ့။ ယခုဘဝက တစုံတခုသောတရားမျှ နောင်တဖန်ဘဝသို့ မသွားမရောက်၊ ရှေးဘဝက တစုံတခုသောတရားမျှ ယခုဘဝသို့မပြောင်းမရွှေ့။ မပြောင်းမရွှေ့သော်လည်း ရှေးဘဝက ခန္ဓာ, အာယတန, ဓာတ်ကြောင့် ယခုဘဝ အစ ခန္ဓာ, အာယတန, ဓာတ် မဖြစ်သည်မဟုတ် ဖြစ်၏။

ယခုဘဝက တစုံတခုသောတရားမျှနောင်တဖန်ဘဝသို့ မပြောင်းမရွှေ့။ မပြောင်းမရွှေ့သော်လည်း ယခုဘဝက ခန္ဓာ, အာယတန, ဓာတ်ကြောင့် နောင်တဖန်ဘဝ အစ ခန္ဓာ, အာယတန, ဓာတ်မဖြစ်သည်မဟုတ် ဖြစ်ပြန်လေ၏။

ရှေးဘဝအဆုံး စုတိမနေ သေသောစိတ်ဖြစ်၏။ သေသော စိတ်ကြောင့် ယခုဘဝအစ ပဋိသန္ဓေနေသော စိတ်ဖြစ်၏။ ရှေးဘဝ အဆုံးစုတိမနေ သေသော စိတ်က တစုံတခုမျှ ယခုဘဝအစ ပဋိသန္ဓေနေသော စိတ်သို့မလာမရောက်။ယခုဘဝအဆုံး စုတိမနေ သေသောစိတ်ဖြစ်၏။ သေသောစိတ်ကြောင့် နောင်တဖန်ဘဝ အစ ပဋိသန္ဓေနေသော စိတ်ဖြစ်၏။ ယခုဘဝအဆုံး စုတိမနေ သေသော စိတ်က တစုံတခုမျှ နောင်တဖန် ဘဝအစ ပဋိသန္ဓေ နေသော စိတ်သို့ မသွား မရောက်။

ဤသို့ ဉာတပရိညာဖြင့် ယောဂီပုဂ္ဂိုလ် စုတိပဋိသန္ဓေကို သိမြင်၏။ စုတိပဋိသန္ဓေ အစွမ်းအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ခပ်သိမ်းဥဿုံ အလုံးစုံ ခန္ဓာနာမ်ရုပ်တရားကို ဉာတပရိညာဖြင့် သိသောယောဂီအား ခပ်သိမ်းသောအခြင်းအရာအားဖြင့်ခဏခဏဖြစ်တိုင်းဖြစ်တိုင်း တကြိမ်တကြိမ်သိမှတ်ပိုင်းခြားအပ်သော နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းဆင်ခြင်သောပစ္စယပရိဂ္ဂဟဉာဏ် အားရှိအားမဲ့ သိမ်းဆည်း ဆင်ခြင်ခြင်းငှာ စွမ်းသန် ထက်မြက်ခြင်းသို့ ရောက်၏။

ထိုအခါ ၁၆ ပါးသော ယုံမှားခြင်းကင်း၏။ ၈ ပါးသော ယုံမှားခြင်းကင်း၏။ ၆၂ ပါးသော ဒိဋ္ဌိကွာ၏။ စုတိကို မြင်၍ နိမိတ္တအရ ခပ်သိမ်းသော သင်္ခါရတို့သည် ဟုတ်သောအတိုင်း မမြဲသောသဘော အနိစ္စအားဖြင့် ထင်ရှားကုန်၏။ ပဋိသန္ဓေကို မြင်၍ ပဝတ္တအရ ခပ်သိမ်းသော သင်္ခါရ တို့သည် ဟုတ်သောအတိုင်း ဆင်းရဲသောသဘော ဒုက္ခအားဖြင့် ထင်ရှားကုန်၏။ စုတိ, ပဋိသန္ဓေ ၂ ပါးစုံကိုမြင်၍ နိမိတ္တ, ပဝတ္တ ၂ ပါးစုံအရ ခပ်သိမ်းသော တရားတို့သည် ဟုတ်သောအတိုင်း မမြဲ,ဆင်းရဲက ကိုယ်အလိုမကျသောသဘော အနတ္တအားဖြင့် ထင်ရှားကုန်၏။ အနိစ္စ, ဒုက္ခ, အနတ္တထင်သဖြင့် ပစ္စယပရိဂ္ဂဟဉာဏ် အဆုံးကျ၍သမ္မသနဉာဏ်ကအစ ပစ္စယပရိဂ္ဂဟဉာဏ်၏တဘက်ကမ်းသို့ ရောက်၏။

ထိုအခါ ၁၆ ပါးသော ယုံမှားခြင်း ကင်း၏၊ ၈ ပါးသော ယုံမှားခြင်း ကင်း၏၊ ၆၂ ပါးသော ဒိဋ္ဌိကွာ၏ ဆိုသော စကားရပ်၌ အတိတ်၌ ယုံမှားခြင်း ၅ ပါး, အနာဂတ်၌ ယုံမှားခြင်း ၅ ပါး, ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆ ပါး၊ ကာလကို မှတ်သောအားဖြင့် ယုံမှားခြင်း ၁၆ ပါး ပြားသော်လည်း ဘုရား၌ ယုံမှားခြင်း, တရား၌ ယုံမှားခြင်း, သံဃာ၌ ယုံမှားခြင်း, အကျင့်၌ ယုံမှားခြင်း, အတိတ်၌ ယုံမှားခြင်း, အနာဂတ်၌ ယုံမှားခြင်း, ပစ္စုပ္ပန်၌ ယုံမှားခြင်း, ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း ဌာနကိုမှတ်သောအားဖြင့် ယုံမှားခြင်း ၈ ပါးသာဖြစ်၏။

ဌာနကို မှတ်သောအားဖြင့် ယုံမှားခြင်း ၈ ပါး ပြားသော်လည်း နာမ်ရုပ်၌ ယုံမှားခြင်း, နာမ်ရုပ်၏အကြောင်း၌ ယုံမှားခြင်း အာရုံကိုမှတ်သောအားဖြင့် ယုံမှားခြင်း ၂ ပါးသာ ဖြစ်၏။

အာရုံကို မှတ်သော အားဖြင့် ယုံမှားခြင်း ၂ ပါး ပြား သော် လည်း ယုံမှားသောအခြင်းအရာ တရားကိုယ်ကို မှတ်သောအားဖြင့် ဝိစိကိစ္ဆာတပါးသာ ဖြစ်၏။

ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈ ပါး, အပရန္တာနုဒိဋ္ဌိ ၄၄ ပါး။ ဝါဒကိုမှတ်သောအားဖြင့် ၆၂ ပါး ပြားသော်လည်း ခန္ဓာကို မှတ်သောအားဖြင့် သက္ကာယဒိဋ္ဌိ ၂၀ သာ ဖြစ်၏။ ခန္ဓာကိုမှတ်သောအားဖြင့် သက္ကာယဒိဋ္ဌိ ၂၀ ပြားသော်လည်း အဝိဇ္ဇာ, တဏှာကိုမှတ်သော အားဖြင့် သဿတ, ဥစ္ဆေဒ ဒိဋ္ဌိ ၂ ပါးသာ ဖြစ်၏။

အဝိဇ္ဇာ ဘဝတဏှာကိုမှတ်သောအားဖြင့် သဿတ, ဥစ္ဆေဒ ဒိဋ္ဌိ ၂ ပါး ပြားသော်လည်း ယူမှားသော အခြင်းအရာ တရားကိုယ်ကို မှတ်သောအားဖြင့် အတ္တဒိဋ္ဌိ တပါးသာ ဖြစ်၏။

ခဏခဏ ဖြစ်တိုင်း ဖြစ်တိုင်း တကြိမ် တကြိမ် နာမ်ရုပ်ကို မပိုင်းခြား, နာမ်ရုပ်၏ အကြောင်းကို မပိုင်းခြားသည်ရှိသော် မပိုင်းခြားသော နာမ် ရုပ်, မပိုင်းခြားသော နာမ်ရုပ်၏ အကြောင်း၌ ယုံမှားသော အခြင်းအရာ ဝိစိကိစ္ဆာ ဖြစ်၏။ ဝိစိကိစ္ဆာဖြစ်သော်လည်း သဟဇေဋ္ဌက အားဖြင့် ယုံမှားသော အခြင်း အရာ ဒိဋ္ဌိဖြစ်၏။

သိမှတ် ပိုင်းခြားအပ်သော နာမ်ရုပ်, သိမှတ် ပိုင်းခြားအပ်သော နာမ်ရုပ်၏အကြောင်း၌ ယုံမှားသောအခြင်းအရာ ဝိစိကိစ္ဆာမဖြစ်၊ ဝိစိကိစ္ဆာ မဖြစ်သည်ရှိသော် ပဟာနေကဋ္ဌအားဖြင့် ယူမှားသောအခြင်းအရာ ဒိဋ္ဌိမဖြစ်။ ထို့ကြောင့် ယုံမှားသော အခြင်းအရာ ဝိစိကိစ္ဆာတရားကိုယ် အ ရင်း ကင်း သ ဖြင့် အရင်းလဲက အဖျား ထင်းဖြစ်သကဲ့သို့ ၁၆ ပါးသော ယုံမှား ခြင်း ကင်း၏။ ၈ ပါးသော ယုံမှားခြင်း ကင်း၏။ ယူမှားသော အခြင်းအရာ ဒိဋ္ဌိတရားကိုယ် အရင်းကွာသဖြင့် အရင်းလဲက အဖျားထင်းဖြစ်သကဲ့သို့ သဿတ, ဥစ္ဆေဒ ဒိဋ္ဌိ ၂ ပါးကွာ၏။ သက္ကာယဒိဋ္ဌိ ၂၀ ကွာ၏။ ၆၂ ပါးသော ဒိဋ္ဌိကွာ၏ဆိုသည်။

## ဩလီယန္တ စသော ပုဂ္ဂိုလ် ၃ မျိုးကို ပြခြင်း

ပယ်အပ်သော ဒိဋ္ဌိ, ဝိစိကိစ္ဆာ၏ အမည်နာမ သရုပ်သချာ အရေအတွက် အကုန်ပါအောင် အပြားအားဖြင့် ၁ ပါးစီ၊ ဝိပဿနာဉာဏ်ဖြင့် သိသင့်, သိထိုက်, သိအပ် ပယ်သင့်, ပယ်ထိုက်, ပယ်အပ်သည် မဟုတ်၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကို ပယ်၏

ဆိုသော စကား၏အရ ဖြစ်လျက် ပယ်ထားသည်မဟုတ်၊ အလျင်းပင်မဖြစ်ပေါ်လာ ယုံမှားကင်းသော အနေမျိုး ယူမှားကင်းသောအနေမျိုးသာ ဖြစ်၏။

ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း တကြိမ်တကြိမ် နာမ်ရုပ်ကို သိမှတ်ပိုင်းခြား နာမ်ရုပ်၏အကြောင်းကို သိမှတ်ပိုင်းခြားသော ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ပယ်အပ်သည်ဖြစ်လျက် မြင်းကိုစီးလို့မှ အတီးမှန်း အမမှန်းမသိဆိုဘိသကဲ့သို့ ပယ်အပ်သော ဒိဋ္ဌိ, ဝိစိကိစ္ဆာ၏ အမည်နာမ သရုပ်သင်္ချာ အရေအတွက်အကုန်ပါအောင် တပါးစီ အသီးအသီး မသိကတည်းက ဘာမှမဟုတ်ဟု မယုံကြည်ကြချေ။

ထို့ကြောင့် ဘဝ၌ မွေ့လျော်ပျော်ရွှင် ဖြစ်သော နာမ်ရုပ်ကိုမြင် ငါဟူသော သတ္တဝါ ထင်မှတ်သဖြင့် မကျင့်ဘဲ နေသောသူ ဩလီယန္တ ပုဂ္ဂိုလ်တယောက်၊ ဘဝ၌ ပျင်းရိငြီးငွေ့ မမွေ့မလျော် မပျော်မရွှင် ဖြစ်သော နာမ်ရုပ်ကိုမမြင် ငါဟူသော သတ္တဝါ သေသည်နောက် မဖြစ်ဟု ထင်မှတ်သဖြင့် လွန်ပြေးသောသူ အတိဓာဝန္တ ပုဂ္ဂိုလ်တယောက်၊ ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း တကြိမ်တကြိမ် သိမှတ်ပိုင်းခြားအပ်သော နာမ်ရုပ်, သိမှတ်ပိုင်းခြားအပ်သော နာမ်ရုပ်၏အကြောင်း၌ ဝိပဿနာအကျိုးငှာ မဂ်အကျိုး ဖိုလ်အကျိုးငှာ နိဗ္ဗာန်အကျိုးငှာ ယုံကြည်သဖြင့် ကျင့်သော စက္ခုမန္တပုဂ္ဂိုလ်တယောက်။ ဤသို့ ပုဂ္ဂိုလ် ၃ ယောက်ကို ဟောတော်မူ၏။

ကထဉ္စ ဘိက္ခဝေ ဩလီယန္တိ ဧကေ။ ဘဝါရာမာ ဘိက္ခဝေ ဒေဝမနုဿာ ဘဝရတာ ဘဝသမုဒိတာ။ တေသံ ဘဝနိရောဓာယ ဓမ္မေ ဒေသိယမာနေ စိတ္တံ န ပက္ခန္ဒတိ နပ္ပသီဒတိ န သန္တိဋ္ဌတိ နာဓိမုစ္စတိ။ ဧဝံ ခေါ ဘိက္ခဝေ ဩလီယန္တိ ဧကေ။

ကထဉ္စ ဘိက္ခဝေ အတိဓာဝန္တိ ဧကေ။ ဘဝေနေဝ ခေါ ပနေကေ အဋ္ဋီယမာနာ ဟရာယမာနာ ဇိဂုစ္ဆမာနာ ဝိဘဝံ အဘိနန္ဒန္တိ။ ယတော ကိရ ဘော အယံ အတ္တာ ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ ဝိနဿတိ န ဟောတိ ပရမ္မရဏာ။ ဧတံ သန္တံ, ဧတံ ပဏီတံ, ဧတံ ယာထာဝန္တိ ဧဝံ ခေါ ဘိက္ခဝေ အတိဓာဝန္တိ ဧကေ။

ကထဉ္စ ဘိက္ခဝေ စက္ခုမန္တော ပဿန္တိ။ ဣဓ ဘိက္ခဝေ ဘိက္ခု ဘူတံ ဘူတတော ဒိသွာ ဘူတဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ။ ဧဝံ ခေါ ဘိက္ခဝေ စက္ခုမန္တော ပဿန္တိ။

—ဝိသုဒ္ဓိမဂ်အဋ္ဌကထာ

ဘိက္ခဝေ၊ရဟန်းတို့၊ ကထဉ္စ၊အဘယ်သို့လျှင်၊ ဧကေ၊အချို့သောနတ်လူတို့သည်၊ ဩလီယန္တိ၊နေရစ်ကုန်သနည်း။ ဘိက္ခဝေ၊ရဟန်းတို့၊ ဒေဝမနုဿာ၊ နတ်လူတို့သည်၊ ဘဝါရာမာ၊ ဘဝ၌ မွေ့လျော်ကြကုန်၏။ ဘဝရတာ၊ ဘဝ၌ တပ်မက်ကြကုန်၏။ ဘဝသမုဒိတာ၊ ဘဝ၌ မွေ့လျော် ရွှင်လန်း ဝမ်းမြောက်ခြင်းသို့ ရောက်ကြကုန်၏။ တေသံ၊ ထိုနတ်လူတို့အား၊ ဘဝနိရောဓာယ၊ ဘဝချုပ်ခြင်းငှာ၊ ဓမ္မေ၊အကျင့်တရားတို့ကို၊ ဒေသိယမာနေ၊ဟောအပ်သည်ရှိသော်၊ စိတ္တံ၊စိတ်သည်၊ နပက္ခန္ဒတိ၊ အကျင့်၌ မသက်ဝင်။ နပ္ပသီဒတိ၊ အကျင့်ကို မယုံ။ နသန္တိဋ္ဌတိ၊ ကျင့်မည်ဟု မဆောက်တည်။ နာဓိမုစ္စတိ၊ ကျင့်မည်ဟု နှလုံးမသွင်း။ ဘိက္ခဝေ၊တို့၊ ဧဝံခေါ၊ဤသို့လျှင်၊ ဧကေ၊ အချို့သော နတ်လူတို့သည်၊ ဩလီယန္တိ၊နေရစ်ကုန်၏။

ဤကား ဩလီယန္တပုဂ္ဂိုလ်၏ သဘောသွားကို မှတ်သားရန် ပြဆိုလိုက်သော စကားပေတည်း။ ဒေသနာတော်၏ အဓိပ္ပာယ်များကို ဉာဏ်သွားတိုင်းဆင်ခြင်၍ မြင်အောင် သိရှိကြပါစေ။

ဘိက္ခဝေ၊ရဟန်းတို့၊ ကထဉ္စ၊အဘယ်သို့လျှင်၊ ဧကေ၊အချို့သောနတ်လူတို့သည်၊ အတိဓာဝန္တိ၊ လွန်ပြေးကုန်သနည်း။ ဘဝေနေဝခေါပန၊ ဘဝမှသာလျှင်၊ အဋ္ဋီယမာနာ၊ ငြီးငွေ့ကုန်သည်ဖြစ်၍၊ ဟရာယမာနာ၊ ရှက်နိုးကုန်သည်ဖြစ်၍၊ ဇိဂုစ္ဆမာနာ၊စက်ဆုပ်ကုန်သည်ဖြစ်၍၊ ဝိဘဝံ၊ဘဝပြတ်သည်ကို၊ အဘိနန္ဒန္တိ၊နှစ်သက်ကုန်၏။ ဘော၊အိုအချင်းတို့၊ အယံအတ္တာ၊ဤငါဟူသောသတ္တဝါသည်၊ ကာယဿ၊ကိုယ်ခန္ဓာ၏၊ ဘေဒါ၊ ပျက်ခြင်းကြောင့်၊ ဥစ္ဆိဇ္ဇတိ၊ပြတ်၏။ ဝိနဿတိ၊ပျက်၏။ ပရမ္မရဏာ၊ သေသည်မှနောက်၊ န ဟောတိ၊မဖြစ်။ ဧတံ၊ ဤသို့သေသည်မှနောက် မဖြစ်ခြင်းသည်၊ သန္တံ၊ငြိမ်း၏။ ဧတံ၊ဤငြိမ်းခြင်းသည်၊ ပဏီတံ၊မြတ်၏။ ယထာဝ၊အကျင့်ကြောင့်၊ ယာထာဝံ ကိရ၊အမှန်ဟုတ်သတတ်။ ဣတိ၊ထို့ကြောင့်၊ ဝိဘဝံ၊ဘဝကင်းပြတ်ခြင်းကို၊ အဘိနန္ဒန္တိ၊နှစ်သက်ကြကုန်၏။ ဘိက္ခဝေ၊တို့၊ ဧဝံခေါ၊ဤသို့လျှင်၊ ဧကေ၊အချို့သောနတ်လူတို့သည်၊ အတိဓာဝန္တိ၊လွန်ပြေးကြကုန်၏။

ဤကား အတိဓာဝန္တပုဂ္ဂိုလ်၏ သဘောသွားကို မှတ်သားရန် ပြဆိုလိုက်သော စကားပေတည်း။

ဘိက္ခဝေ၊ ရဟန်းတို့၊ ကထဉ္စ၊ အဘယ်သို့လျှင်၊ စက္ခုမန္တောဝ၊ မျက်စိအမြင်ရှိသောသူတို့သည်သာလျှင်၊ ပဿန္တိ၊မြင်ကုန်သနည်း။ ဘိက္ခဝေ၊ရဟန်းတို့၊

ဣဓ၊ဤငါဘုရား၏ ဩဝါဒ သာသနာတော်၌၊ ဘိက္ခု၊ရဟန်းသည်၊ ဘူတံ၊နာမ် ရုပ်ဘို့၏ ဖြစ်သောအတိုင်းကို၊ ဘူတတော၊ နာမ်ရုပ်တို့၏ ဖြစ်သော အတိုင်းဖြင့်၊ ပဿတိ၊ရှုမြင်၏။ ဘူတံ၊ နာမ်ရုပ်တို့၏ ဖြစ်သောအတိုင်းကို၊ ဘူတတော၊ နာမ် ရုပ်တို့၏ဖြစ်သောအတိုင်းဖြင့်၊ ဒိသွာ၊ရှုမြင်၍၊ ဘူတဿ၊နာမ်ရုပ်တို့၏ ဖြစ်သော အတိုင်း၌၊ နိဗ္ဗိဒါယ၊ငြီးငွေ့သောဝိပဿနာအကျိုးငှာ၊ ဝိရာဂါယ၊ကိလေသာ ကင်းသောမဂ်အကျိုးငှာ၊ နိရောဓာယ၊ဘဝတဖန်ခန္ဓာနာမ်ရုပ်ချုပ်သောနိဗ္ဗာန် အကျိုးငှာ၊ ပဋိပန္နော၊ကျင့်သည်၊ ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊တို့၊ ဧဝံခေါ၊ ဤသို့လျှင်၊ စက္ခုမန္တော၊ မျက်စိအမြင်ရှိသော သူတို့သည် သာလျှင်၊ ပဿန္တိ၊ မြင်ကုန်၏။

ဤကား စက္ခုမန္တပုဂ္ဂိုလ်၏ သဘောသွားကို မှတ်သားရန် ပြဆိုသော စကားပေတည်း။

ယခု ပြဆိုခဲ့ပြီးသော ပုဂ္ဂိုလ် ၃ ပါး၌ မှတ်သားရန် အဓိပ္ပာယ်အထူးမှာ ဩလီယန္တ ပုဂ္ဂိုလ်သည် သဿတဒိဋ္ဌိ ပုဂ္ဂိုလ် မည်၏။ အတိဓာဝန္တ ပုဂ္ဂိုလ်သည် ဥစ္ဆေဒဒိဋ္ဌိ ပုဂ္ဂိုလ်မည်၏။ စက္ခုမန္တ ပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ်မျက်စိဖြင့် မျက်စိ ရှိသော ယောဂီပုဂ္ဂိုလ် မည်၏။ ဝိပဿနာ ဉာဏ်မျက်စိဖြင့် မျက်စိရှိသည်ဖြစ်၍ ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း တကြိမ်တကြိမ် ရှုမြင်သဖြင့် သိမှတ် ပိုင်းခြားအပ်သော နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်း ဆင်ခြင်သော ပစ္စယပရိဂ္ဂဟ ဉာဏ်နှင့် ပြည့်စုံသော ယောဂီ ပုဂ္ဂိုလ်သည် မဆုတ်မတက် တ သက် ပတ် လုံး ဤဉာဏ်နှင့်ပြည့်စုံသည်ရှိသော် သေသည်မှနောက် လူ့ ဘဝ နတ်ဘဝ သို့ ရောက်သော ဒုတိယဂတိ မြဲသည်ဖြစ်၍ စူဠသောတာပန် မည်၏။

> ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။
>
> —ဝိသုဒ္ဓိမဂ်အဋ္ဌကထာ

ဣမိနာ ပန ဉာဏေန၊ ဤနာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယ ပရိဂ္ဂဟ ဉာဏ် ၂ပါးနှင့်၊ သမန္နာဂတော၊ပြည့်စုံသော၊ ဝိပဿကော၊ဝိပဿနာယောဂီပုဂ္ဂိုလ် သည်၊ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်ကြီး၌၊ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍၊ လဒ္ဓပတိဋ္ဌော၊ရအပ်သော ထောက်တည်

မှီခိုရာရှိသည်ဖြစ်၍၊ နိယတဂတိကော၊မြင့်မြတ်သောဘုံဘဝ၌မြဲသောလားခြင်းဂတိရှိသည်ဖြစ်၍၊ စူဠသောတာပန္နောနာမ၊ သောတာပန်ငယ် သောတာပန်အထွေးမည်သည်၊ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရလေသတည်း။

**ဩလီယန္တကစသော ပုဂ္ဂိုလ် ၃ မျိုး၏ အလားကို ပြဆိုခြင်း ပြီး၏။**

**ပစ္စယပရိဂ္ဂဟာဉာဏ် ပြီး၏။**

※

ဤဉာဏ် ၂ ပါးကို သေချာစေ့ငု ကြည့်ရှုပြီးလျှင် ကျေးဇူးရှင် မူလ မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဝိပဿနာဉာဏ်စဉ်ကျမ်းကြီးကို လေ့လာကြပါက လွယ်လင့်တကူ အဓိပ္ပာယ် သဘောသဘာဝတ္တုတို့ကို သိနိုင်မြင်နိုင်ကြပါလိမ့်မည်။

ဤတွင်
မင်းကွန်းဝိပဿနာ ဉာဏသူဒနီကျမ်း
ပြီးပြီ။

# နိဒါန်း

သာသနသောဓက, သာသနပါလ, ပညာဝန္တ, ဂန္ထန္တရ, ဗဟုဿုတ, ပရိယတ္တိဝိသာရဒ, လဇ္ဇီ, ပေသလ, သိက္ခာကာမ, သီလဝန္တ, သဒ္ဓမ္မမာမက, သံသာရဘယတီရက အစစ် ဖြစ်ကြီးဖြစ်တော်မူသော သထုံမြို့ ဇေတဝန်ကျောင်းတိုက်၌ ယာပထလေးလီဖြင့် မျှညီရှင်ပြုံး သီတင်းသုံးနေတော်မူစဉ် မူလ မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးသည် သဇ္ဇနဂိုဏ်းဝင် သူတော်စင် အများတို့၏အကျိုးငှာ ဝိပဿနာဉာဏ်အဆင့်ဆင့် နိဗ္ဗာနကထာအဆုံး ပေါင်းရုံးဝေဖြာ အာရမ္မဏဝိဓိ ဝိသဇ္ဇနာကျမ်းကြီးကို အံ့ချီးဘွယ်ရာ ကရုဏာရှေ့ထား ရေးသား စီရင်ပြုစုတော်မူခဲ့ဘူးပြီ ဖြစ်ပါကြောင်း။

၎င်း အာရမ္မဏဝိဓိဝိသဇ္ဇနာ ကျမ်းကြီး၌ ဝိပဿနာ လေးဆယ် အ နက်တပါးတပါးသော ဝိပဿနာ၏ဆန့်ကျင်ဘက် နိဗ္ဗာန်ထင်၍ မဂ်ဝင်ပုံ၄၀၊ နိဗ္ဗာန်ထင်ပုံ ၄၀၊ ပဋိသမ္ဘိဒါမဂ် ဝိပဿနာကထာ အခဏ်း၌ ပါဝင်သော တာလေးဆယ်ကို အကျယ်တဝင့် ဖွင့်ဆို ရေးသားပါမည့် အကြောင်းနှင့် ယောဂီတပည့်များ အပေါင်း က အကြိမ်ကြိမ် တောင်းပန် လျှောက် ထား ကြ သည် ဖြစ် ၍ ဤတာလေးဆယ်အဖွင့်ကို ထောက်ချင့်လေးမူ သနားခြင်းရှေးရှူပြီး ကြည်ဖြူစွာ ရေးသားတော်မူပြန်ပါကြောင်း။

၎င်းတာလေးဆယ်အဖွင့်၌ အနိစ္စထင်ချက် ၁၀ ပါး၊ ဒုက္ခထင်ချက် ၂၅ပါး၊ အနတ္တထင်ချက်၅ပါး၊ မဂ်ဝင်ပုံ, နိဗ္ဗာန်ထင်ပုံ အနုပဿနာ အစုံလေးဆယ် အနက်အဓိပ္ပာယ်တို့ဖြင့် တန်ဆာ ဆင် ယင် လျက် ကွက်ကွက် ကွင်းကွင်း ထင်လင်းသချာ လူပြိန်းတို့ဉာဏ်မှာပင် သန့်ရှင်းအောင် ချဲ့ထွင်ရေးသားသော ကျမ်းဖြစ်လေသောကြောင့် ကလျာဏသပ္ပုရိသဂိုဏ်းဝင် နိဗ္ဗာန်ကို ခင်မင်သည့် သူတော်စင်အပေါင်းတို့ နှစ်ထောင်းအားရ ယောနိသော မနသိကာရဖြင့် ကျနစွာ ကြည့်ရှုလေ့လာနိုင်ကြစေကုန်သောဝ်း။

၎င်း တာလေးဆယ် အဖွင့်ကျမ်းသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅ နှစ်ခန့်က စက်ဘင် ပုံနှိပ်ခဲ့ရာ စာအုပ်ရေ တထောင်ကျော်မျှသာ ရိုက်နှိပ်ဝေငှရပါသဖြင့် ယခုအခါ ကျွင်းကျန်မရှိ အလိုရှိသူတို့၏ဆန္ဒ မပြည့်ဝ ဖြစ်ခဲ့ရာသည်။ သို့ မပြည့်ဝလေသောကြောင့် ရန်ကုန်မြို့ မင်းကွန်းဆရာတော်ဘုရားသည် အလို

ရှိသော တပည့်အပေါင်းတို့၏ လိုအင်ဆန္ဒ ပြည့်ဝစေခြင်း, ပဋိပတ္တိသာသနာတော်၏ပြန့်ပွားစေခြင်း, မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ကျေးဇူးတော်ကို ဆပ်ရာရောက်စေခြင်းဟူသော အကျိုးသုံးခုအာရုံပြု၍ ထပ်မံ၍ စက်တင်ပုံနှိပ်မည့် ဆန္ဒတော်ရှိစဉ် ဗျာဓိဓမ္မ ဂိလာနဝဋ် ကိစ္စတွေ့ချွတ်၍ မလွတ်ဘင်္ဂက္ခဏ မရဏဓမ္မော အနတိတောဟု ရှင်စောဘုရား ဟောကြားဒေသနာ ခေမာအမတနိဗ္ဗာနဓာတ် သူမြတ်တို့ခိုလှုံ ဓမ္မာရုံသို့ အစုံခန္ဓာ ဇာတ်သိမ်းပါ၍ မြန်စွာစိုက်စိုက်ကြွကာလိုက်သဖြင့် မရိုက်ဖြစ်ဘဲ ကြွင်းကျန်ရစ်ပါသည်။

သို့ ကြွင်းကျန်ရစ်ခဲ့ပါသော်လဲ "ဆရာကျေးဇူး၊ ဂုဏ်အထူးကို၊ ပြန့်ပြူးစေငှာ၊ ဆပ်ဘို့ရာ၊ တပည်တာဝန်သာ" ဟူသော ပရိဘာသာနှင့်အညီ ဆရာ၏ အလိုတော်ဆန္ဒ ပြည့်ဝထပ်ထပ် ကျေးဇူးဆပ်အနေ သာသနာတော် ပြန့်ပွားစေ ဟူသော ယောနိသော နှလုံးထားဖြင့် လက်ရှိ မင်းကွန်း ဆရာတော် ဘုရားက ထပ်မံ၍ ပြင်ဆင် သုဓ်သင်ကာပုဒ်ပါ၌ ရှင်းလင်းစွာ တည်းဖြတ်ပြီး ချို့ယွင်းမှု ကင်းလတ်အောင် တတိယအကြိမ် စက်တင်၍ ပုံနှိပ်အပ်ပါသတည်း။

# တောလေးဆယ်အဖွင့်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အနိစ္စလက္ခဏာ ၁၀ ပါး

### အနိစ္စတောအဖွင့်

အနိစ္စတော သမ္မသတိ။ ကထံ။

အနိစ္စတော၊ မမြဲဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ အနိစ္စတော၊ မမြဲဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

အနိစ္စဘဲ မမြဲဟုသုံးသပ်သော သမ္မသနဉာဏ်၏အာရုံဖြစ်သော မမြဲသော သဘော၏အရအနိစ္စ၊အနိစ္စ၏အရခန္ဓပဉ္စက၊ခန္ဓပဉ္စက၏အရရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ်၊ ဤရုပ်, ဤဝေဒနာ, ဤသညာ, ဤသင်္ခါရ, ဤဝိညာဏ် တပါးတပါးသော ခန္ဓာ၏မဖြစ်ခင် မထင်မြင်ရာမှ ပေါ်လာ၍ ဖြစ်သောခဏ သစ်သောကာလလည်းမမြဲ။ ဖြစ်သောခဏ သစ်သောကာလမှ ပြောင်းရွေ့၍ တည်သောခဏ ဟောင်းသောကာလလည်း မမြဲ။ တည်သောခဏ ဟောင်းသောကာလမှ ပြောင်းရွေ့၍ ပျက်သောခဏ ကုန်သောကာလလည်းမမြဲ။

ဤရုပ်, ဤဝေဒနာ, ဤသညာ, ဤသင်္ခါရ, ဤဝိညာဏ် တပါး တပါးသော ခန္ဓာ၏မဖြစ်ခင် မထင်မြင်ရာမှ ပေါ်လာ၍ ဖြစ်သောခဏ သစ်သော ကာလ အစလည်းမမြဲ။ ဖြစ်သောခဏ သစ်သော ကာလအစမှ ပြောင်းရွေ့၍ တည်သောခဏ ဟောင်းသောကာလ အလယ်လည်း မမြဲ။ တည်သောခဏ

ဟောင်းသောကာလ အလယ်မှပြောင်းရွေ့၍ ပျက်သောခဏ ကုန်သောကာလ အဆုံးလည်းမပြဲ။

ဤရုပ်, ဤဝေဒနာ, ဤသညာ, ဤသင်္ခါရ, ဤဝိညာဏ် တပါး တပါး သော ခန္ဓာ၏မဖြစ်ခင် မထင်မြင်ရာမှပေါ်လာ၍ ဖြစ်သောခဏ သစ်သောကာလ အစ ဥပ္ပါဒ သင်္ခတလက္ခဏာလည်းမပြဲ။ အနိစ္စလက္ခဏာတပါး။

ဖြစ်သောခဏ သစ်သောကာလမှ ပြောင်းရွေ့၍တည်သောခဏဟောင်း သောကာလ အလယ်, ဌိတိ သင်္ခတလက္ခဏာလည်းမပြဲ။ အနိစ္စ လက္ခဏာတပါး။

တည်သောခဏ ဟောင်းသောကာလ အလယ်မှ ပြောင်းရွေ့၍ ပျက် သောခဏ ကုန်သောကာလ အဆုံး ဝယ သင်္ခတ လက္ခဏာလည်း မပြဲ။ အနိစ္စ လက္ခဏာ တပါး။

> တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ။ ကတမာနိ တီဏိ။ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အည ထတ္တံ ပညာယတိ။ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ သင်္ခတဿ သင်္ခတ လက္ခဏာနိ။

ဘိက္ခဝေ၊ ရဟန်းတို့၊ သင်္ခတဿ၊ ခဏတ္တယ သမင်္ဂီသင်္ခတ၏၊ သင်္ခတ လက္ခဏာနိ၊ ဥပါဒ်, ဌီ,ဘင် သင်္ခတလက္ခဏာတို့သည်၊ ဣမာနိ တီဏိ၊ ဤသုံးပါး တို့တည်း။ ကတမာနိ တီဏိ၊ အဘယ်သုံးပါးတို့နည်း။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်၊ ပညာယတိ၊ ထင်၏။ ဝယော၊ ပျက်ခြင်းသည်၊ ပညာယတိ၊ ထင်၏။ ဌိတဿ၊ တည်ခြင်း၏၊ အညထတ္တံ၊ ဖြစ်သည်, ပျက်သည်မှ တပါးသောအခြင်းအရာသည်၊ ပညာယတိ၊ ထင်၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ သင်္ခတဿ၊ ခဏတ္တယ သမင်္ဂီသင်္ခတ ၏၊ သင်္ခတလက္ခဏာနိ၊ ဥပါဒ်, ဌီ,ဘင် သင်္ခတလက္ခဏာတို့သည်၊ ဣမာနိ ခေါ တီဏိ၊ ဖြစ်,တည်, ချုပ်ပျက်၊ ဤသုံးချက်တို့ပင်တည်း။

ဤသို့အားဖြင့် အသီးအခြား တပါးတပါးသောခန္ဓာ၏ ခဏတ္တယသမင်္ဂီ အနိစ္စလက္ခဏာ သုံးပါးပြားသော ဥပါဒ်, ဌီ,ဘင် အစ, အလယ်, အဆုံး သုံးပါး လုံး အတူအမျှ ရှိကြသော ဤရုပ်, ဤဝေဒနာ, ဤသညာ, ဤသင်္ခါရ, ဤ ဝိညာဏ် တပါးတပါးသော ခန္ဓာကို မြဲသောသဘောမရှိ။ အစ,အလယ်,အဆုံး ၏ ရှိခြင်းကြောင့် အနိစ္စဘဲ မမြဲဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့်တက်၍အနုလောမဉာဏ်တိုင်အောင် အနိစ္စဘဲ မမြဲဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

သော ကောကံ ခန္ဓံ အနိစ္စန္တိကတာယ အာဒိအန္တဝန္တတာယစ
အနိစ္စတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ကောကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို၊ အနိစ္စန္တိကတာယစ၊ မြဲသော သဘော၏ မရှိခြင်းကြောင့်ငှင်း၊ အာဒိအန္တဝန္တတာယစ၊ အစ, အဆုံး ရှိသည်၏အဖြစ်ကြောင့်ငှင်း၊ အနိစ္စတော၊ မမြဲဟု၊ သမ္မသတိ၊ သုံးသပ်၏။

အနိစ္စတဲ့ မမြဲဟုသုံးသပ်သော သမ္မသနဉာဏ် အစ အနိစ္စတဲ့ မမြဲဟု ရှုမြင်သော အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ် တို့၏ သိခိုက် ခဏ သိခိုက်ခဏ မြဲသော သဘော၏အရ နိစ္စ။ နိစ္စ၏အရ နိဗ္ဗာန်။ နိဗ္ဗာန်၏အရ အနိစ္စတဲ့ မမြဲဟု သုံးသပ်သော သမ္မသနဉာဏ်အစ, အနိစ္စတဲ့ မမြဲဟု ရှုမြင်သော အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ် တို့၏ အာရုံဖြစ်သော, အတိတ်, အနာဂတ်, ပစ္စုပ္ပန် ခန္ဓာနာမ်ရုပ် သုံးပါးသောကာလတို့၌ ယခု ယခု အသစ်ဖြစ်ခြင်းငှာ မထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ကံကိလေသာ ဘဝတဖန် ခန္ဓာနာမ်ရုပ် တဒင်္ဂ တဒင်္ဂ ယခုမဖြစ်ဘဲချုပ်သော အနုပ္ပါဒနိရောဓ။ ဤအနုပ္ပါဒနိရောဓ၏ နောင်ခါ အသစ်အသစ် ဖြစ်သော ခဏ မထင်, သစ်သော ကာလနှင့်မယှဉ်ခြင်းသည်လည်း မြဲသော သဘော နိဗ္ဗာန်ပင်တည်း။

ဖြစ်သောခဏ မထင်, သစ်သောကာလနှင့်မယှဉ်က အသစ်, အဟောင်း ပြောင်းရွှေ့ခြင်းမရှိ၊ တည်သောခဏမထင်, ဟောင်းသောကာလနှင့် မယှဉ်ခြင်း သည်လည်း မြဲသော သဘော နိဗ္ဗာန်ပင်တည်း။

တည်သောခဏ မထင်, ဟောင်းသော ကာလနှင့် မယှဉ်က အဟောင်း အပျက် ပြောင်းရွှေ့ခြင်းမရှိ၊ ပျက်သောခဏမထင်, ကုန်သောကာလနှင့်မယှဉ် ခြင်းသည်လည်း မြဲသောသဘော နိဗ္ဗာန်ပင်တည်း။

ဤအနုပ္ပါဒနိရောဓ၏ နောင်ခါ အသစ်အသစ်ဖြစ်သောခဏမထင်, သစ်သောကာလနှင့်မယှဉ်၍အစ၏မရှိခြင်းသည်လဲ မြဲသောသဘောနိဗ္ဗာန်ပင်တည်း။

ဖြစ်သောခဏ မထင်, သစ်သော ကာလနှင့်မယှဉ်က အသစ်,အဟောင်း ပြောင်းရွှေ့ခြင်းမရှိ၊ တည်သောခဏမထင်, ဟောင်းသော ကာလနှင့် မယှဉ်၍ အလယ်၏ မရှိခြင်းသည်လည်း မြဲသောသဘော နိဗ္ဗာန်ပင်ဘည်း။

တည်သောခဏမထင်, ဟောင်းသော ကာလနှင့် မယှဉ်က အဟောင်း အပျက် ပြောင်းရွှေ့ခြင်းမရှိ၊ ပျက်သောခဏ မထင်, ကုန်သောကာလနှင့်မယှဉ် ၍ အဆုံး၏မရှိခြင်းသည်လည်း မြဲသောသဘော နိဗ္ဗာန်ပင်တည်း။

ဤအနုပ္ပါဒ နိရောဓ၏ နောင်ခါ အသစ်အသစ် ဖြစ်သော ခဏ မထင်ခြင်း အသင်္ခတလက္ခဏာတပါး၊ တည်သောခဏ မထင်ခြင်း အသင်္ခတ လက္ခဏာတပါး၊ ပျက်သောခဏ မထင်ခြင်း အသင်္ခတလက္ခဏာတပါး။

> တီဏိမာနိ ဘိက္ခဝေ အသင်္ခတဿ အသင်္ခတလက္ခဏာနိ။ ကတမာနိ တီဏိ။ န ဥပ္ပါဒေါ ပညာယတိ၊ န ဝယော ပညာယတိ၊ န ဌိတဿ အညထတ္တံ ပညာယတိ။ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ အသင်္ခတဿ အသင်္ခတလက္ခဏာနိ။

ဘိက္ခဝေ၊ ရဟန်းတို့၊ အသင်္ခတဿ၊ နိဗ္ဗာန်၏၊ အသင်္ခတလက္ခဏာနိ၊ နိဗ္ဗာန်၏လက္ခဏာတို့သည်၊ ဣမာနိ တီဏိ၊ ဤသုံးပါးတို့တည်း။ ကတမာနိ တီဏိ၊ အဘယ်သုံးပါးတို့နည်း။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်၊ န ပညာယတိ၊ မထင်။ ဝယော၊ ပျက်ခြင်းသည်၊ န ပညာယတိ၊ မထင်။ ဌိတဿ၊ တည်ခြင်း၏၊ အညထတ္တံ၊ ဖြစ်သည်, ပျက်သည်မှ တပါးသော အခြင်းအရာသည်၊ န ပညာယတိ၊ မထင်။ ဘိက္ခဝေ၊ ရဟန်းတို့၊ အသင်္ခတဿ၊ နိဗ္ဗာန်၏၊ အသင်္ခတ လက္ခဏာနိ၊ နိဗ္ဗာန်၏ လက္ခဏာတို့သည်၊ ဣမာနိခေါ တီဏိ၊ ဤသုံးပါးတို့ပင်တည်း။

ဤသို့အားဖြင့် အသီးအခြား အသင်္ခတလက္ခဏာ သုံးပါး ပြားသော ဥပါဒ်လည်းမရှိ, ဌီလည်းမရှိ, ဘင်လည်းမရှိ, အစ အလယ် အဆုံး သုံးပါးလုံးလည်း မရှိသော ကံကိလေသာ ဘဝတဖန် ခန္ဓာနာမ်ရုပ် သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့၏ အာရုံဖြစ်သောအတိတ်,အနာဂတ်,ပစ္စုပ္ပန်ခန္ဓာနာမ်ရုပ်သုံးပါးသော ကာလတို့၌ ယခုယခု အသစ်ဖြစ်ခြင်းငှာ မထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ဝိပဿနာ ဉာဏ်ဖြင့် ယခုယခု အသစ် မဖြစ်ဘဲ ချုပ်သော တဒင် တဒင်၏ မဂ်ဉာဏ်ဖြင့် နောင်ခါ သမုစ္ဆေဒ မဖြစ်ဘဲ ချုပ်ခြင်းသည် မြဲသောသဘော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ အနိစ္စတော မမြဲဟု၊ ပဿန္တော၊ ရှုသည်ရှိသော၊ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တီဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ နိစ္စံ၊ မြဲသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## ပလောကတောအဖွင့်

### ပလောကတော သမ္မသတိ။ ကထံ။

ပလောကတော၊ပျက်စီးသော သဘောဟု၊ သမ္မသတိ၊သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ ပလောကတော၊ ပျက်စီးသောသဘောဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါး တပါးသော ခန္ဓာကို မျက်စိနာသဖြင့် ပျက်စီးသည်၏အဖြစ်, မျက်စိအိုသဖြင့် ပျက်စီးသည်၏ အဖြစ်, မျက်စိသေသဖြင့် ပျက်စီးသည်၏ အဖြစ်ကြောင့် ပျက်စီးသော သဘောဟု သုံးသပ်၏။ နားနာသဖြင့်ပျက်စီးသည်၏အဖြစ်, နားအိုသဖြင့် ပျက်စီးသည်၏ အဖြစ်,နားသေသဖြင့် ပျက်စီးသည်၏ အဖြစ်ကြောင့် ပျက်စီးသော သဘောဟု သုံးသပ်၏။

နှာနာသဖြင့် ပျက်စီးသည်၏အဖြစ်, နှာအိုသဖြင့် ပျက်စီးသည်၏အဖြစ်, နှာသေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့် ပျက်စီးသောသဘောဟုသုံးသပ်၏။

လျှာနာသဖြင့် ပျက်စီးသည်၏အဖြစ်, လျှာအိုသဖြင့် ပျက်စီးသည်၏ အဖြစ်, လျှာသေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့် ပျက်စီးသောသဘောဟု သုံးသပ်၏။

ကိုယ်နာသဖြင့် ပျက်စီးသည်၏အဖြစ်, ကိုယ်အိုသဖြင့် ပျက်စီးသည်၏ အဖြစ်, ကိုယ်သေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့် ပျက်စီးသောသဘောဟု သုံးသပ်၏။

စိတ်နာသဖြင့် ပျက်စီးသည်၏ အဖြစ်, စိတ်အိုသဖြင့် ပျက်စီးသည်၏ အဖြစ်, စိတ်သေသဖြင့် ပျက်စီးသည်၏ အဖြစ်ကြောင့် ပျက်စီးသော သဘောဟု သုံးသပ်၏။

မသုံးသပ်မီက ဖြစ်သောခဏ, တည်သောခဏ, ပျက်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်အသစ် ဖြစ်ခြင်းငှာထိုက်သော ရုပ်,ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဏ် တပါးတပါးသော ခန္ဓာကို မျက်စိနာသဖြင့် ပျက်စီးသည်၏ အဖြစ်, မျက်စိအိုသဖြင့် ပျက်စီးသည်၏အဖြစ်, မျက်စိသေသဖြင့် ပျက်စီးသည်၏ အဖြစ်ကြောင့် ပျက်စီးသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

နားနာသဖြင့် ပျက်စီးသည်၏ အဖြစ်, နားအိုသဖြင့် ပျက်စီးသည်၏ အဖြစ်,နားသေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့် ပျက်စီးသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

နှာနာသဖြင့် ပျက်စီးသည်၏အဖြစ်, နှာအိုသဖြင့် ပျက်စီးသည်၏ အဖြစ်, နှာသေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့် ပျက်စီးသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

လျှာနာသဖြင့် ပျက်စီးသည်၏အဖြစ်, လျှာအိုသဖြင့် ပျက်စီးသည်၏ အဖြစ်, လျှာသေသဖြင့်ပျက်စီးသည်၏အဖြစ်ကြောင့် ပျက်စီးသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ကိုယ်နာသဖြင့် ပျက်စီးသည်၏ အဖြစ်, ကိုယ်အိုသဖြင့် ပျက်စီးသည်၏ အဖြစ်, ကိုယ်သေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့် ပျက်စီးသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

စိတ်နာသဖြင့် ပျက်စီးသည်၏အဖြစ်, စိတ်အိုသဖြင့် ပျက်စီးသည်အဖြစ်, စိတ်သေသဖြင့်ပျက်စီးသည်၏အဖြစ်ကြောင့် ပျက်စီးသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ် တိုင်အောင် ပျက်စီးသောသဘောဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ်အနုလော မဉာဏ်ကို ရ၏။

သော ကောကံ ခန္ဓံ ဗျာဓိဇရာမရဏေဟိ ပလုဇ္ဇနတာယ ပလောကတော သမ္မသတိ။

သော၊ထိုယောဂီပုဂ္ဂိုလ်သည်၊ ကောကံ ခန္ဓံ၊တပါးတပါးသော ခန္ဓာကို၊ ဗျာဓိ ဇရာ မရဏေဟိ၊ နာခြင်း,အိုခြင်း,သေခြင်းတို့ဖြင့်၊ ပလုဇ္ဇနတာယ၊ပျက်စီးသည်၏အဖြစ်ကြောင့်၊ ပလောကတော၊ ပျက်စီးသောသဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ၊ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ဖြစ်သောခဏ, တည်သောခဏ, ပျက်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာမထိုက်၊ သိခိုက် ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒ နိရောဓ၊ ပျက်စီးခြင်း ကင်းသော ယခုယခု တဒင်္ဂ၏ နောင်အသစ်အသစ် တဖန်ဖြစ်ခြင်းငှာ၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ၊ ငါး ပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် ပျက်စီးခြင်းကင်းသော နိဗ္ဗာန်ပင် တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ ပလောကတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အပလောကိကံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ ပလောကတော၊ ပျက်စီးသော သဘောဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အပလောကိကံ၊ ပျက်စီးသော အလေ့ ပျက်စီးသော သဘောကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊သက်ဝင်၏။

## စလတောအဖွင့်

စလတော သမ္ဗသတိ။ ကထံ။

စလတော၊ တုန်လှုပ်သော သဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ စလတော၊ တုန်လှုပ်သော သဘောဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ငါးပါး ငါးပါးသော ခန္ဓာကို နာသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့် တုန်လှုပ်သော သဘောဟု သုံးသပ်၏။ အိုသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့် တုန်လှုပ်သောသဘောဟု သုံးသပ်၏။ သေသဖြင့်လည်း တုန်လှုပ်သည်၏ အဖြစ်ကြောင့် တုန်လှုပ်သော သဘောဟု သုံးသပ်၏။

လာဘ်ပေါ်များသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့် တုန်လှုပ်သော သဘောဟု သုံးသပ်၏။ လာဘ်နည်းပါးသဖြင့်လည်း တုန်လှုပ်သည်၏ အဖြစ်ကြောင့် တုန်လှုပ်သောသဘောဟု သုံးသပ်၏။

အခြွေအရံ ပေါ်များသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့် တုန်လှုပ်သောသဘောဟု သုံးသပ်၏။ အခြွေအရံ နည်းပါးသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့် တုန်လှုပ်သောသဘောဟု သုံးသပ်၏။

ချီးမွမ်းသဖြင့်လည်း တုန်လှုပ်သည်၏ အဖြစ်ကြောင့် တုန်လှုပ်သော သဘောဟု သုံးသပ်၏။ ကဲ့ရဲ့သဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့် တုန်လှုပ်သောသဘောဟု သုံးသပ်၏။

ချမ်းသာသဖြင့်လည်း တုန်လှုပ်သည်၏ အဖြစ်ကြောင့် တုန်လှုပ်သော သဘောဟုသုံးသပ်၏။ ဆင်းရဲသဖြင့်လည်းတုန်လှုပ်သည်၏အဖြစ်ကြောင့်တုန်လှုပ်သောသဘောဟု သုံးသပ်၏။

မသုံးသပ်မိက နာသောခဏ အိုသောခဏ သေသောခဏ လာဘ်ပေါများသောခဏ လာဘ်နည်းပါးသော ခဏ အခြွေအရံ ပေါများသော ခဏ အခြွေအရံ နည်းပါးသောခဏ ချီးမွမ်းသောခဏ ကဲ့ရဲ့သော ခဏ ချမ်းသာသောခဏ ဆင်းရဲသောခဏပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ် ဖြစ်ခြင်းငှာ ထိုက်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တပါးတပါးသော ခန္ဓာကို နာသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့် တုန်လှုပ်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

အိုသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်တုန်လှုပ်သောသဘောဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။ သေသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့် တုန်လှုပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

လာဘ်ပေါများသဖြင့်လည်း တုန်လှုပ်သည်၏ အဖြစ်ကြောင့် တုန်လှုပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။ လာဘ်နည်းပါးသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့် တုန်လှုပ်သော သဘောဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

အခြွေအအရံ ပေါများသဖြင့်လည်း တုန်လှုပ်သည်၏ အဖြစ်ကြောင့် တုန်လှုပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသန ဉာဏ်ကိုရ၏။ အခြွေအရံနည်းပါးသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့် တုန်လှုပ်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ချီးမွမ်းသဖြင့်လည်း တုန်လှုပ်သည်၏ အဖြစ်ကြောင့် တုန်လှုပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။ ကဲ့ရဲ့သဖြင့်လည်း တုန်လှုပ် သည်၏အဖြစ်ကြောင့် တုန်လှုပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ချမ်းသာသဖြင့်လည်း တုန်လှုပ်သည်၏ အဖြစ်ကြောင့် တုန်လှုပ်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။ ဆင်းရဲသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့် တုန်လှုပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှအထက် အဆင့်ဆင့်တက်၍အနုလောမဉာဏ်တိုင်အောင် တုန်လှုပ်သော သဘောဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

သော ကေကံ ခန္ဓံ ဗျာဓိဇရာမရဏေဟိ စေဝ လာဘာဒီဟိ စ လောကဓမ္မေဟိ ပစလိတတာယ စလတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ကေကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို၊ ဗျာဓိ ဇရာ မရဏေဟိ စေဝ၊ နာခြင်း, အိုခြင်း, သေခြင်းတို့ဖြင့်၎င်း၊ လာဘာဒီဟိ၊ လာဘအစရှိကုန်သော၊ လောက ဓမ္မေဟိစ၊ လောကဓံတရား ရှစ်ပါးတို့ဖြင့်၎င်း၊ ပစလိတတာယ၊ တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ စလတော၊ တုန်လှုပ်သော သဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက နာသောခဏ အိုသောခဏ သေသောခဏ လာဘ်ပေါများသောခဏ လာဘ်နည်းပါးသောခဏ အခြွေအရံ ပေါများသောခဏ အခြွေအရံနည်းပါးသောခဏ ချီမွမ်းသောခဏ ကဲ့ရဲ့သောခဏ ချမ်းသာသောခဏ ဆင်းရဲသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်း ၎ှာ မထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏မဖြစ်ဘဲချုပ်သော သဘော အနုပ္ပါဒနိရောဓ၊ တုန်လှုပ်ခြင်း ကင်းသော ယခု ယခု တဒင်္ဂ၏ နောင် အသစ်တဖန် ဖြစ်ပြန်ခြင်း၎ှာမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒအကြွင်း အကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် တုန်လှုပ်ခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

ပဥ္စက္ခန္ဓေ စလတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အစလံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဥ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ စလတော၊ တုန်လှုပ်သောသဘော ဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တီဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်း သည်၊ အစလံ၊ တုန်လှုပ်ခြင်းကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## ပဘင်္ဂုတော အဖွင့်

ပဘင်္ဂုတော သမ္မသတိ။ ကထံ။

ပဘင်္ဂုတော၊ ပျက်စီးသော အလေ့သဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ ပဘင်္ဂုတော၊ ပျက်စီးသော အလေ့သဘောဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို မိမိဖျက်ဆီးသော လုံ့လပယောဂအားဖြင့်လည်း ပျက်စီးခြင်းသို့ ရောက်သော အလေ့သဘောရှိသည်၏ အဖြစ်ကြောင့် ပျက်စီးသောအလေ့သဘောဟု သုံးသပ်၏။ သူတပါး ဖျက်ဆီးသော လုံ့လပယောဂ အားဖြင့်လည်း ပျက်စီးခြင်းသို့ ရောက်သော အလေ့သဘော ရှိသည်၏ အဖြစ်ကြောင့် ပျက်စီးသော အလေ့သဘောဟု သုံးသပ်၏။ သဘာဝဓမ္မ ပျက်စီးသော ကိစ္စအားဖြင့်လည်း ပျက်စီးခြင်းသို့ရောက်သော အလေ့သဘော ရှိသည်၏အဖြစ်ကြောင့် ပျက်စီးသော အလေ့သဘောဟုသုံးသပ်၏။

မသုံးသပ်မိက ဖျက်ဆီးသောခဏ, ပျက်စီးသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ်ဖြစ်ခြင်းငှာ ထိုက်သော ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို မိမိဖျက်ဆီးသော လုံ့လပယောဂ အားဖြင့်လည်း ပျက်စီးခြင်းသို့ရောက်သောအလေ့သဘောရှိသည်၏အဖြစ်ကြောင့်ပျက်စီးသော အလေ့သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သူတပါးဖျက်ဆီးသော လုံ့လပယောဂ အားဖြင့်လည်း ပျက်စီးခြင်းသို့ရောက်သော အလေ့သဘောရှိသည်၏အဖြစ်ကြောင့် ပျက်စီးသော အလေ့သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သဘာဝဓမ္မ ပျက်စီးသော ကိစ္စအားဖြင့်လည်း ပျက်စီးခြင်းသို့ ရောက်သော အလေ့သဘောရှိသည်၏ အဖြစ်ကြောင့် ပျက်စီးသောအလေ့သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့် တက်၍ အနုလောမဉာဏ်တိုင်အောင် ပျက်စီးသော အလေ့သဘောဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

သော ဧကေကံ ခန္ဓံ ဥပက္ကမေန စေဝ သရသေန စ ပဘင်္ဂုပဂမနသီလတာယ ပဘင်္ဂုတော သမ္မသတိ။

သော၊ ယောဂီပုဂ္ဂိုလ်သည်၊ ကောကံ ခန္ဓံ၊ တပါးဘပါးသော ခန္ဓာကို၊ ဥပက္ကမေနစေဝ၊ မိမိလုံ့လ, သူတပါးလုံ့လအားဖြင့်၎င်း၊ သရသေနစ၊သဘောကိစ္စအားဖြင့်၎င်း၊ ပဘင်္ဂုပဂမနသီလတာယ၊ ပျက်စီးခြင်းသို့ ရောက်သော အလေ့သဘောရှိသည်၏ အဖြစ်ကြောင့်၊ ပဘင်္ဂုတော၊ ပျက်စီးသော အလေ့သဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ် တို့ဖြင့် သုံး သပ် ရှု မြင် မိ က ဖျက်ဆီးသော ခဏ, ပျက်စီးသောခဏ ပစ္စုပ္ပန်ကာလ၌ ယခု ယခု အသစ် ဖြစ်ခြင်း၄ှာ မထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲချုပ်သောသဘောအနုပ္ပါဒနိရောဓ၊ ပျက်စီးခြင်း အလေ့သဘော ကင်းသော ယခု ယခု တဒင်္ဂ၏ နောင် အသစ် အသစ်တဖန် ဖြစ်ပြန်ခြင်း၄ှာမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် ပျက်စီးခြင်းအလေ့သဘောကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ ပဘင်္ဂုတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အပဘင်္ဂု နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို၊ ပဘင်္ဂုတော၊ ပျက်စီးသော အလေ့သဘောဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တီဉာဏ်ကို၊ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ငါးပါးသောခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အပဘင်္ဂု၊ ပျက်စီးခြင်း အလေ့သဘောကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ဤသို့၊ ပဿန္တော၊မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊မဂ်သို့၊ ဩက္ကမတိ၊သက်ဝင်၏။

## အဓုဝတော အဖွင့်

အဓုဝတော သမ္မသတိ။ ကထံ။

အဓုဝတော၊ မမြဲဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ အဓုဝတော၊မမြဲဟု၊ သမ္မသတိ၊သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို သွားသောခဏ ပြန်သောခဏ အခိုက်အတန့်ကျသဖြင့်လည်း မြဲမြံ ခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့် မမြဲဟု သုံးသပ်၏။

တူရှုကြည့်သောခဏ တစောင်းကြည့်သောခဏ အခိုက်အတန့်ကျသဖြင့်လည်း မြဲမြံ ခိုင်ခံ့ တည်တံ့သော သဘော မရှိသည်၏ အဖြစ်ကြောင့် မမြဲဟု သုံးသပ်၏။

ကွေးသော ခဏ ဆန့်သော ခဏ အခိုက်အတန့်ကျသဖြင့်လည်း မြဲမြံ ခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့် မမြဲဟု သုံးသပ်၏။

သင်္ကန်းသပိတ် အဝတ်အရုံ တစုံတခုကိုင်ယူသောခဏ အခိုက်အတန့်ကျသဖြင့်လည်း မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့် မမြဲဟု သုံးသပ်၏။

စားသောခဏ သောက်သောခဏ ခဲသောခဏ လျက်သောခဏ အခိုက်အတန့် ကျသဖြင့်လည်း မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏ အဖြစ်ကြောင့် မမြဲဟု သုံးသပ်၏။

ကျင်ကြီးစွန့်သောခဏ ကျင်ငယ်စွန့်သောခဏ အခိုက်အတန့် ကျသဖြင့်လည်း မြဲမြံ ခိုင်ခံ့ တည်တံ့သော သဘောမရှိသည်၏ အဖြစ်ကြောင့် မမြဲဟု သုံးသပ်၏။

သွားသောခဏ ရပ်သောခဏ ထိုင်သောခဏ အိပ်သောခဏ နိုးသောခဏ အခိုက်အတန့်ကျသဖြင့်လည်း မြဲမြံခိုင်ခံ့ တည်တံ့သောသဘောမရှိသည်၏ အဖြစ်ကြောင့် မမြဲဟု သုံးသပ်၏။

ပြောဆိုသောခဏ ဆိတ်ဆိတ်နေသော ခဏ အခိုက်အတန့် ကျသဖြင့်လည်း မြဲမြံ ခိုင်ခံ့ တည်တံ့သော သဘော မရှိသည်၏ အဖြစ်ကြောင့် မမြဲဟု သုံးသပ်၏။

မသုံးသပ်မိက သွားသောခဏ ပြန်သောခဏ တူရှုကြည့်သောခဏ တစောင်းကြည့်သောခဏ ကွေးသောခဏ ဆန့်သောခဏ သင်္ကန်း သပိတ် အဝတ်အရုံ တစုံတခုကိုင်သောခဏ စားသောခဏ သောက်သောခဏ ခဲသောခဏ လျက်သောခဏ ကျင်ကြီးစွန့်သောခဏ ကျင်ငယ်စွန့်သောခဏ သွားသောခဏ ရပ်သောခဏ ထိုင်သောခဏ အိပ်သောခဏ နိုးသောခဏ ပြောဆိုသောခဏ ဆိတ်ဆိတ်နေသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာ ထိုက်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို သွားသောခဏ ပြန်သောခဏ အခိုက်အတန့်ကျသဖြင့်လည်း မြဲမြံခိုင်ခံ့ တည်တံ့သော သဘောမရှိသည်၏ အဖြစ်ကြောင့် မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

တူရူကြည့်သောခဏ တစောင်းကြည့်သောခဏ အခိုက်အတန့်ကျသဖြင့်လည်း မြဲမြံခိုင်ခံ့ တည်တံ့သော သဘော မရှိသည်၏ အဖြစ်ကြောင့် မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ကွေးသောခဏ ဆန့်သောခဏ အခိုက်အတန့်ကျသဖြင့်လည်း မြဲမြံခိုင်ခံ့ တည်တံ့သော သဘော မရှိသည်၏ အဖြစ်ကြောင့် မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သင်္ကန်းသပိတ် အဝတ်အရုံ တစုံတခု ကိုင်ယူသောခဏ အခိုက်အတန့်ကျသဖြင့်လည်း မြဲမြံခိုင်ခံ့ တည်တံ့သောသဘောမရှိသည်၏အဖြစ်ကြောင့် မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

စားသောခဏ သောက်သောခဏ ခဲသောခဏ လျက်သောခဏ အခိုက်အတန့်ကျသဖြင့်လည်း မြဲမြံခိုင်ခံ့ တည်တံ့သော သဘော မရှိသည်၏ အဖြစ်ကြောင့် မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ကျင်ကြီးစွန့်သောခဏ ကျင်ငယ်စွန့်သောခဏ အခိုက်အတန့်ကျသဖြင့်လည်း မြဲမြံခိုင်ခံ့ တည်တံ့သော သဘော မရှိသည်၏ အဖြစ်ကြောင့် မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သွားသောခဏ ရပ်သောခဏ ထိုင်သောခဏ အိပ်သောခဏ နိုးသောခဏ အခိုက်အတန့်ကျသဖြင့်လည်း မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏ အဖြစ်ကြောင့် မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ပြောဆိုသောခဏ ဆိတ်ဆိတ်နေသောခဏ အခိုက်အတန့်ကျသဖြင့်လည်း မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏ အဖြစ်ကြောင့် မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှအထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ်တိုင်အောင် မမြဲဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

သော ကေကံ ခန္ဓံ သဗ္ဗာဝတ္ထာနိပါတိတာယ ထိရဘာဝဿ စ အဘာဝတာယ အဓုဝတော သမ္မသတိ။

သော၊ထိုယောဂီပုဂ္ဂိုလ်သည်၊ ကေကံ ခန္ဓံ၊ တပါးတပါးသောခန္ဓာကို၊ သဗ္ဗာဝတ္ထာနိပါတိတာယ၊ ခပ်သိမ်းဥဿုံ အလုံးစုံအခိုက်အတန့်ကျသည်၏အဖြစ်ကြောင့်၊ ထိရဘာဝဿစ၊မြဲမြံခိုင်ခံ့ တည်တံ့သောသဘော၏လည်း၊ အဘာဝတာယ၊မရှိသည်၏အဖြစ်ကြောင့်၊ အဓုဝတော၊မမြဲဟု၊ သမ္မသတိ၊သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက သွားသောခဏ ပြန်သောခဏ တူရူ

ကြည့်သောခဏ တစောင်းကြည့်သောခဏ ကွေးသောခဏ ဆန့်သောခဏ သင်္ကန်းသပိတ် အဝတ်အရုံ တစုံတခု ကိုင်ယူသောခဏ စားသောခဏ သောက်သောခဏ ခဲသောခဏ လျက်သောခဏ ကျင်ကြီးစွန့်သောခဏ ကျင်ငယ်စွန့်သောခဏ သွားသောခဏ ရပ်သောခဏ ထိုင်သောခဏ အိပ်သောခဏ နိုးသောခဏ ပြောဆိုသောခဏ ဆိတ်ဆိတ်နေသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲချုပ်သောသဘော အနုပ္ပာဒနိရောဓ၊ မြဲသောသဘော ယခုယခုတဒင်္ဂ၏ နောင်အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒအကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် မြဲသော သဘောနိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကို ရ၏။

> ပဉ္စက္ခန္ဓေ အစုဝတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ဧဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ အစုဝတော၊ မမြဲဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသောခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ ဧဝံ၊ မြဲသော၊ နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။ ဣတိ၊ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## ဝိပရိဏာမဓမ္မတော အဖွင့်

ဝိပရိဏာမဓမ္မတော သမ္မသတိ။ ကထံ။

ဝိပရိဏာမဓမ္မတော၊ဖောက်ပြန်သောသဘောဟု၊ သမ္မသတိ၊သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ ဝိပရိဏာမဓမ္မတော၊ ဖောက်ပြန်သော သဘောဟု၊ သမ္မသတိ၊သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါး တပါးသော ခန္ဓာကို ရုပ်ဖြစ်သောခဏ သစ်သောကာလမှ နောက် တည်သောခဏ ဟောင်းသောကာလသို့ရောက်၍ အိုသဖြင့် ဖောက်ပြန်သောသဘော၊ တည်သောခဏ ဟောင်းသောကာလမှ နောက် ပျက်သောခဏ ကုန်သောကာလသို့ ရောက်၍ သေသဖြင့် ဖောက်ပြန်သောသဘော ရှိသည်၏ အဖြစ်ကြောင့် ဖောက်ပြန်သော သဘောဟု သုံးသပ်၏။

ဝေဒနာဖြစ်သောခဏာ သစ်သော ကာလမှ နောက် တည်သောခဏာ ဟောင်းသော ကာလသို့ ရောက်၍ အိုသဖြင့် ဖောက်ပြန်သော သဘော၊ တည်သောခဏာ ဟောင်းသောကာလမှ နောက် ပျက်သောခဏာ ကုန်သောကာလသို့ ရောက်၍ သေသဖြင့် ဖောက်ပြန်သောသဘော ရှိသည်၏အဖြစ်ကြောင့် ဖောက်ပြန်သောသဘောဟု သုံးသပ်၏။

သညာဖြစ်သော ခဏာ သစ်သော ကာ လ မှ နောက် တည်သော ခဏာ ဟောင်းသော ကာလသို့ ရောက်၍ အိုသဖြင့် ဖောက်ပြန်သော သဘော၊ တည်သောခဏာ ဟောင်းသောကာလမှ နောက် ပျက်သောခဏာ ကုန်သော ကာလသို့ ရောက်၍ သေသဖြင့် ဖောက်ပြန်သောသဘော ရှိသည်၏ အဖြစ်ကြောင့် ဖောက်ပြန်သောသဘောဟု သုံးသပ်၏။

သင်္ခါရ ဖြစ်သော ခဏာ သစ်သော ကာလမှ နောက် တည်သော ခဏာ ဟောင်းသော ကာလသို့ ရောက်၍ အိုသဖြင့် ဖောက်ပြန်သော သဘော၊ တည်သောခဏာ ဟောင်းသောကာလမှ နောက် ပျက်သောခဏာ ကုန်သောကာလသို့ ရောက်၍ သေသဖြင့် ဖောက်ပြန်သောသဘော ရှိသည်၏ အဖြစ်ကြောင့် ဖောက်ပြန်သောသဘောဟု သုံးသပ်၏။

ဝိညာဏ်ဖြစ်သော ခဏာ သစ်သော ကာလမှ နောက် တည်သော ခဏာ ဟောင်းသော ကာလသို့ ရောက်၍ အိုသဖြင့် ဖောက်ပြန်သော သဘော၊ တည်သောခဏာ ဟောင်းသောကာလမှ နောက် ပျက်သောခဏာ ကုန်သောကာလသို့ ရောက်၍ သေသဖြင့် ဖောက်ပြန်သောသဘော ရှိသည်၏ အဖြစ်ကြောင့် ဖောက်ပြန်သောသဘောဟု သုံးသပ်၏။

မသုံးသပ်မိက ရုပ်ဖြစ်သောခဏာ ဝေဒနာဖြစ်သောခဏာ သညာဖြစ်သောခဏာ သင်္ခါရဖြစ်သောခဏာ ဝိညာဏ်ဖြစ်သောခဏာ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာထိုက်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါး တပါးသော ခန္ဓာကို ရုပ်ဖြစ်သောခဏာ သစ်သောကာလမှ နောက် တည်သောခဏာ ဟောင်းသော ကာလသို့ ရောက်၍ အိုသဖြင့် ဖောက်ပြန်သော သဘော၊ တည်သောခဏာ ဟောင်းသော ကာလမှ နောက် ပျက်သော ခဏာ ကုန်သောကာလသို့ရောက်၍ သေသဖြင့် ဖောက်ပြန်သောသဘော ရှိသည်၏အဖြစ်ကြောင့် ဖောက် ပြန် သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသန ဉာဏ်ကို ရ၏။

ဝေဒနာ ဖြစ်သောခဏာ သစ်သော ကာလမှ နောက် တည်သောခဏာ ဟောင်းသော ကာလသို့ ရောက်၍ အိုသဖြင့် ဖောက်ပြန်သော သဘော၊ တည်

သောခဏ ဟောင်းသောကာလမှ နောက် ပျက်သောခဏ ကုန်သောကာလသို့ ရောက်၍ သေသဖြင့် ဖောက်ပြန်သောသဘောရှိသည်၏ အဖြစ်ကြောင့် ဖောက်ပြန်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သညာဖြစ်သောခဏ သစ်သော ကာလမှ နောက် တည် သော ခဏ ဟောင်းသော ကာလသို့ရောက်၍ အိုသဖြင့် ဖောက်ပြန်သော သဘော၊ တည်သောခဏ ဟောင်းသောကာလမှ နောက် ပျက်သောခဏ ကုန်သောကာလသို့ ရောက်၍ သေသဖြင့် ဖောက်ပြန်သောသဘောရှိသည်၏အဖြစ်ကြောင့် ဖောက်ပြန်သောသဘောဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သင်္ခါရ ဖြစ်သောခဏ သစ်သော ကာလမှ နောက် တည် သော ခဏ ဟောင်းသော ကာလသို့ ရောက်၍ အိုသဖြင့် ဖောက်ပြန်သော သဘော၊ တည်သောခဏ ဟောင်းသောကာလမှ နောက် ပျက်သောခဏ ကုန်သော ကာလသို့ ရောက်၍ သေသဖြင့် ဖောက်ပြန်သော သဘောရှိသည်၏အဖြစ်ကြောင့် ဖောက်ပြန်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ဝိညာဏ်ဖြစ်သောခဏ သစ်သော ကာလမှ နောက် တည်သော ခဏ ဟောင်းသောကာလသို့ ရောက်၍ အိုသဖြင့် ဖောက်ပြန်သော သဘော၊ တည်သောခဏ ဟောင်းသောကာလမှ နောက် ပျက်သောခဏ ကုန်သော ကာလသို့ ရောက်၍ သေသဖြင့် ဖောက်ပြန်သော သဘောရှိသည်၏အဖြစ်ကြောင့် ဖောက်ပြန်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့် တက်၍ အနုလောမဉာဏ် တိုင်အောင် ဖောက်ပြန်သော သဘောဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ရ၏။

သော ကေကံ ခန္ဓံ ဇရာယ စေဝ မရဏေန စာတိ ဒွေဓာ ပရိဏာမ ပကတိတာယ ဝိပရိဏာမဓမ္မတော သမ္မသတိ။

သော၊ ထိုယောဂီ ပုဂ္ဂိုလ်သည်၊ ကေကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို၊ ဇရာယစေဝ၊ အိုခြင်းဖြင့်၎င်း၊ မရဏေနစ၊ သေခြင်းဖြင့်၎င်း၊ ဣတိ၊ ဤသို့၊ ဒွေဓာ ပရိဏာမ ပကတိတာယ၊ ၂ ပါးသော အခြင်းအရာအားဖြင့်၊ ဖောက်ပြန်သော သဘောရှိသည်၏အဖြစ်ကြောင့်၊ ဝိပရိဏာမဓမ္မတော၊ ဖောက်ပြန်သော သဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ရုပ်ဖြစ်သောခဏ ဝေဒနာဖြစ်သော

ခဏ သညာဖြစ်သောခဏ သင်္ခါရဖြစ်သောခဏ ဝိညာဏ်ဖြစ်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ်ဖြစ်ခြင်းငှာ မထိုက်, သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ ဖောက်ပြန်ခြင်းကင်းသော ယခုယခု တဒင်္ဂ၏ နောင်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာ မထိုက်, မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ, ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် ဖေါက်ပြန်ခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ ဝိပရိဏာမဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဝိပရိဏာမဓမ္မံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ ဝိပရိဏာမဓမ္မတော၊ ဖေါက်ပြန်သော သဘောဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံခန္တိံ၊ အနုလောမခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အဝိပရိဏာမဓမ္မံ၊ ဖေါက်ပြန်ခြင်း ကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ပင်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## အသာရကတော အဖွင့်

အသာရကတော သမ္မသတိ။ ကထံ။

အသာရကတော၊ အနှစ်မရှိဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ အသာရကတော၊ အနှစ်မရှိဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိဉာဏ် တပါးတပါးသော ခန္ဓာကို ကျသောခဏ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ၌မခိုင်တဲတဲ အားနည်းသဖြင့်လည်း အကာကဲ့သို့ ကျိုးလွယ်သည်၏အဖြစ်ကြောင့် အနှစ်မရှိဟု သုံးသပ်၏။

မသုံးသပ်မီက ကျသောခဏ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ် ဖြစ်ခြင်းငှာထိုက်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ကျသောခဏ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ၌ မခိုင်တဲတဲ အားနည်းသဖြင့်လည်း အကာကဲ့သို့ ကျိုးလွယ်သည်၏အဖြစ်ကြောင့် အနှစ်မရှိဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှအထက် အဆင့်ဆင့် တက်၍ အနုလောမဉာဏ် တိုင်အောင် အနှစ်မရှိဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကိုရ၏။

သော ကောကံ ခန္ဓံ ဒုဗ္ဗလတာယ ဖေဂ္ဂုဝိယ သုဘာဥ္စနီယတာယ
စ အသာရကတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ကောကံ ခန္ဓံ၊ တပါးတပါးသောခန္ဓာကို၊ ဒုဗ္ဗလတာယစ၊ အားနည်းသည်၏ အဖြစ်ကြောင့်၎င်း၊ ဖေဂ္ဂုဝိယ၊ အကာကဲ့သို့၊ သုဘာဥ္စနီယတာယစ၊ ကျိုးလွယ်သည်၏အဖြစ်ကြောင့်၎င်း၊ အသာရကတော၊ အနှစ်မရှိဟု၊ သမ္မသတိ၊ သုံးသပ်၏။

**အမှာစကား။** ။အဋ္ဌကထာ၌ "သုခဘဥ္စနီယတာယ"၌ သုခ-ပုဒ်ကို "ဧမေ ပန သုဘေဒါ ဝေ"ဟူသောဋီကာပုဒ်ကိုရှု၍ ပမာဒလေခဟုသိ။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ကျသောခဏ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ၌ ယခု ယခု အသစ်ဖြစ်ခြင်းငှာ မထိုက်၊ သိခိုက်ခဏ သိခိုက် ခဏ ငါးပါးသောခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ အနှစ်ရှိ ရှိသော ယခု ယခု တဒင်္ဂ၏နောင် အသစ် အသစ်တဖန် ဖြစ်ပြန်ခြင်းငှါ မထိုက် မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ, ငါးပါးသောခန္ဓာတို့၏ ချုပ်ခြင်းသည် အနှစ်ရှိသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကို ရ၏။

ပဉ္စက္ခန္ဓေ အသာရကတော ပဿန္တော အနုလောမိကံ ခန္တိံ
ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော သာရံ နိဗ္ဗာနန္တိ ပဿန္တော
သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ အသာရကတော၊ အနှစ်မရှိဟု၊ ပဿန္တော၊ ရှုသည် ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တိ ဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ သာရံ၊ အနှစ်ရှိသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း၊ ဣတိ၊ ဤသို့၊ ပဿန္တော မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## ဝိဘဝတောအဖွင့်

ဝိဘဝတော သမ္မသတိ။ ကထံ။

ဝိဘဝတော၊ ဖြစ်ပြီးမှကင်းသော သဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ဝိဘဝတော၊ဖြစ်ပြီးမှ ကင်းသောသဘောဟု၊သမ္မသတိ၊ သုံးသပ်သနည်း။

ဘဝသည် ကမ္မဘဝ, ဥပပတ္တိဘဝအားဖြင့် ၂ ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, သင်္ခါရ ဟောတု ပဉ္စကသည် ကမ္မ

ဘဝမည်၏။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဖလပဥ္စကသည် ဥပပတ္တိဘဝမည်၏။

ဟေတုပဥ္စကသည်လည်း အတိတ်ဟေတုပဥ္စက, ပစ္စုပ္ပန်ဟေတုပဥ္စကအားဖြင့် ၂ ပါးအပြားရှိ၏။ ထို ၂ ပါးတို့တွင် အတိတ် ဟေတုပဥ္စကသည် ပစ္စုပ္ပန် ဖလပဥ္စလနှင့်စပ်၏။ ပစ္စုပ္ပန် ဟေတုပဥ္စကသည် အနာဂတ် ဖလပဥ္စကနှင့်စပ်၏။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို—

စက္ခု ဝိညာဏ် မြင်သောကာလ ဖြစ်သောခဏ ဖလပဥ္စက အကျိုးဘဝ၏ ဟေတုပဥ္စက အကြောင်းဘဝနှင့်ပြည့်စုံပြီးမှ ပျက်သောခဏ ဖလပဥ္စက အကျိုးဘဝ၏ ဟေတုပဥ္စက အကြောင်းဘဝနှင့် ကင်းသည်၏အဖြစ်ကြောင့် ဖြစ်ပြီးမှ ကင်းသောသဘောဟု သုံးသပ်၏။

သောတဝိညာဏ် ကြားသောကာလ ဖြစ်သောခဏ ဖလပဥ္စက အကျိုးဘဝ၏ ဟေတုပဥ္စက အကြောင်းဘဝနှင့်ပြည့်စုံပြီးမှ ပျက်သောခဏ ဖလပဥ္စက အကျိုးဘဝ၏ ဟေတုပဥ္စက အကြောင်းဘဝနှင့် ကင်းသည်၏ အဖြစ်ကြောင့် ဖြစ်ပြီးမှ ကင်းသောဘဘောဟု သုံးသပ်၏။

ဃာနဝိညာဏ် နံသောကာလ ဖြစ်သောခဏ ဖလပဥ္စက အကျိုးဘဝ၏ ဟေတုပဥ္စက အကြောင်း ဘဝနှင့် ပြည့်စုံပြီးမှ ပျက်သောခဏ ဖလပဥ္စက အကျိုးဘဝ၏ ဟေတုပဥ္စက အကြောင်းဘဝနှင့် ကင်းသည်၏ အဖြစ်ကြောင့် ဖြစ်ပြီးမှ ကင်းသော သဘောဟုသုံးသပ်၏။

ဇိဝှာဝိညာဏ် စားသောကာလ ဖြစ်သောခဏ ဖလပဥ္စက အကျိုးဘဝ၏ ဟေတုပဥ္စက အကြောင်းဘဝနှင့်ပြည့်စုံပြီးမှ ပျက်သောခဏ ဖလပဥ္စက အကျိုးဘဝ၏ ဟေတုပဥ္စက အကြောင်းဘဝနှင့် ကင်းသည်၏အဖြစ်ကြောင့် ဖြစ်ပြီးမှ ကင်းသော သဘောဟု သုံးသပ်၏။

ကာယဝိညာဏ် ထိသောကာလ ဖြစ်သောခဏ ဖလပဥ္စက အကျိုးဘဝ၏ ဟေတုပဥ္စက အကြောင်းဘဝနှင့်ပြည့်စုံပြီးမှ ပျက်သော ခဏ ဖလပဥ္စက အကျိုးဘဝ၏ ဟေတုပဥ္စက အကြောင်းဘဝနှင့်ကင်းသည်၏ အဖြစ်ကြောင့် ဖြစ်ပြီးမှ ကင်းသော သဘောဟု သုံးသပ်၏။

မနောဝိညာဏ် သိသောကာလ ဖြစ်သောခဏ ဖလပဥ္စက အကျိုးဘဝ၏ ဟေတုပဥ္စက အကြောင်းဘဝနှင့်ပြည့်စုံပြီးမှ ပျက်သောခဏ ဖလပဥ္စက အကျိုးဘဝ၏ ဟေတုပဥ္စက အကြောင်းဘဝနှင့်ကင်းသည်၏ အဖြစ်ကြောင့် ဖြစ်ပြီးမှ ကင်းသော သဘောဟု သုံးသပ်၏။

မသုံးသပ်မိက စက္ခုဝိညာဏ် မြင်သောကာလ ဖြစ်သောခဏ, သောတဝိညာဏ် ကြားသောကာလ ဖြစ်သောခဏ, ဃာနဝိညာဏ် နံသောကာလ ဖြစ်သော ခဏ, ဇိဝှာဝိညာဏ် စားသောကာလ ဖြစ်သောခဏ, ကာယဝိညာဏ် ထိသောကာလ ဖြစ်သောခဏ, မနောဝိညာဏ် သိသော ကာလ ဖြစ်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာထိုက်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသောခန္ဓာကို စက္ခုဝိညာဏ် မြင်သော ကာလ ဖြစ်သော ခဏ ဖလပဉ္စကအကျိုးဘဝ၏ ဟေတုပဉ္စက အကြောင်းဘဝနှင့်ပြည့်စုံပြီးမှ ပျက်သောခဏ ဖလပဉ္စက အကျိုးဘဝ၏ ဟေတုပဉ္စက အကြောင်းဘဝနှင့်ကင်းသည်၏အဖြစ်ကြောင့် ဖြစ်ပြီးမှ ကင်းသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သောတဝိညာဏ် ကြားသောကာလ ဖြစ်သောခဏ ဖလပဉ္စက အကျိုးဘဝ၏ ဟေတုပဉ္စက အကြောင်းဘဝနှင့် ပြည့်စုံပြီးမှ ပျက်သောခဏ ဖလပဉ္စက အကျိုးဘဝ၏ ဟေတုပဉ္စက အကြောင်းဘဝနှင့် ကင်းသည်၏ အဖြစ်ကြောင့် ဖြစ်ပြီးမှ ကင်းသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသန ဉာဏ်ကို ရ၏။

ဃာနဝိညာဏ် နံသောကာလ ဖြစ်သောခဏ ဖလပဉ္စက အကျိုးဘဝ၏ ဟေတုပဉ္စက အကြောင်းဘဝနှင့် ပြည့်စုံပြီးမှ ပျက်သောခဏ ဖလပဉ္စကအကျိုးဘဝ၏ ဟေတုပဉ္စက အကြောင်းဘဝနှင့်ကင်းသည်၏ အဖြစ်ကြောင့် ဖြစ်ပြီးမှ ကင်းသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဇိဝှါဝိညာဏ် စားသောသောကာလ ဖြစ်သောခဏ ဖလပဉ္စက အကျိုးဘဝ၏ ဟေတုပဉ္စကအကြောင်းဘဝနှင့် ပြည့်စုံပြီးမှ ပျက်သောခဏ ဖလပဉ္စက အကျိုးဘဝ၏ ဟေတုပဉ္စက အကြောင်းဘဝနှင့် ကင်းသည်၏ အဖြစ်ကြောင့် ဖြစ်ပြီးမှ ကင်းသောသဘောဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ကာယဝိညာဏ် ထိသောကာလဖြစ်သောခဏ ဖလပဉ္စက အကျိုးဘဝ၏ ဟေတုပဉ္စကအကြောင်းဘဝနှင့် ပြည့်စုံပြီးမှ ပျက်သောခဏ ဖလပဉ္စက အကျိုးဘဝ၏ ဟေတုပဉ္စကအကြောင်းဘဝနှင့် ကင်းသည်၏ အဖြစ်ကြောင့် ဖြစ်ပြီးမှ ကင်းသောသဘောဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

မနောဝိညာဏ် သိသောကာလ ဖြစ်သောခဏ ဖလပဉ္စက အကျိုးဘဝ၏ ဟေတုပဉ္စက အကြောင်းဘဝနှင့်ပြည့်စုံပြီးမှ ပျက်သောခဏ ဖလပဉ္စက အကျိုး

ဘဝ၏ ဟေတုပစ္စက အကြောင်းဘဝနှင့် ကင်းသည်၏ အဖြစ်ကြောင့် ဖြစ်ပြီးမှ ကင်းသောသဘောဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ် တိုင်အောင် ဖြစ်ပြီးမှကင်းသောသဘောဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကိုရ၏။

> သော ဧကေကံ ခန္ဓံ ဝိဂတဘဝတာယ ဝိဘဝသမ္ဘူတတာယ စ ဝိဘဝတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ဧကေကံ ခန္ဓံ၊တပါးတပါးသော ခန္ဓာကို၊ ဝိဂတဘဝတာယစ၊ ဖြစ်ပြီးမှကင်းသည်၏ အဖြစ်ကြောင့်ရင်း၊ ဝိဘဝသမ္ဘူတတာယစ၊ ပြည့်စုံသောဘဝမှ ကင်းသည်၏ အဖြစ်ကြောင့်ရင်း၊ ဝိဘဝတော၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု၊ သမ္မသတိ၊သုံးသပ်၏။

သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါး သော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက စက္ခုဝိညာဏ်မြင်သောကာလ ဖြစ်သောခဏ, သောတဝိညာဏ်ကြားသောကာလ ဖြစ်သောခဏ,ဃာနဝိညာဏ် နံသောကာလ ဖြစ်သောခဏ, ဇိဝှါဝိညာဏ် စားသောကာလ ဖြစ်သောခဏ, ကာယဝိညာဏ်ထိသောကာလ ဖြစ်သောခဏ,မနောဝိညာဏ် သိသောကာလဖြစ်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာမထိုက်, သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသောခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒနိရောဓ ဖြစ်ခြင်းကင်းသော ယခုယခုတဒင်္ဂ၏ နောင်အသစ်အသစ် တဖန် ဖြစ်ပြန်ခြင်းငှာ မထိုက်, မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ, ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် ဖြစ်ခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ ဝိဘဝတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ဝိဘဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ ဝိဘဝတော၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊အနုလောမ ခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ ဝိဘဝံ၊ ဖြစ်ခြင်းကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ဤသို့၊ ပဿန္တော၊မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊သက်ဝင်၏။

## သန်တစတောအဖွင့်

သန်တတော သမ္မသတိ။ ကထံ။

သန်တတော၊ ပြုပြင်စီရင်အပ်သော သဘောဟု၊ သမ္မသတိ၊သုံးသပ်၏။ ကထံ၊အဘယ့်ကြောင့်၊သန်တတော၊ပြုပြင်စီရင်အပ်သော သဘောဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို (သမနန္တရော ဟေတု ပရံပရော ပစ္စယော)

သင်္ခါရဖြစ်ခိုက် ရှေ့အဝိဇ္ဇာက အကြောင်း, ယခု အဝိဇ္ဇာက ပစ္စည်း တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့် ပြုပြင် စီရင်အပ်သော သဘောဟု သုံးသပ်၏။

ဝိညာဏ်ဖြစ်ခိုက် ရှေ့သင်္ခါရက အကြောင်း, ယခုသင်္ခါရက ပစ္စည်း တပေါင်းတည်း ပြုပြင် စီရင်အပ်သည်၏ အဖြစ်ကြောင့် ပြုပြင်စီရင်အပ်သော သဘောဟု သုံးသပ်၏။

နာမ်ရုပ် ဖြစ်ခိုက် ရှေ့ဝိညာဏ်က အကြောင်း, ယခု ဝိညာဏ်က ပစ္စည်း တပေါင်းတည်း ပြုပြင် စီရင်အပ်သည်၏ အဖြစ်ကြောင့် ပြုပြင် စီရင်အပ်သော သဘောဟုသုံးသပ်၏။

သဠာယတန ဖြစ်ခိုက် ရှေ့ နာမ်ရုပ်က အကြောင်း, ယခုနာမ်ရုပ်ကပစ္စည်း တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့် ပြုပြင် စီရင်အပ်သော သဘောဟု သုံးသပ်၏။

ဖဿ ဖြစ်ခိုက် ရှေ့သဠာယတနက အကြောင်း, ယခု သဠာ ယတနက ပစ္စည်း တပေါင်းတည်း ပြုပြင်စည်ရင်အပ်သည်၏အဖြစ်ကြောင့် ပြုပြင်စီရင်အပ် သောသဘောဟု သုံးသပ်၏။

ဝေဒနာဖြစ်ခိုက် ရှေ့ဖဿက အကြောင်း,ယခု ဖဿက ပစ္စည်း တပေါင်း တည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့် ပြုပြင်စီရင်အပ်သော သဘောဟု သုံးသပ်၏၊

တဏှာဖြစ်ခိုက် ရှေ့ဝေဒနာက အကြောင်း, ယခုဝေဒနာက ပစ္စည်း တပေါင်းတည်း ပြုပြင် စီရင်အပ်သည်၏ အဖြစ်ကြောင့် ပြုပြင် စီရင် အပ်သော သဘောဟု သုံးသပ်၏။

ဥပါဒါန် ဖြစ်ခိုက် ရှေ့တဏှာက အကြောင်း, ယခု တဏှာက ပစ္စည်း တပေါင်းတည်းပြုပြင် စီရင်အပ်သည်၏ အဖြစ်ကြောင့် ပြုပြင်စီရင်အပ်သော သဘောဟု သုံးသပ်၏။

ဘဝဖြစ်ခိုက် ရှေ့ဥပါဒါန်ကအကြောင်း,ယခုဥပါဒါနကပစ္စည်းတပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့် ပြုပြင်စီရင် အပ်သော သဘောဟု သုံးသပ်၏။

မသုံးသပ်မိက သင်္ခါရဖြစ်ခိုက်, ဝိညာဏ် ဖြစ်ခိုက်, နာမ်ရုပ်ဖြစ်ခိုက်, သဠာယတနဖြစ်ခိုက်, ဖဿဖြစ်ခိုက်, ဝေဒနာဖြစ်ခိုက်, တဏှာဖြစ်ခိုက်, ဥပါဒါန်ဖြစခိုက်, ဘဝဖြစ်ခိုက်, ပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ်ဖြစ်ခြင်းငှာ ထိုက်သောရုပ်,ဝေဒနာ,သင်္ခါရ, သညာ,ဝိညာဏ် တပါးတပါးသော ခန္ဓာကို သင်္ခါရ ဖြစ်ခိုက် ရှေ့ အဝိဇ္ဇာကအကြောင်း, ယခုအဝိဇ္ဇာကပစ္စည်း တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏ အဖြစ်ကြောင့် ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်သမ္မသနဉာဏ်ကိုရ၏။

ဝိညာဏ် ဖြစ်ခိုက် ရှေ့သင်္ခါရက အကြောင်း, ယခုသင်္ခါရက ပစ္စည်းတပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏ အဖြစ်ကြောင့် ပြုပြင်စီရင် အပ်သော သဘောဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

နာမ်ရုပ်ဖြစ်ခိုက် ရှေ့ဝိညာဏ်က အကြောင်း, ယခု ဝိညာဏ်က ပစ္စည်းတပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏ အဖြစ်ကြောင့် ပြုပြင်စီရင်အပ်သော သဘောဟုသုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သဠာယတနဖြစ်ခိုက် ရှေ့နာမ်ရုပ်ကအကြောင်း, ယခု နာမ်ရုပ်က ပစ္စည်းတပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏ အဖြစ်ကြောင့် ပြုပြင်စီရင် အပ်သော သဘောဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဖဿဖြစ်ခိုက် ရှေ့သဠာယတနကအကြောင်း, ယခုသဠာယတနကပစ္စည်းတပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏ အဖြစ်ကြောင့် ပြုပြင် စီရင်အပ်သော သဘောဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဝေဒနာဖြစ်ခိုက် ရှေ့ဖဿက အကြောင်း, ယခုဖဿကပစ္စည်း တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့် ပြုပြင် စီရင်အပ်သော သဘောဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

တဏှာဖြစ်ခိုက် ရှေ့ဝေဒနာကအကြောင်း, ယခု ဝေဒနာက ပစ္စည်းတပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏ အဖြစ်ကြောင့် ပြုပြင်စီရင်အပ်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဥပါဒါန်ဖြစ်ခိုက် ရှေ့တဏှာက အကြောင်း, ယခုတဏှာက ပစ္စည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့် ပြုပြင်စီရင်အပ်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဘဝဖြစ်ခိုက် ရှေ့ဥပါဒါန်က အကြောင်း, ယခုဥပါဒါန်က ပစ္စည်း တပေါင်းတည်း ပူပြင်စီရင်အပ်သည်၏ အဖြစ်ကြောင့် ပူပြင် စီရင်အပ်သော သဘောဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှအထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ်တိုင်အောင် ပူပြင်စီရင်အပ်သောသဘောဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

> သော ကောကံ ခန္ဓံ ဟေတုပစ္စယေဟိ အဘိသင်္ခတတာယ သင်္ခတတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ကောကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို၊ ဟေတုပစ္စယေဟိ၊ အကြောင်းပစ္စည်းတို့ဖြင့်၊ အဘိသင်္ခတတာယ၊ တပေါင်းတည်း ပူပြင်စီရင်အပ်သည်၏ အဖြစ်ကြောင့်၊ သင်္ခတတော၊ ပူပြင် စီရင်အပ်သော သဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက သင်္ခါရဖြစ်ခိုက်, ဝိညာဏ်ဖြစ်ခိုက်, နာမ်ရုပ်ဖြစ်ခိုက်, သဠာယတနဖြစ်ခိုက်, ဖဿဖြစ်ခိုက်, ဝေဒနာဖြစ်ခိုက်, တဏှာဖြစ်ခိုက်, ဥပါဒါန်ဖြစ်ခိုက်, ဘဝဖြစ်ခိုက်, ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ် ဖြစ်ခြင်းငှာ မထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သော သဘော အနုပ္ပါဒနိရောဓ, ပူပြင်စီရင်ခြင်းကင်းသော ယခုယခုတဒင်္ဂ၏ နောင် အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်, မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ, ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် ပူပြင်စီရင်ခြင်း ကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ သင်္ခတတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အသင်္ခတံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ သင်္ခတတော၊ ပူပြင်စီရင်အပ်သော သဘောဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိ ဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အသင်္ခတံ၊ ပူပြင်စီရင်ခြင်းကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## မရဏဓမ္မတောအဖွင့်

မရဏဓမ္မတော သမ္မသတိ။ ကထံ။

မရဏဓမ္မတော၊ သေသော သဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ မရဏဓမ္မတော၊ သေသောသဘောဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါး တပါးသော ခန္ဓာကို ရုပ် ကုန်သောခဏ ပျက်သော သဘောက ရှိသည်၏ အဖြစ်ကြောင့် သေသော သဘောဟု သုံးသပ်၏။

ဝေဒနာ ကုန်သောခဏ ပျက်သော သဘောက ရှိသည်၏ အဖြစ်ကြောင့် သေသော သဘောဟု သုံးသပ်၏။

သညာ ကုန်သောခဏ ပျက်သော သဘောက ရှိသည်၏ အဖြစ်ကြောင့် သေသောသဘောဟု သုံးသပ်၏။

သင်္ခါရ ကုန်သောခဏ ပျက်သော သဘောက ရှိသည်၏ အဖြစ်ကြောင့် သေသောသဘောဟု သုံးသပ်၏။

ဝိညာဏ် ကုန်သောခဏ ပျက်သော သဘောက ရှိသည်၏ အဖြစ်ကြောင့် သေသောသဘောဟု သုံးသပ်၏။

မသုံးသပ်မိက ရုပ် ကုန်သောခဏ, ဝေဒနာ ကုန်သောခဏ, သညာ ကုန်သောခဏ, သင်္ခါရ ကုန်သောခဏ, ဝိညာဏ် ကုန်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခု ယခု အသစ်ဖြစ်ခြင်းငှာထိုက်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသောခန္ဓာကို ရုပ် ကုန်သောခဏ ပျက်သော သဘောက ရှိသည်၏ အဖြစ်ကြောင့် သေသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ဝေဒနာ ကုန်သောခဏ ပျက်သော သဘောက ရှိသည်၏အဖြစ်ကြောင့် သေသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သညာ ကုန်သောခဏ ပျက်သော သဘောက ရှိသည်၏ အဖြစ်ကြောင့် သေသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သင်္ခါရ ကုန်သောခဏ ပျက်သော သဘောက ရှိသည်၏ အဖြစ်ကြောင့် သေသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ဝိညာဏ် ကုန်သောခဏ ပျက်သော သဘောက ရှိသည်၏အဖြစ်ကြောင့် သေသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှအထက် အဆင့်ဆင့်တက်၍အနုလောမဉာဏ် တိုင်အောင် သေသောသဘောဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

သော ဧကေကံ ခန္ဓံ မရဏပကတိတာယ မရဏဓမ္မတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ဧကေကံ ခန္ဓံ၊ တပါးပါးသော ခန္ဓာကို၊ မရဏပကတိတာယ၊ပျက်သောသဘောရှိသည်၏အဖြစ်ကြောင့်၊ မရဏဓမ္မတော၊ သေသောသဘောဟု၊ သမ္မသတိ၊သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ရုပ် ကုန်သောခဏ, ဝေဒနာ ကုန်သော ခဏ, သညာ ကုန်သောခဏ, သင်္ခါရကုန်သောခဏ, ဝိညာဏ် ကုန်သော ခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှါ မထိုက်, သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသောခန္ဓာတို့၏ မဖြစ်ဘဲချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ သေခြင်းကင်းသော ယခုယခု တဒင်္ဂ၏ နောင် အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်, မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ, ငါးပါးသောခန္ဓာတို့၏ ချုပ်ခြင်းသည် သေခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီ ပုဂ္ဂိုလ် မဂ်ဉာဏ်ကို ရ၏။

> ပဉ္စက္ခန္ဓေ မရဏဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အမတံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ မရဏဓမ္မတော၊ သေသောသဘော ဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်း သည်၊ အမတံ၊သေခြင်းကင်းသော၊နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။ ဣတိ၊ဤသို့၊ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## အနိစ္စာနုပဿနာ ဆယ်ပါး

အနိစ္စတောတိ အနိစ္စာနုပဿနာ၊ ပလောကတောတိ အနိစ္စာနုပဿနာ၊ စလတောတိ အနိစ္စာနုပဿနာ၊ ပဘင်္ဂုတောတိ အနိစ္စာနုပဿနာ၊ အဓုဝတော တိ အနိစ္စာနုပဿနာ၊ ဝိပရိဏာမ ဓမ္မတောတိ အနိစ္စာနုပဿနာ၊ အသာရက တောတိ အနိစ္စာနုပဿနာ၊ ဝိဘဝတောတိ အနိစ္စာနုပဿနာ၊ သင်္ခတတောတိ အနိစ္စာနုပဿနာ၊ မရဏဓမ္မတောတိ အနိစ္စာနုပဿနာ။

**အနိစ္စလက္ခဏာ ၁၀ ပါးပြီး၏။**

# ဒုက္ခလက္ခဏာ ၂၅ ပါး

## ဒုက္ခတောအဖွင့်

ဒုက္ခတော သမ္မသတိ။ ကထံ။

ဒုက္ခတော၊ ဆင်းရဲဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ ဒုက္ခတော၊ ဆင်းရဲဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ, ဒုက္ခဒုက္ခ, သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခ, သံသာရဒုက္ခအားဖြင့် ၇ ပါးတို့တွင် တပါးတပါးသော ခန္ဓာ၏ ဖြစ်ခြင်းသည် ဇာတိဒုက္ခမည်၏။ တည်ခြင်းသည် ဇရာဒုက္ခမည်၏။ ပျက်ခြင်းသည် မရဏဒုက္ခမည်၏။ ကိုယ်ဆင်းရဲသော ကာယိကဒုက္ခတပါး, စိတ်ဆင်းရဲသော စေတသိက ဒုက္ခတပါး, ဤနှစ်ပါးသည် ဒုက္ခဒုက္ခမည်၏။ တပါးတပါးသော ခန္ဓာ၏ ဥပါဒ်, ဋ္ဌီ,ဘင်သည် သင်္ခါရဒုက္ခမည်၏။ သတ္တဝါတို့၏ တဘဝ တဘဝ အဆုံးကာလ၌ သေရခြင်းသည် ဝိပရိဏာမ ဒုက္ခမည်၏။ အနုလောမ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် သံသာရဒုက္ခမည်၏။

ဒုက္ခ၏တည်ရာဝတ္ထုဖြစ်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ဖြစ်သဖြင့်လည်း ပင်ပန်းသောကြောင့် ဆင်းရဲဟု သုံးသပ်၏။ တည်သဖြင့်လည်း ပင်ပန်းသောကြောင့် ဆင်းရဲဟုသုံးသပ်၏။ ပျက်သဖြင့်လည်း ပင်ပန်းသောကြောင့် ဆင်းရဲဟု သုံးသပ်၏။ ကျင်နာကိုက်ခဲ ကိုယ်ဆင်းရဲသောကြောင့် ဆင်းရဲဟုသုံးသပ်၏။ ကောက်ကျစ်စဉ်းလဲ စိတ်ဆင်းရဲသောကြောင့်လည်း ဆင်းရဲဟုသုံးသပ်၏။

မသုံးသပ်မိက တပါးတပါးသော ခန္ဓာ၏ ဖြစ်သောခဏ တည်သောခဏ ပျက်သောခဏ ပစ္စုပ္ပန်ကာလ၌ အစဉ်တစိုက်ပါ၍ လိုက်သော အဟောင်းက တထပ်, အသစ်ကတထပ် ဤနှစ်ရပ် စက်ရဟတ်က ဖြစ်သောသဘော ဥပါဒ်လည်းမထင်၊ တည်သောသဘော ဋ္ဌီလည်းမထင်၊ ပျက်သောသဘော ဘင်လည်းမထင်၊ သဘောသာပါဝင်၍ အစဉ်သဖြင့် အကျိုးပေးခွင့် မရသေးသမျှ မသိသော သဘော အဝိဇ္ဇာ ကျသောကြောင့်လည်း ဆင်းရဲဟု သုံးသပ်၏။ အားထုတ်သော သဘော သင်္ခါရကျသောကြောင့်လည်း ဆင်းရဲဟုသုံးသပ်၏။ ရှေ

နောက်ဘဝနှစ်ရပ်စပ်သောသဘော ဝိညာဏ်ကျသောကြောင့်လည်း ဆင်းရဲဟု သုံးသပ်၏။ သက်သောသဘော နာမ်ရုပ်ကျသောကြောင့်လည်း ဆင်းရဲဟု သုံးသပ်၏။ ကြည်သောသဘော သဠာယတန ကျသောကြောင့်လည်း ဆင်းရဲဟု သုံးသပ်၏။ တွေ့သောသဘော ဖဿကျသောကြောင့်လည်း ဆင်းရဲဟု သုံးသပ်၏။ ခံစားသောသဘော ဝေဒနာကျသောကြောင့်လည်း ဆင်းရဲဟု သုံးသပ်၏။ တပ်သောသဘော တဏှာကျသောကြောင့်လည်း ဆင်းရဲဟုသုံးသပ်၏။ စွဲလမ်းသောသဘော ဥပါဒါန်ကျသောကြောင့်လည်း ဆင်းရဲဟုသုံးသပ်၏။ ပြုသောသဘော ဘဝကျသောကြောင့်လည်း ဆင်းရဲဟုသုံးသပ်၏။ ဖြစ်သော သဘော ဇာတိကျသောကြောင့်လည်း ဆင်းရဲဟုသုံးသပ်၏။ အိုသောသဘော ဇရာ ကျသောကြောင့်လည်း ဆင်းရဲဟု သုံးသပ်၏။ သေသောသဘော မရဏ ကျသောကြောင့်လည်း ဆင်းရဲဟု သုံးသပ်၏။ စိုးရိမ်သောသဘော သောက ကျသောကြောင့်လည်း ဆင်းရဲဟု သုံးသပ်၏။ ငိုကြွေးသောသဘော ပရိဒေဝ ကျသောကြောင့်လည်း ဆင်းရဲဟုသုံးသပ်၏။ ကိုယ်ဆင်းရဲသောသဘော ဒုက္ခကျသောကြောင့်လည်း ဆင်းရဲဟုသုံးသပ်၏။ စိတ်ဆင်းရဲသောသဘော ဒေါမနဿ ကျသောကြောင့်လည်း ဆင်းရဲဟုသုံးသပ်၏။ စိတ်ပင်ပန်းသောသဘော ဥပါယာသ ကျသောကြောင့်လည်း ဆင်းရဲဟုသုံးသပ်၏။

ဤသို့ဟေတုဖလနိဿန္ဒ အကြောင်းအကျိုး အာနိသင် အဆက်ဆက် ချမ်းသာနှင့်မရောမယှက် သက်သက်သော ဆင်းရဲအစု ယခုယခု စည်းဝေး တွေ့ကြုံ ပေါင်းဆုံမိသော အနုလောမ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် သံသရာဝဋ်ဒုက္ခ၏ တည်ရာဖြစ်သောကြောင့် ဆင်းရဲဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှ အထက်အဆင့်ဆင့်တက်၍ အနုလောမဉာဏ်တိုင်အောင် ဆင်းရဲဟုရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကိုရ၏။

> သော ကေကာံ ခန္ဓံ ဥပ္ပါဒဝယ ပဋိပီဠနတာယ ဒုက္ခဝတ္ထု
> တာယ စ ဒုက္ခတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ကေကာံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို၊ ဥပ္ပါဒဝယ ပဋိပီဠနတာယ စ၊ဖြစ်ခြင်း,ပျက်ခြင်းဖြင့် မပြတ်ပင်ပန်းသည်၏ အဖြစ်ကြောင့်၎င်း၊ ဒုက္ခဝတ္ထုတာယစ၊ ဆင်းရဲ၏ တည်ရာ ဝတ္ထု၏ အဖြစ်ကြောင့်၎င်း၊ ဒုက္ခတော၊ ဆင်းရဲဟု၊ သမ္မသတိ၊သုံးသပ်၏။

သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက တပါးတပါးသော ခန္ဓာ၏ ဖြစ်သော

ခဏ တည်သောခဏ ပျက်သောခဏ ပစ္စုပ္ပန်ကာလ၌ အစဉ် တစိုက် ပါဝင်၍ မလိုက်သော အဟောင်းလည်းတထပ်, အသစ်လည်းတထပ် ဤနှစ်ရပ်စက်ရဟတ်က ဖြစ်သောသဘော ဥပါဒ်၌လည်း မထင်၊ တည်သောသဘော ဌီ၌လည်းမထင်၊ ပျက်သောသဘော ဘင်၌လည်းမထင်၊ သဘောမျှမပါဝင်ဘဲ အစဉ်သဖြင့် အကျိုးပေးခွင့်လည်း မရ။ သိခိုက်ခဏ သိခိုက်ခဏ မသိသောသဘော အဝိဇ္ဇာမကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သော ချမ်းသာ။

အားထုတ်သောသဘော သင်္ခါရမကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သောချမ်းသာ၊ ရှေ့နောက် ဘဝနှစ်ရပ် စပ်သောသဘော ဝိညာဏ်မကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သော ချမ်းသာ၊ သက်သောသဘော နာမ်ရုပ်မကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သော ချမ်းသာ၊ ကြည်သောသဘောသဠာယတန မကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သော ချမ်းသာ၊ တွေ့သောသဘော ဖဿ မကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သောချမ်းသာ၊ ခံစားသောသဘော ဝေဒနာ မကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သောချမ်းသာ၊ တပ်သောသဘောတဏှာမကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သောချမ်းသာ၊ စွဲလမ်းသောသဘော ဥပါဒါန်မကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သော ချမ်းသာ၊ ပြုသောသဘော ဘဝမကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သော ချမ်းသာ၊ ဖြစ်သောသဘော ဇာတိမကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သော ချမ်းသာ၊ အိုသောသဘော ဇရာမကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သော ချမ်းသာ၊ သေသောသဘော မရဏ မကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သောချမ်းသာ၊ စိုးရိမ်သော သဘော သောက မကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သောချမ်းသာ၊ ငိုကြွေးသောသဘော ပရိဒေဝ မကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သောချမ်းသာ၊ ကိုယ်ဆင်းရဲသော သဘော ဒုက္ခမကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သောချမ်းသာ၊ စိတ်ဆင်းရဲသောသဘော ဒေါမနဿ မကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သော ချမ်းသာ၊ စိတ်ပင်ပန်းသော သဘော ဥပါယာသ မကျသောကြောင့်လည်း အနုပ္ပါဒသုခ မဖြစ်သောချမ်းသာ။

ဤသို့ ဟေတုဖလနိဿန္ဒ အကြောင်းအကျိုး အာနိသင် အဆက်ဆက် ချမ်းသာနှင့်မရောမယှက် သက်သက်ဆင်းရဲအစု ယခုယခု မစည်းမဝေး မတွေ့မကြုံ မပေါင်းမဆုံမိဘဲ သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ၁၀ ပါးသော ဝိပဿနာဉာဏ်တို့၏ သိခိုက်ခဏ သိခိုက်ခဏ တဒင်္ဂ ချုပ်ငြိမ်း

ရုပ်သိမ်းသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ် စင်းလုံးပြတ်သော ဝိဝဋ္ဋသုခ၊ ယခုယခု တဒင်္ဂ၏ နောင်အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာ မထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန် မရှိ၊ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, ဟေတုဖလနိဿန္ဒ အကြောင်းအကျိုး အာနိသင်အဆက်ဆက် ချမ်းသာနှင့်မရောမယှက် သက်သက်ဆင်းရဲအစုဟု ဆိုအပ်သော ခန္ဓာငါးပါးတို့၏ ချုပ်ငြိမ်း ရုပ်သိမ်းခြင်းသည် ချမ်းသာသောသဘော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ ဒုက္ခတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော သုခံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ ဒုက္ခတော၊ ဆင်းရဲဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသောခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ သုခံ၊ ချမ်းသာသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## ရောဂတော အဖွင့်

ရောဂတော သမ္မသတိ။ ကထံ။

ရောဂတော၊ ရောဂါဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ ရောဂတော၊ ရောဂါဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

လောကသုံးရွာ သတ္တဝါကား ငါဟု သမုတ် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို စားသောက်ချိန် သင့်က စားသောက်ကြသဖြင့် မျှတ၍ ယခုအနာရောဂါမရှိခင် ရောဂါကင်းစင် အာရောဂျပင် ဆိုရပါလျက် ယခုအနာရောဂါ မရှိသေးသော်လည်း စားသောက်ချိန် သင့်က မစားရသော် ဖြစ်ပေါ်လာခြင်းငှာထိုက်သော အနာရောဂါ ဖြစ်လိမ့်မည်ကို ဉာဏ်ဖြင့် ရှုမြော်၍ အနာရောဂါ မဖြစ်ပေါ်အောင် ဆွမ်းပစ္စည်း အရ ထမင်းဟင်းစားသောက်သဖြင့် မျှရသောကြောင့် ရောဂါဟုသုံးသပ်၏။ အချိုအချဉ် အစပ်အငန် အဖန်အခါး စားသောက်သဖြင့် မျှရသောကြောင့် ရောဂါဟု သုံးသပ်၏။

သက်န်းပစ္စည်းအရ အခြုံအရုံ အဝတ်ပုဆိုး ဝတ်ရုံချိန်သင့်က ဝတ်ရုံကြသဖြင့် မျှတ၍ ယခုအနာရောဂါ မဖြစ်ပေါ်ခင် ရောဂါကင်းစင် အာရောဂျပင်ဆိုရပါလျက် ယခုအနာရောဂါမဖြစ်သေးသော်လည်း ဝတ်ရုံချိန်သင့်က မဝတ်ရုံရသော် ဖြစ်ပေါ်လာခြင်းငှာ ထိုက်သော အနာရောဂါဖြစ်လိမ့်မည်ကို ဉာဏ်ဖြင့်ရှုမြော်၍ အနာရောဂါမဖြစ်ပေါ်အောင် သက်န်းပစ္စည်းအရ အခြုံအရုံ အဝတ်ပုဆိုး ဝတ်ရုံသဖြင့် မျှရသောကြောင့် ရောဂါဟု သုံးသပ်၏။

ကျောင်းပစ္စည်းအရ စရပ်,တန်ဆောင်း,ကျောင်း,အိမ်, အရိပ်, သခ်မ်း, ကော်ဇော,ကမ္ဗလာ,မွေ့ရာ,သင်ဖြူး,အုံး,အိပ်ရာ,နေရာ နေရချိန်သင့်က နေကြသဖြင့် မျှတ၍ ယခုအနာရောဂါမဖြစ်ပေါ်ခင် ရောဂါကင်းစင် အာရောဂျပင်ဆိုရပါလျက် ယခုအနာရောဂါမဖြစ်ပေါ်သေးသော်လည်း အိပ်ချိန်နေချိန်သင့်က မအိပ်မနေရသော် ဖြစ်ပေါ်လာခြင်းငှာ ထိုက်သော အနာရောဂါ ဖြစ်လိမ့်မည်ကို ဉာဏ်ဖြင့်ရှုမြော်၍ အနာရောဂါ မဖြစ်ပေါ်အောင် ကျောင်းပစ္စည်းအရ စရပ်,တန်ဆောင်း,ကျောင်း,အိမ်,အရိပ်,သခ်မ်း, ကော်ဇော,ကမ္ဗလာ, မွေ့ရာ,သင်ဖြူး,အုံး,အိပ်ရာ,နေရာနှင့် အိပ်နေသဖြင့် မျှရသောကြောင့် ရောဂါဟု သုံးသပ်၏။

ဆေးပစ္စည်းအရ ဆီဦးထောပတ် ပျားသကာတင်လဲ အဖျော်ယမကာ သုံးစွဲချိန်သင့်က သုံးစွဲကြသဖြင့် မျှတ၍ ယခုအနာရောဂါမဖြစ်ပေါ်ခင် ရောဂါကင်းစင် အာရောဂျပင် ဆိုရပါလျက် ယခုအနာရောဂါ မဖြစ်ပေါ်သေးသော်လည်း သုံးစွဲချိန်သင့်က မသုံးစွဲရသော် ဖြစ်ပေါ်လာခြင်းငှာ ထိုက်သော အနာရောဂါဖြစ်လိမ့်မည်ကို ဉာဏ်ဖြင့်ရှုမြော်၍ အနာရောဂါမဖြစ်ပေါ်အောင် ဆေးပစ္စည်းအရ ဆီဦးထောပတ် ပျားသကာတင်လဲ အဖျော်ယမကာ သုံးစွဲသဖြင့် မျှရသောကြောင့် ရောဂါဟု သုံးသပ်၏။

မသုံးသပ်မီက ရှေးကံဟောင်းကပါသော အဟောင်းဖြစ်သော ဝေဒနာ, ယခုကံသစ်ကျသဖြင့်ရသော အသစ်ဖြစ်သော ဝေဒနာ အကျိုးရောဂါဖြစ်ပေါ်လိမ့်မည့်ကို ဉာဏ်ဖြင့်ရှုမြော်၍ အကျိုးရောဂါမဖြစ်ပေါ်အောင် လေးပါးသောပစ္စည်းအရ ဆွမ်း, သက်န်း, ကျောင်း, ဆေး မှီဝဲ သုံးဆောင်သဖြင့် မျှရသောကြောင့် ရောဂါဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှအထက်အဆင့်ဆင့်တက်၍အနုလောမဉာဏ်တိုင်အောင် ရောဂါဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကိုရ၏။

သော ကောကံ ခန္ဓံ ပစ္စယယာပနိယတာယ ရောဂမူလတာယ စ ရောဂတော သမ္မသတိ။

သော၊ထိုယောဂီပုဂ္ဂိုလ်သည်၊ ကောကံ ခန္ဓံ၊တပါးတပါးသော ခန္ဓာကို၊ ပစ္စယ ယာပနိယတာယစ၊ ပစ္စည်းလေးပါးဖြင့် မျှရသည်၏အဖြစ်ကြောင့်၎င်း၊ ရောဂမူလတာယစ၊ ရောဂါ၏ အကြောင်းရင်း မူလ၏ အဖြစ်ကြောင့်၎င်း၊ ရောဂတော၊ရောဂါဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် ရောဂါ၏အကြောင်းရင်း မူလဖြစ်သော ယခု ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ရောဂါဟု သုံးသပ်ရှုမြင်မိက ပစ္စည်းလေးပါး သုံးစွဲသမျှ သိခိုက်ခဏ သိခိုက်ခဏ ယခုအသစ်အသစ် အနာရောဂါလည်း ဖြစ်ပေါ်ခြင်းငှာမထိုက်၊ ရှေးကံဟောင်းက ပါလာသော အဟောင်းဖြစ်သော ဝေဒနာ အကျိုးရောဂါ ယခုကျခြင်းငှာ မထိုက်၊ ယခုကံအသစ်ကျသဖြင့် ရသောအသစ်ဖြစ်သောဝေဒနာ အကျိုးရောဂါနောင်ခါ ဖြစ်ပေါ်ခြင်းငှာလည်းမထိုက်၊ သိခိုက်ခဏသိခိုက်ခဏ ရောဂါ၏အကြောင်းရင်း မူလဖြစ်သော ခန္ဓာငါးပါးတို့၏ တဒင်္ဂတဒင်္ဂမဖြစ်ဘဲ ချုပ်သောသဘောအနုပ္ပါဒ အာရောဂျ၊ ယခု တဒင်္ဂ၏ နောင်အသစ်တဖန် အဆင့်ဆင့် ဖြစ်ပြန်ခြင်းငှာလည်း မထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ, ရောဂါ၏ အကြောင်းရင်းမူလဖြစ်သောခန္ဓာငါးပါးတို့၏ချုပ်ခြင်းသည်အနာရောဂါကင်းသော နိဗ္ဗာန်တည်းဟု ရှုမြင်သောယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ ရောဂတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အာရောဂျံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ရောဂတော၊ရောဂါဟု၊ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အာရောဂျံ၊ အနာရောဂါကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊သက်ဝင်၏။

## ဂဏ္ဍတောအဖွင့်

ဂဏ္ဍတော သမ္မသတိ။ ကထံ။

ဂဏ္ဍတော၊ အိုင်းအမာဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ ဂဏ္ဍတော၊အိုင်းအမာဟု၊ သမ္မသတိ၊သုံးသပ်သနည်း။

ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ကိုယ်၌ဖြစ်သော ဆင်းရဲ, စိတ်၌ဖြစ်သော ဆင်းရဲ ဒုက္ခ ဒုက္ခတာ ဆူးငြောင့် တံကျင် အထက်အောက် ထုတ်ချင်းခတ် စူးဝင်ထိုးလျှိုသော အလေ့ သဘော အားဖြင့် ကိလေသာအညစ်အကြေး သွေးအနုသယ ပရိယုဋ္ဌာန်ပါ အုံလုံးကြွ လျက် မန်းတက်၍ မချိမဆန့်အောင် အစ၌ရောင်သောကြောင့် အိုင်းအမာဟု သုံးသပ်၏။

တပါး တပါးသော ခန္ဓာ၏ ဖြစ်သောခဏ သစ်သောကာလမှ နောက် တည်သောခဏ ဟောင်းသောကာလသို့ရောက်သော သင်္ခါရဒုက္ခတာ ဆူးငြောင့် တံကျင် ရှေ့နောက်ထုတ်ချင်းခတ် စူးဝင်ထိုးလျှိုသော အလေ့သဘောအားဖြင့် မစင်ကြယ်သော ကိလေသာအပုတ်အသိုး ပွားတိုးဆင့်ဆင့် အောင်းသဖြင့် ပြည့်သော် ပြည်မှည့်၍ မချိမဆန့်နိုင်အောင် အလယ်၌ရင့်သောကြောင့် အိုင်းအမာဟု သုံးသပ်၏။

တပါးတပါးသောခန္ဓာ၏ တည်သောခဏ ဟောင်းသောကာလမှနောက် ပျက်သောခဏ ကုန်သောကာလသို့ရောက်သော ဝိပရိဏာမဒုက္ခတာ ဆူးငြောင့် တံကျင် ဖီလာကန့်လန့် ထုတ်ချင်းခတ် စူးဝင်ထိုးလျှိုသော အလေ့သဘောဖြင့် တဒီးဒီးယိုစီးသော ကိလေသာ သွေးပြည်က ထွက် အက်ကွဲ၍ မချိမဆန့်အောင် အဆုံး၌ပေါက်ကွဲသောကြောင့် အိုင်းအမာဟု သုံးသပ်၏။

မသုံးသပ်မိက ရောင်သောခဏ ရင့်သောခဏ ပေါက်သောခဏ ပစ္စုပ္ပန် ကာလ၌ ယခုအသစ်အသစ် ဖြစ်ခြင်းငှာထိုက်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ယခုအသစ်အသစ် ဖြစ်ခြင်းငှာထိုက်သော ကိုယ်၌ဖြစ်သောဆင်းရဲ စိတ်၌ဖြစ်သောဆင်းရဲ ဒုက္ခဒုက္ခတာ ဆူးငြောင့်တံကျင် အထက်အောက်ထုတ်ချင်းခတ် စူးဝင်ထိုးလျှိုသော အလေ့သဘောဖြင့် ကိလေ သာအညစ်အကြေး သွေးအနုသယ ပရိယုဋ္ဌာန်ပါ အုံလုံးကြွလျက် မန်းတက်၍ မချိမဆန့်အောင် အစ၌ရောင်သောကြောင့် အိုင်းအမာဟု သုံးသပ်သောယောဂီ ပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

တပါးတပါးသော ခန္ဓာ၏ ဖြစ်သောခဏ သစ်သော ကာလမှ နောက် တည်သောခဏ ကုန်သောကာလသို့ရောက်သော ယခုအသစ်အသစ် ဖြစ်ခြင်းငှာ ထိုက်သော သင်္ခါရဒုက္ခတာ ဆူးငြောင့်တံကျင် ရှေ့နောက်ထုတ်ချင်းခတ် စူးဝင် ထိုးလျှိုသောအလေ့သဘောဖြင့် မစင်ကြယ်သော ကိလေသာ အပုတ်အသိုး ပွားတိုးဆင့်ဆင့် အောင်းသဖြင့် ပြည့်သော် ပြည်မှည့်၍ မ ချိ မ ဆန့် အောင်

အလယ်၌ ရင့်သောကြောင့် အိုင်းအမာဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသန ဉာဏ်ကို ရ၏။

တပါးတပါးသောခန္ဓာ၏တည်သောခဏ ဟောင်းသောကာလမှနောက် ပျက်သောခဏ ကုန်သောကာလသို့ရောက်သော ယခု အသစ်အသစ် ဖြစ်ခြင်းငှာ ထိုက်သော ဝိပရိဏာမဒုက္ခတာ ဆူးငြောင့်တံကျင် ဖီလာကန့်လန့် ထုတ်ချင်းခတ် စူးဝင်ထိုးလျှိုသော အလေ့သဘောဖြင့် တဒီးဒီးယိုစီးသော ကိလေသာ သွေးပြည်ကထွက် အက်ကွဲ၍ မချိမဆန့်အောင် အဆုံး၌ပေါက်ကွဲသောကြောင့် အိုင်းအမာဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့် တက်၍ အနုလောမဉာဏ် တိုင်အောင် အိုင်းအမာဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

> သော ကောကံ ခန္ဓံ ဒုက္ခတာသူလယောဂိတာယ ကိလေသာ
> သုစိပဋ္ဌရဏတာယ ဥပ္ပါဒဇရာဘင်္ဂေဟိ ဥဒ္ဒုမာတကပရိပက္ကပဘိန္န
> တာယ စ ဂဏ္ဍတော သမ္မသတိ။

သော၊ထိုယောဂီပုဂ္ဂိုလ်သည်၊ ကောကံ ခန္ဓံ၊တပါးတပါးသော ခန္ဓာကို၊ ဒုက္ခတာသူလယောဂိတာယ၊ ဒုက္ခတာ ဆူးငြောင့်တံကျင် စူးဝင် ထိုးလျှိုသော အလေ့သဘော၏ အဖြစ်ကြောင့်၊ ကိလေသာသုစိပဋ္ဌရဏတာယ၊ ကိလေသာ မစင်ကြယ်သော သွေးပြည် ယိုစီးသည်၏ အဖြစ်ကြောင့်၊ ဥပ္ပါဒဇရာဘင်္ဂေဟိ၊ ဥပါဒ်၊ ဌီ၊ ဘင် သခ်ၤတလက္ခဏာ အစ၊ အလယ်၊ အဆုံးသုံးပါးတို့ဖြင့်၊ ဥဒ္ဒုမာတက ပရိပက္ကပဘိန္နတာယစ၊ ဖူးဖူးရောင်သည်၏အဖြစ် မှည့်ရင့်သည်၏အဖြစ် ပေါက်ကွဲသည်၏အဖြစ်ကြောင့်၎င်း၊ ဂဏ္ဍတော၊အိုင်းအမာဟု၊ သမ္မသတိ၊သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါး သော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် တပါးတပါးသောခန္ဓာ အိုင်းအမာ ရောင်သောခဏ ရင့်သောခဏ ပေါက်သော ခဏ ပစ္စုပ္ပန်ကာလ၌ ယခု အသစ်အသစ် ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲချုပ်သော အနုပ္ပါဒနိရောဓ၊ ယခု ယခု အိုင်းအမာမဟုတ် ချုပ်သောတဒင်္ဂ၏ နောင် အသစ်အသစ် တဖန် ဖြစ်ပြန်ခြင်း ငှာမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ခန္ဓာ ငါး ပါးတို့၏ချုပ်ခြင်းသည် အိုင်းအမာမဟုတ်သော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကို ရ၏။

ပဉ္စက္ခန္ဓေ ဂဏ္ဍတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဂဏ္ဍော နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို၊ ဂဏ္ဍတော၊ အိုင်းအမာဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အဂဏ္ဍော၊ အိုင်းအမာ မဟုတ်သော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ပင်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## သလ္လတော အဖွင့်

သလ္လတော သမ္မသတိ။ ကထံ။

သလ္လတော၊ မြားဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ သလ္လလော၊ မြားဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

တပါးတပါးသော ခန္ဓာကို ဣဋ္ဌာရုံဖြစ်က ချစ်ခင်၍မဝ ရာဂသလ္လ, အနိဋ္ဌာရုံဖြစ်က အပြစ်မြင်၍မဝ ဒေါသသလ္လ, မဇ္ဈတ္တာရုံဖြစ်က ယစ်မေ့၍မဝ မောဟသလ္လ စဉ်းသွားကျသဖြင့် နှိပ်စက်သည်၏ အဖြစ်ကြောင့် မြားဟု သုံးသပ်၏။

တပါးတပါးသော ခန္ဓာကို ရာဂစဉ်းသွား, ဒေါသစဉ်းသွား, မောဟစဉ်းသွား အာရုံပြုသော စိတ်နှလုံးသား အတွင်း၌ တနင့်နင့် ထိုးကျင်သည်၏ အဖြစ်ကြောင့် မြားဟု သုံးသပ်၏။

အာရုံပြုသော စိတ်နှလုံးသား၏ အတွင်း၌ တနင့်နင့် ထိုးကျင်သော ရာဂစဉ်းသွား, ဒေါသစဉ်းသွား, မောဟစဉ်းသွား ကျသောခန္ဓာ ဣဋ္ဌာရုံဖြစ်လျှင်လည်း ချစ်ခင်တာကို, အနိဋ္ဌာရုံ ဖြစ်လျှင်လည်း အပြစ်မြင်တာကို, မဇ္ဈတ္တာရုံ ဖြစ်လျှင်လည်း ယစ်မေ့တာကို နုတ် ပစ်နိုင်ခဲသည်၏ အဖြစ်ကြောင့် မြားဟု သုံးသပ်၏။

မသုံးသပ်မိက ကျသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုအသစ်အသစ်ဖြစ်သော ခန္ဓာကို ဣဋ္ဌာရုံဖြစ်က ချစ်ခင်၍မဝ ရာဂသလ္လ, အနိဋ္ဌာရုံဖြစ်က အပြစ်မြင်၍မဝ ဒေါသသလ္လ, မဇ္ဈတ္တာရုံဖြစ်က ယစ်မေ့၍မဝ မောဟသလ္လ ယခု အသစ်သစ် စဉ်းသွား ကျသဖြင့်နှိပ်စက်သည်၏အဖြစ်ကြောင့် မြားဟု သုံးသပ်သော ယောဂီ ပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ယခု အသစ်အသစ် ဖြစ်သော ခန္ဓာကို ယခု အသစ်အသစ်ဖြစ်သော ရာဂစဉ်းသွား, ဒေါသစဉ်းသွား, မောဟစဉ်းသွား အာရုံပြုသော စိတ်နှလုံးသား၏ အတွင်း၌ တနင့်နင့် ထိုးကျင်သည်၏ အဖြစ်ကြောင့် မြားဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

အာရုံပြုသော စိတ်နှလုံးသား၏ အတွင်း၌ တနင့်နင့်ထိုးကျင်သော ယခု အသစ်အသစ် ဖြစ် သော ရာဂစဉ်းသွား, ဒေါသစဉ်းသွား, မောဟစဉ်းသွား ကျသောခန္ဓာ ဣဋ္ဌာရုံဖြစ်လျှင်လည်း ချစ်ခင်တာကို, အနိဋ္ဌာရုံ ဖြစ်လျှင်လည်း အပြစ်မြင်တာကို, မဇ္ဈတ္တာရုံဖြစ်လျှင်လည်း ယစ်မေ့တာကို နုတ် ပစ်နိုင်ခဲသည်၏ အဖြစ်ကြောင့် မြားဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့် တက်၍ အနုလောမဉာဏ် တိုင် အောင် မြားဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

သော စေကံ ခန္ဓံ ပိဠာဇနကတာယ အန္တောတုဒနတာယ
ဒုန္နိဟရဏီယတာယ စ သလ္လတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ စေကံ ခန္ဓံ၊ တပါးပါးသော ခန္ဓာကို၊ ပိဠာဇနကတာယ၊ နှိပ်စက်သော အကြောင်း၏ အဖြစ်ကြောင့်၊ အန္တောတုဒနတာယ၊ အတွင်း၌ ထိုးကျင်သည်၏ အဖြစ်ကြောင့်၊ ဒုန္နိဟရဏီယတာယစ၊ နုတ်ပစ်နိုင်ခဲသည်၏အဖြစ်ကြောင့်၊ သလ္လတော၊မြားဟု၊ သမ္မသတိ၊သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံး ရှိသော ဆယ်ပါး သော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ကျသောခဏ ပစ္စုပ္ပန်ကာလ၌ ယခု အသစ်အသစ် ဖြစ်ခြင်းငှာမထိုက်, သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ ယခုယခု မြားမဟုတ်, ချုပ်သော တဒင် တဒင်၏ နောင် အသစ်အသစ် တဖန်ဖြစ်ခြင်းငှာမထိုက်, မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် မြားမဟုတ်သော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီ ပုဂ္ဂိုလ် မဂ်ဉာဏ်ကို ရ၏။

ပဥ္စက္ခန္ဓေ သလ္လတော ပဿန္တော အနုလောမိကံ ခန္တိံ
ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ဝိသလ္လံ နိဗ္ဗာနန္တိ ပဿန္တော
သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဥ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို၊ သလ္လတော၊ မြားဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊အနုလောမ ခန္တီဉာဏ်ကို၊ ပဋိလဘတိ၊ရ၏။

ပဥ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ ဝိသလ္လံ၊ မြားမဟုတ်သော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊မဂ်သို့၊ ဩက္ကမတိ၊သက်ဝင်၏။

## အဃတော အဖွင့်

အဃတော သမ္မသတိ။ ကထံ။

အဃတော၊မကောင်းဟု၊ သမ္မသတိ၊သုံးသပ်၏။ ကထံ၊အဘယ့်ကြောင့်၊ အဃတော၊မကောင်းဟု၊ သမ္မသတိ၊သုံးသပ်သနည်း။

တပါးတပါးသော ခန္ဓာကို ယောဂီပုဂ္ဂိုလ်တို့၏ရုပ်အစုက အသုဘဝတ္ထု, ယောဂီပုဂ္ဂိုလ်တို့၏ဉာဏ်အစုက အသုဘသညာ၊ အသုဘသညာ အသုဘဝတ္ထု ရှုက မတင့်တယ် ကဲ့ရဲ့ဘွယ်၏အဖြစ်ကြောင့် မကောင်းဟု သုံးသပ်၏။

ယောဂီပုဂ္ဂိုလ်တို့၏ ဝေဒနာအစုက ဒုက္ခဝတ္ထု, ယောဂီပုဂ္ဂိုလ်တို့၏ဉာဏ်အစုက ဒုက္ခသညာ၊ ဒုက္ခသညာ ဒုက္ခဝတ္ထု ရှုက မကောင်း အကြောင်းချီးဖွဲ့ အကျိုးမဲ့ကို ဆောင်သည်၏အဖြစ်ကြောင့် မကောင်းဟု သုံးသပ်၏။

ယောဂီပုဂ္ဂိုလ်တို့၏ ဝိညာဏ်အစုက အနိစ္စဝတ္ထု, ယောဂီ ပုဂ္ဂိုလ်တို့၏ ဉာဏ်အစုက အနိစ္စသညာ၊ အနိစ္စသညာ အနိစ္စဝတ္ထု ရှုက မကောင်း အကြောင်းချီးဖွဲ့ အကျိုးမဲ့ကို ဆောင်သည်၏အဖြစ်ကြောင့် မကောင်းဟု သုံးသပ်၏။

ယောဂီပုဂ္ဂိုလ်တို့၏ သညာ,သင်္ခါရ အစုက အနတ္တဝတ္ထု, ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်အစုက အနတ္တသညာ၊ အနတ္တသညာ အနတ္တဝတ္ထု ရှုက မကောင်း အကြောင်းချီးဖွဲ့ အကျိုးမဲ့ကို ဆောင်သည်၏ အဖြစ်ကြောင့် မ ကောင်း ဟု သုံးသပ်၏။

တပါးတပါးသော ခန္ဓာကို ခန္ဓာတို့၏ ဖြစ်သမျှအပေါင်း ကိလေသာ၏ အကြောင်းဟု မကောင်းမှုအစု ဝတ္ထု၏အဖြစ်ကြောင့် မကောင်းဟု သုံးသပ်၏။

မသုံးသပ်မီက ဖြစ်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်း ငှာ ထိုက်သော တပါးတပါးသောခန္ဓာကို ပုထုဇန်တို့ ရုပ်အစုက သုဘဝတ္ထု, ပုထုဇန်တို့ ဉာဏ်အစုက သုဘသညာ၊ သုဘသညာ သုဘဝတ္ထု ရှုကမတင့်တယ် ကဲ့ရဲ့ဘွယ်၏အဖြစ်ကြောင့် မကောင်းဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသန ဉာဏ်ကိုရ၏။

ပုထုဇန်တို့၏ ဝေဒနာအစုက သုခဝတ္ထု၊ ပုထုဇန်တို့၏ ဉာဏ် အစုက သုခသညာ၊ သုခသညာ သုခဝတ္ထု ရှုကမကောင်း အကြောင်းချီးဖွဲ့အကျိုးမဲ့ကို

ဆောင်သည်၏အဖြစ်ကြောင့် မကောင်းဟု သုံးသပ်သောယောဂီပုဂ္ဂိုလ်သမ္မသန ဉာဏ်ကိုရ၏။

ပုထုဇန်တို့၏ ဝိညာဏ်အစုက နိစ္စဝတ္ထု, ပုထုဇန်တို့၏ ဉာဏ်အစုက နိစ္စသညာ၊ နိစ္စသညာ နိစ္စဝတ္ထု ရှုကမကောင်း အကြောင်းချိုးဖွဲ့ အကျိုးမဲ့ကို ဆောင်သည်၏အဖြစ်ကြောင့်မကောင်းဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသန ဉာဏ်ကိုရ၏။

ပုထုဇန်တို့၏ သညာ,သင်္ခါရအစုက အတ္တဝတ္ထု,ပုထုဇန်တို့၏ဉာဏ်အစု က အတ္တသညာ၊ အတ္တသညာ အတ္တဝတ္ထု ရှုကမကောင်း အကြောင်း ချိုးဖွဲ့ အကျိုးမဲ့ကိုဆောင်သည်၏အဖြစ်ကြောင့် မကောင်းဟု သုံးသပ်သော ယောဂီ ပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ယခု အသစ်အသစ် ဖြစ်ခြင်းငှာထိုက်သော တပါးတပါးသော ခန္ဓာကို ခန္ဓာတို့၏ဖြစ်သမျှအပေါင်း ကိလေသာ၏ အကြောင်းဟု မကောင်းမှု အစု ဝတ္ထု၏အဖြစ်ကြောင့် မကောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသန ဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှအထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ် တိုင် အောင် မကောင်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကိုရ၏။

သော ကေကံ ခန္ဓံ ဝိဂရဟာဏီယတာယ အဝဇ္ဇိအာဝဟန တာယ အဃဝတ္ထုတာယစ အဃတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ကေကံ ခန္ဓံ၊တပါးတပါးသော ခန္ဓာကို၊ ဝိဂရဟာဏီယတာယ၊ ကဲ့ရဲ့ဘွယ်၏ အဖြစ်ကြောင့်၊ အဝဇ္ဇိအာဝဟနတာယ၊ အကျိုးမဲ့ကိုဆောင်သည်၏အဖြစ်ကြောင့်၊ အဃဝတ္ထုတာယစ၊ မကောင်းမှု၏ တည်ရာဝတ္ထု၏ အဖြစ်ကြောင့်ငင်း၊ အဃတော၊ မကောင်းဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ဖြစ်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခု အသစ်သစ် ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်ခဏသိခိုက်ခဏ ငါးပါးသောခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ ယခုယခု မကောင်းမှု ချုပ်သော တဒင်တဒင်၏ နောင်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်၊ မဂ်ဉာဏ်ဖြင့်သိခိုက် ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးယော ခန္ဓာတို့၏ ချုပ်ခြင်းသည် ကောင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ အဿတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဿံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ အဿတော၊ မကောင်းဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံခန္တိံ၊ အနုလောမခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အနဿံ၊ ကောင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

**အာဗာဓတော အဖွင့်**

အာဗာဓတော သမ္မသတိ ကထံ။

အာဗာဓတော၊ အနာဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ အာဗာဓတော၊ အနာဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

သူနာတို့၏ သဘောသည် ထူထိုင်ထကြွ ထောက်မတတ်သောသူတပါးတို့၏ ယုယပြုစု အမှုကိုသာ အားပြုရသကဲ့သို့ ထို့အတူ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဏ် တပါးတပါးသော ခန္ဓာတို့၏ သဘောသည် ဖြစ်သောခဏ တည်သောခဏ ပျက်သောခဏ ဖြစ်စေတတ်သော ဇနကပစ္စည်း, ထောက်မတတ်သော ဥပထမ္ဘကပစ္စည်း အကြောင်းတပါးတို့၏ ယုယပြုစုအမှုကိုသာ အားပြုရသဖြင့် တပါးတပါးသော ခန္ဓာကို ထူထိုင်ထကြွ ကိစ္စချို့တဲ့ အသရေမဲ့သော သူနာကို ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့် အနာဟုသုံးသပ်၏။ ထူထိုင်ထကြွ ကိစ္စချို့တဲ့ အသရေမဲ့သော သူနာကို မဖြစ်စေသေးသော်လည်း အသရေမဲ့ခြင်း၏အကြောင်းနှင့် အလွန်နီးသည်၏အဖြစ်ကြောင့် အနာဟုသုံးသပ်၏။

မသုံးသပ်မီက ဖြစ်သောခဏ တည်သောခဏ ပျက်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုအသစ်အသစ် ဖြစ်ခြင်းငှာထိုက်သော တပါးတပါးသော ခန္ဓာကို ထူထိုင်ထကြွ ကိစ္စချို့တဲ့ အသရေမဲ့သော သူနာကို ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့် အနာဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနညာဏ်ကို ရ၏။ ထူထိုင်ထကြွ ကိစ္စချို့တဲ့ အသရေမဲ့သော သူနာကို မဖြစ်စေသေးသော်လည်း အသရေမဲ့သော အကြောင်းနှင့် အလွန်နီးသည်၏အဖြစ်ကြောင့် အနာဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနညာဏ်ကိုရ၏။

သမ္မသနညာဏ်မှ အထက် အဆင့်ဆင့်တက်၍ အနုလောမညာဏ်တိုင်အောင် အနာဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

> သော ကောကံ ခန္ဓံ အသေရိဘာဝဇနကတာယ အာဗာဓ
> ပဒဋ္ဌာနတာယ စ အာဗာဓတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ကောကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို၊ အသေရိဘာဝ ဇနကတာယ၊ ထူထိုင်ထကြွ ကိစ္စချို့တဲ့ အသရေမဲ့သည်၏ အဖြစ်ကြောင့်၊ အာဗာဓပဒဋ္ဌာနတာယစ၊ အနာ၏အကြောင်းနှင့် အလွန်နီးသည်၏အဖြစ်ကြောင့်ရင်း၊ အာဗာဓတော၊ အနာဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ဖြစ်သောခဏ တည်သောခဏ ပျက်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုအသစ်အသစ် ဖြစ်ခြင်းငှာ မထိုက်, သိခိုက်ခဏ သိခိုက်ခဏ ခန္ဓာငါးပါးတို့၏မဖြစ်ဘဲချုပ်သော သဘော မထူမထိုင် မထ မကြွ မထောက် မမ,ရသော အနုပ္ပါဒနိရောဓ၊ ယခုယခု အနာမဟုတ်, ချုပ်သော တဒင် တဒင်၏ နောင်အသစ်အသစ် တဖန်ဖြစ်ပြန်ခြင်းငှာမထိုက်, မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်းသည် အနာမဟုတ်သော နိဗ္ဗာန် ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ အာဗာဓတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနာဗာဓံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ အာဗာဓတော၊ အနာဟု၊ပဿန္တော ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ ၊ အနုလောမ ခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အနာဗာဓံ၊ အနာမဟုတ်သော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## ဤတိတော အဖွင့်

> ဤတိတော သမ္မသတိ။ ကထံ။

ဤတိတော၊ များစွာပျက်စီးသော သဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ ဤတိတော၊ များစွာ ပျက်စီးသော သဘောဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ဆွေမျိုးပျက်စီးသဖြင့်လည်း များစွာသော ပျက်စီးခြင်းကို ဆောင်သည်၏အဖြစ်ကြောင့် များစွာ ပျက်စီးသော သဘောဟု သုံးသပ်၏။

စည်းစိမ်ဥစ္စာ ပျက်စီးသဖြင့်လည်း များစွာသောပျက်စီးခြင်းကို ဆောင်သည်၏အဖြစ်ကြောင့် များစွာ ပျက်စီးသောသဘောဟု သုံးသပ်၏။

၉၆ပြား အနာရောဂါ ပျက်စီးသဖြင့်လည်း များစွာသော ပျက်စီးခြင်းကို ဆောင်သည်၏အဖြစ်ကြောင့် များစွာပျက်စီးသော သဘောဟု သုံးသပ်၏။

ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ, ပါတိမောက္ခ သံဝရသီလ, ဣန္ဒြိယသံဝရသီလ, ပစ္စယသန္နိဿိတသီလ, အာဇီဝပါရိသုဒ္ဓိသီလ ပျက်စီးသဖြင့်လည်း များစွာသော ပျက်စီးခြင်းကို ဆောင်သည်၏ အဖြစ်ကြောင့် များစွာ ပျက်စီးသောသဘောဟု သုံးသပ်၏။

အတ္တဒိဋ္ဌိအယူ, သဿတ ဥစ္ဆေဒ ဒိဋ္ဌိအယူ, သက္ကာယဒိဋ္ဌိအယူ, ဒွါသဋ္ဌိ ဒိဋ္ဌိအယူ, တပါးသောအယူ, ၂ပါးသောအယူ, ၂၀ သော အယူ, ၆၂ပါးသော အယူ, အယူပျက်စီးသဖြင့်လည်း များစွာသော ပျက်စီးခြင်းကို ဆောင်သည်၏ အဖြစ်ကြောင့် များစွာ ပျက်စီးသော သဘောဟုသုံးသပ်၏။

မသုံးသပ်မိက ဖြစ်သောခဏ တည်သောခဏ ပျက်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ်ဖြစ်ခြင်းငှာ ထိုက်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ဆွေမျိုးပျက်စီးသဖြင့်လည်း များစွာသော ပျက်စီးခြင်းကို ဆောင်သည်၏အဖြစ်ကြောင့် များစွာ ပျက်စီးသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

စည်းစိမ်ဥစ္စာ ပျက်စီးသဖြင့်လည်း များစွာသောပျက်စီးခြင်းကို ဆောင်သည်၏အဖြစ်ကြောင့် များစွာပျက်စီးသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

၉၆ ပြား အနာရောဂါ ပျက်စီးသဖြင့်လည်း များစွာသော ပျက်စီးခြင်းကို ဆောင်သည်၏အဖြစ်ကြောင့် များစွာ ပျက်စီးသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ, ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, ပစ္စယသန္နိဿိတသီလ, အာဇီဝပါရိသုဒ္ဓိသီလ ပျက်စီးသဖြင့်လည်း များစွာသော ပျက်စီးခြင်းကို ဆောင်သည်၏အဖြစ်ကြောင့် များစွာပျက်စီးသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

အတ္တဒိဋ္ဌိအယူ, သဿတ ဥစ္ဆေဒ ဒိဋ္ဌိအယူ, သက္ကာယဒိဋ္ဌိအယူ, ဒွါသဋ္ဌိ ဒိဋ္ဌိအယူ, တပါးသောအယူ, ၂ပါးသောအယူ, ၂၀သောအယူ, ၆၂ ပါးသောအယူ အယူပျက်စီးသဖြင့်လည်း များစွာသောပျက်စီးခြင်းကို ဆောင်သည်

၏အဖြစ်ကြောင့် များစွာပျက်စီးသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှအထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ်တိုင်အောင် များစွာ ပျက်စီးသောသဘောဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

သော ဧကေကံ ခန္ဓံ အနေကဗျသနာဝဟနတာယ ဤတိတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ဧကေကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို၊ အနေကဗျသနာဝဟနတာယ၊ တပါးမက များစွာပျက်စီးခြင်းကို ဆောင်သည်၏အဖြစ်ကြောင့်၊ ဤတိတော၊ များစွာ ပျက်စီးသော သဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့်သုံးသပ်ရှုမြင်မိက ဖြစ်သောခဏ တည်သောခဏ ပျက်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ် ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ ပျက်စီးခြင်းကင်းသော ယခုယခု ဇနင်၏ နောင်အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် ပျက်စီးခြင်းကင်းသောနိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကို ရ၏။

ပဥ္စက္ခန္ဓေ ဤတိတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနီတိကံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဥ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ ဤတိတော၊ များစွာ ပျက်စီးသောသဘောဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တီဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာ တို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အနီတိကံ၊ ပျက်စီးသော အလေ့၊ ပျက်စီးသော သဘော ကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ပင်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော် သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## ဥပဒ္ဒဝတောအဖွင့်

ဥပဒ္ဒဝတော သမ္မသတိ။ ကထံ။

ဥပဒ္ဒဝတော၊ နှိပ်စက်သောသဘောဟု၊ သမ္မသတိ၊သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ဥပဒ္ဒဝတော၊နှိပ်စက်သောသဘောဟု၊သမ္မသတိ၊သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါး တပါးသော ခန္ဓာကို ဦးခေါင်းကို ဖြတ်၍ အကျိုးမဲ့ကို ဆောင်သဖြင့်လည်း နှိပ်စက်အပ်သောဝတ္ထု၏ အဖြစ်ကြောင့် နှိပ်စက်သောသဘောဟု သုံးသပ်၏။

မျက်လုံးကိုဖောက်၍ အကျိုးမဲ့ကို ဆောင်သဖြင့်လည်း နှိပ်စက်အပ်သော ဝတ္ထု၏အဖြစ်ကြောင့် နှိပ်စက်သောသဘောဟုသုံးသပ်၏။

နားကိုဖြတ်၍ အကျိုးမဲ့ကို ဆောင်သဖြင့်လည်း နှိပ်စက်အပ်သောဝတ္ထု၏ အဖြစ်ကြောင့် နှိပ်စက်သောသဘောဟု သုံးသပ်၏။

နှာခေါင်းကိုဖြတ်၍ အကျိုးမဲ့ကို ဆောင်သဖြင့်လည်း နှိပ်စက်အပ်သော ဝတ္ထု၏အဖြစ်ကြောင့် နှိပ်စက်သောသဘောဟုသုံးသပ်၏။

အာကိုဟက်၍ အကျိုးမဲ့ကိုဆောင်သဖြင့်လည်း နှိပ်စက်အပ်သော ဝတ္ထု၏ အဖြစ်ကြောင့် နှိပ်စက်သောသဘောဟု သုံးသပ်၏။

ခြေလက်ကိုဖြတ်၍ အကျိုးမဲ့ကို ဆောင်သဖြင့်လည်း နှိပ်စက် အပ်သော ဝတ္ထု၏ အဖြစ်ကြောင့် နှိပ်စက်သောသဘောဟုသုံးသပ်၏။

မသုံးသပ်မီက ဖြစ်သောခဏ တည်သောခဏ ပျက်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာထိုက်သော ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တပါးတပါးသော ခန္ဓာကို ဦးခေါင်းကိုဖြတ်၍ အကျိုးမဲ့ကို ဆောင်သဖြင့်လည်း နှိပ်စက်အပ်သော ဝတ္ထု၏ အဖြစ်ကြောင့် နှိပ်စက်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

မျက်လုံးကိုဖောက်၍ အကျိုးမဲ့ကိုဆောင်သဖြင့်လည်း နှိပ်စက်အပ်သော ဝတ္ထု၏အဖြစ်ကြောင့် နှိပ်စက်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

နားကိုဖြတ်၍ အကျိုးမဲ့ကို ဆောင်သဖြင့်လည်း နှိပ်စက်အပ်သော ဝတ္ထု၏ အဖြစ်ကြောင့် နှိပ်စက်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

နှာခေါင်းကို ဖြတ်၍ အကျိုးမဲ့ကို ဆောင်သဖြင့်လည်း နှိပ်စက်အပ်သောဝတ္ထု၏ အဖြစ်ကြောင့် နှိပ်စက်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

အာကိုဟက်၍ အကျိုးမဲ့ကိုဆောင်သဖြင့်လည်း နှိပ်စက်အပ်သော ဝတ္ထု၏ အဖြစ်ကြောင့် နှိပ်စက်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသန ဉာဏ်ကိုရ၏။

ခြေလက်ကိုဖြတ်၍ အကျိုးမဲ့ကို ဆောင်သဖြင့်လည်း နှိပ်စက်အပ်သော ဝတ္ထု၏အဖြစ်ကြောင့် နှိပ်စက်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့် တက်၍ အနုလောမဉာဏ် တိုင်အောင် နှိပ်စက်သောသဘောဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

> သော ဧကေကံ ခန္ဓံ အဝိဒိတာနံယေဝ ဝိပုလာနံ အနတ္ထာနံ အာဝဟနတော သမ္ပဋိပဒ္ဒဝ ဝတ္ထုတာယစ ဥပဒ္ဒဝတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ဧကေကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို၊ အဝိဒိတာနံ၊ မသိအပ်ကုန်သော၊ ဝိပုလာနံ၊ များမြတ်ကုန်သော၊ အနတ္ထာနံယေဝ၊ အကျိုးမဲ့ကိုသာလျှင်၊ အာဝဟနတော၊ ဆောင်ခြင်းကြောင့်၊ သမ္ပဋိပဒ္ဒဝ ဝတ္ထုတာယစ၊ အလုံးစုံနှိပ်စက်အပ်သော ဝတ္ထု၏အဖြစ်ကြောင့်၊ ဥပဒ္ဒဝတော၊ နှိပ်စက်သော သဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ဖြစ်သောခဏ တည်သောခဏ ပျက်သောခဏ ပစ္စုပ္ပန်ကာလ၌ယခုယခု အသစ်ဖြစ်ခြင်းငှာမထိုက်၊သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ နှိပ်စက်ခြင်းကင်းသော ယခုယခု တဒင်္ဂ၏ နောင် အသစ်တဖန် ဖြစ်ပြန်ခြင်းငှာ မထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန် မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် နှိပ်စက်ခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကို ရ၏။

> ပဉ္စက္ခန္ဓေ ဥပဒ္ဒဝတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနုပဒ္ဒဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို၊ ဥပဒ္ဒဝတော၊ နှိပ်စက်သော သဘောဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တိ ဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်း

သည်၊ အနုပဒ္ဒဝံ၊ နိုပ်စက်ခြင်းကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန် ပင်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## ဘယတောအဖွင့်

ဘယတော သမ္မသတိ။ ကထံ။

ဘယတော၊ ဘေးဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊အဘယ်ကြောင့်၊ ဘယတော၊ဘေးဟု၊ သမ္မသတိ၊သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို သူ့အသက်ကို သတ်ခြင်းကြောင့်ဖြစ်သော ဘေးရန်လုံးစုံ အကုန်ကျသဖြင့်လည်း မအေးသည်၏အဖြစ်ကြောင့် ဘေးဟု သုံးသပ်၏။

သူ့ဥစ္စာကို ခိုးခြင်းကြောင့် ဖြစ်သော ဘေးရန်လုံးစုံ အကုန်ကျသဖြင့်လည်း မအေးသည်၏အဖြစ်ကြောင့် ဘေးဟု သုံးသပ်၏။

သူ့သား အိမ်ယာကို ပြစ်မှားခြင်းကြောင့် ဖြစ်သော ဘေးရန်လုံးစုံ အကုန်ကျသဖြင့်လည်း မအေးသည်၏အဖြစ်ကြောင့် ဘေးဟု သုံးသပ်၏။

မုသား ပြောဆိုခြင်းကြောင့် ဖြစ်သော ဘေးရန်လုံးစုံ အကုန်ကျသဖြင့်လည်း မအေးသည်၏အဖြစ်ကြောင့် ဘေးဟု သုံးသပ်၏။

သေရည်သေရက်ကို သောက်စားခြင်းကြောင့် ဖြစ်သော ဘေးရန်လုံးစုံ အကုန်ကျသဖြင့်လည်း မအေးသည်၏အဖြစ်ကြောင့် ဘေးဟု သုံးသပ်၏။

မသုံးသပ်မီက ဖြစ်သောခဏ တည်သောခဏ ပျက်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာထိုက်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို သူ့အသက်ကို သတ်ခြင်းကြောင့်ဖြစ်သော ဘေးရန်လုံးစုံ အကုန်ကျသဖြင့်လည်း မအေးသည်၏အဖြစ်ကြောင့် ဘေးဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သူ့ဥစ္စာကို ခိုးခြင်းကြောင့်ဖြစ်သော ဘေးရန် လုံးစုံ အကုန်ကျသဖြင့်လည်း မအေးသည်၏ အဖြစ်ကြောင့် ဘေးဟု သုံးသပ်သော ယောဂီ ပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သူ့သား အိမ်ယာကို ပြစ်မှားခြင်းကြောင့်ဖြစ်သော ဘေး ရန် လုံး စုံ အကုန်ကျသဖြင့်လည်း မအေးသည်၏ အဖြစ်ကြောင့် ဘေးဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

မုသား ပြောဆိုခြင်းကြောင့်ဖြစ်သော ဘေးရန် လုံးစုံ အကုန်ကျသဖြင့် လည်း မအေးသည်၏ အဖြစ်ကြောင့် ဘေးဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သေရည်သေရက်ကို သောက်စားခြင်းကြောင့်ဖြစ်သော ဘေးရန်လုံးစုံ အကုန်ကျသဖြင့်လည်း မအေးသည်၏ အဖြစ်ကြောင့် ဘေးဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့် တက်၍ အနုလောမဉာဏ် တိုင်အောင် ဘေးဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

> သော ကေကံ ခန္ဓံ သဗ္ဗဘယာနံ အာကရတာယ ဒုက္ခ ဝူပသမသင်္ခါတဿ ပရမဿာသဿ ပဋိပက္ခဘူတ တာ ယ စ ဘယတော သမ္မသတိ။

သော၊ထိုယောဂီပုဂ္ဂိုလ်သည်၊ ကေကံ ခန္ဓံ၊တပါးတပါးသောခန္ဓာကို၊ သဗ္ဗဘယာနံ၊ အလုံးစုံသောဘေးရန်တို့၏၊ အာကရတာယစ၊ ကျသည်၏အဖြစ်ကြောင့်ရင်း၊ ဒုက္ခဝူပသမသင်္ခါတဿ၊ ဒုက္ခငြိမ်းသည်ဟုဆိုအပ်သော၊ ပရမဿာသဿ၊မြတ်သောနိဗ္ဗာန်သက်သာခြင်း၏၊ ပဋိပက္ခဘူတတာယစ၊ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်ရင်း၊ ဘယတော၊ဘေးဟု၊ သမ္မသတိ၊သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ဖြစ်သောခဏ တည်သောခဏ ပျက်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်အသစ် ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ ဘေးအေးသော ယခုယခု တဒင်္ဂ၏ နောင်အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်၊ မဂ်ဉာဏ်ဖြင့်သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် ဘေးအေးသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကို ရ၏။

> ပဉ္စက္ခန္ဓေ ဘယတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ခေမံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ ဘယတော၊ ဘေးဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တီဉာဏ်ကို၊ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ချုပ်ခြင်းသည်၊ ခေမံ၊ ဘေး

အေးသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊မဂ်သို့၊ ဩက္ကမတိ၊သက်ဝင်၏။

## ဥပသဂ္ဂတော အဖွင့်

ဥပသဂ္ဂတော သမ္မသတိ။ ကထံ။

ဥပသဂ္ဂတော၊အပြစ်မပြတ် ငြိကပ်သောသဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊အဘယ့်ကြောင့်၊ ဥပသဂ္ဂတော၊အပြစ်မပြတ် ငြိကပ်သောသဘောဟု၊ သမ္မသတိ၊သုံးသပ်သနည်း။

တိုက်ခိုက် လုယက်သော ခိုးသူ မိမိတိုက်ခိုက် လုယက်မှုကို သတ်ခြင်းငှာ ထိုက်သော အကျိုးမဲ့ သေဘေး အစဉ်တစိုက် မပြတ်လိုက်၏ဟု သည်းမခံဘဲ အမြဲရှုသကဲ့သို့ ထို့အတူ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါး သော ခန္ဓာကို မြင်သောခဏ များစွာသော ကံကိလေသာဘဝ အကျိုးမဲ့ အစဉ် တစိုက် လိုက်သဖြင့်လည်း အပြစ်မပြတ် ငြိကပ်သည်ကို သည်းခံ၍ နေခြင်းငှာ မထိုက်သည်၏အဖြစ်ကြောင့် အပြစ်မပြတ် ငြိကပ်သော သဘောဟု သုံးသပ်၏။

ကြားသောခဏ များစွာသော ကံကိလေသာ ဘဝ အကျိုးမဲ့ အစဉ် တစိုက် လိုက်သဖြင့်လည်း အပြစ်မပြတ် ငြိကပ်သည်ကို သည်းခံ၍ နေခြင်းငှာ မထိုက်သည်၏အဖြစ်ကြောင့် အပြစ်မပြတ် ငြိကပ်သောသဘောဟု သုံးသပ်၏။

နံသောခဏ များစွာသော ကံကိလေသာ ဘဝ အကျိုးမဲ့ အစဉ်တစိုက် လိုက်သဖြင့်လည်း အပြစ်မပြတ် ငြိကပ်သည်ကို သည်းခံ၍ နေခြင်းငှာ မထိုက် သည်၏အဖြစ်ကြောင့် အပြစ်မပြတ် ငြိကပ်သောသဘောဟု သုံးသပ်၏။

စားသောခဏ များစွာသော ကံကိလေသာ ဘဝ အကျိုးမဲ့ အစဉ်တစိုက် လိုက်သဖြင့်လည်း အပြစ်မပြတ် ငြိကပ်သည်ကို သည်းခံ၍ နေခြင်းငှာ မထိုက် သည်၏အဖြစ်ကြောင့် အပြစ်မပြတ် ငြိကပ်သောသဘောဟု သုံးသပ်၏။

ထိသောခဏ များစွာသော ကံကိလေသာ ဘဝ အကျိုးမဲ့ အစဉ်တစိုက် လိုက်သဖြင့်လည်း အပြစ်မပြတ် ငြိကပ်သည်ကို သည်းခံ၍ နေခြင်းငှာ မထိုက် သည်၏အဖြစ်ကြောင့် အပြစ်မပြတ် ငြိကပ်သောသဘောဟု သုံးသပ်၏။

သိသောခဏ များစွာသော ကံကိလေသာ ဘဝ အကျိုးမဲ့ အစဉ်တစိုက် လိုက်သဖြင့်လည်း အပြစ်မပြတ် ငြိကပ်သည်ကို သည်းခံ၍ နေခြင်းငှာ မထိုက် သည်၏အဖြစ်ကြောင့် အပြစ်မပြတ် ငြိကပ်သောသဘောဟု သုံးသပ်၏။

မသုံးသပ်မိက မြင်သောခဏ ကြားသောခဏ နံသောခဏ စားသော ခဏ ထိသောခဏ သိသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာ

ထိုက်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို မြင်သင့်သောခဏ များစွာသော ကံကိလေသာ ဘဝ အကျိုးမဲ့ အစဉ်တစိုက် လိုက်သဖြင့်လည်း အပြစ်မပြတ် ငြိကပ်သည်ကို သည်းခံ၍ နေခြင်းငှာ မထိုက် သည်၏အဖြစ်ကြောင့် အပြစ်မပြတ် ငြိကပ်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ကြားသင့်သောခဏ များစွာသော ကံကိလေသာ ဘဝ အကျိုးမဲ့ အစဉ် တစိုက် လိုက်သဖြင့်လည်း အပြစ်မပြတ် ငြိကပ်သည်ကို သည်းခံ၍ နေခြင်းငှာ မထိုက်သည်၏အဖြစ်ကြောင့် အပြစ်မပြတ် ငြိကပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

နံသင့်သောခဏ များစွာသော ကံကိလေသာ ဘဝ အကျိုးမဲ့ အစဉ် တစိုက် လိုက်သဖြင့်လည်း အပြစ်မပြတ် ငြိကပ်သည်ကို သည်းခံ၍ နေ ခြင်း ငှာ မထိုက်သည်၏အဖြစ်ကြောင့် အပြစ်မပြတ် ငြိကပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

စားသင့်သောခဏ များစွာသော ကံကိလေသာ ဘဝ အကျိုးမဲ့ အစဉ် တစိုက် လိုက်သဖြင့်လည်း အပြစ်မပြတ် ငြိကပ်သည်ကို သည်းခံ၍ နေ ခြင်း ငှာ မထိုက်သည်၏အဖြစ်ကြောင့် အပြစ်မပြတ် ငြိကပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ထိသင့်သောခဏ များစွာသော ကံကိလေသာ ဘဝ အကျိုးမဲ့ အစဉ် တစိုက် လိုက်သဖြင့်လည်း အပြစ်မပြတ် ငြိကပ်သည်ကို သည်းခံ၍ နေခြင်းငှာ မထိုက်သည်၏အဖြစ်ကြောင့် အပြစ်မပြတ် ငြိကပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သိသင့်သောခဏ များစွာသော ကံကိလေသာ ဘဝ အကျိုးမဲ့ အစဉ် တစိုက် လိုက်သဖြင့်လည်း အပြစ်မပြတ် ငြိကပ်သည်ကို သည်းခံ၍ နေခြင်းငှာ မထိုက်သည်၏အဖြစ်ကြောင့် အပြစ်မပြတ် ငြိကပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့် တက်၍ အနုလောမဉာဏ် တိုင် အောင် အပြစ်မပြတ် ငြိကပ်သော သဘောဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနု လောမဉာဏ်ကို ရ၏။

သော ကောကံ ခန္ဓံ အနေကေဟိ အနုတ္တေဟိ အနုဗန္ဓတာယ ဒေါသူပသတ္တတာယ ဥပသဂ္ဂေါဝိယ အနဓိဝါသနာရဟတာယ စ ဥပသဂ္ဂတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ကောက်ခံနိုင်၊ တပါးတပါးသော ခန္ဓာကို၊ အနေကြေဟိ၊ တပါးမက များစွာကုန်သော၊ အနတ္တေဟိ၊ အကျိုးမဲ့တို့ဖြင့်၊ အနုဗန္ဓတာယစ၊ အစဉ်တစိုက်လိုက်သည်၏ အဖြစ်ကြောင့်ရင်း၊ ဒေါသူပသတ္တတာယစ၊ အပြစ်မပြတ် ငြိကပ်သည်၏အဖြစ်ကြောင့်ရင်း၊ ဥပသဂ္ဂေါဝိယ၊အပြစ်မပြတ် ငြိကပ်သောခိုးသူကဲ့သို့၊ အနဓိဝါသနာရဟတာယစ၊ သည်းခံ၍ နေခြင်းငှာမထိုက်သည်၏အဖြစ်ကြောင့်ရင်း၊ ဥပသဂ္ဂတော၊ အပြစ်မပြတ် ငြိကပ်သောသဘောဟု၊ သမ္မသတိ၊သုံးသပ်၏။

သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက မြင်သောခဏ ကြားသောခဏ နံ့သောခဏ စားသောခဏ ထိသောခဏ သိသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ အပြစ်ကင်းသော ယခုယခုတဒင်္ဂ၏ နောင်အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် အပြစ်ကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ ဥပသဂ္ဂတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနုပသဂ္ဂံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ ဥပသဂ္ဂတော၊ အပြစ်မပြတ် ငြိကပ်သောသဘောဟု၊ ပဿန္တော၊ရှုသည်ရှိသော်၊အနုလောမိကံ ခန္တိံ၊ အနုလောမခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ချုပ်ခြင်းသည်၊ အနုပသဂ္ဂံ၊ အပြစ်ကင်းသော၊ နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။ဣတိ၊ ဤသို့၊ပဿန္တော၊မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊မဂ်သို့၊ဩက္ကမတိ၊သက်ဝင်၏။

### အတာဏတောအဖွင့်

အတာဏတော သမ္မသတိ။ ကထံ။

အတာဏတော၊ အစောင့်အရှောက် မရှိဟု၊ သမ္မသတိ၊သုံးသပ်၏။ကထံ၊ အဘယ့်ကြောင့်၊ အတာဏတော၊အစောင့်အရှောက်မရှိဟု၊သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်,ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဏ် တပါးတပါးသော ခန္ဓာကို ရုပ်ဖောက်ပြန်ဆိုတာက စောင့်ရှောက်ရာ မကျ ဘေးအေး မရသဖြင့်လည်း အစောင့်အရှောက်မရှိဟုသုံးသပ်၏။

ဝေဒနာ ခံစားဆိုတာက စောင့်ရှောက်ရာမကျ ဘေးအေး မရသဖြင့် လည်း အစောင့်အရှောက်မရှိဟု သုံးသပ်၏။

သညာ မှတ်ဆိုတာက စောင့်ရှောက်ရာမကျ ဘေးအေးမရသဖြင့်လည်း အစောင့်အရှောက်မရှိဟုသုံးသပ်၏။

သင်္ခါရ ပြုပြင် စီရင်ဆိုတာက စောင့်ရှောက်ရာမကျ ဘေးအေးမရသဖြင့် လည်း အစောင့်အရှောက်မရှိဟု သုံးသပ်၏။

ဝိညာဏ် အာရုံပြုဆိုတာက စောင့်ရှောက်ရာမကျ ဘေးအေး မရသဖြင့် လည်း အစောင့်အရှောက်မရှိဟုသုံးသပ်၏။

မသုံးသပ်မိကဖောက်ပြန်သောခဏ ခံစားသောခဏ မှတ်သောခဏ ပြုပြင် စီရင်သောခဏ အာရုံပြုသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ် ဖြစ်ခြင်းငှာ ထိုက်သော ရုပ်,ဝေဒနာ,သညာ, သင်္ခါရ,ဝိညာဏ် တပါးတပါးသော ခန္ဓာကို ရုပ်ဖောက်ပြန်ဆိုတာက စောင့်ရှောက်ရာ မကျ ဘေးအေး မရ သဖြင့် လည်း အစောင့်အရှောက်မရှိဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဝေဒနာ ခံစားဆိုတာက စောင့်ရှောက်ရာမကျ ဘေးအေးမရသဖြင့် လည်း အစောင့်အရှောက်မရှိဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သညာ မှတ်ဆိုတာက စောင့်ရှောက်ရာမကျ ဘေးအေးမရသဖြင့်လည်း အစောင့်အရှောက်မရှိဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သင်္ခါရ ပြုပြင်စီရင်ဆိုတာက စောင့်ရှောက်ရာမကျ ဘေးအေးမရသဖြင့် လည်း အစောင့်အရှောက်မရှိဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ဝိညာဏ် အာရုံပြုဆိုတာက စောင့်ရှောက်ရာမကျ ဘေးအေးမရသဖြင့် လည်း အစောင့်အရှောက်မရှိဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှအထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ်တိုင်အောင် အစောင့်အရှောက်မရှိဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကိုရ၏။

သော ကောကံ ခန္ဓံ အတာယနတာယ စေဝ အလဗ္ဘနေယျ
ခေမတာယ စ အတာဏတော သမ္မသတိ။

သော၊ထိုယောဂီပုဂ္ဂိုလ်သည်၊ ကောကံ ခန္ဓံ၊ တပါးတပါးသောခန္ဓာကို၊ အတာယနတာယစေဝ၊အစောင့်အရှောက်မရှိသည်၏အဖြစ်ကြောင့်၊အလဗ္ဘနေ

ယျ ခေမတာယစ၊ ဘေးအေးမရသည်၏အဖြစ်ကြောင့်၊အတာဏတော၊အစောင့်အရှောက်မရှိဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ဖောက်ပြန်သောခဏ ခံစားသောခဏ မှတ်သောခဏ ပြုပြင်စီရင်သောခဏ အာရုံပြုသောခဏ ပစ္စုပ္ပန်ကာလ၌ ယခု ယခု အသစ်ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်စဏ သိခိုက်ခဏ ငါးပါးသောခန္ဓာတို့၏ မဖြစ်ဘဲချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ စောင့်ရှောက်သော ယခုယခု တဒင်္ဂ၏နောင် အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာ မထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသောခန္ဓာတို့၏ ချုပ်ခြင်းသည် စောင့်ရှောက်သောနိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ အတာဏတော ပဿန္တော အနုလောမိကံ ခန္တိံ
> ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော တာဏံ နိဗ္ဗာနန္တိ ပဿန္တော
> သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ အတာဏတော၊အစောင့်အရှောက်မရှိဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊အနုလောမိကံ ခန္တိံ၊အနုလော ခန္တီဉာဏ်ကို၊ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊နိရောဓော၊ချုပ်ခြင်းသည်၊ တာဏံ၊စောင့်ရှောက်သော၊ နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။ဣတိ၊ဤသို့၊ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊သက်ဝင်၏။

### အလေဏတောအဖွင့်

#### အလေဏတော သမ္မသတိ။ ကထံ။

အလေဏတော၊ ပုန်းအောင်းရာ မရှိဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ အလေဏတော၊ ပုန်းအောင်းရာ မရှိဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တပါးတပါးသော ခန္ဓာကို ရုပ် ဖောက်ပြန်ဆိုတာက ပုန်းအောင်း နားနေခြင်းငှာ မထိုက်သဖြင့်လည်း ပုန်းအောင်းနားနေလိုသော သူတို့၏ ပုန်းအောင်း နားနေခြင်းကိစ္စကို ပြုသော အလေ့သဘော မရှိသည်၏ အဖြစ်ကြောင့် ပုန်းအောင်းနားနေရာ မရှိဟု သုံးသပ်၏။

ဝေဒနာ ခံစားဆိုတာက ပုန်းအောင်းနားနေခြင်းငှာ မထိုက်သဖြင့်လည်း ပုန်းအောင်း နားနေလိုသောသူတို့၏ ပုန်းအောင်း နားနေခြင်းကိစ္စကို

ပြုသောအလေ့သဘောမရှိသည်၏အဖြစ်ကြောင့် ပုန်းအောင်း နားနေရာမရှိဟု သုံးသပ်၏။

သညာ မှတ်ဆိုတာက ပုန်းအောင်းနားနေခြင်းငှာ မထိုက်သဖြင့်လည်း ပုန်းအောင်းနားနေလိုသောသူတို့၏ ပုန်အောင်းနားနေခြင်းကိစ္စကိုပြုသော အလေ့သဘောမရှိသည်၏အဖြစ်ကြောင့် ပုန်းအောင်းနားနေရာမရှိဟု သုံးသပ်၏။

သင်္ခါရ ပြုပြင်စီရင်ဆိုတာက ပုန်းအောင်း နားနေခြင်းငှာ မထိုက်သဖြင့် လည်း ပုန်းအောင်း နားနေလိုသောသူတို့၏ ပုန်းအောင်းနားနေခြင်း ကိစ္စကို ပြုသောအလေ့သဘောမရှိသည်၏အဖြစ်ကြောင့် ပုန်းအောင်းနားနေရာမရှိဟု သုံးသပ်၏။

ဝိညာဏ် အာရုံပြုဆိုတာက ပုန်းအောင်းနားနေခြင်းငှာ မထိုက်သဖြင့် လည်း ပုန်းအောင်းနားနေလိုသော သူတို့၏ ပုန်းအောင်းနားနေခြင်း ကိစ္စကို ပြုသောအလေ့သဘောမရှိသည်၏အဖြစ်ကြောင့် ပုန်းအောင်း နားနေရာမရှိဟု သုံးသပ်၏။

မသုံးသပ်မိက ဖောက်ပြန်သောခဏ ခံစားသောခဏ မှတ်သောခဏ ပြုပြင်စီရင်သောခဏ အာရုံပြုသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ် ခြင်းငှာထိုက်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တပါးတပါး သော ခန္ဓာကို ရုပ်ဖောက်ပြန်ဆိုတာက ပုန်းအောင်းနားနေခြင်းငှာမထိုက်သဖြင့်လည်း ပုန်းအောင်းနားနေလိုသောသူတို့၏ ပုန်းအောင်း နားနေခြင်းကိစ္စကို ပြုသော အလေ့သဘောမရှိသည်၏အဖြစ်ကြောင့် ပုန်းအောင်းနားနေရာမရှိဟု သုံးသပ် သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဝေဒနာ ခံစားဆိုတာက ပုန်းအောင်းနားနေခြင်းငှာ မထိုက်သဖြင့် လည်း ပုန်းအောင်း နားနေလိုသောသူတို့၏ ပုန်းအောင်း နားနေခြင်း ကိစ္စကို ပြုသော အလေ့သဘောမရှိသည်၏အဖြစ်ကြောင့် ပုန်းအောင်းနားနေရာမရှိဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သညာ မှတ်ဆိုတာက ပုန်းအောင်းနားနေခြင်းငှာ မထိုက်သဖြင့်လည်း ပုန်းအောင်းနားနေလိုသော သူတို့၏ ပုန်းအောင်းနားနေခြင်း ကိစ္စကိုပြုသော အလေ့ သဘောမရှိသည်၏အဖြစ်ကြောင့် ပုန်းအောင်းနားနေရာမရှိဟု သုံး သပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သင်္ခါရ ပြုပြင်စီရင်ဆိုတာက ပုန်းအောင်းနားနေခြင်းငှာမထိုက်သဖြင့် လည်း ပုန်းအောင်းနားနေလိုသောသူတို့၏ ပုန်းအောင်း နားနေခြင်း ကိစ္စကို

ပြုသောအလေ့သဘောမရှိသည်၏အဖြစ်ကြောင့် ပုန်းအောင်းနားနေရာမရှိဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဝိညာဏ် အာရုံပြုဆိုတာက ပုန်းအောင်း နားနေခြင်းငှာ မထိုက်သဖြင့်လည်း ပုန်းအောင်းနားနေလိုသော သူတို့၏ ပုန်းအောင်း နားနေခြင်း ကိစ္စကို ပြုသော အလေ့သဘောမရှိသည်၏ အဖြစ်ကြောင့် ပုန်းအောင်းနားနေစရာမရှိဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့် တက်၍ အနုလောမဉာဏ် တိုင်အောင် ပုန်းအောင်းရာမရှိဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမ ဉာဏ်ကို ရ၏။

သော ဓေကော ခန္ဓေ အလ္လီယိတုံ အနရဟတာယ အလ္လီနာနမ္ပိစ လေဏကိစ္စာကာရိတာယ အလေဏတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ဓေကော ခန္ဓေ၊ တပါးတပါးသော ခန္ဓာကို၊ အလ္လီယိတုံ၊ ပုန်းအောင်းနားနေခြင်းငှာ၊ အနရဟတာယ၊ မထိုက်သည်၏ အဖြစ်ကြောင့်၊ အလ္လီနာနမ္ပိစ၊ ပုန်းအောင်း နားနေလိုသော သူတို့၏လည်း၊ လေဏကိစ္စာကာရိတာယ၊ ပုန်းအောင်းနားနေရာ ကိစ္စ ပြုသော အလေ့သဘော ရှိသည်၏အဖြစ်ကြောင့်၊ အလေဏတော၊ ပုန်းအောင်းရာမရှိဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ဖောက်ပြန်သောခဏ ခံစားသောခဏ မှတ်သောခဏ ပြုပြင်စီရင်သောခဏ အာရုံပြုသောခဏ ပစ္စုပ္ပန်ကာလ၌ ယခု ယခု အသစ် ဖြစ်ခြင်းငှာမထိုက် သိခိုက်ခဏသိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ ပုန်းအောင်း နားနေရာဖြစ်သော ယခုယခု တဒင်္ဂ၏ နောင်အသစ်အသစ် တဖန် ဖြစ်ပြန်ခြင်းငှာ မထိုက် မင်္ဂဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် ပုန်းအောင်းနားနေရာ ဖြစ်သော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မင်္ဂဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ အလေဏတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော လေဏံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ အလေဏတော၊ ပုန်းအောင်းရာမရှိဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တီဉာဏ်ကို၊

ပဋိလာဘတိ၊ ရ၏။ ပဥ္စန္နံခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ လေဏံ၊ ပုန်းအောင်းရာဖြစ်သော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## အသရဏတောအဖွင့်

အသရဏတော သမ္မသတိ။ ကထံ။

အသရဏတော၊ ကိုးကွယ်ရာမရှိဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ အသရဏတော၊ ကိုးကွယ်ရာမရှိဟု၊သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို မှီလိုသော သူတို့၏ ပဋိသန္ဓေနေခြင်း ဆင်းရဲဖြင့်လည်း ဘေးဟု အောက်မေ့မှုကို ပြုသည်၏အဖြစ်ကြောင့် ကိုးကွယ်ရာမဟုတ်ဟု သုံးသပ်၏။

မှီလိုသော သူတို့၏ အိုခြင်းဆင်းရဲဖြင့်လည်း ဘေးဟု အောက်မေ့မှုကို ပြုသည်၏အဖြစ်ကြောင့် ကိုးကွယ်ရာမဟုတ်ဟု သုံးသပ်၏။

မှီလိုသော သူတို့၏ နာခြင်း ဆင်းရဲဖြင့်လည်း ဘေးဟု အောက်မေ့မှုကို ပြုသည်၏ အဖြစ်ကြောင့် ကိုးကွယ်ရာ မဟုတ်ဟု သုံးသပ်၏။

မှီလိုသော သူတို့၏ သေခြင်းဆင်းရဲဖြင့်လည်း ဘေးဟု အောက်မေ့မှုကို ပြုသည်၏အဖြစ်ကြောင့် ကိုးကွယ်ရာ မဟုတ်ဟု သုံးသပ်၏။

မှီလိုသောသူတို့၏ အတိတ်ဘဝလျှင် အရင်းရှိသော ဝဋ်ဆင်းရဲဖြင့်လည်း ဘေးဟု အောက်မေ့မှုကို ပြုသည်၏ အဖြစ်ကြောင့် ကိုးကွယ်ရာ မဟုတ်ဟု သုံးသပ်၏။

မှီလိုသောသူတို့၏ အနာဂတ်ဘဝလျှင် အရင်းရှိသော ဝဋ်ဆင်းရဲဖြင့်လည်း ဘေးဟု အောက်မေ့မှုကို ပြုသည်၏အဖြစ်ကြောင့် ကိုးကွယ်ရာမဟုတ်ဟု သုံးသပ်၏။

မှီလိုသောသူတို့၏ ပစ္စုပ္ပန်ဘဝ အာဟာရကို ရှာမှီးခြင်းလျှင် အရင်းရှိသော ဆင်းရဲဖြင့်လည်း ဘေးဟုအောက်မေ့မှုကိုပြုသည်၏ အဖြစ်ကြောင့် ကိုးကွယ်ရာ မဟုတ်ဟု သုံးသပ်၏။

မသုံးသပ်မီက ပဋိသန္ဓေနေသောခဏ, အိုသောခဏ, နာသောခဏ, သေသောခဏ, အတိတ်ကာလ, အနာဂတ်ကာလ, ပစ္စုပ္ပန်ကာလ ယခုယခု အသစ်ဖြစ်ခြင်းငှာထိုက်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တပါးတပါးသော ခန္ဓာကို မှီလိုသောသူတို့၏ ပဋိသန္ဓေနေခြင်း ဆင်းရဲဖြင့်လည်း ဘေးဟုအောက်မေ့မှုကို ပြုသည်၏အဖြစ်ကြောင့် ကိုးကွယ်ရာ မဟုတ်ဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

မှီလိုသောသူတို့၏ အိုခြင်းဆင်းရဲဖြင့်လည်း ဘေးဟု အောက်မေ့မှုကို ပြုသည်၏အဖြစ်ကြောင့် ကိုးကွယ်ရာမဟုတ်ဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

မှီလိုသောသူတို့၏ နာခြင်းဆင်းရဲဖြင့်လည်း ဘေးဟု အောက်မေ့မှုကို ပြုသည်၏အဖြစ်ကြောင့် ကိုးကွယ်ရာ မဟုတ်ဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

မှီလိုသော သူတို့၏ သေခြင်းဆင်းရဲဖြင့်လည်း ဘေးဟု အောက်မေ့မှုကို ပြုသည်၏အဖြစ်ကြောင့် ကိုးကွယ်ရာ မဟုတ်ဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

မှီလိုသော သူတို့၏ အတိတ်ဘဝလျှင်အရင်းရှိသော ဝဋ်ဆင်းရဲဖြင့်လည်း ဘေးဟု အောက်မေ့မှုကို ပြုသည်၏အဖြစ်ကြောင့် ကိုးကွယ်ရာမဟုတ်ဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

မှီလိုသောသူတို့၏ အနာဂတ်ဘဝလျှင် အရင်းရှိသော ဝဋ်ဆင်းရဲဖြင့် လည်း ဘေးဟုအောက်မေ့မှုကို ပြုသည်၏အဖြစ်ကြောင့် ကိုးကွယ်ရာ မဟုတ်ဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

မှီလိုသောသူတို့၏ ပစ္စုပ္ပန်ဘဝ အာဟာရကို ရှာခြင်းလျှင် အရင်းရှိသော ဆင်းရဲဖြင့်လည်း ဘေးဟုအောက်မေ့မှုကို ပြုသည်၏ အဖြစ်ကြောင့် ကိုးကွယ်ရာ မဟုတ်ဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှအထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ်တိုင်အောင် ကိုးကွယ်ရာမဟုတ်ဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကိုရ၏။

> သော ကေကံ ခန္ဓံ နိဿိတာနံ ဘယသာရကတ္တာဘာဝေန အသရဏတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ကေကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို၊ နိဿိတာနံ၊ မှီလိုသောသူတို့၏၊ ဘယသာရကတ္တာဘာဝေန၊ ဘေးဟု အောက်မေ့မှုကို ပြုသည်၏အဖြစ်ကြောင့်၊ အသရဏတော၊ ကိုးကွယ်ရာ မဟုတ်ဟု၊ သမ္မသတိ၊သုံးသပ်၏။

သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံး ရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ပဋိသန္ဓေ နေသောခဏ, အိုသောခဏ, နာသောခဏ,သေသောခဏ, အတိတ်ကာလ,အနာဂတ်ကာလ, ပစ္စုပ္ပန်ကာလဝ၌ ယခုယခုအသစ်ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာ

တို့၏ မဖြစ်ဘဲချုပ်သော သဘော အနုပ္ပါဒနိရောဓ၊ ကိုးကွယ်ရာ ဖြစ်သော ယခု ယခု တဒင်္ဂ၏ နောင်အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှါမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒအကြွင်းအကျန်မရှိ ငါးပါးသောခန္ဓာတို့၏ချုပ်ခြင်းသည် ကိုးကွယ်ရာဖြစ်သော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကို ရ၏။

ပဉ္စက္ခန္ဓေ အသရဏတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော သရဏံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ အသရဏတော၊ကိုးကွယ်ရာမဟုတ်ဟု၊ ပဿန္တော၊ရှုသည်ရှိသော၊ အနုလောမိကံ ခန္တိံ ၊ အနုလောမ ခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ သရဏံ၊ ကိုးကွယ်ရာ ဖြစ်သော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊သက်ဝင်၏။

## အာဒီနဝတော အဖွင့်

အာဒီနဝတော သမ္မသတိ။ ကထံ။

အာဒီနဝတော၊ အပြစ်ဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ အာဒီနဝတော၊ အပြစ်ဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါး တပါးသော ခန္ဓာကို မြင်သောခဏ အကျိုးပဉ္စက ကျသဖြင့်လည်း ပဝတ္တိဒုက္ခ၏အဖြစ်ကြောင့် အပြစ်ဟု သုံးသပ်၏။

ကြားသောခဏ အကျိုးပဉ္စက ကျသဖြင့်လည်း ပဝတ္တိ ဒုက္ခ၏ အဖြစ်ကြောင့် အပြစ်ဟုသုံးသပ်၏။

နံသောခဏ အကျိုးပဉ္စက ကျသဖြင့်လည်း ပဝတ္တိဒုက္ခ၏အဖြစ်ကြောင့် အပြစ်ဟုသုံးသပ်၏။

စားသောခဏ အကျိုးပဉ္စက ကျသဖြင့်လည်း ပဝတ္တိ ဒုက္ခ၏ အဖြစ်ကြောင့် အပြစ်ဟုသုံးသပ်၏။

ထိသောခဏ အကျိုးပဉ္စကကျသဖြင့်လည်း ပဝတ္တိဒုက္ခ၏အဖြစ်ကြောင့် အပြစ်ဟုသုံးသပ်၏။

သိသောခဏ အကျိုးပဉ္စက ကျသဖြင့်လည်း ပဝတ္တိဒုက္ခ၏အဖြစ်ကြောင့် အပြစ်ဟုသုံးသပ်၏။

မသုံးသပ်မိက မြင်သောခဏ ကြားသောခဏ နံသောခဏ စားသောခဏ ထိသောခဏ သိသောခဏ ပစ္စုပ္ပန်ကာလ၌ ယာခုယခုအသစ်ဖြစ်ခြင်းငှာထိုက်သော ရုပ်, ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို မြင်သောခဏ အကြောင်းပဥ္စက, အကျိုးပဥ္စက ၂ ထပ်ကျသဖြင့်လည်း အကြောင်း အကျိုးမပြတ် စပ်သော ပဝတ္တိဒုက္ခ၏အဖြစ်ကြောင့် အပြစ်ဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ကြားသောခဏ အကြောင်းပဥ္စက, အကျိုး ပဥ္စက ၂ ထပ် ကျသဖြင့်လည်း အကြောင်း အကျိုး မပြတ်စပ်သော ပဝတ္တိဒုက္ခ၏အဖြစ်ကြောင့် အပြစ်ဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

နံသောခဏ အကြောင်းပဥ္စက, အကျိုးပဥ္စက ၂ ထပ် ကျသဖြင့်လည်း အကြောင်း အကျိုး မပြတ်စပ်သော ပဝတ္တိဒုက္ခ၏အဖြစ်ကြောင့် အပြစ်ဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

စားသောခဏ အကြောင်းပဥ္စက, အကျိုးပဥ္စက ၂ ထပ်ကျသဖြင့်လည်း အကြောင်း အကျိုး မပြတ်စပ်သော ပဝတ္တိဒုက္ခ၏အဖြစ်ကြောင့် အပြစ်ဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ထိသောခဏ အကြောင်းပဥ္စက, အကျိုးပဥ္စက ၂ ထပ် ကျသဖြင့်လည်း အကြောင်း အကျိုး မပြတ်စပ်သော ပဝတ္တိဒုက္ခ၏အဖြစ်ကြောင့် အပြစ်ဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သိသောခဏ အကြောင်းပဥ္စက, အကျိုးပဥ္စက ၂ ထပ် ကျသဖြင့်လည်း အကြောင်း အကျိုး မပြတ်စပ်သော ပဝတ္တိဒုက္ခ၏အဖြစ်ကြောင့် အပြစ်ဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသန ဉာဏ်မှ အထက်အဆင့်ဆင့်တက်၍အနုလောမဉာဏ် တိုင်အောင် အပြစ်ဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

သော ကေကံ ခန္ဓံ ပဝတ္တိဒုက္ခတာယ ဒုက္ခသာ စ အာဒီနဝတာယ အာဒီနဝတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ကေကံ ခန္ဓံ၊ တပါးတပါးသောခန္ဓာကို ပဝတ္တိဒုက္ခတာယ၊ အကြောင်း အကျိုး မပြတ်စပ်သော ပဝတ္တိ ဒုက္ခ၏ အဖြစ်ကြောင့်၊ ဒုက္ခသာစ၊ ဆင်းရဲ၏လည်း၊ အာဒီနဝတာယ၊ အပြစ်၏အဖြစ်ကြောင့်၊ အာဒီနဝတော၊ အပြစ်ဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက မြင်သောခဏ ကြားသောခဏ နံသော

ခဏ စားသောခဏ ထိသောခဏ သိသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ် ဖြစ်ခြင်းငှါမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သော သဘော အနုပ္ပါဒနိရောဓ၊ အပြစ် ကင်းသော ယခု ယခု တဒင်္ဂ၏ နောင် အသစ်အသစ် တဖန် ဖြစ်ပြန်ခြင်းငှါမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ချုပ်ခြင်းသည်အပြစ်ကင်း သော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ အာဒီနဝတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနာဒီနဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို၊ အာဒီနဝတော၊အပြစ်ဟု၊ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အနာဒီနဝံ၊ အပြစ်ကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိ သော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## အဃမူလတောအဖွင့်

အဃမူလတော သမ္မသတိ။ ကထံ။

အဃမူလတော၊ မကောင်းမှု၏အကြောင်းဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ အဃမူလတော၊ မကောင်းမှု၏ အကြောင်းဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ရုပ်ဖြစ်သဖြင့်လည်း မကောင်းမှု၏ အကြောင်းရင်းမူလ ဟေတုပစ္စက ကျသည်၏ အဖြစ်ကြောင့် မကောင်းမှု၏ အကြောင်းဟု သုံးသပ်၏။

ဝေဒနာဖြစ်သဖြင့်လည်းမကောင်းမှု၏အကြောင်းရင်းမူလ ဟေတုပစ္စက ကျသည်၏အဖြစ်ကြောင့် မကောင်းမှု၏အကြောင်းဟုသုံးသပ်၏။

သညာ ဖြစ်သဖြင့်လည်း မကောင်းမှု၏အကြောင်းရင်းမူလ ဟေတုပစ္စက ကျသည်၏အဖြစ်ကြောင့် မကောင်းမှု၏အကြောင်းဟု သုံးသပ်၏။

သင်္ခါရဖြစ်သဖြင့်လည်း မကောင်းမှု၏အကြောင်းရင်းမူလ ဟေတုပစ္စက ကျသည်၏အဖြစ်ကြောင့် မကောင်းမှု၏ အကြောင်းဟု သုံးသပ်၏။

ဝိညာဏ်ဖြစ်သဖြင့်လည်း မကောင်းမှု၏အကြောင်းရင်းမူလဟေတုပစ္စက ကျသည်၏အဖြစ်ကြောင့် မကောင်းမှု၏အကြောင်းဟု သုံးသပ်၏။

မသုံးသပ်မိက ရုပ်ဖြစ်သောခဏ ဝေဒနာဖြစ်သောခဏ သညာဖြစ်သော ခဏ သင်္ခါရ ဖြစ်သောခဏ ဝိညာဏ်ဖြစ်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာ ထိုက်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါး တပါးသော ခန္ဓာကို ရုပ်ဖြစ်သဖြင့်လည်း မကောင်းမှု၏ အကြောင်းရင်းမူလ ဟေတုပဋ္ဌက ကျသည်၏အဖြစ်ကြောင့် မကောင်းမှု၏ အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ဝေဒနာ ဖြစ်သဖြင့်လည်း မကောင်းမှု၏ အကြောင်းရင်းမူလ ဟေတု ပဋ္ဌက ကျသည်၏အဖြစ်ကြောင့် မကောင်းမှု၏ အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သညာ ဖြစ်သဖြင့်လည်း မကောင်းမှု၏အကြောင်းရင်းမူလဟေတုပဋ္ဌက ကျသည်၏ အဖြစ်ကြောင့် မကောင်းမှု၏ အကြောင်းဟုသုံးသပ်သော ယောဂီ ဂ္ဂိပုလ် သမ္မသနဉာဏ်ကိုရ၏။

သင်္ခါရ ဖြစ်သဖြင့်လည်း မကောင်းမှု၏ အကြောင်းရင်းမူလ ဟေတု ပဋ္ဌက ကျသည်၏ အဖြစ်ကြောင့် မကောင်းမှု၏ အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ဝိညာဏ်ဖြစ်သဖြင့်လည်း မကောင်းမှု၏ အကြောင်းရင်း မူလ ဟေတု ပဋ္ဌက ကျသည်၏ အဖြစ်ကြောင့် မကောင်းမှု၏ အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့် တက်၍ အနုလောမဉာဏ် တိုင် အောင် မကောင်းမှု၏ အကြောင်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမ ဉာဏ်ကို ရ၏။

> သော ဧကေကံ ခန္ဓံ အဃဟေတုတာယ အဃမူလတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ဧကေကံ ခန္ဓံ၊ တပါးတပါးသောခန္ဓာကို၊ အဃဟေတုတာယ၊ မကောင်းမှု၏ အကြောင်း၏ အဖြစ်ကြောင့်၊ အဃမူလ တော၊ မကောင်းမှု၏အကြောင်းဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ရုပ်ဖြစ်သောခဏ ဝေဒနာ ဖြစ်သော ခဏ သညာဖြစ်သောခဏ သင်္ခါရဖြစ်သောခဏ ဝိညာဏ်ဖြစ်သောခဏ ပစ္စုပ္ပန် ကာလ၌ ယခုယခုအသစ်ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါး

သော ခန္ဓာတို့၏မဖြစ်ဘဲ ချုပ်သော သဘော အနုပ္ပါဒနိရောဓ၊ မကောင်းမှု၏ အကြောင်း မဟုတ်သော ယခုယခု တဒင်္ဂ၏ နောင်အသစ်အသစ် တဖန် ဖြစ်ပြန်ခြင်းငှာ မထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် မကောင်းမှု၏ အကြောင်းမဟုတ်သော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ အဃမူလတော ပဿန္တော အနုလောမိကံ ခန္တိံ
ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနဃမူလံ နိဗ္ဗာနန္တိ
ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ အဃမူလတော၊ မကောင်းမှု၏ အကြောင်းဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ချုပ်ခြင်းသည်၊ အနဃမူလံ၊ မကောင်းမှု၏ အကြောင်းမဟုတ်သော၊ နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။ ဣတိ၊ဤသို့၊ ပဿန္တော၊မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊သက်ဝင်၏။

## ဝဓကတောအဖွင့်

ဝဓကတော သမ္မသတိ။ ကထံ။

ဝဓကတော၊ သူသတ်ဟု၊ သမ္မသတိ၊သုံးသပ်၏။ကထံ၊အဘယ့်ကြောင့်၊ ဝဓကတော၊သူသတ်ဟု၊ သမ္မသတိ၊သုံးသပ်သနည်း။

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တပါးတပါးသောခန္ဓာကို ကြည့်ချင် မြင်ချင် အကျွမ်းဝင်သဖြင့်လည်း ကြည့်မြင်စရာ အဆင်းဟာက မျက်နှာသိမိတ်ဆွေရန်သူကဲ့သို့ အကျွမ်းဝင်သူကို သတ်တတ်သည်၏ အဖြစ်ကြောင့်သူသတ်ဟု သုံးသပ်၏၊

ကြားချင်နာချင် အကျွမ်းဝင်သဖြင့်လည်း ကြားနာစရာ အသံဟာက မျက်နှာသိ မိတ်ဆွေ ရန်သူကဲ့သို့ အကျွမ်းဝင်သူကို သတ်တတ်သည်၏ အဖြစ်ကြောင့် သူသတ်ဟု သုံးသပ်၏။

နမ်းချင်ရှူပ်ချင် အကျွမ်းဝင် သဖြင့်လည်း နမ်းရှူပ်စရာ အနံ့ဟာက မျက်နှာသိမိတ်ဆွေ ရန်သူကဲ့သို့ အကျွမ်းဝင်သူကို သတ်တတ်သည်၏ အဖြစ်ကြောင့် သူသတ်ဟု သုံးသပ်၏။

စားချင်သောက်ချင် အကျွမ်းဝင်သဖြင့်လည်း စားသောက်စရာ အစာဟာက မျက်နှာသိမိတ်ဆွေ ရန်သူကဲ့သို့ အကျွမ်းဝင်သူကို သတ်တတ်သည်၏ အဖြစ်ကြောင့် သူသတ်ဟု သုံးသပ်၏။

တွေ့ချင်ထိချင် အကျွမ်းဝင်သဖြင့်လည်း တွေ့ထိစရာ အဆင်တန်ဆာက မျက် နှာ သိ မိတ်ဆွေ ရန်သူကဲ့သို့ အကျွမ်းဝင်သူကို သတ်တတ်သည်၏ အဖြစ် ကြောင့် သူသတ်ဟု သုံးသပ်၏။

တွေးချင်ဆချင် အကျွမ်းဝင်သဖြင့်လည်း တွေးဆစရာ စိတ်ထင်တာက မျက်နှာသိမိတ်ဆွေရန်သူကဲ့သို့ အကျွမ်းဝင်သူကို သတ်တတ်သည်၏ အဖြစ် ကြောင့် သူသတ်ဟုသုံးသပ်၏။

မသုံးသပ်မိက ကြည့်ချင်မြင်ချင်သောခဏ ကြားချင်နာချင်သော ခဏ နမ်းချင် ရှုပ်ချင်သောခဏ စားချင်သောက်ချင်သောခဏ တွေ့ချင် ထိချင်သော ခဏ တွေးချင်ဆချင်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ် ဖြစ်ခြင်းငှာ ထိုက်သော ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ကြည့်ချင်မြင်ချင် အကျွမ်းဝင်သဖြင့်လည်း ကြည့်မြင်စရာ အဆင်းဟာက မျက် နှာသိမိတ်ဆွေ ရန်သူကဲ့သို့ အကျွမ်းဝင်သူကို သတ်တတ်သည်၏ အဖြစ်ကြောင့် သူသတ်ဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်သမ္မသနဉာဏ်ကိုရ၏။

ကြားချင်နာချင် အကျွမ်းဝင်သဖြင့်လည်း ကြားနာစရာ အသံဟာက မျက်နှာသိမိတ်ဆွေ ရန်သူကဲ့သို့ အကျွမ်းဝင်သူကို သတ်တတ်သည်၏ အဖြစ် ကြောင့် သူသတ်ဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

နမ်းချင်ရှုပ်ချင် အကျွမ်း ဝင်သဖြင့်လည်း နမ်းရှုပ်စရာ အနံ့ဟာက မျက်နှာသိမိတ်ဆွေ ရန်သူကဲ့သို့ အကျွမ်းဝင်သူကို သတ်တတ်သည်၏ အဖြစ် ကြောင့် သူသတ်ဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

စားချင်သောက်ချင် အကျွမ်းဝင်သဖြင့်လည်း စားသောက်စရာ အစာ ဟာက မျက်နှာသိမိတ်ဆွေရန်သူကဲ့သို့ အကျွမ်းဝင်သူကို သတ်တတ်သည်၏ အ ဖြစ်ကြောင့် သူသတ်ဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

တွေ့ချင်ထိချင် အကျွမ်းဝင်သဖြင့်လည်း တွေ့ထိစရာ အဆင်တန်ဆာက မျက်နှာသိမိတ်ဆွေ ရန်သူကဲ့သို့ အကျွမ်းဝင်သူကို သတ်တတ်သည်၏ အဖြစ် ကြောင့် သူသတ်ဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

တွေးချင်ဆချင် အကျွမ်းဝင်သဖြင့်လည်း တွေးဆစရာ စိတ်ထင်တာက မျက်နှာသိမိတ်ဆွေ ရန်သူကဲ့သို့ အကျွမ်းဝင်သူကို သတ်တတ်သည်၏ အဖြစ် ကြောင့် သူသတ်ဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ် တိုင် အောင် သူသတ်ဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကိုရ၏။

သော ဧကော ခန္ဓေ မိတ္တမုခသပတ္တော၀ိယ ဝိဿာသဃာ တိတာယ ဝဓကတော သမ္မသတိ။

သော၊ထိုယောဂီပုဂ္ဂိုလ်သည်၊ ဧကော ခန္ဓေ၊ တပါးတပါးသော ခန္ဓာကို၊ မိတ္တမုခ သပတ္တော၀ိယ၊ မျက်နှာသိ မိတ်ဆွေ ရန်သူကဲ့သို့၊ ဝိဿာသ ဃာတိ တာယ၊အကျွမ်းဝင်သဖြင့်သတ်တတ်သည်၏အဖြစ်ကြောင့်၊ဝဓကတော၊သူသတ်ဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ကြည့်ချင်မြင်ချင်သောခဏ ကြားချင် နာချင်သောခဏ နမ်းချင်ရှူပ်ချင်သောခဏ စားချင် သောက်ချင်သော ခဏ တွေ့ချင်ထိချင်သောခဏ တွေးချင်ဆချင်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာ မထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ သူသတ် မဟုတ်သော ယခု ယခု တဒင်္ဂ၏ နောင်အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက် ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် သူသတ်မဟုတ်သော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သောယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကို ရ၏။

ပဉ္စက္ခန္ဓေ ဝဓကတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဝဓကံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို၊ဝဓကတော၊ သူသတ်ဟု၊ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တီဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အဝဓကံ၊သူသတ်မဟုတ်သော၊ နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။ ဣတိ၊ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊သက်ဝင်၏။

## သာသဝတောအဖွင့်

သာသဝတော သမ္မသတိ။ ကထံ။

သာသ ဝ တော၊ အာသဝေါနှင့် နီးသောသဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊အဘယ့်ကြောင့်၊ သာသဝတော၊ အာသဝေါနှင့် နီးသော သဘောဟု၊ သမ္မသတိ၊သုံးသပ်သနည်း။

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တပါးတပါးသော ခန္ဓာကို ရုပ်ဖောက်ပြန်သောခဏ သုဘသညာကျသဖြင့်လည်း ကာမာသဝနှင့် နီးသည်၏အဖြစ်ကြောင့် အာသဝေါနှင့် နီးသောသဘောဟုသုံးသပ်၏။

ဝေဒနာ ခံစားသောခဏ သုခသညာ ကျသဖြင့်လည်း ဘဝါသဝနှင့် နီးသည်၏အဖြစ်ကြောင့် အာသဝေါနှင့် နီးသောသဘောဟုသုံးသပ်၏။

သညာ မှတ်သောခဏ သင်္ခါရ ပြုပြင်စီရင်သောခဏ အတ္တသညာ ကျသဖြင့်လည်း ဒိဋ္ဌာသဝနှင့် နီးသည်၏အဖြစ်ကြောင့် အာသဝေါနှင့် နီးသောသဘောဟု သုံးသပ်၏။

ဝိညာဏ်အာရုံပြုသောခဏ နိစ္စသညာကျသဖြင့်လည်း အဝိဇ္ဇာသဝနှင့် နီးသည်၏အဖြစ်ကြောင့် အာသဝေါနှင့်နီးသော သဘောဟု သုံးသပ်၏။

မသုံးသပ်မိက ရုပ် ဖောက်ပြန်သောခဏ ဝေဒနာ ခံစားသော ခဏ သညာ မှတ်သောခဏ သင်္ခါရ ပြုပြင်စီရင်သောခဏ ဝိညာဏ် အာရုံပြုသော ခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ခြင်းငှာထိုက်သော ရုပ်, ဝေဒနာ,သညာ, သင်္ခါရ,ဝိညာဏ် တပါးတပါးသော ခန္ဓာကို ရုပ်ဖောက်ပြန်သော ခဏ သုဘသညာ ကျသဖြင့်လည်း ကာမာသဝနှင့်နီးသည်၏ အဖြစ်ကြောင့် အာသဝေါနှင့် နီးသောသဘောဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဝေဒနာ ခံစားသောခဏ သုခသညာ ကျသဖြင့်လည်း ဘဝါသဝနှင့် နီးသည်၏ အဖြစ်ကြောင့် အာသဝေါနှင့် နီးသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သညာ မှတ်သောခဏ သင်္ခါရ ပြုပြင်စီရင်သောခဏ အတ္တသညာ ကျသဖြင့်လည်း ဒိဋ္ဌာသဝနှင့် နီးသည်၏အဖြစ်ကြောင့် အာသဝေါနှင့် နီးသော သဘောဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဝိညာဏ် အာရုံပြုသောခဏ နိစ္စသညာကျသဖြင့်လည်း အဝိဇ္ဇာ သဝနှင့် နီးသည်၏အဖြစ်ကြောင့် အာသဝေါနှင့် နီးသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ် တိုင်အောင် အာသဝေါနှင့် နီးသောသဘောဟုရှုမြင်သောယောဂီပုဂ္ဂိုလ်အနုလောမဉာဏ်ကိုရ၏။

သော ဧကော် ခန္ဓံ အာသဝပဒဋ္ဌာနတာယ သာသဝတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ကောကံ ခန္ဓ၊တပါးတပါးသော ခန္ဓာကို၊ အာသဝပဒဋ္ဌာနတာယ၊အာသဝေါနှင့်နီးသည်၏အဖြစ်ကြောင့်၊သာသဝတော၊ အာသဝေါနှင့် နီးသောသဘောဟု၊ သမ္မသတိ၊သုံးသပ်၏။

သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံး ရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ရုပ်ဖောက်ပြန်သောခဏ ဝေဒနာခံစားသောခဏ သညာမှတ်သောခဏ သင်္ခါရ ပြုပြင်စီရင်သောခဏ ဝိညာဏ် အာရုံပြုသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ် ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသောခန္ဓာတို့၏ မဖြစ်ဘဲချုပ်သောသဘောအနုပ္ပါဒနိရောဓ၊ အာသဝေါကင်းသော ယခုယခုတဒင်္ဂ၏ နောင်အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ချုပ်ခြင်းသည် အာသဝေါကင်းသော နိဗ္ဗာန်ပင်တည်းဟုရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ သာသဝတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနာသဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ သာသဝတော၊ အာသဝေါနှင့်နီးသောသဘောဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံခန္တိံ၊အနုလောမခန္တီဉာဏ်ကို၊ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အနာသဝံ၊ အာသဝေါကင်းသော၊နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။ ဣတိ၊ဤသို့၊ ပဿန္တော၊မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## မာရာမိသတောအဖွင့်

မာရာမိသတော သမ္မသတိ။ ကထံ။

မာရာမိသတော၊ မာရ်မင်းအစာဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊မာရာမိသတော၊မာရ်မင်းအစာဟု၊ သမ္မသတိ၊သုံးသပ်သနည်း။

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တပါးတပါးသော ခန္ဓာကို၊ ဖြစ်သောခဏ သတ္တသညာကျသဖြင့်လည်း ဒေဝပုတ္တမာရ်၏အစာ၏ အဖြစ်ကြောင့် မာရ်မင်းအစာဟု သုံးသပ်၏။

ညစ်ကျုမကောင်း အကြောင်းကျသဖြင့်လည်း ကိလေသာ မာရ်၏ အစာ၏အဖြစ်ကြောင့် မာရ်မင်းအစာဟုသုံးသပ်၏။

မိုရာမကောင်း အကြောင်း ကျသဖြင့် လည်း ခန္ဓမာရ်၏ အစာ၏ အဖြစ်ကြောင့် မာရ်မင်းအစာဟု သုံးသပ်၏။

တည်ရာမကောင်း အကြောင်း ကျသဖြင့်လည်း မစ္စုမာရ်၏ အစာ၏ အဖြစ်ကြောင့် မာရ်မင်းအစာဟု သုံးသပ်၏။

အစီအရင်မကောင်း အကြောင်း ကျသဖြင့်လည်း အဘိသင်္ခါရမာရ်၏ အစာ၏အဖြစ်ကြောင့် မာရ်မင်းအစာဟု သုံးသပ်၏။

မသုံးသပ်မိက ဖြစ်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်း ၌ထိုက်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တပါးတပါးသော ခန္ဓာကို ဖြစ်သောခဏ သတ္တသညာ ကျသဖြင့်လည်း ဒေဝပုတ္တမာရ်၏ အစာ၏ အဖြစ် ကြောင့် မာရ်မင်းအစာဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနညာဏ်ကိုရ၏။

ညစ်ကျုမကောင်း အကြောင်း ကျသဖြင့်လည်း ကိလေသာ မာရ်၏ အစာ၏အဖြစ်ကြောင့် မာရ်မင်းအစာဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသန ညာဏ်ကို ရ၏။

မိုရာမကောင်း အကြောင်းကျသဖြင့်လည်း ခန္ဓမာရ်၏ အစာ၏ အဖြစ် ကြောင့် မာရ်မင်းအစာဟု သုံးသပ်သောယောဂီပုဂ္ဂိုလ် သမ္မသနညာဏ်ကို ရ၏။

တည်ရာမကောင်း အကြောင်းကျသဖြင့်လည်း မစ္စုမာရ်၏အစာ၏အဖြစ် ကြောင့် မာရ်မင်းအစာဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနညာဏ်ကို ရ၏။

အစီအရင်မကောင်း အကြောင်းကျသဖြင့်လည်း အဘိသင်္ခါရ မာရ်၏ အစာ၏အဖြစ်ကြောင့် မာရ်မင်းအစာဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်သမ္မသန ညာဏ်ကိုရ၏။

သမ္မသနညာဏ်မှအထက် အဆင့်ဆင့်တက်၍ အနုလောမညာဏ်တိုင်အောင် မာရ်မင်းအစာဟုရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမညာဏ်ကိုရ၏။

သော ဧကေကံ ခန္ဓံ မစ္စုမာရ ကိလေသမာရာနံ အာမိသဘူ တတာယ မာရာမိသတော သမ္မသတိ။

သော၊ထိုယောဂီပုဂ္ဂိုလ်သည်၊ ဧကေကံ ခန္ဓံ၊ တပါးတပါးသောခန္ဓာကို၊ မစ္စုမာရ ကိလေသမာရာနံ၊ မစ္စုမာရ်, ကိလေသာ မာရ်တို့၏ အာမိသဘူ တတာယ၊ အစာ၏အဖြစ်ကြောင့်၊မာရာမိသတော၊မာရ်မင်းအစာဟု၊သမ္မသတိ၊ သုံးသပ်၏။

သမ္မသနညာဏ် အစ အနုလောမညာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာညာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ဖြစ်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခု

ယခုအသစ်ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်တဲချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ မာရ်မင်းအစာမဟုတ်သော ယခုယခုတဒဂ်၏ နောင်အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်၊မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် မာရ်မင်းအစာမဟုတ်သော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

ပဥ္စက္ခန္ဓေ မာရာမိသတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဥ္စန္နံ ခန္ဓာနံ နိရောဓော နိရာမိသံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဥ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ မာရာမိသတော၊မာရ်မင်းအစာဟု၊ ပဿန္တော၊ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ ၊ အနုလောမ ခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ နိရာမိသံ၊ မာရ်မင်းအစာ မဟုတ်သော၊နိဗ္ဗာနံ၊နိဗ္ဗာန်တည်း၊ ဣတိ၊ဤသို့၊ ပဿန္တော၊မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊မဂ်သို့၊ ဩက္ကမတိ၊သက်ဝင်၏။

## ဇာတိဓမ္မတောအဖွင့်

ဇာတိဓမ္မတော သမ္မသတိ။ ကထံ။

ဇာတိဓမ္မတော၊ ပဋိသန္ဓေ နေသောသဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊အဘယ့်ကြောင့်။ဇာတိဓမ္မတော၊ပဋိသန္ဓေ နေသောသဘောဟု၊သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တပါးတပါးသော ခန္ဓာကို ရုပ်ဖောက်ပြန်သောခဏ ဖြစ်သောသဘောက ရှိသည်၏အဖြစ်ကြောင့် ပဋိသန္ဓေ နေသောသဘောဟုသုံးသပ်၏။

ဝေဒနာ ခံစားသောခဏ ဖြစ်သောသဘောက ရှိသည်၏အဖြစ်ကြောင့် ပဋိသန္ဓေ နေသောသဘောဟု သုံးသပ်၏။

သညာ မှတ်သောခဏ ဖြစ်သော သဘောက ရှိသည်၏ အဖြစ်ကြောင့် ပဋိသန္ဓေနေသောသဘောဟု သုံးသပ်၏။

သင်္ခါရ ပြုပြင်စီရင်သောခဏ ဖြစ်သောသဘောက ရှိသည်၏ အဖြစ်ကြောင့် ပဋိသန္ဓေနေသောသဘောဟု သုံးသပ်၏။

ဝိညာဏ်အာရုံပြုသောခဏ ဖြစ်သောသဘောက ရှိသည်၏အဖြစ်ကြောင့် ပဋိသန္ဓေနေသောသဘောဟု သုံးသပ်၏။

မသုံးသပ်မီက ရုပ်ဖောက်ပြန်သောခဏ ဝေဒနာခံစားသောခဏ သညာမှတ်သောခဏ သင်္ခါရပြုပြင်စီရင်သောခဏ ဝိညာဏ် အာရုံပြုသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာ ထိုက်သော ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ရုပ် ဖောက်ပြန်သော ခဏ ဖြစ်သော သဘောကရှိသည်၏အဖြစ်ကြောင့် ပဋိသန္ဓေနေသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဝေဒနာ ခံစားသောခဏ ဖြစ်သောသဘောက ရှိသည်၏ အဖြစ်ကြောင့် ပဋိသန္ဓေ နေသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သညာ မှတ်သောခဏ ဖြစ်သောသဘောက ရှိသည်၏ အဖြစ်ကြောင့် ပဋိသန္ဓေ နေသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသန ဉာဏ်ကို ရ၏။

သင်္ခါရ ပြုပြင်စီရင်သောခဏ ဖြစ်သော သဘောက ရှိသည်၏ အဖြစ်ကြောင့် ပဋိသန္ဓေ နေသောသဘောဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသန ဉာဏ်ကိုရ၏။

ဝိညာဏ်အာရုံပြုသောခဏ ဖြစ်သောသဘောက ရှိသည်၏အဖြစ်ကြောင့် ပဋိသန္ဓေ နေသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသန ဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့် တက်၍ အနုလောမဉာဏ် တိုင်အောင် ပဋိသန္ဓေ နေသောသဘောဟုရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကိုရ၏။

သော ကေကံ ခန္ဓံ ဇာတိဓမ္မပကတိတာယ ဇာတိဓမ္မတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ကေကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို ဇာတိဓမ္မပကတိတာယ၊ ဖြစ်သောသဘောရှိသည်၏ အဖြစ်ကြောင့်၊ ဇာတိဓမ္မတော၊ ပဋိသန္ဓေနေသော သဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မီက ရုပ် ဖောက်ပြန်သောခဏ ဝေဒနာ ခံစားသောခဏ သညာ မှတ်သောခဏ သင်္ခါရ ပြုပြင် စီရင်သောခဏ ဝိညာဏ် အာရုံပြုသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်

ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒ နိရောဓ၊ ပဋိသန္ဓေနေခြင်းကင်းသော ယခုယခု တဒင်္ဂ၏ နောင်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်၊ မဂ်ဉာဏ်ဖြင့်သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် ပဋိသန္ဓေ နေခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကို ရ၏။

ပဉ္စက္ခန္ဓေ ဇာတိဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဇာတံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ ဇာတိ ဓမ္မတော၊ ပဋိသန္ဓေ နေသော သဘောဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ ၊ အနုလောမ ခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အဇာတံ၊ ပဋိသန္ဓေနေခြင်း ကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ သြက္ကမတိ။ သက်ဝင်၏။

## ဇရာဓမ္မတောအဖွင့်

ဇရာဓမ္မတော သမ္မသတိ။ ကထံ။

ဇရာဓမ္မတော၊ အိုသောသဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ ဇရာဓမ္မတော၊ အိုသောသဘောဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို၊ ရုပ် ဖောက်ပြန်သောခဏ ရင့်သောသဘောက ရှိသည်၏အဖြစ်ကြောင့် အိုသောသဘောဟု သုံးသပ်၏။

ဝေဒနာ ခံစားသောခဏ ရင့်သောသဘောက ရှိသည်၏အဖြစ်ကြောင့် အိုသောသဘောဟု သုံးသပ်၏။

သညာ မှတ်သောခဏ ရင့်သော သဘောက ရှိသည်၏ အဖြစ်ကြောင့် အိုသောသဘောဟု သုံးသပ်၏။

သင်္ခါရ ပြုပြင်စီရင်သောခဏ ရင့်သောသဘောက ရှိသည်၏ အဖြစ်ကြောင့် အိုသောသဘောဟုသုံးသပ်၏။

ဝိညာဏ် အာရုံပြုသောခဏ ရင့်သောသဘောက ရှိသည်၏ အဖြစ်ကြောင့် အိုသောသဘောဟုသုံးသပ်၏။

မသုံးသပ်မီက ရုပ် ဖောက်ပြန်သောခဏ ဝေဒနာခံစားသောခဏ သညာမှတ်သောခဏ သင်္ခါရ ပြုပြင်စီရင်သောခဏ ဝိညာဏ် အာရုံပြုသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ်ဖြစ်ခြင်းငှာ ထိုက်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ရုပ် ဖောက်ပြန်သောခဏ ရင့်သော သဘောက ရှိသည်၏အဖြစ်ကြောင့် အိုသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဝေဒနာ ခံစားသောခဏ ရင့်သောသဘောက ရှိသည်ဟု အဖြစ်ကြောင့် အိုသော သဘောဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သညာ မှတ်သော ခဏ ရင့်သောသဘောက ရှိသည်၏ အဖြစ်ကြောင့် အိုသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သင်္ခါရပြုပြင်စီရင်သောခဏ ရင့်သောသဘောကရှိသည်၏အဖြစ်ကြောင့် အိုသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဝိညာဏ်အာရုံပြုသောခဏ ရင့်သောသဘောက ရှိသည်၏အဖြစ်ကြောင့် အိုသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့် တက်၍ အနုလောမဉာဏ် တိုင်အောင် အိုသောသဘောဟုရှုမြင်သောယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကိုရ၏။

သော ေကေကံ ခန္ဓံ ဇရာပကတိတာယ ဇရာဓမ္မတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ေကေကံခန္ဓံ၊ တပါးတပါးသော ခန္ဓာကို ဇရာပကတိတာယ၊ ရင့်သောသဘောရှိသည်၏ အဖြစ်ကြောင့်၊ ဇရာဓမ္မတော၊ အိုသောသဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မီက ရုပ် ဖောက်ပြန်သောခဏ ဝေဒနာ ခံစားသောခဏ သညာ မှတ်သောခဏ သင်္ခါရ ပြုပြင် စီရင်သောခဏ ဝိညာဏ် အာရုံပြုသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ်ဖြစ်ခြင်းငှာ မထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ အိုခြင်းကင်းသော ယခုယခု တဒင်္ဂ၏ နောင်အသစ် အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်း အကျန် မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် အိုခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကို ရ၏။

ပဋ္ဌကုမ္ဘေ့ ဇရာဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဋ္ဌန္နံ ခန္ဓာနံ နိရောဓော အဇရံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဋ္ဌကုမ္ဘေ့၊ ငါးပါးသောခန္ဓာတို့ကို၊ ဇရာဓမ္မတော၊ အိုသောသဘောဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဋ္ဌန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အဇရံ၊ အိုခြင်းကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## ဗျာဓိဓမ္မတောအဖွင့်

ဗျာဓိဓမ္မတော သမ္မသတိ။ ကထံ။

ဗျာဓိဓမ္မတော၊ နာသောသဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ ဗျာဓိဓမ္မတော၊ နာသသဘောဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို၊ ရုပ် တည်သောခဏ နှိပ်စက်သောသဘောက ရှိသည်၏ အဖြစ်ကြောင့် နာသောသဘောဟု သုံးသပ်၏။

ဝေဒနာ တည်သောခဏ နှိပ်စက်သော သဘောက ရှိသည်၏ အဖြစ်ကြောင့် နာသော သဘောဟုသုံးသပ်၏။

သညာ တည်သောခဏ နှိပ်စက်သော သဘောကရှိသည်၏အဖြစ်ကြောင့် နာသောသဘောဟုသုံးသပ်၏။

သင်္ခါရ တည်သော ခဏ နှိပ်စက်သော သဘောက ရှိသည်၏ အဖြစ်ကြောင့် နာသောသဘောဟု သုံးသပ်၏။

ဝိညာဏ် တည်သောခဏ နှိပ်စက်သော သဘောက ရှိသည်၏ အဖြစ်ကြောင့် နာသော သဘောဟု သုံးသပ်၏။

မသုံးသပ်မိက ရုပ် တည်သောခဏ ဝေဒနာတည်သောခဏ သညာတည်သောခဏ သင်္ခါရတည်သောခဏ ဝိညာဏ်တည်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခု ယခု အသစ်ဖြစ်ခြင်းငှာထိုက်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသောခန္ဓာကို ရုပ်တည်သောခဏ နှိပ်စက်သောသဘောက ရှိသည်၏ အဖြစ်ကြောင့် နာသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ဝေဒနာတည်သောခဏ နှိပ်စက်သောသဘောက ရှိသည်၏အဖြစ်ကြောင့် နာသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သညာ တည်သောခဏ နှိပ်စက်သောသဘောကရှိသည်၏အဖြစ်ကြောင့် နာသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သင်္ခါရ တည်သောခဏ နှိပ်စက်သောသဘောက ရှိသည်၏ အဖြစ်ကြောင့် နာသောသဘောဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသန ဉာဏ်ကို ရ၏။

ဝိညာဏ်တည်သောခဏ နှိပ်စက်သောသဘောကရှိသည်၏အဖြစ်ကြောင့် နာသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှအထက် အဆင့်ဆင့်တက်၍အနုလောမဉာဏ်တိုင်အောင် နာသောသဘောဟု ရှုမြင်သောယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကိုရ၏။

> သော ကေကာံ ခန္ဓံ ဗျာဓိပကတိတာယ ဗျာဓိဓမ္မတော သမ္မသတိ။

သော၊ထိုယောဂီပုဂ္ဂိုလ်သည်၊ ကေကာံ ခန္ဓံ၊တပါးတပါးသော ခန္ဓာကို၊ ဗျာဓိပကတိတာယ၊ နှိပ်စက်သောသဘော ရှိသည်၏ အဖြစ်ကြောင့်၊ ဗျာဓိဓမ္မတော၊ နာသောသဘောဟု၊ သမ္မသတိ၊သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ရုပ် တည်သောခဏ ဝေဒနာတည်သော ခဏ သညာတည်သောခဏ သင်္ခါရ တည်သောခဏ ဝိညာဏ် တည်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ်ဖြစ်ခြင်းငှာ မထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသောခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ နာခြင်းကင်းသော ယခုယခု တဒင်္ဂ၏ နောင်အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာ မထိုက်၊ မဂ်ဉာဏ်ဖြင့်သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် နာခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟုရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ ဗျာဓိဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဗျာဓိ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို၊ဗျာဓိဓမ္မတော၊ နာသောသဘောဟု၊ ပဿန္တော၊ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊အနုလောမ ခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အဗျာဓိ၊ နာခြင်းကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## သောကဓမ္မတောအဖွင့်

သောကဓမ္မတော သမ္မသတိ။ ကထံ။

သောကဓမ္မတော၊ စိုးရိမ်ခြင်း၏အကြောင်းဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊အဘယ့်ကြောင့်၊သောကဓမ္မတော၊စိုးရိမ်ခြင်း၏ အကြောင်းဟု၊သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ,သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ရုပ်ဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း စိုးရိမ်ဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် စိုးရိမ်ခြင်း၏အကြောင်းဟု သုံးသပ်၏။

ဝေဒနာ ဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း စိုးရိမ်ဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် စိုးရိမ်ခြင်း၏အကြောင်းဟုသုံးသပ်၏။

သညာ ဖြစ်သောခဏ အကောင်းအဆိုး ကျသဖြင့်လည်း စိုးရိမ်ဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် စိုးရိမ်ခြင်း၏အကြောင်းဟုသုံးသပ်၏။

သင်္ခါရ ဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း စိုးရိမ်ဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် စိုးရိမ်ခြင်း၏အကြောင်းဟုသုံးသပ်၏။

ဝိညာဏ် ဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း စိုးရိမ်ဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် စိုးရိမ်ခြင်း၏ အကြောင်းဟုသုံးသပ်၏။

မသုံးသပ်မိက ရုပ်ဖြစ်သောခဏ ဝေဒနာဖြစ်သောခဏ သညာဖြစ်သော ခဏ သင်္ခါရ ဖြစ်သောခဏ ဝိညာဏ် ဖြစ်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခု ယခု အသစ်ဖြစ်ခြင်းငှာထိုက်သော ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါး တပါးသော ခန္ဓာကို ရုပ်ဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း စိုးရိမ်ဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် စိုးရိမ်ခြင်း၏အကြောင်းဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဝေဒနာ ဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း စိုးရိမ်ဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် စိုးရိမ်ခြင်း၏အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သညာဖြစ်သော ခဏ အကောင်းအဆိုး ကျသဖြင့်လည်း စိုးရိမ်ဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် စိုးရိမ်ခြင်း၏ အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သင်္ခါရဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း စိုးရိမ်ဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် စိုးရိမ်ခြင်း၏ အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဝိညာဏ်ဖြစ်သော ခဏ အကောင်းအဆိုးကျသဖြင့်လည်း စိုးရိမ်ဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် စိုးရိမ်ခြင်း၏ အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ် တိုင်အောင် စိုးရိမ်ခြင်း၏ အကြောင်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကိုရ၏။

သော ဧကေကံ ခန္ဓံ သောကဟေတုတာယ သောကဓမ္မတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ဧကေကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို၊ သောက ဟေတုတာယ၊ စိုးရိမ်ဘွယ် အကြောင်း ရှိသည်၏ အဖြစ်ကြောင့်၊ သောက ဓမ္မတော၊ စိုးရိမ်ခြင်း၏ အကြောင်းဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ရုပ်ဖြစ်သောခဏ ဝေဒနာဖြစ်သော ခဏ သညာဖြစ်သောခဏ သင်္ခါရဖြစ်သောခဏ ဝိညာဏ်ဖြစ်သောခဏ ပစ္စုပ္ပန် ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါး သော ခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သော သဘော အနုပ္ပါဒနိရောဓ၊ စိုးရိမ်ခြင်းကင်း သော ယခု ယခု တဒင်္ဂ၏ နောင် အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာ မထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် စိုးရိမ်ခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကို ရ၏။

ပဉ္စက္ခန္ဓေ သောကဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ အသောကံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ သောက ဓမ္မတော၊ စိုးရိမ်ခြင်း၏အကြောင်းဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အသောကံ၊စိုးရိမ်ခြင်းကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ သြက္ကမတိ၊ သက်ဝင်၏။

## ပရိဒေဝဓမ္မတောအဖွင့်

ပရိဒေဝဓမ္မတော သမ္မသတိ။ ကထံ။

ပရိဒေဝဓမ္မတော၊ ငိုကြွေးခြင်း၏ အကြောင်းဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ ပရိဒေဝဓမ္မတော၊ ငိုကြွေးခြင်း၏ အကြောင်းဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ရုပ်ဖြစ်သောခဏ အကောင်းအဆိုး ကျသဖြင့်လည်း ငိုကြွေးဘွယ်က အကြောင်းရှိသည်၏ အဖြစ်ကြောင့် ငိုကြွေးခြင်း၏ အကြောင်းဟု သုံးသပ်၏။

ဝေဒနာဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း ငိုကြွေးဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် ငိုကြွေးခြင်း၏ အကြောင်းဟု သုံးသပ်၏။

သညာ ဖြစ်သောခဏ အကောင်းအဆိုး ကျသဖြင့်လည်း ငိုကြွေးဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် ငိုကြွေးခြင်း၏ အကြောင်းဟုသုံးသပ်၏။

သင်္ခါရ ဖြစ်သော ခဏ အကောင်းအဆိုး ကျသဖြင့်လည်း ငိုကြွေးဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် ငိုကြွေးခြင်း၏အကြောင်းဟု သုံးသပ်၏။

ဝိညာဏ်ဖြစ်သော ခဏ အကောင်းအဆိုးကျသဖြင့်လည်း ငိုကြွေးဘွယ်က အကြောင်းရှိသည်၏ အဖြစ်ကြောင့် ငိုကြွေးခြင်း၏အကြောင်းဟုသုံးသပ်၏။

မသုံးသပ်မိက ရုပ်ဖြစ်သောခဏ ဝေဒနာဖြစ်သောခဏ သညာဖြစ်သော ခဏ သင်္ခါရ ဖြစ်သောခဏ ဝိညာဏ်ဖြစ်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာထိုက်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ရုပ်ဖြစ်သော ခဏ အကောင်း အဆိုး ကျသဖြင့်လည်း ငိုကြွေးဘွယ်က အကြောင်းရှိသည်၏ အဖြစ်ကြောင့် ငိုကြွေးခြင်း၏ အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ဝေဒနာ ဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း ငိုကြွေးဘွယ်က အကြောင်းရှိသည်၏ အဖြစ်ကြောင့် ငိုကြွေးခြင်း၏အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သညာဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း ငိုကြွေးဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် ငိုကြွေးခြင်း၏အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သင်္ခါရ ဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း ငိုကြွေးဘွယ်က အကြောင်းရှိသည်၏ အဖြစ်ကြောင့် ငိုကြွေးခြင်း၏အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ဝိညာဏ်ဖြစ်သောခဏ အကောင်းအဆိုး ကျသဖြင့်လည်း ငိုကြွေးဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် ငိုကြွေးခြင်း၏ အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့် တက်၍ အနုလောမဉာဏ် တိုင်အောင် ငိုကြွေးခြင်း၏အကြောင်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

သော ကောကံ ခန္ဓံ ပရိဒေဝဟေတုတာယ ပရိဒေဝဓမ္မတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ကောကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို၊ ပရိဒေဝ ဟေတုတာယ၊ ငိုကြွေးဘွယ် အကြောင်းရှိသည်၏ အဖြစ်ကြောင့်၊ ပရိဒေဝ ဓမ္မတော၊ ငိုကြွေးခြင်း၏အကြောင်းဟု၊ သမ္မသတိ၊သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ရုပ် ဖြစ်သောခဏ ဝေဒနာ ဖြစ်သောခဏ သညာဖြစ်သောခဏ သင်္ခါရဖြစ်သောခဏ ဝိညာဏ်ဖြစ်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ်ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏မဖြစ်တဲ ချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ ငိုကြွေးခြင်းကင်းသော ယခုယခု တဒင်္ဂ၏ နောင် အသစ် အသစ်တဖန် ဖြစ်ပြန်ခြင်းငှာ မထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် ငိုကြွေးခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ ပရိဒေဝ ဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အပရိဒေဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ ပရိဒေဝဓမ္မတော၊ ငိုကြွေးခြင်း၏ အကြောင်းဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အပရိဒေဝံ၊ ငိုကြွေးခြင်းကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## ဥပါယာသဓမ္မတော အဖွင့်

ဥပါယာသဓမ္မတော သမ္မသတိ။ ကထံ။

ဥပါယာသဓမ္မတော၊ ပင်ပန်းခြင်း၏ အကြောင်းဟု၊ သမ္မသတိ၊သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ ဥပါယာသဓမ္မတော၊ ပင်ပန်းခြင်း၏ အကြောင်းဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တပါးတပါးသော ခန္ဓာကို ရုပ်ဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း ပင်ပန်းဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် ပင်ပန်းခြင်း၏ အကြောင်းဟု သုံးသပ်၏။

ဝေဒနာဖြစ်သောခဏ အကောင်းအဆိုး ကျသဖြင့်လည်း ပင်ပန်းဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် ပင်ပန်းခြင်း၏အကြောင်းဟုသုံးသပ်၏။

သညာ ဖြစ်သောခဏ အကောင်းအဆိုး ကျသဖြင့်လည်း ပင်ပန်းဘွယ်က အကြောင်းရှိသည်၏ အဖြစ်ကြောင့် ပင်ပန်းခြင်း၏အကြောင်းဟုသုံးသပ်၏။

သင်္ခါရ ဖြစ်သောခဏ အကောင်းအဆိုး ကျသဖြင့်လည်း ပင်ပန်းဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် ပင်ပန်းခြင်း၏အကြောင်းဟု သုံးသပ်၏။

ဝိညာဏ်ဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း ပင်ပန်းဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် ပင်ပန်းခြင်း၏အကြောင်းဟု သုံးသပ်၏။

မသုံးသပ်မိက ရုပ်ဖြစ်သောခဏ ဝေဒနာဖြစ်သောခဏ သညာဖြစ်သောခဏ သင်္ခါရဖြစ်သောခဏ ဝိညာဏ်ဖြစ်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ်ဖြစ်ခြင်းငှာထိုက်သော ရုပ်, ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ရုပ်ဖြစ်သောခဏ အကောင်းအဆိုး ကျသဖြင့်လည်း ပင်ပန်းဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် ပင်ပန်းခြင်း၏ အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဝေဒနာဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း ပင်ပန်းဘွယ်က အကြောင်းရှိသည်၏အကြောင့် ပင်ပန်းခြင်း၏ အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သညာ ဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း ပင်ပန်းဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် ပင်ပန်းခြင်း၏အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သင်္ခါရဖြစ်သော ခဏ အကောင်းအဆိုးကျသဖြင့်လည်း ပင်ပန်းဘွယ်က အကြောင်းရှိသည်၏ အဖြစ်ကြောင့် ပင်ပန်းခြင်း၏အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ဝိညာဏ်ဖြစ်သောခဏ အကောင်းအဆိုးကျသဖြင့်လည်း ပင်ပန်းဘွယ်က အကြောင်းရှိသည်၏အဖြစ်ကြောင့် ပန်ပန်းခြင်း၏အကြောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှအထက် အဆင့်ဆင့်တက်၍အနုလောမဉာဏ်တိုင်အောင် ပင်ပန်းခြင်း၏အကြောင်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမ ဉာဏ်ကို ရ၏။

သော ကောကံ ခန္ဓံ ဥပါယာသဟေတုတာယ ဥပါယာသ ဓမ္မတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ကောကံ ခန္ဓံ၊တပါးတပါးသော ခန္ဓာကို၊ ဥပါယာသဟေတုတာယ၊ ပင်ပန်းဘွယ် အကြောင်းရှိသည်၏ အဖြစ်ကြောင့်၊ ဥပါယာသဓမ္မတော၊ ပင်ပန်းခြင်း၏အကြောင်းဟု၊ သမ္မသတိ၊သုံးသပ်၏။

သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ရုပ်ဖြစ်သောခဏ ဝေဒနာဖြစ်သော ခဏ သညာဖြစ်သောခဏ သင်္ခါရဖြစ်သောခဏ ဝိညာဏ်ဖြစ်သောခဏ ပစ္စုပ္ပန် ကာလ၌ ယခုယခုအသစ်ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါး သော ခန္ဓာတို့၏မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ ပင်ပန်းခြင်းကင်း သော ယခုယခုတဒင်္ဂ၏ နောင်အသစ်အသစ် တဖန် ဖြစ်ပြန်ခြင်းငှာ မထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒအကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် ပင်ပန်းခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီ ပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ ဥပါယာသဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနုပါယာသံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ ဥပါယာသဓမ္မတော၊ ပင်ပန်းခြင်း၏ အကြောင်းဟု၊ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိဉာဏ်ကို၊ပဋိလဘတိ၊ ရ၏။ပဉ္စန္နံ ခန္ဓာနံ၊ငါးပါးသော ခန္ဓာတို့၏၊နိရောဓော၊ ချုပ်ခြင်းသည်၊ အနုပါယာသံ၊ ပင်ပန်းခြင်းကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## သံကိလေသိကဓမ္မတော အဖွင့်

သံကိလေသိကဓမ္မတော သမ္မသတိ။ ကထံ။

သံကိလေသိက ဓမ္မတော၊ ညစ်ကြေးသော အာရုံသဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ သံကိလေသိကဓမ္မတော၊ ညစ်ကြေးသော အာရုံသဘောဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို ခန္ဓာဘုံက အတိတ်ကာလ ကျသဖြင့်လည်း ဒိဋ္ဌိကိလေသာ အညစ် အကြေးက အာရုံပြုသောသဘောရှိသည်၏အဖြစ်ကြောင့် ညစ်ကြေးသော အာရုံသဘောဟု သုံးသပ်၏။

ခန္ဓာဘုံက အနာဂတ်ကာလ ကျသဖြင့်လည်း တဏှာကိလေသာ အညစ် အကြေးက အာရုံပြုသော သဘောရှိသည်၏ အဖြစ်ကြောင့် ညစ်ကြေး သော အာရုံသဘောဟု သုံးသပ်၏။

ခန္ဓာဘုံက ပစ္စုပ္ပန်ကာလ ကျသဖြင့်လည်း ဒုစရိုက်ကိလေသာ အညစ်အ ကြေးက အာရုံပြုသောသဘောရှိသည်၏ အဖြစ်ကြောင့် ညစ်ကြေးသော အာရုံ သဘောဟု သုံးသပ်၏။

ခန္ဓာဘုံက ကာယဒွါရ ကျသဖြင့်လည်း ကာယဒုစရိုက် ကိလေသာ အညစ်အကြေးက အာရုံပြုသောသဘောရှိသည်၏ အဖြစ်ကြောင့် ညစ်ကြေး သောအာရုံသဘောဟု သုံးသပ်၏။

ခန္ဓာဘုံက ဝစီဒွါရ ကျသဖြင့်လည်း ဝစီဒုစရိုက် ကိလေသာ အညစ် အကြေးက အာရုံပြုသောသဘောရှိသည်၏အဖြစ်ကြောင့် ညစ်ကြေးသောအာရုံ သဘောဟု သုံးသပ်၏။

ခန္ဓာဘုံက မနောဒွါရ ကျသဖြင့်လည်း မနောဒုစရိုက်ကိလေသာ အညစ် အကြေးက အာရုံပြုသောသဘောရှိသည်၏အဖြစ်ကြောင့် ညစ်ကြေးသောအာရုံ သဘောဟု သုံးသပ်၏။

> တဏှာသံကိလေသော သမထေန ဝိသုဇ္ဈတိ။ ဒိဋ္ဌိသံကိလေသော ဝိပဿနာယ ဝိသုဇ္ဈတိ။ ဒုစ္စရိတသံကိလေသော သုစရိတေန ဝိသုဇ္ဈတိ။

တဏှာသံကိလေသော၊ တဏှာအညစ်အကြေးသည်၊ သမထေန၊ သမထ ဖြင့်၊ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ ဒိဋ္ဌိ သံကိလေသော၊ ဒိဋ္ဌိ အညစ်အကြေးသည်၊ ဝိပဿနာယ၊ ဝိပဿနာဖြင့်၊ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ ဒုစ္စရိတသံကိလေသော၊ ဒုစရိုက်အညစ်အကြေးသည်၊ သုစရိတေန၊ သုစရိုက်ဖြင့်၊ ဝိသုဇ္ဈတိ၊စင်ကြယ်၏။

ယော စ တတ္ထ ပရိဂ္ဂဟဋ္ဌော အယံ အဓိသီလသိက္ခာ။ ယော စ အဝိက္ခေပဋ္ဌော အယံ အဓိစိတ္တသိက္ခာ။ ယော စ တတ္ထ ဒဿနဋ္ဌော အယံ အဓိပညာသိက္ခာ။

တတ္ထ၊ ထိုဝိပဿနာဘုံ အာရုံ၌၊ ယော စ ပရိဂ္ဂဟဋ္ဌော၊ အကြင် သိမ်းဆည်း စောင့်ရှောက်သော အနက်သဘော၊ အယံ၊ ဤသိမ်းဆည်း စောင့်ရှောက်သော အနက်သဘောသည်၊ အဓိသီလသိက္ခာ၊ အဓိသီလ သိက္ခာမည်၏။ တတ္ထ၊ ထိုပဿနာဘုံအာရုံ၌၊ ယော စ အဝိက္ခေပဋ္ဌော၊ အကြင်မပျံ့လွင့်သော အနက်သဘော၊ အယံ၊ ဤမပျံ့လွင့်သော အနက်သဘောသည်၊ အဓိစိတ္တသိက္ခာ၊ အဓိစိတ္တသိက္ခာမည်၏။ တတ္ထ၊ ထိုပဿနာဘုံအာရုံ၌၊ ယော စ ဒဿနဋ္ဌော၊ အကြင်ရှုမြင်သော အနက်သဘော၊ အယံ၊ ဤရှုမြင်သော အနက်သဘောသည်၊ အဓိပညာသိက္ခာ၊ အဓိပညာသိက္ခာမည်၏။

အယံ လောကုတ္တရသမ္မာဒိဋ္ဌိ၊ အနွယိကာ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာ ကမ္မန္တော သမ္မာ အာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။ ဣမေ တယော ခန္ဓာ၊ သီလက္ခန္ဓော သမာဓိက္ခန္ဓော ပညာက္ခန္ဓော သီလက္ခန္ဓောစ သမာဓိက္ခန္ဓောစ သမထော၊ ပညာက္ခန္ဓော ဝိပဿနာ။

အယံ၊ ဤသည်ကား၊ လောကုတ္တရ သမ္မာဒိဋ္ဌိ၊ လောကုတ္တရာ သမ္မာဒိဋ္ဌိတည်း။ အနွယိကာ၊ လောကုတ္တရာ သမ္မာဒိဋ္ဌိ၏အတု လိုက်ကုန်သော၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပလည်းတပါး၊ သမ္မာဝါစာ၊ သမ္မာဝါစာလည်းတပါး၊ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တလည်းတပါး၊ သမ္မာအာဇီဝေါ၊ သမ္မာ အာဇီဝလည်းတပါး၊ သမ္မာဝါယာမော၊ သမ္မာဝါယာမလည်း တပါး၊ သမ္မာ သတိ၊ သမ္မာသတိလည်းတပါး၊ သမ္မာသမာဓိ၊ သမ္မာသမာဓိလည်း တပါး၊ ဣမေ၊ ဤမဂ္ဂင်တရားရှစ်ပါးတို့သည်၊ တယော ခန္ဓာ၊ သုံးပါးသော ခန္ဓာတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ကတမေ တယော၊ အဘယ်သုံးပါးတို့နည်း။ သီလက္ခန္ဓော၊ သီလ က္ခန္ဓာ လည်း တပါး၊ သမာဓိက္ခန္ဓော၊ သမာဓိက္ခန္ဓာလည်း တပါး၊ ပညာက္ခန္ဓော၊ ပညာက္ခန္ဓာလည်း တပါး၊ သီလက္ခန္ဓောစ သမာဓိက္ခန္ဓောစ၊ သီလက္ခန္ဓာ,သမာဓိက္ခန္ဓာ ၂ပါးအပေါင်းသည်လည်း၊သမထော၊သမထမည်၏။ ပညာက္ခန္ဓော၊ ပညာက္ခန္ဓာသည်၊ ဝိပဿနာ၊ ဝိပဿနာမည်၏။

မသုံးသပ်မီက အတိတ်,အနာဂတ်,ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာထိုက်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တပါး တပါး သော

ခန္ဓာကို ခန္ဓာဘုံက အတိတ်ကာလကျသဖြင့်လည်း ဒိဋ္ဌိကိလေသာ အညစ်အကြေးက အာရုံပြုသောသဘောရှိသည်၏အဖြစ်ကြောင့် ညစ်ကြေးသော အာရုံသဘောဟု သုံးသပ်သောယောဂီပုဂ္ဂိုလ်၊သမ္မသနဉာဏ်ကိုရ၏။

ခန္ဓာဘုံက အနာဂတ်ကာလ ကျသဖြင့်လည်း တဏှာကိလေသာ အညစ်အကြေးက အာရုံပြုသောသဘောရှိသည်၏အဖြစ်ကြောင့် ညစ်ကြေးသော အာရုံသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ခန္ဓာဘုံက ပစ္စုပ္ပန်ကာလ ကျသဖြင့်လည်း ဒုစရိုက်ကိလေသာ အညစ်အကြေးက အာရုံပြုသောသဘောရှိသည်၏အဖြစ်ကြောင့် ညစ်ကြေးသော အာရုံသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ခန္ဓာဘုံက ကာယဒွါရ ကျသဖြင့်လည်း ကာယဒုစရိုက်ကိလေသာအညစ်အကြေးက အာရုံပြုသော သဘောရှိသည်၏ အဖြစ်ကြောင့် ညစ်ကြေးသော အာရုံသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ခန္ဓာဘုံက ဝစီဒွါရ ကျသဖြင့်လည်း ဝစီဒုစရိုက် ကိလေသာ အညစ်အကြေးက အာရုံပြုသောသဘော ရှိသည်၏အဖြစ်ကြောင့် ညစ်ကြေးသောအာရုံသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ခန္ဓာဘုံက မနောဒွါရ ကျသဖြင့်လည်း မနောဒုစရိုက်ကိလေသာ အညစ်အကြေးက အာရုံပြုသောသဘောရှိသည်၏အဖြစ်ကြောင့် ညစ်ကြေးသော အာရုံပြုသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ်တိုင်အောင် ညစ်ကြေးသော အာရုံသဘောဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

သော ဧကေကံ ခန္ဓံ တဏှာ ဒိဋ္ဌိ ဒုစ္စရိတသံကိလေသာနံ
ဝိသယဓမ္မတာယ သံကိလေသိက ဓမ္မတော သမ္မသတိ။

သော၊ထိုယောဂီပုဂ္ဂိုလ်သည်၊ ဧကေကံ ခန္ဓံ၊တပါးတပါးသောခန္ဓာကို၊ တဏှာ ဒိဋ္ဌိ ဒုစ္စရိတ သံကိလေသာနံ၊တဏှာအညစ်အကြေး၊ ဒိဋ္ဌိအညစ်အကြေး၊ ဒုစရိုက်အညစ်အကြေးတို့၏၊ ဝိသယဓမ္မတာယ၊ အာရုံသဘောရှိသည်၏ အဖြစ်ကြောင့်၊ သံကိလေသိကဓမ္မတော၊ညစ်ကြေးသောအာရုံသဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံး ရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ် ရှုမြင်မိက အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းသ္ဘာ၀ထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာ

တို့၏မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ ညစ်ကြေးခြင်းကင်းသော ယခုယခု တဒင်္ဂ၏ နောင်အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်၊ မင်္ဂဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသောခန္ဓာတို့၏ချုပ်ခြင်းသည် ညစ်ကြေးခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ်မင်္ဂဉာဏ်ကို ရ၏။

ပဉ္စက္ခန္ဓေ သံကိလေသိက ဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အသံကိလိဋ္ဌံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို၊ သံကိလေသိကဓမ္မတော၊ ညစ်ကြေးသော အာရုံသဘောဟု၊ ပဿန္တော၊ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အသံကိလိဋ္ဌံ၊ ညစ်ကြေးခြင်းကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ဤသို့၊ ပဿန္တော၊မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊မင်္ဂသို့၊ ဩက္ကမတိ၊သက်ဝင်၏။

## ဒုက္ခာနုပဿနာ ၂၅ ပါး

ဒုက္ခတောတိ ဒုက္ခာနုပဿနာ။ ရောဂတောတိ ဒုက္ခာနုပဿနာ။ ဂဏ္ဍတောတိ ဒုက္ခာနုပဿနာ။ သလ္လတောတိ ဒုက္ခာနုပဿနာ။ အဃတောတိ ဒုက္ခာနုပဿနာ။ အာဗာဓတောတိ ဒုက္ခာနုပဿနာ။ ဤတိတောဒုက္ခာနုပဿနာ။ ဥပဒ္ဒဝတောတိ ဒုက္ခာနုပဿနာ။ ဘယတောတိ ဒုက္ခာနုပဿနာ။ ဥပသဂ္ဂတောတိ ဒုက္ခာနုပဿနာ။ အတာဏတောတိ ဒုက္ခာနုပဿနာ။ အလေဏတောတိ ဒုက္ခာနုပဿနာ။ အသရဏတောတိ ဒုက္ခာနုပဿနာ။ အာဒီနဝတောတိ ဒုက္ခာနုပဿနာ။ အဃမူလတောတိ ဒုက္ခာနုပဿနာ။ ဝဓကတောတိ ဒုက္ခာနုပဿနာ။ သာသဝတောတိ ဒုက္ခာနုပဿနာ။ မာရာမိသတောတိ ဒုက္ခာနုပဿနာ။ ဇာတိဓမ္မတောတိ ဒုက္ခာနုပဿနာ။ ဇရာဓမ္မတောတိ ဒုက္ခာနုပဿနာ။ ဗျာဓိဓမ္မတောတိ ဒုက္ခာနုပဿနာ။ သောကဓမ္မတောတိ ဒုက္ခာနုပဿနာ။ ပရိဒေဝဓမ္မတောတိ ဒုက္ခာနုပဿနာ။ ဥပါယာသဓမ္မတောတိ ဒုက္ခာနုပဿနာ။ သံကိလေသိကဓမ္မတောတိ ဒုက္ခာနုပဿနာ။

ဒုက္ခလက္ခဏာ ၂၅ ပါး ပြီး၏။

# အနုလောမလက္ခဏာ ၅ပါး

**ပရတော အဖွင့်**

ပရတော သမ္ဘသတိ။ ကထံ။

ပရတော၊ တပါးဟု၊ သမ္ဘသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ ပရတော၊ တပါးဟု၊ သမ္ဘသတိ၊ သုံးသပ်သနည်း။

ပရတော အရ အဝိဇ္ဇာက သူတပါး, တဏှာကသူတပါး, ကံကသူတပါး, အာဟာရက သူတပါး, အကြောင်းတရားပစ္စည်းက ရုပ်ကို ဖြစ်စေတတ်၏။ အကျိုး ပစ္စယုပ္ပန်သဘော ဖြစ်သော ရုပ်ကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံက သူတပါး, အာဟာရက သူတပါး, အကြောင်းတရားပစ္စည်းက ရုပ်ကို ပျက်စီးစေကြ၏။ အကျိုး ပစ္စယုပ္ပန်သဘော ပျက်သော ရုပ်ကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံကသူတပါး, ဖဿက သူတပါး အကြောင်းတရားပစ္စည်းက ဝေဒနာကိုဖြစ်စေကြ၏။ အကျိုး ပစ္စယုပ္ပန်သဘော ဖြစ်သော ဝေဒနာ့ကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံက သူတပါး, ဖဿက သူတပါး အကြောင်း တရား ပစ္စည်းက ဝေဒနာကို ပျက်စေကြ၏။ အကျိုး ပစ္စယုပ္ပန်သဘော ပျက်သော ဝေဒနာ့ကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူဘပါး, တဏှာက သူတပါး, ကံက သူတပါး, ဖဿက သူတပါး အကြောင်းတရားပစ္စည်းက သညာကို ဖြစ်စေကြ၏။ အကျိုး ပစ္စယုပ္ပန်သဘော ဖြစ်သော သညာ့ကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူဘပါး, ကံက သူတပါး, ဖဿက သူတပါး အကြောင်းတရားပစ္စည်းက သညာကို ပျက်စေကြ၏။ အကျိုးပစ္စယုပ္ပန်သဘော ပျက်သော သညာ့ကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံက သူတပါး, ဖဿက သူတပါး အကြောင်းတရားပစ္စည်းက သင်္ခါရကို ဖြစ်စေကြ၏။ အကျိုးပစ္စယုပ္ပန်သဘော ဖြစ်သော သင်္ခါရကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံကသူတပါး, ဖဿက သူတပါး အကြောင်းတရားပစ္စည်းက သင်္ခါရကို ပျက်စေကြ၏။ အကျိုး ပစ္စုပ္ပန်သဘော ပျက်သော သင်္ခါရကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံက သူတပါး, နာမ်ရုပ်က သူတပါး အကြောင်းတရား ပစ္စည်းက ဝိညာဏ်ကို ဖြစ်စေကြ၏။ အကျိုး ပစ္စုပ္ပန် သဘော ဖြစ်သော ဝိညာဏ်ကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံက သူတပါး, နာမ်ရုပ်က သူတပါး, အကြောင်းတရား ပစ္စည်းက ဝိညာဏ်ကို ပျက်စေကြ၏။ အကျိုး ပစ္စုပ္ပန်သဘော ပျက်သော ဝိညာဏ်ကိုယ်က မိမိ အလိုမဟုတ်။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါး တပါးသော ခန္ဓာကို မိမိအလို မဟုတ်သည်၏ အဖြစ်ကြောင့် တပါးဟုသုံးသပ်၏။ မိမိအလို မဟုတ်က အားထုတ်၍ ပြုပြင်စီရင်ခြင်းငှာ မထိုက်သည်၏ အဖြစ်ကြောင့် တပါးဟု သုံးသပ်၏။

မသုံးသပ်မိက ဖြစ်သောခဏ ပျက်သောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာထိုက်သော ပရတောအရ အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံကသူတပါး, အာဟာရက သူတပါး အကြောင်းတရား ပစ္စည်းက ရုပ်ကိုဖြစ်စေကြ၏။ အကျိုးပစ္စုပ္ပန် သဘောဖြစ်သော ရုပ်ကိုယ်က မိမိ အလို မဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံက သူတပါး, အာဟာရက သူတပါး အကြောင်းတရားပစ္စည်းက ရုပ်ကိုပျက်စေကြ၏။ အကျိုး ပစ္စုပ္ပန်သဘော ပျက်သောရုပ်ကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံက သူတပါး, ဖဿက သူတပါး အကြောင်းတရားပစ္စည်းက ဝေဒနာကို ဖြစ်စေကြ၏။ အကျိုးပစ္စုပ္ပန်သဘော ဖြစ်သော ဝေဒနာ့ကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံက သူတပါး, ဖဿက သူတပါး အကြောင်းတရားပစ္စည်းက ဝေဒနာကို ပျက်စေကြ၏။အကျိုးပစ္စုပ္ပန်သဘော ပျက်သော ဝေဒနာ့ကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံက သူတပါး, ဖဿက သူတပါး အကြောင်းတရားပစ္စည်းက သညာကို ဖြစ်စေကြ၏။ အကျိုးပစ္စုပ္ပန်သဘောဖြစ်သော သညာ့ကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံက သူတပါး, ဖဿက သူတပါး အကြောင်းတရားပစ္စည်းက သညာကို ပျက်စေကြ၏။ အကျိုးပစ္စယုပ္ပန် သဘော ပျက်သော သညာ့ကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံက သူတပါး, ဖဿက သူတပါး အကြောင်းတရားပစ္စည်းက သင်္ခါရကို ဖြစ်စေကြ၏။ အကျိုးပစ္စယုပ္ပန် သဘော ဖြစ်သောသင်္ခါရကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံက သူတပါး, ဖဿက သူတပါး အကြောင်းတရားပစ္စည်းက သင်္ခါရကို ပျက်စေကြ၏။ အကျိုးပစ္စယုပ္ပန် သဘော ပျက်သောသင်္ခါရကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံက သူတပါး, နာမ်ရုပ်က သူတပါး အကြောင်းတရားပစ္စည်းက ဝိညာဏ်ကို ဖြစ်စေကြ၏။ အကျိုးပစ္စယုပ္ပန် သဘော ဖြစ်သော ဝိညာဏ်ကိုယ်က မိမိအလိုမဟုတ်။

အဝိဇ္ဇာက သူတပါး, တဏှာက သူတပါး, ကံက သူတပါး နာမ်ရုပ်က သူတပါး အကြောင်းတရားပစ္စည်းက ဝိညာဏ်ကို ပျက် စေ ကြ ၏။ အကျိုး ပစ္စယုပ္ပန်သဘော ပျက်သော ဝိညာဏ်ကိုယ်က မိမိအလိုမဟုတ်။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို မိမိအလိုမဟုတ်သည်၏ အဖြစ်ကြောင့် တပါးဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။ မိမိအလိုမဟုတ်က အားထုတ်၍ ပြုပြင်စီရင်ခြင်းငှာ မထိုက်သည်၏အဖြစ်ကြောင့် တပါးဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ်တိုင်အောင် တပါးဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

> သော ဧကေကံ ခန္ဓံ အဝသတာယ အဝိဓေယျတာယ စ
> ပရတော သမ္မသတိ။

သော၊ထိုယောဂီပုဂ္ဂိုလ်သည်၊ ဧကေကံ ခန္ဓံ၊တပါးတပါးသောခန္ဓာကို၊ အဝသတာယစ၊မိမိအလိုမဟုတ်သည်၏အဖြစ်ကြောင့်၎င်း၊ အဝိဓေယျတာယစ၊ စီရင်ခြင်းငှာ မထိုက်သည်၏အဖြစ်ကြောင့်၎င်း၊ ပရတော၊တပါးဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ် ပါး သော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ဖြစ်သောခဏ ပျက်သောခဏ ပစ္စုပ္ပန် ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာမထိုက်၊ ဝိပဿနာဉာဏ်ဖြင့် သိခိုက်ခဏ

သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ အကြောင်းတပါးကင်းသော ယခု ယခု တဒင်္ဂ၏ နောင် အသစ်အသစ် ဖြစ်ပြန်ခြင်းငှာမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် အကြောင်းတပါးကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကို ရ၏။

> ပဉ္စက္ခန္ဓေ ပရတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အပရ ပစ္စယံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ ပရတော၊တပါးဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊အနုလောမ ခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသောခန္ဓာတို့၏၊ နိရောဓော၊ချုပ်ခြင်းသည်၊ အပရပစ္စယံ၊ အကြောင်းတပါးကင်းသော၊ နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊မဂ်သို့၊ ဩက္ကမတိ၊သက်ဝင်၏။

## ရိတ္တတော အဖွင့်

ရိတ္တတော သမ္မသတိ။ ကထံ။

ရိတ္တတော၊ ပြတ်ကင်းသောသဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ ရိတ္တတော၊ပြတ်ကင်းသောသဘောဟု၊ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို မြဲအောင် ကြံဆသဖြင့်လည်း မြဲသောသဘောက ကင်းသည်၏ အဖြစ်ကြောင့် ပြတ်ကင်းသောသဘောဟု သုံးသပ်၏။

တင့်တယ်အောင် ကြံဆသဖြင့်လည်း တင့်တယ်သော သဘောက ကင်းသည်၏အဖြစ်ကြောင့် ပြတ်ကင်းသော သဘောဟု သုံးသပ်၏။

ချမ်းသာအောင် ကြံဆသဖြင့်လည်း ချမ်းသာသော သဘောက ကင်းသည်၏အဖြစ်ကြောင့် ပြတ်ကင်းသောသဘောဟု သုံးသပ်၏။

အလိုကျကျ အစိုးရအောင် ကြံဆသဖြင့်လည်း အလိုကျကျ အစိုးရသော သဘောက ကင်းသည်၏ အဖြစ်ကြောင့် ပြတ်ကင်းသော သဘောဟု သုံးသပ်၏။

မသုံးသပ်မီက မြဲအောင် ကြံဆသောခဏ တင့်တယ်အောင် ကြံဆသော ခဏ ချမ်းသာအောင်ကြံဆသောခဏ အလိုကျကျအစိုးရအောင် ကြံဆသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာ ထိုက်သော ရုပ်,ဝေဒနာ,သညာ, သင်္ခါရ,ဝိညာဏ်တပါးတပါးသောခန္ဓာကို မြဲအောင်ကြံဆသဖြင့်လည်း မြဲသော သဘောက ကင်းသည်၏အဖြစ်ကြောင့် ပြတ်ကင်းသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

တင့်တယ်အောင် ကြံဆသဖြင့်လည်း တင့်တယ်သောသဘောက ကင်း သည်၏အဖြစ်ကြောင့် ပြတ်ကင်းသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ချမ်းသာအောင် ကြံဆသဖြင့်လည်း ချမ်းသာသော သဘောက ကင်း သည်၏အဖြစ်ကြောင့် ပြတ်ကင်းသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

အလိုကျကျ အစိုးရအောင်ကြံဆ သဖြင့်လည်း အလိုကျကျ အစိုးရသော သဘောက ကင်းသည်၏အဖြစ်ကြောင့်ပြတ်ကင်းသောသဘောဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှအထက်အဆင့်ဆင့်တက်၍ အနုလောမဉာဏ်တိုင်အောင် ပြတ်ကင်းသောသဘောဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကိုရ၏။

သော ကောကံ ခန္ဓံ ယထာ ပရိကပ္ပိတေဟိ ဓုဝသုဘ သုခတ္တ ဘာဝေဟိ ရိတ္တတာယ ရိတ္တတော သမ္မသတိ။

သော၊ထိုယောဂီပုဂ္ဂိုလ်သည်၊ ကောကံ ခန္ဓံ၊ တပါးတပါးသောခန္ဓာကို၊ ယထာပရိကပ္ပိတေဟိ၊ ကြံဆတိုင်းကုန်သော၊ ဓုဝ သုဘ သုခတ္တဘာဝေဟိ၊ မြဲသောသဘော, တင့်တယ်သောသဘော, ချမ်းသာသောသဘော, အလိုကျကျ အစိုးရသော သဘောတို့မှ၊ရိတ္တတာယ၊ ကင်းသည်၏အဖြစ်ကြောင့်၊ ရိတ္တတော၊ ပြတ်ကင်းသော သဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မီက မြဲအောင် ကြံဆသောခဏ တင့်တယ် အောင်ကြံဆသောခဏ ချမ်းသာအောင်ကြံဆသောခဏ အလိုကျကျ အစိုးရ အောင် ကြံဆသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာ မထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲချုပ်သော သဘော အနုပ္ပါဒနိရောဓ၊ မပြတ်ကင်းသောသဘော ယခုယခု တဒင်္ဂ၏ နောင် အသစ် အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ

အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ချုပ်ခြင်းသည် မပြတ်ကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သောယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ ရိတ္တတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အရိတ္တံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို၊ ရိတ္တတော၊ ပြတ်ကင်းသောသဘောဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တီဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ အရိတ္တံ၊ မပြတ်ကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## တုစ္ဆတောအဖွင့်

တုစ္ဆတော သမ္မသတိ။ ကထံ။

တုစ္ဆတော၊ အချည်းနှီးဟု၊ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်၊ တုစ္ဆတော၊ အချည်းနှီးဟု၊ သမ္မသတိ၊သုံးသပ်သနည်း။

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို မြဲအောင် ကြံဆသဖြင့်လည်း မြဲသောသဘောက ကင်းသည်၏ အဖြစ်ကြောင့် အချည်းနှီးသော သဘောဟု သုံးသပ်၏။

တင့်တယ်အောင် ကြံဆသဖြင့်လည်း တင့်တယ်သော သဘောက ကင်းသည်၏အဖြစ်ကြောင့် အချည်းနှီးသောသဘောဟုသုံးသပ်၏။

ချမ်းသာအောင်ကြံဆသဖြင့်လည်း ချမ်းသာသောသဘောက ကင်းသည်၏အဖြစ်ကြောင့် အချည်းနှီးသောသဘောဟု သုံးသပ်၏။

အလိုကျကျ အစိုးရအောင်ကြံဆသဖြင့်လည်း အလိုကျကျအစိုးရသော သဘောက ကင်းသည်၏အဖြစ်ကြောင့် အချည်းနှီးသောသဘောဟုသုံးသပ်၏။

မသုံးသပ်မိက မြဲအောင်ကြံဆသောခဏ တင့်တယ်အောင် ကြံဆသောခဏ ချမ်းသာအောင် ကြံဆသောခဏ အလိုကျကျအစိုးရအောင် ကြံဆသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ် ဖြစ်ခြင်းငှာ ထိုက်သော ရုပ်, ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏ် တပါး တပါးသော ခန္ဓာကို မြဲအောင် ကြံဆသဖြင့်လည်း မြဲသောသဘောက ကင်းသည်၏အဖြစ်ကြောင့် အချည်းနှီးဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

တင့်တယ်အောင် ကြံဆသဖြင့်လည်း တင့်တယ်သော သဘောက ကင်းသည်၏အဖြစ်ကြောင့် အချည်းနှီးဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ချမ်းသာအောင် ကြံဆသဖြင့်လည်း ချမ်းသာသောသဘောက ကင်းသည်၏အဖြစ်ကြောင့် အချည်းနှီးဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

အလိုကျကျအစိုးရအောင် ကြံဆသဖြင့်လည်း အလိုကျကျ အစိုးရသော သဘောက ကင်းသည်၏ အဖြစ်ကြောင့် အချည်းနှီးဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှအထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ်တိုင်အောင် အချည်းနှီးဟု ရှုမြင်သောယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကိုရ၏။

သော ကေကံ ခန္ဓံ ရိတ္တတာယေဝ တုစ္ဆတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ကေကံ ခန္ဓံ၊ တပါး တပါးသော ခန္ဓာကို၊ ရိတ္တတာယေဝ၊ ပြတ်ကင်းသည်၏ အဖြစ်ကြောင့်သာလျှင်၊ တုစ္ဆတော၊ အချည်းနှီးဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက မြဲအောင် ကြံဆသောခဏ တင့်တယ်အောင် ကြံဆသောခဏ ချမ်းသာအောင် ကြံဆသောခဏ အလိုကျကျ အစိုးရအောင် ကြံဆသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ်ဖြစ်ခြင်းငှာ မထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သော သဘော အနုပ္ပါဒနိရောဓ၊ အချည်းနှီးမဟုတ်သော ယခုယခုတဒင်္ဂ၏ နောင်အသစ်အသစ် တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် အချည်းနှီး မဟုတ်သော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ တုစ္ဆတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အတုစ္ဆံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ တုစ္ဆတော၊ အချည်းနှီးဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသောခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်း

သည်၊ အတ္တစ္ဆံ၊အချည်းနှီးမဟုတ်သော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## သုညတောအဖွင့်

သုညတော သမ္မသတိ။ ကထံ။

သုညတော၊ဆိတ်သောသဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။ကထံ၊အဘယ့်ကြောင့်၊ သုညတော၊ ဆိတ်သောသဘောဟု၊ သမ္မသတိ၊သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါးတပါးသော ခန္ဓာကို အုပ်စိုးသူ အရှင်ကင်းသည်၏အဖြစ်ကြောင့် ဆိတ်သောသဘောဟုသုံးသပ်၏။

နေတတ်သောသူ အရှင်ကင်းသည်၏ အဖြစ်ကြောင့် ဆိတ်သောသဘောဟု သုံးသပ်၏။

ပြုတတ်သောသူ အရှင်ကင်းသည်၏အဖြစ်ကြောင့် ဆိတ်သောသဘောဟု သုံးသပ်၏။

ခံစား တတ်သောသူ အရှင်ကင်းသည်၏ အဖြစ်ကြောင့် ဆိတ်သော သဘောဟု သုံးသပ်၏။

တည်တတ်သောသူ အရှင်ကင်းသည်၏ အဖြစ်ကြောင့် ဆိတ်သော သဘောဟု သုံးသပ်၏။

မသုံးသပ်မိက အုပ်စိုးလိုသောခဏ နေလိုသောခဏ ပြုလိုသောခဏ ခံစားလိုသောခဏ တည်လိုသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်း ငှာထိုက်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တပါးတပါးသော ခန္ဓာကို အုပ်စိုးသူ အရှင်ကင်းသည်၏အဖြစ်ကြောင့် ဆိတ်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

နေတတ်သောသူ အရှင်ကင်းသည်၏အဖြစ်ကြောင့် ဆိတ်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ပြုတတ်သောသူ အရှင်ကင်းသည်၏အဖြစ်ကြောင့် ဆိတ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

ခံစားတတ်သောသူ အရှင်ကင်းသည်၏ အဖြစ်ကြောင့် ဆိတ်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

တည်တတ်သောသူ အရှင်ကင်းသည်၏ အဖြစ်ကြောင့် ဆိတ်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကို ရ၏။

သမ္မသနဉာဏ်မှ အထက် အဆင့်ဆင့် တက်၍ အနုလောမဉာဏ် တိုင်အောင် ဆိတ်သောသဘောဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကို ရ၏။

သော ဧကေကံ ခန္ဓံ သာမိ နိဝသိ ကာရက ဝေဒကာ
ဓိဋ္ဌာယက ဝိရဟိတတာယ သုညတော သမ္မသတိ။

သော၊ထိုယောဂီပုဂ္ဂိုလ်သည်၊ ဧကေကံ ခန္ဓံ၊တပါးတပါးသောခန္ဓာကို၊ သာမိ နိဝသိ ကာရက ဝေဒကာ ဓိဋ္ဌာယက ဝိရဟိတတာယ၊ အုပ်စိုးသောသူ အရှင်ကင်းသည်၏အဖြစ်၊ နေတတ်သောသူ အရှင်ကင်းသည်၏အဖြစ်၊ ပြုတတ်သောသူ အရှင်ကင်းသည်၏အဖြစ်၊ ခံစားတတ်သောသူ အရှင်ကင်းသည်၏ အဖြစ်၊ တည်တတ်သောသူ အရှင်ကင်းသည်အဖြစ်ကြောင့်၊ သုညတော၊ ဆိတ်သော သဘောဟု၊ သမ္မသတိ၊သုံးသပ်၏။

သမ္မသနဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ် ရှုမြင်မိက အုပ်စိုးလိုသောခဏ နေလိုသောခဏ ပြုလိုသောခဏ ခံစားလိုသောခဏ တည်လိုသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ်ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သော သဘော အနုပ္ပါဒ နိရောဓ၊ ဆိတ်သော သဘော ယခုယခု တဒင်္ဂ၏ နောင် အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်း သည် ဆိတ်သောသဘော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကို ရ၏။

ပဉ္စက္ခန္ဓေ သုညတော ပဿန္တော အနုလောမိကံ ခန္တိံ
ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ပရမသုညံ နိဗ္ဗာနန္တိ ပဿန္တော
သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ငါးပါးသောခန္ဓာတို့ကို၊ သုညတော၊ ဆိတ်သောသဘောဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသောခန္ဓာတို့၏၊ နိရောဓော၊ချုပ်ခြင်း သည်၊ ပရမသုညံ၊ ပရမတ္ထသုည ဖြစ်သော၊ နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။ ဣတိ၊ဤသို့၊ ပဿန္တော၊မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊မဂ်သို့၊ ဩက္ကမတိ၊သက်ဝင်၏။

## အနတ္တတော အဖွင့်

### အနတ္တတော သမ္မသတိ။ ကထံ။

အနတ္တတော၊အစိုးမရဟု၊ သမ္မသတိ၊သုံးသပ်၏။ ကထံ၊အဘယ့်ကြောင့်၊ အနတ္တတော၊အစိုးမရဟု၊ သမ္မသတိ၊သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တပါး တပါးသော ခန္ဓာကို ဖောက်ပြန်သော ရုပ်သဘော မိမိကိုယ်က အုပ်စိုးသူ အရှင်မဟုတ်၊ နေတတ်သူ အရှင်မဟုတ်၊ ပြုတတ်သူ အရှင်မဟုတ်၊ ခံစားတတ်သူ အရှင်မဟုတ်၊ တည်တတ်သူ အရှင်မဟုတ်သည်၏ အဖြစ်ကြောင့် အစိုးမရဟုသုံးသပ်၏။

ခံစားသော ဝေဒနာသဘော မိမိကိုယ်က အုပ်စိုးသူ အရှင်မဟုတ်၊ နေတတ်သူ အရှင်မဟုတ်၊ ပြုတတ်သူ အရှင်မဟုတ်၊ ခံစားတတ်သူ အရှင်မဟုတ်၊ တည်တတ်သူ အရှင်မဟုတ်သည်၏အဖြစ်ကြောင့် အစိုးမရဟု သုံးသပ်၏။

မှတ်သော သညာသဘော မိမိကိုယ်က အုပ်စိုးသူ အရှင်မဟုတ်၊ နေတတ်သူ အရှင်မဟုတ်၊ ပြုတတ်သူ အရှင်မဟုတ်၊ ခံစားတတ်သူ အရှင်မဟုတ်၊ တည်တတ်သူ အရှင်မဟုတ်သည်၏အဖြစ်ကြောင့် အစိုးမရဟု သုံးသပ်၏။

ပြုပြင်စီရင်သော သင်္ခါရသဘော မိမိကိုယ်က အုပ်စိုးသူ အရှင်မဟုတ်၊ နေတတ်သူ အရှင်မဟုတ်၊ ပြုတတ်သူ အရှင်မဟုတ်၊ ခံစားတတ်သူ အရှင်မဟုတ်၊ တည်တတ်သူ အရှင်မဟုတ်သည်၏အဖြစ်ကြောင့် အစိုးမရဟု သုံးသပ်၏။

အာရုံပြုသော ဝိညာဏ်သဘော မိမိကိုယ်က အုပ်စိုးသူ အရှင်မဟုတ်၊ နေတတ်သူအရှင်မဟုတ်၊ ပြုတတ်သူ အရှင်မဟုတ်၊ ခံစားတတ်သူ အရှင်မဟုတ်၊ တည်တတ်သူအရှင်မဟုတ်သည်၏အဖြစ်ကြောင့် အစိုးမရဟုသုံးသပ်၏။

မသုံးသပ်မီက ဖောက်ပြန်သောခဏ၊ ခံစားသောခဏ၊ မှတ်သောခဏ၊ ပြုပြင်စီရင်သောခဏ အာရုံပြုသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခု အသစ် ဖြစ်ခြင်းငှာထိုက်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တပါးတပါးသော ခန္ဓာကို ဖောက်ပြန်သော ရုပ်သဘော မိမိကိုယ်က အုပ်စိုးသူ အရှင်မဟုတ်၊ နေတတ်သူ အရှင်မဟုတ်၊ ပြုတတ်သူ အရှင်မဟုတ်၊ ခံစားတတ်သူ အရှင်မဟုတ်၊ တည်တတ်သူ အရှင်မဟုတ်သည်၏ အဖြစ်ကြောင့် အစိုးမရဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ခံစားသော ဝေဒနာ သဘော မိမိကိုယ်က အုပ်စိုးသူ အရှင်မဟုတ်၊ နေတတ်သူအရှင်မဟုတ်၊ ပြုတတ်သူအရှင်မဟုတ်၊ ခံစားတတ်သူ အရှင်မဟုတ်၊ တည်တတ်သူ အရှင်မဟုတ်သည်၏ အဖြစ်ကြောင့် အစိုးမရဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

မှတ်သောသညာသဘော မိမိကိုယ်က အုပ်စိုးသူအရှင်မဟုတ်၊ နေတတ်သူအရှင်မဟုတ်၊ ပြုတတ်သူ အရှင်မဟုတ်၊ ခံစားတတ်သူအရှင်မဟုတ်၊ တည်တတ်သူ အရှင်မဟုတ်သည်၏အဖြစ်ကြောင့် အစိုးမရဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

ပြုပြင်စီရင်သော သင်္ခါရသဘော မိမိကိုယ်က အုပ်စိုးသူ အရှင်မဟုတ်၊ နေတတ်သူအရှင်မဟုတ်၊ ပြုတတ်သူအရှင်မဟုတ်၊ ခံစားတတ်သူ အရှင်မဟုတ်၊ တည်တတ်သူ အရှင်မဟုတ်သည်၏ အဖြစ်ကြောင့် အစိုးမရဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

အာရုံပြုသော ဝိညာဏ်သဘော မိမိကိုယ်က အုပ်စိုးသူအရှင်မဟုတ်၊ နေတတ်သူအရှင်မဟုတ်၊ ပြုတတ်သူအရှင်မဟုတ်၊ ခံစားတတ်သူအရှင်မဟုတ်၊ တည်တတ်သူအရှင်မဟုတ်သည်၏အဖြစ်ကြောင့် အစိုးမရဟုသုံးသပ်သော ယောဂီပုဂ္ဂိုလ် သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှအထက်အဆင့်ဆင့်တက်၍ အနုလောမဉာဏ်တိုင်အောင် အစိုးမရဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ် အနုလောမဉာဏ်ကိုရ၏။

သော ကေကံ ခန္ဓံ သယဥ္စ အဿာမိဘာဝ ဒိတာယ အနတ္တတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ကေကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို၊ သယဥ္စ၊ မိမိ၏လည်း၊ အဿာမိဘာဝ ဒိတာယ၊ အရှင်စသည်မဟုတ်သည်၏အဖြစ်ကြောင့်၊ အနတ္တတော၊ အစိုးမရဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက ဖောက်ပြန်သောခဏ ခံစားသောခဏ မှတ်သောခဏ ပြုပြင်စီရင်သောခဏ အာရုံပြုသောခဏ ပစ္စုပ္ပန်ကာလ၌ ယခုယခုအသစ်ဖြစ်ခြင်းငှာမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲချုပ်သောသဘော အနုပ္ပါဒနိရောဓ၊ အစိုးမရသော ယခုယခု တဒင်္ဂ၏ နောင်အသစ်အသစ်တဖန် ဖြစ်ပြန်ခြင်းငှာမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ သမုစ္ဆေဒ အကြွင်းအကျန်မရှိ ငါးပါးသောခန္ဓာတို့၏ ချုပ်ခြင်းသည် အစိုးမရသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သောယောဂီပုဂ္ဂိုလ် မဂ်ဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ အနတ္တတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ပရမတ္တံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဥ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို၊ အနတ္တတော၊ အစိုးမရဟု၊ ပဿန္တော၊ ရှုသည်ရှိသော်၊ အနုလောမိကံ ခန္တိံ ၊ အနုလောမ ခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏၊ နိရောဓော၊ ချုပ်ခြင်းသည်၊ ပရမတ္ထံ၊ ပရမတ္ထ-အနတ္တဖြစ်သော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သည်ရှိသော်၊ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

## အနတ္တာ နုပဿနာ ၅ ပါး

ပရတောတိ အနတ္တာနုပဿနာ။ ရိတ္တတောတိ အနတ္တာနုပဿနာ။ တုစ္ဆတောတိ အနတ္တာနုပဿနာ။ သုညတောတိ အနတ္တာနုပဿနာ။ အနတ္တတောတိ အနတ္တာနုပဿနာ။

## အနတ္တလက္ခဏာ ၅ ပါးပြီး၏။